# မာတိကာ

၁။ကံစမ်းမဲ

၂။ကြိုးပြတ်နေတဲ့ လေတံခွန်

၃။ကြွက်ခြေခတ်ကလေးများ

၄။စင်ဒရဲလား ပုံပြင်သစ်များ

၅။တက်နေခြည်ဝန်း

၆။ထောင်းသင့်ရင် ထောင်းရမယ်

၇။နီးလိုလျက်နှင့် ဝေး

၈။မျက်နှာပူတတ်တဲ့သူ

၉။ရတနာပုံရိပ်အောက်ဝယ်

၁၀။လာခေါ်လှည့်

၁၁။သိကွာ

၁၂။သဒ္ဒါဖျက်ပိုး

၁၃။ကေရာဇ်ပန်းနဲ့က မွှေးတယ်

၁၄။အုပ်ကြီးက တစ်ရာ၊ နှစ်ရာ

၁၅။မျက်နှာပူတတ်တဲ့သူ

၁၆။စိတ်ဖြေရာ

၁၇။အနောက်မုခ်မှာ မိုးသည်းတဲ့ည

၁၈။အိပ်တန်းပြန်ငှက်များ

**ကံစမ်းမဲ**

-----------------------------------

စုလှိုင် တဖွဲဖွဲရွာနေတဲ့ မိုးရေတွေကို ငေးရင်း စိတ်ပျက်လက်ပျက်
ဖြစ် ေ နမိသည်။ မိုးတစွတ်စွတ် ရွာနေသော ဒီလို ညမျိုးတွေကို စုလှိုင်
မုန်းသည်။ တာဝန်ချိန်က ည ကိုးနာရီထိုးမှ ပြီးမည်မို့ နာရီကို
လှမ်းကြည့်လိုက်တော့ ရှစ်နာရီ ကျော်ကျော်လေးတင် ရှိသေးတာမို့
လိမ်တွန့်ပျင်းရိစွာ အညောင်းဆန့်လိုက် မိသည်။ သူတို့ အဖွဲ့ခေါင်းဆောင်
ကိုရေခဲကတော့ တစ်ဖက်စားပွဲမှာ အအေးတစ်ပုလင်းနှင့် ငြိမ့်နေသည်။
တစ်စားပွဲတည်း မျက်နှာချင်းဆိုင် ထိုင်နေသော လွင်လွင်နှင့် သက်မာကို
ကြည့်ရတာ လည်း အိမ်ပြန်ချင်နေသည့် ပုံနှင့် ငြီးငွေ့ပင်ပန်းစွာ။ ဒါပေမဲ့
မတတ်နိုင်၊ ကိုယ် ရွေးချယ်ခဲ့သည့် လုပ်ငန်းပေပဲ။

ယောကျ်ားသားတွေ အများအပြား ဖွာရှိုက်ကြသည့် စုလှိုင်တို့ ကုမ္ပဏီပိုင်
ပစ္စည်းကို လူစည်ကားရာ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ
ရောင်းအား မြှင့်တင်ရေး ဝန်ထမ်းဘဝနှင့် စုလှိုင် လုပ်သက်ကြာခဲ့ပြီ။ ကနေ့
စားသောက်ဆိုင်ထဲ အရောက် မိုးက သည်းလာ၍ ဘယ်လိုမှ ထပ်သွားစရာ
မလိုတော့။ အနေအေးလွန်း၍ စုလှိုင်တို့က နာမည်ပြောင် ကိုရေခဲဟု ခေါ်သည့်
အဖွဲ့ခေါင်းဆောင် ဆရာကလည်း ကုမ္ပဏီက လာကြိုမည့် ကားကို ဖုန်းဆက်
ခေါ်ပြီးပြီ။ စုလှိုင် ငေးငေးငိုင်ငိုင်နှင့် မိုးရေတွေ မှန်ပြတင်း အပြင်ဘက်ကနေ

စီးကျနေတာ ငေးကြည့်ရင်း ကိုးနာရီထိုးရန် စိတ်စောစောင့်မျှော်နေဆဲ။

“မိန်းမရေ၊ မင်း မောင့်ကို မချစ်ပါဘူးကွာ

ဟု အသံပြဲကြီးနှင့် တစ်ဖက် ထောင့်စားပွဲက လှမ်းအော်လိုက်သံ ကြားတော့ စုလှိုင် အလန့်တကြား လှည့်ကြည့်မိ လိုက်သည်။ တစ်ဆက်တည်းမှာလည်း နာခေါင်းလေးကို ရှုံ့လိုက်မိသည်။ စားပွဲမှာတော့ ဝရန်းသုန်းကား ဖြစ်နေပြီ။ အရက်အမူး လွန်နေသည့် အရက်သမား တစ်ယောက်က ခေါင်းတယမ်းယမ်းနှင့် အော်ဟစ်နေသည်။ ကျန်သည့် အပေါင်းအသင်း လေးငါးယောက်ကလည်း မျက်နာနီနီ ထူအန်းအန်းတွေနှင့်၊ မူးယစ်သံတွေနှင့် နှစ်သိမ့်ဖို့ ကြိုးစားနေကြတာကို စိတ်ပျက်စရာ တွေ့နေရသည်။ ဒါပေမဲ့ လူကျဲပါးနေသည့် စားသောက်ဆိုင်ထဲမှာ စုလှိုင်တို့ လေးယောက်နှင့် ဒီဝိုင်း တစ်ဝိုင်းတည်း ရှိတော့ အော်သံဟစ်သံတွေက မကြားချင်မှ အဆုံး။

“မင်းတို့ ဘာသိလဲ။ မင်းတို့ ဘာသိလဲ။ ငါ့မိန်းမက ငါ့ကို မချစ်ဘူးကွ။ ဂရုလည်း မစိုက်ဘူး

“ဟုတ်ပါဘူးကွာ။ ငါတို့ သိသလောက်တော့ မအေးဟာ အိမ်ထောင် တာဝန်လည်း ကျေပါတယ်

“ဘာကျေတာလဲ။ ဘာမှ မကျေဘူး။ ဒီမှာ ဟေ့ကောင်၊ မိန်းမ တစ်ယောက်ဟာ ထမင်းချက်တတ်ရုံနဲ့ မပြီးဘူးကွ။ ယောကျ်ား ဘာကြိုက်တတ်လဲ သိရမယ်။ ဘာမှ အသုံးမကျဘူး။ ငါ ဘာကြိုက်လဲ မသိဘူး။ မိန်းမရေ၊ မင်း ငါ့ကို

မချစ်ပါဘူးကွာ

မိုးသည်းလို့ စိတ်ပျက်နေတဲ့ စုလှိုင်တော့ သေသာ သေချင်တော့တာပဲ။ ဘယ်မှလည်း ထသွားလို့ မရတော့ အရက်မူးသမား စကားတွေ၊ ဗလုံးဗထွေး အော်ဟစ်နေကြတာတွေ သည်းခံပြီး နားထောင်နေရသည်။ ဆရာ ကိုရဲခဲကလည်း အအေးပင် မသောက်နိုင်ဘဲ ငေးကြည့်နေတာကို လွင်လွင်နှင့် သက်မာတို့က လက်တို့ပြပြီး ရယ်နေကြသည်။

"မိန်းမ၊ မင်း မောင့်ကို မချစ်ပါဘူးကွာ

အရက်သမားထုံးစံ ထပ်တလဲလဲ အော်နေတာ စုလှိုင် အတော် နားငြီးလာစဉ် သူ့လိုပဲ နားငြီးလာပုံရသော အရက်ဝိုင်းက သိပ်မူးသေးပုံ မရသည့် လူတစ်ယောက်က ထလာပြီး စုလှိုင်တို့ဆီ တည့်တည့်ကြီး လျှောက်လာသည်။ လွင်လွင်က ဖျတ်လတ်နိုးကြားစွာ ကုန်ပစ္စည်း ဂျပ်သေတ္တာကို ဖွင့်ပြီး ကုန်ပစ္စည်း တစ်ခုကို နှိုက်ယူရင်း-

"ကျွန်မတို့ ကုန်ပစ္စည်းကို အသုံးပြုပါရှင်

ဆိုပြီး လက်ထဲကို ထိုးထည့် ပေးလိုက်သည်။ ထိုသူက လိုက်လိုက်လျောလျောနှင့်

"ကံစမ်းမဲ ပါသလား ညီမ

"ပါ ပါတယ်ရှင်၊ ဒီမှာ ဦးထုပ်နဲ့ တီရှပ်ပါ

အလုပ်ကိစ္စ ဆိုတော့ စုလှိုင် မပျင်းတော့။ ဖျက်ခနဲ ထရပ်မိချိန်မှာ တစ်ဖက်စားပွဲက ကိုရေခဲလည်း ထလာသည်။ ထိုသူက အရက်ဝိုင်းဘက်သို့ လှည့်၍-

"ဟော့ … ကိုလတ်။ ဒီမှာ ငါ စိတ်ကူးတစ်ခုရလို့ ဒီကိုလာဟော့

ဟု လှမ်းခေါ်သည်။

"ဘာလဲကွ၊ ဘာလဲ  ဟု မေးသံ၊ ဒယီးဒယိုင် လျှောက်လာသော ခြေလှမ်းများနှင့် တစ်ပါတည်း ပါလာသော ချဉ်စူးစူး အနံ့ကြောင့် စုလှိုင် မသက်မသာ ဖြစ်နေစဉ် အရက်သမားက အနားရောက်လာသည်။ အမယ်လေး သူ့နောက်မှာ တစ်ဝိုင်းလုံး ထလာကြသည်။

"ဒီကုန်ပစ္စည်းကို ဝယ်ရင် ကံစမ်းမဲ နှိုက်ရမှာ။ တီရှပ်နဲ့ ဦးထုပ် ရမှာတဲ့ကွ

"ဘာလဲ ဦးထုပ် ဟုတ်လား။ ဦးထုပ် ၊ ဦးထုပ် ဆိုရင် ငါ့သားက

သိပ်ကြိုက်တာကွ

"အေး    မင်း နှိုက်

"ဟင်    ဘာလို့ နှိုက်ရမှာလဲ

"ဒီလိုလေ ငါတို့လည်း နားပြီးလှပြီ။ ဦးထုပ်ပေါက်ရင် မင်းသားက မင်းကို ချစ်လို့။ တီရှပ်ပေါက်ရင် မအေးက မင်းကို ချစ်လို့

"မချစ်ဘူး။ မချစ်ဘူး။ အေးက ငါ့ကို မချစ်ဘူး

အရက်သမားက မမျှော်လင့်ဘဲ ဟီးတိုက် ငိုချလိုက်လို့ သူတို့အုပ်စု တစ်ခုလုံး အလုပ်ရှုပ်သွားကြသည်။ စုလှိုင်ခမျာ စိတ်ညစ်လှပြီ။ စားသောက်ဆိုင် နံရံက နာရီကို လှမ်းကြည့်မိတော့ ကိုးနာရီ ထိုးတော့မှာမို့ တီရှပ်က တစ်မဲတည်း ပါ၍ ပေါက်ရန် အလွန်ခက်ခဲတာ သတိရမိသည်။ စိတ်ချဉ်ချဉ် ရှိသည်နှင့် ဒီအရက်သမားကြီး မပေါက်ပါစေနဲ့တော်ဟု စိတ်ထဲက ဆုတောင်းမိသည်။

"နှိုက်   . နှိုက်

ဆိုသည့် အသံတွေ ပြန်ပေါ်လာပြီး အရက်သမားက ကြုံရာမဲလိပ် တစ်လိပ်ကို နှိုက်ပြီး အနီးဆုံး စုလှိုင် လက်ထဲကို ထည့်လိုက်သည်။ စုလှိုင် မြန်မြန် ဖွင့်ကြည့်လိုက်ပြီး ပါးစပ် အဟောင်းသား ဟသွားသည်။ ကိုရေခဲက-

“စုလှိုင် ဘာပေါက်မဲလဲ ပေးစမ်း

ဆိုပြီး ကံစမ်းမဲလိပ် ကလေးကို စုလှိုင် လက်ထဲက ဆွဲယူလိုက်ပြီး ဖြန့်ကြည့်လိုက်သည်။

“အံ့ဩစရာပါပဲ ခင်ဗျာ။ လူကြီးမင်းရဲ့ ကံစမ်းမဲက ဒီနေ့အဖို့ ပထမဆုံး တီရှပ်ကို ပေါက်သွားပါပြီ

ဆိုပြီး မဲလိပ်ကို စုလှိုင်လက်ထဲ ထိုးထည့်လိုက်သည်။

“ဆရာ  ဆိုသည့် စုလှိုင် အသံ တိုးတိုးလေးက နစ်မြုပ်သွားသည်။ အောက်ကြသည့် အထဲတွင် ဝိုင်းမှလူတွေတင်မက စားပွဲထိုး ကောင်လေးတွေရော၊ လွင်လွင်နှင့် သက်မာပါ ပါနေတာကို စုလှိုင် မျက်လုံး အဝိုင်းသားနှင့် ကြည့်နေရသည်။ ဆရာ ကိုရေခဲက ပုံးထဲက တီရှပ်ကို အရက်သမားကြီးကို ပေးလိုက်တာ။

“အေးက ငါ့ကို ချစ်နေတာပါလား။ ကံစမ်းမဲက သက်သေပဲ ကြည့်စမ်း၊ ဒါကို ငါ ဘာလို့ အရင်က မသိရတာလဲ

ဆိုပြီး အရက်သမားကြီး တုန်တုန်ယင်ယင် ဖြစ်နေတာ။

သူ့အဖော်တွေက အိမ်ပြန်    အိမ်ပြန်၊ အေးဆီပြန် ဆိုပြီး တွန်းလှွတ်လို့ တီရှပ်ကလေးကို အမြတ်တနိုး ရင်မှာပိုက်ပြီး ဆိုင်ကယ်ကို မိုးရွာထဲမှာ စီးထွက်သွားတာ။

အဲဒါတွေ အားလုံးကို စုလှိုင် ကြက်သေသေပြီး ငေးမောကြည့်နေမိသည်။ အရက်ဝိုင်းလည်း လူစုကွဲပြီး ပြန်ကြပြီ။ စုလှိုင်တို့ကို ကိုးနာရီထိုးတော့ ကားလာကြို၍ လွင်လွင်တို့၊ သက်မာတို့ ကုန်ပစ္စည်းပုံးတွေ သယ်ပြီး ကားဆီ လျှောက်သွားကြသည် အထိ စုလှိုင် ငိုင်နေဆဲ။ မဲလိပ်ကလေးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲ။ ဆရာ ကိုရေခဲကို စုလှိုင် အဓိပ္ပါယ်ပါပါ စိုက်ကြည့်တော့ ဆရာက သက်ပြင်းချသည်။

"ဒီလို ပြဿနာမျိုးနဲ့ ဆရာ့ အဖေနဲ့ အမေ ကွဲခဲ့ကြတာ၊ ဆရာက မိဘမဲ့ ဘဝနဲ့ အဒေါ်နဲ့ ကြီးရတယ်။ ကနေ့ ဟို အရက်သမားကြီးရဲ့ သားကလေးကို စာနာစိတ်နဲ့ ဆရာ ကောင်းမှုတစ်ခု ပြုလိုက်တာပါကွာ

ဆရာ ကိုရေခဲ ရှေ့မှ ထွက်သွားတော့ စုလှိုင် နောက်မှ လိုက်လာပြီး ကားပေါ်တက်ခါနီး အခုထိလက်ထဲမှာ ဆုပ်ကိုင်ထားဆဲ ဖြစ်သည့် ဗလာ ကံစမ်းမဲ စာရွက်ကလေးကို မိုးရေစီးကြောင်းထဲမှာ မျောပါသွားစေရန် သေသေချာချာ လုံးခြေလှွင့်ပစ် လိုက်ပါတော့သည်။

---------

**ယဉ်ယဉ်နု (မန္တလေး)**

**ရှပ်ရှင် အမြုတေ၊ ဇွန်၊ ၂၀၀၇။**

====

## ကြိုးပြတ်နေတဲ့ လေတံခွန်

-------------------------------------------------------

“သားတို့ ကျောင်းနှစ်လခွဲ ပိတ်လိုက်ပြီ မေမေ

အိမ်ပေါ်သို့ ဝုန်းခနဲ ပြေးတက်လာပြီး အော်ပြောလိုက်တဲ့ သားလေး ဝဏ္ဏအသံကြောင့် ဗုဒ္ဓေါလို့ လန့်ပြီး တ,မိအောင် မလေး တုန်လှုပ်သွားတယ်။ တစ်ဆက်တည်း

“စိတ်ညစ်လိုက်တာနော်  လို့လည်း ညည်းတွားမိသွားတယ်။

ကျောင်းဖွင့်နေတုန်း အိမ်မှာ နားတဲ့အချိန်လေးတွေမှာ တဟဲ့ဟဲ့ တဟင်းဟင်းနဲ့ တစ်ခါတလေ တုတ်တကိုင်ကိုင်နဲ့ ထိန်းရသိမ်းရ ခြောက်လှန့်ရတာ မလေးမှာ ဖတ်ဖတ်ကို မောလို့။ ခြောက်တန်းကျောင်းသား၊ ဆယ့်နှစ်နှစ်ဆိုတာ အင်မတန် ဆော့တဲ့အရွယ်၊ ကြံကြံဖန်ဖန် ပေါက်တီးပေါက်ရှာလည်း အင်မတန် ဆော့တဲ့အရွယ်။ တော်ကြာ သစ်ပင်တက်လား တက်ပြန်ပြီ၊ အိမ်နားမှာ

ဗွက်အိုင်တွေကလည်း ပေါတော့ ဗွက်ထဲဆင်းလား ဆင်းပြန်ပြီ။ အမှိုက်ပုံ တက်ဖွလား ဖွပြန်ပြီ။ ဗွီဒီယို အခွေငှားဆိုပြီး လျှောက်လည်လား လည်ပြန်ပြီ။

တစ်ယောက်တည်း မွေးထားလို့ သက်သာမလား အောက်မေ့မိတယ်။ အဲဒီ တစ်ယောက်က လုစ်ခန် ပျောက်ပျောက်သွားလို့ မလေးမှာ ဟစ်ဟစ်ခေါ်ရတာ အမော၊ ကျောင်းသွားနေတဲ့ အချိန်ကလေးပဲ နားရတာ၊ အခုလို နွေရာသီ ကျောင်းပိတ်လိုက်ပြီဆိုတော့ အဲဒီ နားခွင့်လေးတောင် ပျောက်ဆုံးသွားပြီမို့ မလေး စိတ်ညစ်လိုက်တာ။

မလေးက စိတ်ညစ်နေတုန်း ရှိသေး၊ ဝဏ္ဏက ဘယ်တုန်းက အိမ်ပေါ်က ပြန်ဆင်းသွားလည်း မသိ။ တိုင်မှာ လွယ်အိတ်ကလေးပဲ ချိတ်ရက် ကျန်နေခဲ့ပြီး လူက လမ်းမပေါ် ရောက်သွားပြီ။ မလေးမှာ ထမင်းအိုးလေး ဆူနေလို့ ငဲ့နေတုန်းရှိသေး၊ သားတော်မောင်ရဲ့အသံကို လမ်းမက ကြားလိုက်ရတယ်။

"ဟော့ကောင်တွေ ဖိုးခန့်၊ ခေါင်းကြီး၊ ဖိုးသား၊ မျိုးကို၊ ရွှေပြုံးမောင် အကုန်လာခဲ့၊ ဘောလုံး ကန်မယ်

"ဟယ်

လို့ မလေး အော်မိအောင် မျက်လုံးပြူး ထိတ်လန့်သွားတယ်။ အရေးထဲ ထမင်းအိုးကလည်း ငဲ့လို့မပြီးသေး။ ထမင်းရည်စစ်အောင် စောင့်နေရတုန်း

"ဟော့ကောင် လာပြီ ဖမ်းထား ဂိုး ဟာ လွတ်သွားပြီ ညံ့တာကွာ

စတဲ့ ဘောလုံးပွဲ ကြေညာသံတွေ ကြားနေရပြီ။ ထမင်းအိုးနပ်နေတုန်း မလေး မျှော်လင့်နေတဲ့အသံ၊ ဝုန်းဆိုပြီး ဘောလုံးနဲ့ ဝါးဝင်းထရံကို ပိတ်မှန်တဲ့အသံ စကြားရပါပြီ။ ကမန်းကတန်း အိမ်ရှေ့ထွက်လာတုန်း နောက်ထပ် ဝင်းထရံကို ဘောလုံး ပိတ်မှန်တဲ့အသံ နှစ်ချက်၊ သုံးချက် တဝုန်းဝုန်းနဲ့ ဆက်ကြားရပြီး

"ဟဲ့ ဘယ်ကလေးတွေတုန်း၊ ငါ့ဝင်းထရံကို မမှန်စေနဲ့ဟေ့

လို့ အသံကုန် ဟစ်အော်လိုက်တဲ့ အိမ်နီးချင်း မဆင့် အသံကိုပါ ကြားလိုက်ရတယ်။ ဘောလုံးသမားတွေလည်း တစ်ခါတည်း ကြက်ပျောက် ငှက်ပျောက်၊ ဝဏ္ဏလည်း စပ်ဖြဲဖြဲနဲ့ အိမ်ထဲ ပြေးဝင်လာတယ်။

"သားရယ် ဒီနေ့မှ ကျောင်းစပိတ်တယ်။ ဒီနေ့ပဲ ပြောစရာ ဆိုစရာ ဖြစ်လာပြီ။ မေမေက သားကို ပတ်ဝန်းကျင်နဲ့ အဆင်ပြေတဲ့ လူလိမ္မာလေး ဖြစ်စေချင်တာ၊ ကဲ အခုကို မဆင့်က အော်နေပြီ။ အပြစ်မဖြစ်အောင် နေမှပေါ့

မလေးက စိတ်ပျက်လက်ပျက်နဲ့ ပြောပြန်တော့ သားက မျက်နှာငယ်လေးနဲ့

“ဟုတ်ကဲ့ မေမေ၊ ရေသွားချိုးတော့မယ်

ဆိုပြီး ထွက်သွားတော့တယ်။ အင်း     ကျောင်းပိတ်ရက်ရဲ့ ပထမနေ့ အတွေ့အကြုံက မလွယ်ပါလားလို့ မလေး သက်ပြင်းတစ်ချက် ချလိုက်ရတယ်။

ဝဏ္ဏ ရေချိုးပြီးတော့ တီဗွီရှေ့ရောက်သွားပြီမို့ မလေး စိတ်အေးလက်အေး ဟင်းဆက်ချက် နေတယ်။ ဟင်းအိုးလေး ဆူတာနဲ့ မလေး အိမ်ရှေ့ ထွက်လာတော့

လား     လား တီဗွီရှေ့မှာ ကလေးတွေ ပြည့်လို့ပါလား။ မလေးတို့ ဧည့်ခန်းကြမ်းပြင် တစ်ခုလုံး အလွတ်မရှိ၊ အရွယ်စုံ ဆိုက်စုံ ကလေးတွေ ပြည့်လို့၊ ရပ်ကွက်လေးက လက်လုပ်လက်စား ရပ်ကွက်လေးမို့ အိမ်တိုင်းစေ့ တီဗွီ မရှိကြ။ ရှိကြတဲ့ အိမ်တွေကလည်း ကလေးတွေကို သည်းမခံ၊ ဝဏ္ဏနဲ့ကလည်း အရွယ်တူ သူငယ်ချင်းတွေ များတာမို့ မလေးတို့ အိမ်မှာပဲ စုနေကြတာ။

“ဟော့ကောင် မင်းခြေထောက်ကြီးက ငါ့ဖင်ကို ထိုးတယ်ကွ

“မတော်လို့ပါကွာ

နောက်က ကလေးက ဆင်းထားတဲ့ ခြေထောက်ကို ရုပ်ပေးလိုက်တော့ ရှေ့က ကလေးက မကျေမနပ်နဲ့ ပြန်လှည့်သွားတယ်။

ကျော့ကေဇင်တို့၊ ဇင်မင်းဦးတို့လို ဘာမှ မသိတတ်တဲ့ နှစ်နှစ်၊ သုံးနှစ် ကလေးတွေကလည်း ရှေ့ဆုံးမှာ တမော့မော့၊ တစ်ခါတလေ မုန့်ပါလာတဲ့ ကလေးဆိုရင် နေကြာစေ့လှော်ခွံတွေ၊ ဆီးစေ့တွေက အိမ်ပေါ်မှာ အပုံလိုက် ကျန်နေခဲ့ကြတာမျိုး၊ တီဗွီပြရတာ ကိုယ့်ပစ္စည်းနဲ့ကိုယ် ကလေးတွေကို သည်းခံရတယ်။

ရှေ့ဆုံးက ထိုင်နေတဲ့ ကလေးတွေက လက်ဆော့ ခြေဆော့နဲ့ ပန်ကာတို့၊ ဓာတ်ကြိုးတို့ ဆွဲတတ်တာမျိုးမို့ မလေး အလွတ်မပေးရဲဘူး။ အလုပ်တစ်ခု လုပ်ပြီးတော့ကို စောင့်ကြည့်နေရတာ၊ ဝန်လေးပေမယ့် သားသားနဲ့ အရွယ်တူကလေးတွေ ပျော်ကြပါစေ ဆိုပြီး ကလေးတွေကို ပြရတာ။ ခဏနေတော့ ခြောက်နာရီ သတင်းကြေညာတဲ့ တီးလုံးလည်း လာရော တဝုန်းဝုန်းနဲ့ အိမ်ပေါ်က ဆင်းကြတော့တာပဲ။

ကိုရွှေဝဏ္ဏကလည်း ကလေးတွေနဲ့ရောပြီး ဆင်းမယ်လုပ်လို့ တော်တော်ဆွဲထားရတယ်။ နို့မဟုတ်ရင် ရေချိုးပြီးသားလေး ပြန်ပေကျံညစ်ပတ်ပြီး ဆေးရကြောရဦးမှာလေ။ ထမင်းစား၊ ဘုရားရှိခိုး၊ တီဗွီကြည့်၊ အိပ်ရာဝင်သွားတဲ့ သားတော်မောင်ကို ကြည့်ပြီး မလေး

ရင်မောနေရတယ်။ နှစ်လခွဲနော်။ နည်းနည်းနောနော မဟုတ်ပါလား။

ကျောင်းပိတ်ရက် အရှိန်လေးလည်း ရလာပြီ။ ကလေးတွေလည်း ဆော့နည်းမျိုးစုံနေပြီ။ တစ်နေ့တော့ လက်မောင်းတွေ၊ ခြေထောက်တွေမှာ သားရေကွင်း တစ်ထွေးကြီး စွပ်ပြီး အိမ်ရှေ့ ပိတောက်ပင်အောက်မှာ သားရေကွင်း ပစ်နေကြတယ်။ မလေးလည်း အားတာနဲ့ သူတို့ သားရေကွင်းဝိုင်းကို ထိုင်ကြည့်နေမိတယ်။ သားသားကိုလည်း အကဲခတ်ရတယ်။ မလေးက တစ်ယောက်တည်း မွေးထားတာလေ။ မွေးထားတဲ့ ကလေးက စိတ်တည်ငြိမ်မှု ရှိရဲ့လား၊ စိတ်ကို စုစည်းတတ်ရဲ့လား၊ နိုင်တဲ့အခါမှာ ပျော်သလို၊ ရှုံးတဲ့အခါမှာလည်း ခံနိုင်ရည်ရှိရဲ့လား။ ညစ်တီးညစ်ကျယ် လုပ်တတ်သလားဆိုတာ ကစားဝိုင်းမှာသာ အကဲခတ်လို့ရတာ။ ကြည့်နေရင်းပဲ နှစ်လက်မလောက် မြေကြီးပေါ်မှာ ထောင်နေတဲ့ ဝါးခြမ်းပြားလေးပေါ်မှာ တင်ထားတဲ့ သားရေကွင်း တစ်ထွေးကြီးကို ပစ်ဖို့ရာ ဝဏ္ဏအလှည့် ရောက်လာတယ်။

ဒူးတစ်ဖက် ထောင်လိုက်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းလို့ မျက်စိက သားရေကွင်းတွေကို စိုက်ကြည့်ပြီး လက်ထဲက သားရေပင်နဲ့ ပစ်မလို့ ဟန်ပြင်နေတဲ့ ဝဏ္ဏကို ကြည့်ပြီး မလေး ရင်မောနေတယ်။ စိတ်တည်ငြိမ်မှု၊ လက်တည်ငြိမ်မှုက အင်မတန် အရေးကြီးတာလေ။ ဖတ်ခနဲ ပစ်လိုက်တာနဲ့ ထွေးခနဲ ထွေးခနဲ ပြုတ်ကျသွားတဲ့ သားရေကွင်း အပုံကြီးကို ကြည့်ပြီး ကျန်တဲ့ ကလေးတွေဆီက

"ဟာ

ဆိုတဲ့ အသံကြီး ထွက်လာတယ်။ ဝဏ္ဏကတော့ တည်တည်ငြိမ်ငြိမ်ပဲ သားရေကွင်းတွေကို သွားကောက်နေတယ်။ မလေးမှာ အခုမှ သက်ပြင်းချရတော့တယ်။ သားမှာ ပုံမှန်ဦးနှောက် ဖွံ့ဖြိုးမှု ရှိပါလားဆိုပြီး စိတ်သက်သာရာ ရသွားတယ်။ သားသားက ဘေးမှာကျနေတဲ့ သားရေကွင်းတွေကို ယူပြီး တိုင်မှာ စွပ်နေတဲ့ သားရေကွင်းတွေတော့ ထားခဲ့တယ်။ မလေး သေချာကြည့်နေတာ မြင်တာပေါ့။

"ဟော့ကောင်    မင်း ငါ့ပင် ပိုယူသွားတယ်

အသံလာရာကို အံ့သြတကြီး ကြည့်မိတယ်။ ဂျစ်တူးဆိုတဲ့ကလေး မျက်နှာထား မှုန်မှုန်နဲ့ သားကို ပြောနေတယ်။ သူ ညစ်တာ၊ သူ့မှာ သားရေကွင်း ကုန်နေပြီ။ မလေး သိတာပေါ့။ ဒါပေမယ့် မလေး ဝင်မပြောဘူး။ သား ဘာပြောမလဲ မလေး စောင့်နေတယ်။ သားက ခပ်အေးအေးပဲ။

"မင်းတို့ အားလုံးရှေ့မှာပဲ ငါ ယူရမယ့်ဟာ ယူတယ်၊ ငါ ချန်ထားရမယ့်ဟာ ချန်ထားတယ်။ မယုံရင် အတူကစားနေတဲ့ ချစ်ဦးတို့၊ ခေါင်းကြီးတို့၊ ဖိုးခန့်တို့ကို မေးကြည့်၊ ဟော့ကောင်တွေ ငါ ပိုယူသလား

ကလေးတွေ အားလုံး ခေါင်းခါပြတယ်။ ဒါပေမယ့် ဂျစ်တူးက မရဘူး။

"သူတို့ မမြင်ပေမယ့် ငါ မြင်တယ်ကွ၊ မင်း ငါးပင် ပိုယူတယ်

ဂျစ်တူးဆိုတဲ့ ကလေးကတော့ ရှုံးမဲမဲနေပြီလို့ မလေး သိလိုက်တယ်။ အတင်း ငြင်းနေတော့တာပဲ။ သားလည်း စိတ်တိုလာတယ်နဲ့ တူတယ်။

"မယူပါဘူးလို့ ဘယ်နခါ ပြောရမလဲကွ၊ မင်း အငြင်းသန်တယ်၊ မကစားတော့ဘူးကွာ၊ နောက် ငါတို့အိမ်ကိုလည်း ဘယ်တော့မှ တီဗွီ လာမကြည့်နဲ့တော့

မလေး ပါးစပ် ဟသွားတယ်။ ဟိုကလေးက မျက်နှာပျက်ပျက်နဲ့ ပြန်သွားပြီး သားတို့က ဆက်ကစားနေကြတယ်။ မလေး ဆက်ကြည့်ရတာ စိတ်မပါတော့ဘူး။ စိတ်ထဲမှာ တနုံ့နုံ့နဲ့ ဖြစ်တဲ့ပြဿနာကို နေ့လယ် ထမင်းစားပြီးတာနဲ့ မလေး သားကို ခေါ်ပြီး ရှင်းတယ်။

"သား လာစမ်းပါဦး၊ စောစောက ဂျစ်တူးကို တီဗွီလာမကြည့်နဲ့လို့ မင်း ဘာလို့ ပြောလိုက်တာလဲ

"အမြင်ကတ်လို့ မေမေ၊ သူ ငြင်းလို့

"သူ ငြင်းတာ မေမေလည်း သိပါတယ်။ သူ ရှုံးနေတာကို၊ သူ ငြင်းတာကို ကစားဖော်တွေ သိတယ်၊ သား မှန်တယ်ဆိုတာလည်း ကစားဖော်တွေ သိတယ်၊ သားကို ထောက်ခံကြတယ် မဟုတ်လား၊ တော်ပြီပေါ့၊ သား နိုင်နေပြီပဲ

သားက မလေးစကားကို ငြိမ်ပြီး နားထောင်နေတယ်။

"တီဗွီ လာမကြည့်နဲ့လို့ ပြောတာမျိုးကျတော့ သား သူ့ကို နိုင်ရာနဲ့ ကိုင်တဲ့ သဘောမျိုး သက်ရောက်တယ်။ သားမှာ တီဗွီရှိတယ်၊ သူ့မှာ တီဗွီမရှိလို့ အနိုင်ကျင့်ရာ ကျတယ်။ တစ်ခုခုဆိုရင် သားတီဗွီ လာမကြည့်ရမှာစိုးလို့ သားမှားနေတဲ့အခါလည်း မှန်ပါတယ်လို့ သားဘက်က မျက်စိမှိတ် ထောက်ခံမယ့် လူတွေပေါ်လာရင် သားမှာ ညစ်ကျယ်ကျယ်လုပ်ချင်၊ ငါမှန်တယ် ဆိုပြီး အမြဲတမ်း ငြင်းချင်တဲ့ စိတ်တွေ ပေါ်လာမယ်။ မေမေ မကြိုက်ဘူးနော်၊ နောက်ကို အဲဒီ လို မပြောရဘူး၊ သူများတွေက ဝဏ္ဏမှာ တီဗွီရှိလို့ ကြီးကျယ်တယ်တယ်လို့ ထင်ကြဦးမယ်၊ မေမေပြောတာ မှတ်ထားနော်

ဝဏ္ဏက ဘာမျှ ပြန်မပြောဘဲ ငြိမ်နေတယ်။ မလေး စကားတွေ သူနားလည်ရဲ့လား မသိဘူး။ ငနဉစ္စာ ပိုင်ဆိုင်မှုကို အခြေခံပြီး လူတစ်ဖက်သားကို အနိုင်ကျင့် စော်ကားတတ်တဲ့ စိတ်၊ ကလေးဘဝကတည်းက ဝဏ္ဏရင်ထဲမှာ မရှိဖို့ မလေး ကလေးနားလည်မယ့် စကားတွေနဲ့ ရှင်းပြဖို့ ကြိုးစားခဲ့တာပဲ၊ တဖြည်းဖြည်းတော့

# ယဉ်ယဉ်နု(မန္တလေး)

နားလည်ပါလိမ့်မယ်လို့ မျှော်လင့်တယ်၊ ကလေးဆိုတာ ဒီလိုပဲ၊ စိတ်ဓာတ်ကလေး ကောင်းအောင် စောင့်ကြည့်၊ အကဲခတ် ပြုပြင်ပေးရတာပေါ့။ သူတို့လျှောက်ရမယ့် ဘဝခရီးက အရှည်ကြီး ကျန်သေးတယ်လေ။ မလေးက တစ်ဦးတည်းသော သားကလေးကို စိတ်ရင်းကောင်းတဲ့၊ ရိုးသားတဲ့၊ သူများကို အနိုင်မကျင့်တတ်တဲ့၊ စိတ်ဓာတ်ခွန်အား ပြည့်စုံတဲ့ မေတ္တာထားတတ်တဲ့သူ ဖြစ်စေချင်တာဆိုတော့ အမြဲမပြတ် စောင့်ကြပ် တည့်မတ်ပေးနေရမှာ မလေး တာဝန်ပဲလေ။

အဲဒီ နေ့ကစပြီး မလေး အားတဲ့အချိန် သားတို့ကစားဝိုင်းကို ထိုင်ထိုင်ကြည့်တတ်တာ အကျင့်ဖြစ်လာတယ်။ နွေရာသီ ကျောင်းပိတ်ရက် တစ်စတစ်စ ကြာလာတာနဲ့အမျှ မန္တလေး နေကလည်း ပြင်းသည်ထက် ပြင်းလာတယ်။ အားလုံး မလေးတို့အိမ်ရှေ့က ပိတောက်ပင် အောက်မှာပဲ စုပြီး ကစားကြတာလေ။ ကလေးတွေရဲ့ ကစားနည်းတွေက ခုချက်ချင်း ချက်ချင်း ပြောင်းလဲသွားတတ်တယ်။ သားရေကွင်းပစ်ရာကနေ ဆရာမ လုပ်တမ်းဆိုပြီး အိမ်နံရံမှာ စာတွေရေးလို့ အော်ချင်အော်နေကြတာ။

ခဏနေရင် တူတူပုန်းတမ်းဆိုပြီး ဟိုကြား ဒီကြား တိုးချင် တိုးကြတာ။ ပေသီးပစ်မယ်ဆိုပြီး လူစုနေရင်း တစ်ယောက်က လေယာဉ်ပျံရုပ်ထိုး ကစားမယ်ဆိုတာနဲ့ ပြောင်းချင် ပြောင်းသွားတတ်တာမျိုး။ သင်္ကြန်ပြီးသွားတော့ လေကလေးကလည်း ပုံမှန် တိုက်နေပြီ။ တသုန်သုန်ဖြူးနေပြီဆိုတော့ လေတံခွန်လွှတ်ကြပြန်ပြီ။ တစ်ခု ငါးကျပ်နဲ့ လေတံခွန်အနီ၊ အပြာကလေးတွေ အိမ်ဆိုင်မှာ ရောင်းတာ ဝဏ္ဏ ပူဆာလို့ မလေး ဝယ်ပေးရတယ်။ တစ်ရက်တော့

ထူးထူးခြားခြား ခြောက်ကျပ်ပေးပါ မေမေ၊ လေတံခွန် ဝယ်မလို့ လို့ ဝဏ္ဏက ပြောတယ်။

“ဟဲ့ သားရဲ့ လေတံခွန် ဈေးတက်သွားတာလား

“မဟုတ်ပါဘူး မေမေ၊ ကျန်ကျောင်းပုံ လေတံခွန် ဝယ်ချင်လို့။ လေတံခွန်အနီ၊ အပြာက သေးတယ်၊ သူတို့က ရိုးရိုး တစ်ခု ငါးကျပ်၊ ကျန်ကျောင်းပုံ လေတံခွန်က ရုယ်အကြီးကြီး တစ်ခု ခြောက်ကျပ်၊ အဖြူပေါ်မှာ ကျန်ကျောင်းပုံ ရိုက်ထားတာ ဂွတ်ရှယ်ပဲ မေမေရာ၊ ကျန်ကျောင်းကလည်း လှလိုက်တာ။ မေမေ မမြင်ဖူးသေးဘူးလား

“အေး မမြင်ဖူးသေးဘူး

သားက ပြတင်းပေါက်က ခေါင်းထွက်ပြီး ဟိုကြည့် ဒီကြည့် ကြည့်တယ်။ ပြီးတော့ ...

“ဟော ဟော ကြည့်လိုက်မေမေ။ ဟိုမှာ ချစ်ဦးတို့ လွှတ်နေကြတာ

မလေး ပြတင်းပေါက်က ခေါင်းထွက်ပြီး မော့ကြည့်လိုက်တယ်။ တွေ့ပါပြီ။ ကျန်ကျောင်းပုံ လေတံခွန်၊ ခေါင်းပေါ်မှာ သူ ဆောင်းနေကျ ဦးထုပ်နဲ့ ခပ်မြိန့်မြိန့်ပြုံးနေတဲ့ ကျန်ကျောင်း၊ အနီ အပြာ လေတံခွန်လေးတွေကြားမှာ ကြီးကြီးမားမား ခံ့ခံ့ထည်ထည်။ မလေး ကြည့်ရင်း ကြည့်ရင်း မလိုတမာ

ဖြစ်လာတယ်။

လေတံခွန်ချိုးတဲ့ သူတွေကလည်း တော်၊ နိုင်ငံခြားမင်းသားကိုမှ၊ တကယ်ဆို ရန်အောင်ပုံ၊ ဒွေးပုံ၊ လွင်မိုးပုံ ရိုက်ပြီး ရောင်းပါလား၊ ကလေးတွေ ဝယ်ကြမှာပါပဲ။ အခုတော့ မလေးတို့ ခေါင်းပေါ်မှာ သူများကို မလေးတို့ မော့ကြည့်နေရတယ်။ အဲဒီနေ့က ကျပ်တန် အနုပ်မရှိလို့ ဆိုပြီး မလေး ငါးကျပ်တည်း ပေးလိုက်တယ်။ ဝဏ္ဏက ကျန်ကျောင်းပုံ မပူဆာတော့ဘဲ လေတံခွန် အနီလေးပဲ ဝယ်လာပြီး သူငယ်ချင်းတွေဆီ ထွက်သွားလို့ ပြဿနာ ပြေလည်သွားခဲ့ပေမယ့် နောက်တစ်နေ့မှာ ပြဿနာတစ်ခု ထပ်တက်လာတယ်။

ထုံးစံအတိုင်း ဝဏ္ဏ ကစားနေတာကို မလေးက ထွက်ထိုင်ကြည့်နေတဲ့အချိန်၊ ဝဏ္ဏကလည်း ဘီးလုံးကို လက်ကလေးနှစ်ဖက် မြှောက်ကိုင်ပြီး သူ့လေတံခွန်ကို လေထဲရောက်အောင် မ,တင်ဖို့ ကြိုးစားနေတယ်။ တော်တော်လှမ်းလှမ်းမှာ ဖိုးသားက ဝဏ္ဏရဲ့ လေတံခွန်လေးကို ကိုင်ပြီး လေထဲကို မြှောက်တင်ပေးနေတယ်။ ဝဏ္ဏက လွှတ်လိုက်တော့လို့ အော်လိုက်၊ ဖိုးသားက မြှောက်တင်လိုက်၊ လေတံခွန်လေးက ဒယီးဒယိုင်နဲ့ လေထဲကို တက်သွားလိုက် ပြန်ကျလာလိုက်၊ ဘယ်နခါလည်း မသိဘူး။ အကြိမ်ကြိမ်ပဲ၊ ကြည့်နေတဲ့ မလေးတောင် စိတ်မရှည်တော့ဘူး။ ဒါပေမယ့် သားသားက ဇွဲရှိတယ်။ မျက်မှောင်လေး ကုတ်အောင်ချီပြီး လေတံခွန်လေးကို လေထဲရောက်အောင် အမျိုးမျိုး ကြိုးစားနေတယ်။

လေတံခွန်လေးက တက်သွားလိုက်၊ ပိတောက်ပင်နဲ့ ငြိပြီး ပြန်ကျလာလိုက်၊ တက်သွားလိုက်၊ ထောင်ထားတဲ့ မီးချိတ် မီးကပ်တွေနဲ့ ထိပြီး ပြန်ကျလာလိုက်၊ မလေး ကြည့်နေရင်းနဲ့ ဘဝမှာ တိုးတက်ဖို့ ကြိုးစားခဲ့ရတဲ့ ကာလများကို ပြန်သတိရလာတယ်။ အကြိမ်ကြိမ် လဲကျရာက ပြန်လည်ထူမ,လာခဲ့ရတဲ့ အဖြစ်။ ကြိုးစားလိုက်စမ်း သားရေ၊ သား ကြီးပြင်းလာရင် ဒီလိုအပြင်းအထန် ကြိုးစားရတဲ့ အခြေအနေမျိုးတွေ တွေ့ရမှာပဲ။ ဖွဲမလျှော့နဲ့ သားရေ၊ တစ်ချိန်ချိန်မှာ အောင်မြင်ရမယ်လို့ မလေးစိတ်ထဲ အားပေးနေတုန်းမှာပဲ

“ဟေး

လို့ အော်လိုက်တဲ့ သားသားအသံနဲ့အတူ လေတံခွန်လေးဟာ ဘာနဲ့မှ မငြိဘဲ ဒယီးဒယိုင်နဲ့ ကောင်းကင်ထဲသို့ တိုးတက်သွားတာ တွေ့လိုက်ရတယ်။ မလေး ဝမ်းသာလိုက်တာ၊ ဒါပေမယ့် မလေးရဲ့ ဝမ်းသာမှုက ကြာကြာမခံဘူး။

“ဖိုးသားရေ

လို့ အော်ခေါ်လိုက်တဲ့ ဖိုးသားအမေရဲ့ အသံနဲ့အတူ

“ဗျာ

ဆိုပြီး ဖိုးသားက ထူးတယ်။ ပြီးတော့

“ဟော့ ဝဏ္ဏ ငါသွားတော့မယ်၊ ဘီးလုံး ပြန်ပေးကွ

လို့ တောင်းတယ်။ သားသားက

“နေဦးကွ၊ လေတံခွန်က ခုမှလေထဲရောက်တာ

ဆိုပြီး ကြိုးစားပမ်းစား တင်ထားရတဲ့ လေတံခွန်လေးကို ဆက်လွှတ်နေတယ်။ မလေး မနေသာတော့ဘူး။

“ဖိုးသားကို ပေးလိုက် ငါ့သား

လို့ ဝင်ဖြေရှင်းပေးလိုက်တော့ သားသားက စိတ်မသက်မသာ ပုံစံနဲ့ လေထဲရောက်ပြီးသား လေတံခွန်ကို ပြန်ရုပ်တယ်။ ဘီးလုံးကို ဖြုတ်ပြီး ဖိုးသားကို ပေးလိုက်တယ်။ လေတံခွန်လေးသာ ကိုင်ပြီး ပြန်လာတဲ့ သားသားကို

"သားသားမှာ ဘီးလုံးမရှိတာကို မေမေ့ကို ဘာလို့ မပြောတာလဲ

လို့ မေးတယ်။ သားသားက

"ခြောက်ဆယ်တောင်

လို့ ဖြေတယ်။ ခြောက်ဆယ် ဖြစ်ပါစေ၊ မလေး ဝယ်ပေးရတော့မှာပေါ့။
မုန့်စာကြီးနဲ့ ဘီးလုံးက ခြောက်ဆယ်တဲ့၊ မုန့်စာကြီးကိုတော့ မလေး
သဘောမကျဘူး။

"သားသား မုန့်စာကြီးနဲ့တော့ မဝယ်ရဘူး၊ မုန့်စာကြီးက ရှုတယ်။ သားသား
အန်တီ စက်ဘီးစီးလာတုန်း လေတံခွန်ပြုတ်ကျပြီး မုန့်စာကြီး လည်ပင်းကို
ရှတာ သွေးတွေ ရွှဲနေတာပဲ။ သားသားကို အရှုမခံနိုင်ဘူး။ နောက်ပြီးတော့

မလေး စကား ခဏရပ်သွားတယ်။ ဝဏ္ဏက မလေးကို မော့ကြည့်ပြီး

"နောက်ပြီးတော့ ဘာဖြစ်လဲ မေမေ

လို့ ပြန်မေးတယ်။

“လေတံခွန် လွှတ်တာ မုန်စာကြိုးနဲ့ဆိုရင် သားသား သူများလေတံခွန်ကို ဖြတ်ချင် တောက်ချင်တဲ့ စိတ်တွေ ဝင်လာလိမ့်မယ်။ လေတံခွန်အချင်းချင်း တွေ့ရင်ကို ဖြတ်ချင်ကြတာ မဟုတ်လား။ တကယ်ဆို လေတံခွန်တစ်ခု လေထဲရောက်အောင် ကြိုးစားရတာ ဘယ်လောက် ခက်ခဲတယ်ဆိုတာ သားသား ကိုယ်တွေ့ပဲ မဟုတ်လား

“ဟုတ်တယ် မေမေ

“သားသားလိုပဲ ကြိုးစားပမ်းစား လေထဲရောက်အောင် တင်ထားရတဲ့ လေတံခွန်အချင်းချင်း လှီးချင်ဖြတ်ချင်တဲ့စိတ်၊ သူများရဲ့ ကြိုးစားမှုကို ဖျက်ဆီးချင်တဲ့စိတ်၊ သားမှာ မရှိစေချင်လို့ သားကို မေမေ မုန်စာကြိုး ဝယ်မပေးချင်တာ။ ရိုးရိုးအပ်ချည်ကြိုးနဲ့ လွှတ်နော် သား

မလေးစကားကို နားထောင်နေကျ သားက ထူးထူးထွေထွေ ဆင်ခြေမကန်ရှာပါဘူး။

မလေးမှာလည်း သားရဲ့ စိတ်ဓာတ်ကောင်းဖို့ အကြောင်းသင့်တိုင်း ဆုံးမရတာ ၊ အဲဒီနေ့က ဘီးလုံးဝယ်ပေးပြီး သားသားလည်း လေတံခွန် လွှတ်နေပြီမို့ မလေး စိတ်အေးလက်အေး အဝတ်လျှော်နေတယ်။ သားသားရဲ့ လေတံခွန်

လေထဲရောက်၊ မရောက် စောင့်ကြည့်ပြီးမှ မလေး အိမ်ထဲ ဝင်လာခဲ့တာ။ မလေးတို့ ရပ်ကွက်က ကားအသွားအလာ မရှိလို့ ကားတိုက်မှာလည်း မပူရ။ လေတံခွန်ဆိုတာ တစ်ယောက်တည်း လွှတ်ရတာမို့ ငြင်းမှာ၊ ခုံမှာ၊ ရန်ဖြစ်မှာလည်း မပူရလို့ စိမ်ပြေနပြေ အဝတ်လျှော်နေခဲ့တယ်။ တစ်ချိန်လုံး သားသားကို မေ့နေတယ်။

အဝတ်လျှော်၊ ရေချိုး၊ သနပ်ခါးလိမ်း၊ အလှပြင်၊ အချိန်တွေ အကြာကြီး နေပြီးမှ ဝဏ္ဏကို သတိရလာတယ်။ နေ့လယ်နေ့ခင်း ကော်ဖီတိုက်ဦးမှပါပဲလေ ဆိုပြီး ကော်ဖီဖျော်တယ်။ ပြီးမှ လေတံခွန်လွှတ်နေတဲ့ သားကို ခေါ်ဖို့ အိမ်ရှေ့ကို ထွက်လိုက်တယ်။ အဲဒီမှာ ဧည့်ခန်းနံရံကို မှီပြီး ခြေပစ်လက်ပစ်၊ စိတ်ပျက်လက်ပျက် ထိုင်နေတဲ့ ဝဏ္ဏကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ ခါတိုင်း အိမ်ပေါ်တက်လာရင် ဝုန်းဒိုင်းကြဲပြီး မေမေရေလို့ အော်ဟစ် တက်လာတတ်တဲ့ သား၊ ဘာဖြစ်လို့ တိတ်တိတ်ဆိတ်ဆိတ် ဒီမှာ လာထိုင်နေရတာလဲ၊ မလေး စိတ်ထဲ ထူးဆန်းသွားတယ်။

"သား ဘာဖြစ်လာတာလဲ

ဝဏ္ဏက မော့ကြည့်တယ်။ သူ့မျက်လုံးထဲမှာလည်း မျက်ရည်တွေဝဲနေလို့ မလေး စိတ်ပူလိုက်တာ

"မေမေ

"သား

"သူများရဲ့ ကြိုးစားမှုကို ဖျက်ဆီးချင်တဲ့စိတ်၊ သူများကို လှီးချင်ဖြတ်ချင်တဲ့စိတ် ရှိမှာစိုးလို့ သားကို မှန်စာကြိုးနဲ့ မလွှတ်နဲ့လို့ မေမေ ပြောခဲ့တယ်နော်

မလေး ရင်တွေ တထိတ်ထိတ် ခုန်လာတယ်။

"အခု သားရဲ့ ကြိုးစားမှုကို ဖျက်ဆီးချင်တဲ့သူတွေ၊ သားရဲ့ အောင်မြင်မှုကို လှီးချင်ဖြတ်ချင်တဲ့ သူတွေက မှန်စာကြိုးနဲ့ ဖြတ်သွားလို့ သား လေတံခွန် ပြတ်သွားပြီး မေမေ၊ သား မကာကွယ်နိုင်ခဲ့ဘူး၊ ဘယ်လိုလုပ်ရမလဲ မေမေ

ဝဏ္ဏ မျက်ရည်တွေ တပေါက်ပေါက် ကျလာတယ်။ မလေး ကြောင်အ,နေတယ်။ သားကို ကြည့်ပြီး စိတ်မကောင်းဘူး၊ ဘာစကားမှလည်း မပြောနိုင်ဘူး။ ကိုယ့်မှာသာ ကိုယ့်သားကို စိတ်ဓာတ် အဆင့်အတန်းမြင့်အောင်၊ သူများကို အနိုင်ကျင့်ချင်၊ လှီးချင်ဖြတ်ချင်တဲ့စိတ် မရှိအောင် ကြိုးစားလိုက်ရတာ၊ သင်ကြားလိုက်ရတာ ၊ လောကကြီးထဲမှာ လူမျိုးစုံ ရှိတာပါလား။ ကိုယ်က မလှီးရဘဲ ကိုယ့်ကို မညှာမတာ ရက်ရက်စက်စက် လှီးချင်တဲ့သူနဲ့ တွေ့တော့ အခုလို သားလေး မျက်ရည်ပေါက်ပေါက် ကျအောင် ခံစားနေရပြီ။

ဟုတ်တယ်    မေမေ လိုသွားတယ်။ မေမေ ညံ့သွားတယ်။ သူများကို

မေတ္တာထားဖို့၊ အနိုင်မကျင့်ဖို့ လိုအပ်သလို ကိုယ့်ကို မေတ္တာမထားဘဲ အနိုင်ကျင့်ခံရတဲ့အခါ ခုခံကာကွယ်ဖို့ ကိုယ်ခံအင်အား၊ စိတ်ဓာတ်ခွန်အား ပြည့်နေဖို့ သားကို သင်ကြားပေးရဦးမှာပါလား။ လေ့ကျင့်ပေးဖို့ လိုအပ်နေပါလား ဆိုတာ ပထမဦးဆုံးအကြိမ် မလေး သတိထားမိလိုက်တယ်။

ပြတင်းပေါက်က ခေါင်းထွက်ပြီး ကောင်းကင်ပြာကြီးကို မလေး မော့ကြည့်လိုက်ဖြစ်တယ်။ သူ မညှာမတာ ဖြတ်ချထားခဲ့လို့ ပျော့ရှင်အားရနေတာ ထင်တယ်။ ကျန်ကျောင်းပုံ လေတံခွန်ကြီးက ခပ်မြိန့်မြိန့်ပြုံးပြီး မလေးကို ငုံ့ကြည့်နေတယ်။ ကောင်းကင်ပြာ ဟိုးအဝေးမှာတော့ ကြိုးပြတ်သွားတဲ့ လေတံခွန်လေးတွေ၊ အနီ၊ အပြာလေးတွေ မှုန်မွှားမွှား မြင်နေရတယ်။ ဒီထဲမှာ သားသားရဲ့ လေတံခွန်လည်း ပါမှာ သေချာပါတယ်။

------

**ယဉ်ယဉ်န (မန္တလေး)**

**(ကြက်ခြေခတ်ကလေးများနှင့် လူငယ်ဝတ္ထုတိုများ)**

====

## ကြက်ခြေခတ်ကလေးများ

---------------------------------------------------

"အေးလွင်ရေ

ငိုသံပါ အသံဆိုးကြီးနဲ့ အိမ်ရှေ့က ရုတ်တရက် အော်လိုက်သံ ကြားရတော့ စာဖတ်နေတဲ့ ကျွန်မ အရမ်းလန့်မိတယ်။ ထင်တဲ့ အတိုင်းပါပဲ၊ မျက်လုံး နီနီ၊ မျက်နှာ ဖောသွပ်သွပ်၊ ဒယီးဒယိုင် ခန္ဓာကိုယ်နဲ့ ပုဆိုးမနိုင်၊ ပဝါမနိုင်၊ လူပျိုပေါက် တစ်ယောက်ဟာ တစ်ဖက်က ကြာဆံကြော်၊ ခေါက်ဆွဲကြော်ထုပ်ကလေး ကိုင်၊ တစ်ဖက်က ကျွန်မတို့ အိမ်ဝင်းထရံကို အားပြုမှီပြီး မနည်း ကိုယ့်ကိုယ်ကို ထိန်းရပ်နေရတဲ့ အဖြစ်ကို တွေ့လိုက်ရတယ်။ သေချာတာပေါ့။ ကျွန်မတို့နဲ့ တစ်အိမ်ကျော်က အေးလွင် ဆိုတဲ့သူနဲ့ အသက်တူ၊ အရွယ်တူ ကောင်လေး တစ်ယောက်။ သူငယ်ချင်းနေမှာ၊ အေးလွင်ဆီ လာတာ နေမှာလို့ ကျွန်မ ချက်ချင်း သိလိုက်တယ်။ အင်း

“ကလေး … ဒီအိမ်က အေးလွင်အိမ် မဟုတ်ဘူးကွဲ့၊ အေးလွင်အိမ်က တစ်အိမ်ကျော်မှာ

ကျွန်မ အသံ ကြားရတော့ ဝင်းထရံတိုင်ကို အားပြု ကိုင်ထားရာက ကျိုးနေတဲ့ ဇက်ကို မနည်းမော့ပြီး ကျွန်မကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်တယ်။ အို ဒီကလေးရဲ့ မျက်လုံးထဲမှာ မျက်ရည်တွေ ရွဲလို့ပါလား။

“ဆရာမ ဟီး ဆရာမ၊ ကျွန်တော် အေးလွင်အိမ်ကို မသိတော့ဘူး၊ မသွားတတ်တော့ဘူး ဆရာမ ဟီး

ပြောပြောဆိုဆို ငိုချလိုက်တဲ့ ကောင်လေးကို ကြည့်ပြီး သြော် … ဒုက္ခပါပဲလို့ စိတ်ထဲက ညည်းမိတယ်။ သူ့ကိုယ်သူ လဲကျ မသွားအောင် ဝင်းထရံတိုင်ကို ခြေကန် ဆွဲထားရတာ စိတ်ပျက်လက်ပျက် ကြည့်ပြီး

“အေးလွင်တို့ အိမ်က တစ်ယောက်ယောက် ဒီမှာ လာခေါ်ပါဦးဟေ့၊ မလာနိုင်လို့တဲ့ ငိုနေတယ် လို့ အသံမြှင့်ပြီး အော်ခေါ်လိုက်တော့မှ အေးလွင် အမေက ပြေးထွက်လာပြီး ကောင်လေးကို တွဲခေါ်သွားတယ်။

ကောင်လေးက ခေါင်းတရမ်းရမ်းနဲ့ လိုက်သွားရင်း ဟောဒီမှာ အေးလွင်ဖို့ ဝယ်လာတယ်၊ ခါတိုင်း ဒီအချိန်ဆို ကျွန်တော်နဲ့ နှစ်ယောက်အတူ ကြာဆံကြော်

စားနေကျဗျ ဟီး  ဆိုပြီး တငိုငို တရယ်ရယ် ပါသွား ပါလေရော။

ကျွန်မလည်း သူ ထွက်သွားတော့မှ ရင်တုန်ပန်းတုန် ဖြစ်လာပြီး ကုလားထိုင် တစ်လုံးပေါ်ကို ဖြည်းဖြည်းလေး ထိုင်ချလိုက်ရတယ်။ သူ့သူငယ်ချင်း အေးလွင်ဆီက လွန်ခဲ့တဲ့ နာရီဝက် လောက်ကမှ ကျွန်မ လူမမာမေး ပြန်ရောက်လာတာ။ သေချာတယ်။ သူ ဝယ်လာတဲ့ ကြာဆံကြော်ကို ထစားနိုင်တဲ့ အခြေအနေ ဘယ်နည်းနဲ့မှ အေးလွင်မှာ မရှိတော့ဘူး။ ကျွန်မ သွားတော့ကို ခွဲတွေ တဂီးဂီး ဆို့ပြီး ဖုတ်လိုက် ဖုတ်လိုက်ကို အသက်ရှူ နေရတာလေး ကြည့်ရင်း ကြည့်ရင်း စိတ်မကောင်း ဖြစ်လာလို့ လှည့်ထွက်လာတော့ အိမ်နီးချင်း တစ်ယောက်က  ညနေ စောင်းမယ် မထင်တော့ဘူး  လို့ ပြောရင်း နောက်က လိုက်ထွက် လာခဲ့ကြတာ။ လူတွေ၊ အမျိုးတွေ ဝိုင်းအုံနေတဲ့ ကြားက အေးလွင်ကို ကြည့်ပြီး ရင်ထဲမှာ မကောင်းလိုက်တာ။ ပြန်တွေးရင် အသားဖြူဖြူ မျက်နှာချိုချို ကိုယ်လုံး ပြည့်ပြည့်နဲ့ အမြဲတမ်း ပြုံးနေပြီး ဖိနပ်မပါဘဲ လမ်းလျှောက် နေတတ်တဲ့ ကျန်းမာတုန်းက အေးလွင်ကို ပြန်မြင်ယောင် နေမိတယ်။

"ဆရာမ၊ အမေန နိုပ်မလားဟင်၊ ကျွန်တော် နိုပ်ပေးမယ်

ကျွန်မ လေဖြတ်ပြီး နေကောင်းစ နေ့လယ်နေ့ခင်း တစ်ရေးတစ်မော အိပ်တဲ့အချိန် အိမ်တံခါးဝ အေးလွင် ပေါ်လာတယ်။ ကျွန်မကို ဆရာမလို့လည်း ခေါ်တယ်၊ တစ်ခါတလေ အမေန တဲ့။ အိမ်ထောင်မရှိတဲ့ ကြံရာကျပန်း

## ယဉ်ယဉ်နု(မန္တလေး)

လုပ်စားနေတဲ့ ရိုးရိုးသားသား လူငယ်လေး၊ ကင်းစောင့် ရမလား၊ ချုံရှင်း ရမလား ရတယ်၊ အမှိုက်ကျုံး ရမလား ရတယ်။ သစ်ပင် ခုတ်ရဦးမလား၊ အားကောင်း မောင်းသန် အေးလွင်တို့က မမှုဘူး။ အိမ်ကလည်း တစ်အိမ်ကျော်၊ သူ့မိဘများနဲ့လည်း ရင်းနှီးနေတော့ တူသား အရင်းလို ဖြစ်နေပြီ။

ဒီရပ်ကွက်ကလေးက ကလေးမတွေကလည်း ကျွန်မ နေမကောင်းနေတာ သိတော့ တစ်ယောက်တစ်လက် ကြံရာ ကောက်လုပ် သွားကြတာပဲ။ အခုပဲ အေးလွင်လည်း သူတတ်ထားတဲ့ လက်နှိပ်ပညာနဲ့ ကျွန်မကို ကူညီနေတာ ခြေတွေ၊ လက်တွေ၊ ခါးတွေ စိတ်ရှည်လက်ရှည် အကြောဖြေပြီးတော့ ကျွန်မက ဘယ်လောက် ပေးရမလဲလို့ မေးရင် အေးလွင်က  သုံးဆယ်  လို့ ထုံးစံအတိုင်း ဖြေတယ်။ ပိုပေးလည်း မယူဘူး၊ ကျွန်မဆီက သုံးဆယ် ရပြီးတာနဲ့ တန်းပြီး ပုဂံကို သွားတော့တာပဲ။ သူက တစ်ခါသောက်ရင် သုံးဆယ်ဖိုးပဲ သောက်တာ။ ဘယ်နခါ သောက်လဲလို့ မေးကြည့်၊ မရေတွက်နိုင်အောင် တစ်နေကုန် သောက်နေတာတဲ့။ ကောင်းကြရော။

ရပ်ကွက်ထဲမှာ အအေး အပူ အဖျော်ယမကာဆိုင် လေး ငါးဆိုင်ရှိတဲ့ အထဲက ဒီပုဂံဆိုတဲ့ ဆိုင်ကလေးက နည်းနည်း ထူးခြားတယ်။ ချောင်ကျကျ ရပ်ကွက် အရှေ့ဖျား၊ ကန်စွန်းပင်တွေ ဝိုင်းနေတဲ့ နေရာမှာ သီးသီးသန့်သန့် ရှိနေပြီး တိတ်ဆိတ် အေးချမ်းနေတယ်။ ဆိုင်ရှင် ကိုဝင်းညွန့်ကလည်း သဘောကောင်းတယ်။ သီချင်းဖွင့်တာကိုတောင်မှ အေးအေးငြိမ့်ငြိမ့် သီချင်းလေးတွေ ရွေးဖွင့်တာ ။ အခါကြီး ရက်ကြီးတွေမှာ သူ့ဆိုင်က

ဖောက်သည်တွေကို အပျော် ကံစမ်းမဲ ဖောက်တာတို့၊ ဘုရားဖူး လိုက်ပို့တာတို့ လုပ်တတ်သေးတယ်။

ဆိုင်နံရံမှာ ချိတ်ဆွဲထားတဲ့ ပိတ်ချင်းမြောင်တို့၊ ပေါ်တော်မူတို့၊ သမ္ဗုဒ္ဓေတို့ သွားတုန်းက အုပ်စုလိုက် တပျော်တပါး ရိုက်ထားတဲ့ ဓာတ်ပုံတွေထဲမှာ အေးလွင်တို့ ဟန်ပေး၊ ဂိုက်ပေး ကြမ်းနေကြတာတွေ တွေ့နေရတာပေ့ါ။ အချင်းချင်းလည်း အရမ်းခင်ကြတော့ အခုလို သေငယ်ဇော မြောနေတဲ့အချိန်မှာ သူငယ်ချင်းတွေ ခံစားကြရရှာမှာပဲ။

ခဏလေး ကြာတော့ အေးလွင်တို့ အိမ်ဘက်က စီခနဲ ငိုသံတွေ ဆူဆူညံညံ ကြားရတယ်။ သွားရှာပြီပေ့ါလို့ ကျွန်မ စိတ်မကောင်း ဖြစ်နေတဲ့အချိန် ပုဆိုးမနိုင် ပဝါမနိုင် တဟီးဟီးငိုပြီး ထွက်လာတဲ့ ကောင်လေး တစ်ယောက်က "ငါက ခါတိုင်း သောက်နေကျ အချိန်ပဲကွာ၊ သောက်ဦးဆိုပြီး ပါးစပ်ထဲကို အရက်တွေ လောင်းထည့်လိုက်တာကွ၊ ဒီတော့မှ ဒီကောင် ကျေနပ်ပြီး ထွက်သွားတော့တာ   လို့ ဗလုံးဗထွေး ပြောနေတာနဲ့ ကျွန်မမှာ ပြုံးရမလို၊ မဲ့ရမလို ဖြစ်ရသေးတယ်။ အသက်ငင်နေတဲ့ လူမမာရဲ့ ပါးစပ်ထဲကို အရက်တွေ လောင်းထည့်သတဲ့၊ သီးပြီး သွားရှာတာ နေမှာလို့ တိတ်တိတ်ကလေး တွေးမိတယ်။ အင်း   ။

အသုဘပို့တဲ့ အချိန်ကျတော့လည်း မျက်လုံးတွေ နီရဲပြီး မျက်နှာတွေ ထူအမ်း၊ အနံ့ တထောင်းထောင်း ထွက်နေတဲ့ လူတွေက   အေးလွင်အတွက် ကုသိုလ်ပါ

ခင်ဗျာ  ဆိုပြီး ခေါင်းလျှော်ရည်ထုပ်တွေ၊ ဆပ်ပြာမှုန့်တွေ ကမ်းကြတယ်။ အဲဒီ နောက်ပိုင်း ညညမှာ ခွေးတွေ တဝုန်းဝုန်း ဆူရင်တောင် ရပ်ကွက်ထဲက ဒီအချိန် အေးလွင် ကင်းလှည့်တဲ့ အချိန်ပဲလို့ ပြောစမှတ် ပြုကြတယ်။ ဒါပေမယ့် သေပြီးတဲ့သူလေ။ ကြာတော့လည်း မေ့သလောက် ဖြစ်လာတာပေါ့။ ကိုယ့်လူမှုရေးနဲ့ကိုယ် မဟုတ်လား။

"ဆရာမ ပိတောက်ပင်က ကိုင်းတွေ ခြောက်နေပြီ၊ ကျွန်တော်တို့ ထင်းကလေး လိုလို့ ချိုင်ချင်လို့ပါ

အိမ်ပေါ် တက်လာပြီး ပိတောက်ကိုင်းခြောက် တောင်းနေတဲ့လူက ဟိုတစ်ခါက အေးလွင် သူငယ်ချင်းလေးလေ။ ကျွန်မလည်း ခြံထဲဆင်းပြီး ပိတောက်ပင် အောက်မှာ သူတို့ လေး၊ ငါးယောက် ချိုင်တာကြည့်ရင်း ဘာလုပ်ဖို့လဲလို့ စပ်စုကြည့်မိတယ်။

"ဆရာမ မသိသေးဘူးလား၊ ကျွန်တော်တို့ ပုဂံက အပေါင်းအသင်း အုပ်စုတွေက အခုမနက်တိုင်း ဘုံဆွမ်း လောင်းနေကြတယ်လေ။ ကျွန်တော်တို့၊ အောင်မိုးထူးတို့ အိမ်မှာ ချက်နေတယ်။ ကိုဦးတို့၊ ကိုသန်းထွန်းတို့က ဆန်၊ ကိုနောင်နောင်က ဆန်နဲ့ဆီ၊ ရန်နိုင်ဦးတို့၊ ဝင်းနိုင်တို့က ထင်း၊ ကိုနိုင်ဝင်းက ခရမ်းချဉ်သီး၊ ကိုခင်ဝင်းတို့၊ ထိန်လင်းအောင်တို့၊ စိန်သံမဏိ၊ သေးတာ၊ ကိုတိုး၊ ဦးခင်အောင် သူတို့လည်း တတ်နိုင်တဲ့ငွေ ထည့်ကြတယ်။ မနက်တိုင်း ကိုဦးနဲ့ ညီထွေးတို့ ညီအစ်ကိုက

## ယဉ်ယဉ်န(မန္တလေး)

နိဗ္ဗာန်ဆော် တာဝန်ယူပြီး တစ်အိမ်တက်ဆင်း နှိုးလို့ လူအေးတို့နဲ့ စုပြီး ချက်ကြတယ်။ ဆရာမရယ် သံဃာတော်တွေကို ရွှေတချောင်း မြောင်းထောင့်မှာ စုပေါင်း လောင်းကြတယ်  လို့ အားရပါးရ ရှင်းပြပါလေရော။

ကျွန်မနားကို ကျွန်မ မယုံမိဘူး။ တအံ့တသြနဲ့ ပြောနေတဲ့ ကိုဦးကို ငေးကြည့်နေမိတယ်။

"အဲဒါ ဆွမ်းချက်ဖို့ ထင်းလိုလို့ ဆရာမ ပိတောက်ပင်ကို တောင်းနေတာပါ ဆရာမရယ်။ ကျွန်တော်တို့ ဆွမ်းလောင်းခါစက အရက်သမားတွေ သေမှာကြောက်လို့ သွေးရူးသွေးတန်းနဲ့ လုပ်နေတာပါကွာ၊ တစ်ရက်နှစ်ရက်နဲ့ ပြီးသွားမှာပါလို့ ကဲ့ရဲ့ကြတယ်။ ကျွန်တော်တို့က တကယ် လောင်းကြတော့ အခုဆို ထင်းပေါင်းတဲ့လူနဲ့ ဆန်ပေါင်းတဲ့လူနဲ့ ရပ်ကွက်ပါ ဝင်လာတယ်

"ညနေစောင်းဆို ဆရာမ မြင်စေချင်တယ်။ ကျွန်တော်တို့ ပုဂံကို သွားကြရင်လေ ဆီပုလင်းလေး ဆွဲတဲ့သူနဲ့၊ ဆန်ထုပ်ကလေး ဆွဲတဲ့သူနဲ့ နောက်ပြီး ဆိုင်ရောက်ရင်လည်း အရင်က နှစ်ရာဖိုး ပါရင် နှစ်ရာဖိုးလုံး သောက်ဖြစ်ကြတာ။ အခု တစ်ရာလောက်တော့ ဆွမ်းလောင်းဖို့ထဲ ထည့်တော့ ကျွန်တော်တို့ လျှော့သောက်ဖြစ်တယ် ဆရာမ

ကျွန်မ သူတို့ပြောတဲ့ စကားတွေကို တအံ့တသြ နားထောင်ရင်းက အလုပ်မရှိတဲ့ လူငယ်လေးတွေလည်း မဟုတ်။ လေလွင့် နေကြတာလည်း မဟုတ်။ နေ့လယ်မှာ အလုပ်ကိုယ်စီ လုပ်လို့ တတ်နိုင်သမျှ စီးပွားရှာလို့။

ပြီးတော့ ကုသိုလ်ရေး၊ လူမှုရေးလည်း ဝါသနာ ပါကြတဲ့အပြင် ကိုယ်တိုင်လည်း လက်တွေ့ လုပ်နေကြတဲ့ ကလေးတွေ ဘာဖြစ်လို့များ ဒီယမကာကို စွဲလမ်း တပ်မက်ပြီး မဖြတ်နိုင်၊ မပြတ်နိုင်အောင် ဘဝရဲ့ ဘယ်လို စိန်ခေါ်မှုတွေကိုများ သူတို့ မလွန်ဆန်နိုင် ဖြစ်နေကြပါလိမ့်။

"ဆရာမ ဒီမှာ ကြည့်ပါဦး၊ ကျွန်တော်တို့ သူငယ်ချင်းတွေလေ၊ သိပ်ခင်ကြတာ၊ ဒါက ပိတ်ချင်းမြောင်မှာ ရိုက်ထားတာ။ ဒါက သမ္မဒွေမှာ ရိုက်ထားတာ၊ တွေ့တယ် မဟုတ်လား ဆရာမ၊ ပိတ်ချင်းမြောင်မှာ ရေထဲမှာချည်းပဲ

တစ်ယောက်က ဓာတ်ပုံကလေးတွေ ထုတ်ပြလို့ ကျွန်မ ယူကြည့်လိုက်ရတယ်။ ကိုးရိုးကားရား မတ်တတ်ရပ်ကြ၊ လက်တွေ မြှောက်ကြ၊ ခေါင်းတွေ စောင်းကြနဲ့ ရိုက်ထားတဲ့ ပျော်မြူးနေကြတဲ့ လူငယ်လူတက် အားကောင်းမောင်းသန် အရွယ်ကလေးတွေထဲက ထူးခြားမှု တစ်ခုကို တွေ့လို့ ကျွန်မ မျက်မှောင်ကုတ် သွားမိတယ်။

"ဟင်  ဒီထဲက တချို့ သုံးလေးယောက်ကို ဘာလို့ မျက်နှာလေးတွေ ကြက်ခြေခတ်ထား ရတာလဲ၊ သူတို့က ဘယ်သူတွေလဲ

အပ်ကျသံ ကြားရမတတ် အားလုံး တိတ်ဆိတ် နှုတ်ပိတ်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန် ကြည့်နေကြတဲ့ သူတို့ဟာ ငိုတော့မလို၊ ပြုံတော့မလို ပုံစံလေးတွေ ချက်ချင်း ဖြစ်သွားလိုက်ကြတာ။ ပြီးမှ

တစ်ယောက်က တိုးတိုးလေး အသံမပွင့်တပွင့်နဲ့

“အဲဒါတွေက ကျွန်တော်တို့ထဲက ဆုံးသွားကြတဲ့ သူတွေပါ ဆရာမ။ သူတို့ မရှိကြတော့ပါဘူး

“အို

ကျွန်မရင်ထဲမှာ ဆို့နစ်ပြီး ဘာစကားမှ မပြောနိုင်တော့ဘူး။ ပတ်ဝန်းကျင် တစ်ခုလုံးက ကြောက်စရာ ကောင်းလောက်အောင် တိတ်ဆိတ်သွားတယ်။ သူတို့လည်း ဘာစကားမှ ဆက်မပြောနိုင်တော့ဘဲ ထင်းတွေကို သယ်ပြီး သွားကြဖို့ ခြေလှမ်းပြင်ကြတယ်။ ကျွန်မ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေရာက အပြောချင်ဆုံး စကားတစ်ခွန်းကို သူတို့ နာခံလိုသည် ဖြစ်စေ၊ မနာခံလိုသည် ဖြစ်စေ ဖွင့်မိုက်ပြီး ပြောချလိုက်တယ်။

“ဒီမယ် တစ်ခုတော့ မှာပါရစေကွယ်၊ လျှော့ဖြစ်အောင် လျှော့ကြပါဦး

သူတို့အားလုံး တညီတညာတည်း တွေတွေဝေဝေ မျက်နှာထားတွေနဲ့ ကျွန်မကို စိုက်ကြည့်ကြပြီး ခေါင်းညိတ် အဖြေပေးလို့ တိတ်တိတ်ဆိတ်ဆိတ်ပဲ ထွက်ခွာသွားကြတယ်။ ကျွန်မကတော့ ဓာတ်ပုံထဲက အေးလွင်တို့လို ကြက်ခြေခတ်ကလေးတွေ ကိုသာ ရင်တနင့်နင့်နဲ့ သတိရရင်း၊ သူတို့ နောက်ကျောကို ငေးကြည့်ရင်း ပိတောက်ပင်ရိပ် အောက်မှာ

တစ်ယောက်တည်း ကျန်ရစ်ခဲ့ရ ပါတော့တယ်။

“ဩော်      လျှော့ရင်း လျှော့ရင်း လျော့ကုန်ကြမှဖြင့်

------------------------

**ယဉ်ယဉ်န (မန္တလေး)**

**စရဏ မဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၆။**

====

## စင်ဒရဲလား ပုံပြင်သစ်များ

------------------------------------------------------

ဖိနပ်ကလေးတစ်ရန်ကို ဗဟိုပြု၍ ရေးဖွဲ့ထားသော အလွန် လှပသိမ်မွေ့သည့် အချစ်ပုံပြင်ကလေး တစ်ပုဒ်ကို ကျွန်တော် ငယ်စဉ်ကတည်းက စွဲလမ်းခဲ့ပါသည်။ စင်ဒရဲလား ပုံပြင်ကလေး ဖြစ်ပါသည်။ ဟန်ဆောင်ဘဝကလေး ပေါ်သွားမှာစိုး၍ ကမန်းကတန်း ပြေးထွက်ခဲ့ရာမှ ဖိနပ်ကလေးတစ်ဖက် ပျောက်ကျ ကျန်ရစ်ခဲ့ပုံကို အခြေခံ၍ ပုံပြင်ဆရာက လူတို့၏ အတွင်းသန္တာန်ထဲက မနာလိုမုန်းတီးမှု မီးလျှံများ၊ မေတ္တာတရား၏ အလှအပများ၊ သစ္စာတရား၏ ခိုင်မာမှု ကျောက်ဆောင်များ ဖွဲ့စည်းတန်ဆာ ဆင်အပ်သောအခါ မရိုးနိုင်သည့် အိပ်ရာဝင် ပုံပြင်ကလေးအဖြစ် ယနေ့တိုင် ခိုင်မြဲစွာ မက်နေရဆဲ ဖြစ်ပါသည်။

ကျွန်တော်က ပြတ်သွားသော၊ (သို့မဟုတ်) ပျောက်သွားသော ဖိနပ်ကလေးများကို စိတ်ဝင်စားပါသည်။

ခေတ်ပေါ်ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာလည်း ဒီလိုဇာတ်လမ်းတွေ တွေ့ဖူး၊ မြင်ဖူး နေပါသည်။ ဥပမာ မင်းသားနှင့် မင်းသမီး လမ်းလျှောက်လာကြ၊ မင်းသမီးက ဖိနပ်ပြတ်သွား၊ စိတ်ညစ်နေတုန်း မင်းသားက ရောက်လာ၊ ဘာကူညီရမလဲ မေး၊ သူ့ ယောက်ျားစီး ဖိနပ်ကြီးကို အတင်းချွတ်ပေးခဲ့၊ မင်းသမီးက ကျေးဇူးတင်၊ ဘာညာကွိကွတွေ ဖြစ်ကုန်ကြ။

ပြုတ်သွားသော ဖိနပ်ကလေးများ၊ ဒါမှမဟုတ် ပျောက်သွားသော ဖိနပ်ကလေးများက ပေးခဲ့သော ရသပုံပြင်တွေ ကျွန်တော့် သူငယ်ချင်းများ အကြားမှာ ရှိတတ်ကြပါသည်။ ကျွန်တော် တခုတ်တရ လိုက်လံစုဆောင်းသော အခါ သူတို့နှင့် ပတ်သက်သည်တို့ကို နားထောင်လာရပါသည်။

"နင် ဖိနပ်ပျောက်ဖူးသလား၊ ဘာတွေဖြစ်သလဲဟင်

ဟု သူငယ်ချင်း အိမ်ထောင်သည်မ တစ်ယောက်ကို မေးသောအခါ သူက ကျွန်တော့်ကို ပြူးပြူးပြဲပြဲ ကြည့်ရင်း

"ဖိနပ်ဆိုတာ ပျောက်စရာ ပစ္စည်းလားဟဲ့။ အခုခေတ် ဖိနပ် တစ်ရန်ကို ဘယ်ဈေး မှတ်လို့လဲ။ လူကြီးစီးဖို့ ဖယ်ထားဦး။ ငါ့သား သုံးတန်းကောင်အတွက် မန္တလေး သားရေဖိနပ် တစ်ရန် သုံးရာ့ငါးဆယ်တဲ့။ ဝယ်ပေးဖို့ ငါ လေးငါးရက် စဉ်းစားခဲ့ရတယ်။ သိလား။ ငါ့ကောင်ကိုလည်း မှာထားရတယ်။ ဘောလုံးကန်လို့များ ဖိနပ်ချွတ်ထားရင် မပျောက်စေနဲ့။ ပျောက်ရင် ခြေတုံးလုံးနဲ့ နေရမယ်။ ထပ်ဝယ်မပေးဘူးလို့

ကုန်ဈေးနှုန်း၏ ဖိညှပ်ညှဉ်းပန်းမှုကြောင့် ပိန်ချုပ်၍ နေသော သူငယ်ချင်းမ၏ စကားတွေက ကျွန်တော့်ကို ကြမ်းရှစွာ ထိုးနက်ခဲ့ပြီး ခါးသီးသော ရသကိုသာ

ပေးစွမ်းခဲ့ပါသည်။ မြေကြီးနှင့် ခြေထောက်အောက်မှာ ကြားခံပစ္စည်းအဖြစ် တည်ရှိခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့ပြီ ဖြစ်သော ဖိနပ်ကို သူမကတော့ ရှိသေစွာ ထိန်းသိမ်း စောင့်ရှောက်သူ ဖြစ်ပါသည်။ သူမ၏ ရာဇဝင်တွင် ဖိနပ်မပျောက်၊ (သို့မဟုတ်) လူကြားထဲမှာ မပြုတ်ဖူးခဲ့ပါ။

၁၉၈၀ ပြည့်လွန်နှစ်များက ရန်ကုန်မြို့တော်၏ ပဓာနကျသော ရုံးကြီးတစ်ရုံးတွင် စတိုင်ကျကျ အရာရှိအပျိုကြီးမမ ဖြစ်ခဲ့သော သူငယ်ချင်းမ တစ်ယောက်ကတော့ သူ့အကြောင်းကို ဒီလို ပြန်ပြောပြခဲ့ပါသည်။ အလွန် အလုပ်ရှုပ်သော စနေနေ့တစ်နေ့ (စနေနေ့မှာ သူတို့က အိုဗာတိုင် ဆင်းရသည်) မှာ သူမသည် အရာရှိ ဝတ်စုံပြည့်၊ ဖရင်ရှိုးလ်ဆံထုံး၊ သစ်ခွပန်း၊ အင်္ကျီလက်ရှည် လက်ဖမိုးအထိ၊ ဒရင့်လုံချည်၊ ရဲရဲနီသော နှုတ်ခမ်း၊ ဆလင်းဘက်အိတ်၊ နေကာမျက်မှန်တို့ဖြင့် ရှိုးအပြည့်ပေးကာ ဆူးလေဘုရားလမ်း ရုံးမှနေ၍ ဗိုလ်ချုပ်စျေးသို့ လာခဲ့၏။ ထုံးစံအတိုင်း သူမ၏ ဝန်ထမ်းများကိုတော့ ဖုန်းလာလျှင် အစည်းအဝေး တက်နေတယ် ပြောလိုက်ဟု မှာခဲ့ပြီး စနေ ဗိုလ်ချုပ်စျေး၏ စုံလင်လှပသော အရောင်အသွေးများ၏ ဖမ်းစားခြင်းကို နှစ်ခြိုက်စွာ ခံယူရန် ခပ်သွက်သွက် လှမ်းလာခဲ့ပါသည်။ ဝန်ထမ်းပီပီ ဘာမှလည်း ဖြစ်ဖြစ်မြောက်မြောက် ဝယ်နိုင်တာ မဟုတ်ဘဲနှင့် ဗိုလ်ချုပ်စျေးမှ မပတ်ရလျှင် သူမက ခေါင်းကိုက်တတ်ပါသည်။ ရုံးကထွက်လို့မှ မကြာမီ သူမနောက်ကို အမျိုးသားတစ်ယောက်က ကပ်ပါလာတော့သည်။ နေကာမျက်မှန်အောက်က မျက်လုံးများကို ထောင့်ကပ်ကြည့်ရင်း အဲဒီ ကောင်ကို ပညာပေးရန် အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့် မီးပွိုင့်မှာ မီးနီနေစဉ် ခြေလှမ်းကျဲနှင့် အပြေးဖြတ်ကူးမိလို့လား မသိ။ ရွှေဘုံသာလမ်း ပလက်ဖောင်းပေါ် ရောက်သည်နှင့် ဖိနပ်တစ်ဖက်က ဖျတ်ခနဲ

ပြတ်သွားပါတော့သည်။

ဘုရားရေ။ သူမ ဘာလုပ်ရမလဲ။ ချွေးတွေ ပြန်လာသည်။ ဖိနပ်ကလေးကို မေးစီးရင်း ဗိုလ်ချုပ်ဈေးထိ တရွတ်တရွတ် သွားရမလား။ မဖြစ်နိုင်ပါ။ ရွှေဘုံသာလမ်း တစ်လျှောက်က လူတွေက ကလေးမနယ်၊ ရုပ်ကလေး လှတပတနဲ့ ခြေတစ်ဖက် ဆွဲနေရှာတယ်လို့ အထင်မခံနိုင်ပါ။ ကူပါ၊ ကယ်ပါ၊ ပျာယာခတ်ရအောင်ကလည်း အဖော်က မပါ။ မိန်းကလေး တစ်ယောက် ဖိနပ်ပြတ်ရတာ ရှက်စရာလည်း ကောင်း၊ အတော်ခွကျတဲ့ ကိစ္စလည်း ဖြစ်ပါသည်။ ပြုံးစိပြုံးစိ ဝိုင်းကြည့်သည့် ဒဏ်ကြောင့် အသက်ရှူတွေ မှားနိုင်သည်။ မထိတထိများစလျှင် စိတ်တို ရန်ဖြစ်နိုင်သည်။

အနေရခက်ခက်နှင့် နောက်ကို လှည့်ကြည့်တော့ ဟိုပုဂ္ဂိုလ်ကလည်း မီးစိမ်းသွား၍ ဒီဘက်ကို ကူးလာပြီ။ သူမ အခက်အခဲ ဖြစ်နေတာကို ချက်ချင်း ရိပ်မိသွားပုံနှင့် မတ်တပ်ရပ်ကာ သူမကို အကဲခတ်နေပြီ။ သူမ ဘာလုပ်ရမလဲ။ ဆုံးဖြတ်ရတော့မည်။ ဇီဇစိတ်ကပေးသော ကိုယ်ရည်ကိုယ်သွေး သတ္တိဖြင့် ခပ်ညံ့ညံ့ မိန်းမတစ်ယောက် မဟုတ်သော သူမသည် အမြန်ဆုံး ဆုံးဖြတ်ချက်ချပြီး ပြတ်နေသည့် ဖိနပ်တစ်ဖက်ကို ရေမြောင်းထဲ ကန်ချလိုက်သည်။ အကောင်းတစ်ဖက် ကိုလည်း သွားရော့ဟယ်ဟု ရေရွတ်ပြီး ထပ်ကန်ချလိုက်သည်။ သူမ၏ အပြုအမူကို အစအဆုံး စောင့်ကြည့်နေသည့် ပုဂ္ဂိုလ်သည် ပါးစပ်က တစ်ခုခုကို ခပ်တိုးတိုး ရေရွတ်လိုက်ပြီး ကိုယ်ကို ကိုင်းညွတ်လိုက်ကာ ညာဘက်မျက်ခုံးကို ညာလက်ဖျားနှင့် ဖိကပ်အလေးပြုပြီး သူမကို အရိုအသေပေးကာ နောက်သို့ လှည့်၍ အောင်မြင်စွာ ဆုတ်ခွာ

သွားလေသည်။

သူမ၏ ရဲရင့်မှုအောက်မှာ သူမကို အရှုံးပေးသွားသည့် ယောကျ်ားတစ်ယောက်၏ နောက်ကျောကို ကျေနပ် နှစ်သိမ့်စွာ ကြည့်ကျန်ခဲ့ရင်း သူမသည် ဣန္ဒြေမပျက် ဖိနပ်မပါ ခြေဗလာဖြင့် ဗိုလ်ချုပ်ဈေးဘက်သို့ ခပ်တည်တည် ဆက်လျှောက်သွားခဲ့လေသည်။ သူမ ဖိနပ်မပါတာကို ဘယ်သူမှ ဂရုမပြုမိကြပါ။

သူမ၏ ဖိနပ်ပုံပြင်ကလေးမှာ ရဲရင့်ခြင်းရသကို ပေးစွမ်းနိုင်၍ ကျွန်တော် နှစ်သက် သဘောကျမိခဲ့သည်။ ရယ်ဟဟနှင့် ပြန်ပြောနေသော သူမ၏ မျက်လုံးကလေးများမှာလည်း သတ္တိသွေးဖြင့် တောက်လက် နေကြလေသည်။ ကျွန်တော်ကိုပင် သူမ၏ နေရာမှာဆိုလျှင် သူမလို ဆုံးဖြတ်ရဲပါ့မလား မသိ။

"လောကကြီးမှာ ကိုယ့်စိတ် လုံခြုံမှု ရှိနေရင် ဘယ်သူမှ ကိုယ့်ကို ထိပါးလို့ မရပါဘူးဟာ

ဟု အဆုံးသတ်လိုက်သည့် သူမ၏ စကားကလေးကို ကျွန်တော် ကနေ့ထိ မှတ်မှတ်သားသား ရှိနေမိခဲ့လေသည်။

အဲဒီ ရက်ပိုင်းနှင့် တစ်ပတ်ခန့် ကွာခြားပြီးသောအခါ သူမနှင့်

ကျွန်တော်တို့နှစ်ယောက် ရွှေတိဂုံဘုရားပေါ်က ရဟန်းခံ အလှူပွဲတစ်ခုကို တက်ရောက်ခဲ့ကြပါသည်။ ရဟန်းခံသူက စူပါစတား ဇာတ်မင်းသား ညီနောင်နှစ်ယောက် ဖြစ်၍ လာကြသည့် ပရိသတ်တွေက ဇာတ်အနုပညာနယ်ကချည်း ဖြစ်လေသည်။ လူရွှင်တော်တွေ၊ မင်းသမီးတွေ၊ ကန်ထရိုက်တွေ တရုန်းရုန်းနှင့် တပျော်တပါး၊ ပရိသတ်များတော့ တန်ဆောင်းရှေ့မှာ ဖိနပ်ပုံကြီးက ဟည်းနေသည်။ ပထမပိုင်းတော့ လက်မှတ်နှင့် အအပ်ခံသေးသည်။ နောက်ပိုင်းတော့ လူများလွန်း၍ စောင့်တဲ့လူလည်း ဘယ်ပြေးသလဲ မသိ။ ကျွန်တော်တို့ နှစ်ယောက်နှင့် လူရွှင်တော်ကြီးတစ်ယောက် ဖိနပ်ပုံကြီးနားမှာ စကားကောင်းနေစဉ် ကန်ထရိုက်တာတစ်ယောက်က ရှုံ့မဲ့မဲ့နှင့် အနားကို ရောက်လာသည်။

“ဆရာတို့ ကျွန်တော့်ဖိနပ်ကလေးများ တွေ့မိသလားလို့

“ဘုရားရေ၊ ကျွန်တော်တို့က ဖိနပ်စောင့်မှ မဟုတ်ဘဲ

“ဘာဖြစ်နေလို့လဲ

လူရွှင်တော်ကြီးက ဝင်မေးတော့ -

“ကျွန်တော့်ဖိနပ် ပျောက်သွားလို့၊ ဘယ်လိုလုပ်ရမလဲ မသိဘူး

ဟု ချွေးတွေ စီးကျနေသည့် ကန်ထရိုက်တာကြီးက ဖြေလေသည်။

သူငယ်ချင်းမကလေးက တဟင်းဟင်းရယ်ရင်း သူမ ရွှေဘုံသာလမ်းမှာ ဖိနပ်ပြတ်သည့် ကိစ္စကို ပြောပြတော့ -

"ဟာ ဆရာမသာ သွားရဲမယ်။ ကျွန်တော်ကတော့ ခြေဗလာနဲ့ လျှောက်သွားဖို့ရာ စဉ်းတောင် မစဉ်းစားရဲပေါင်ဗျာ။ ပြီးတော့ ဆရာမက block တစ်ခုတည်း လျှောက်ရတာ ၊ ကျွန်တော်က သန်လျင်အထိ သွားရမှာ

ဟု တုန်တုန်လှုပ်လှုပ် ပြောလေသည်။ ပြဿနာကို ဝင်ရှင်းပေးလိုက်သူက လူရွှင်တော်ကြီး ဖြစ်လေသည်။ သူက ရုတ်တရက် ဖိနပ်ပုံထဲက ကြုံရာ ယောကျ်ားစီး ဖိနပ်တစ်ရန်ကို ကောက်ယူလိုက်ပြီး ကန်ထရိုက်ကြီး လက်ထဲ ထိုးထည့်ပေးလိုက်သည်။

"ကဲ လစ်ပေတော့ ဆရာ

ဟု ပြောတော့ ကန်ထရိုက်ကြီးက အသက်ရှူ မှားနေသည့် ပုံစံနှင့် -

"ဖြစ် ဖြစ်ပါ့မလား

ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလေသည်။

"ဖြစ်ပါတယ်    သွားစမ်းပါ    နောက်ဆုံးကျန်တဲ့ကောင် ခံပေါ့

ရေတိုဖြေရှင်းနည်းကို ရက်ရက်စက်စက် အသုံးပြုလိုက်သည့် လူရှင်တော်ကြီး၏ အသံကြောင့် ကန်ထရိုက်တာကြီးမှာ ဖိနပ်ကိုကိုင်ပြီး ပြေးထွက်သွားလေသည်။ စောင်းတန်းတစ်လျှောက် ကျောမလုံဘဲ အတင်းပြေးသွားသည့် ကန်ထရိုက်တာကြီးကို ငေးကြည့်ရင်း ကျွန်တော်တို့ နှစ်ယောက်မှာ ပွဲကြည့်သူ သက်သက် ဖြစ်ခဲ့ရလေသည်။

သူမ၏ ကန့်ကွက်သည့် လေသံက တိုးတိုးကလေး ဖြစ်သည်။ အရာရာကို ကြုံသလို ဖြေရှင်းတတ်သည့် လူရှင်တော်ကြီးကတော့ တဟားဟား ရယ်မောရင်း ကျန်ရစ်ခဲ့ပြီ။ သူတို့ကတော့ ဖြစ်သမျှကို ဟာသရှုထောင့်က ကြည့်တတ်ကြ သူတွေချည်းပဲကိုး။ သူ့အတွက် ပြန်ပြော ပွဲကျစရာ ဟာသပုံပြင်ကလေး တစ်ပုဒ်ကို ပျောက်သွားသည့် ဖိနပ်ကလေးတစ်ရန်က ပေးသွားသည်ဟု ထင်လေမည်လား။ ကျွန်တော့် အတွက်ကော မှတ်တမ်းတင်စရာ ဤပုံပြင်ကလေးက ဟာသရသကော တကယ်မြောက်ရဲ့လား။ ခိုးလိုးခုလု ဖြစ်စရာ အတွေးတွေနှင့် ကျွန်တော် ရစ်ပတ်လုံးထွေး ကျန်ရစ်ခဲ့ပါသည်။

အဲဒီ အကြောင်းကို ကျွန်တော် ပြန်ပြောပြမိတော့ အမြဲတမ်း ငေးမောတွေးတော နေတတ်သည့် သူငယ်ချင်း တစ်ယောက်က ခပ်တိုးတိုး

ကျိန်ဆဲလေသည်။ ဖော်ကွာဝေး လူပျိုကြီးတစ်ယောက်ပီပီ ပါးစောင်မှာ မချွတ်တမ်း ခဲထားသည့် ဆေးလိပ်တိုကလေးကို ချွတ်ရင်း ...

"ဖိနပ်ပျောက်တာ ရယ်စရာ မှတ်နေလား၊ ငိုစရာဟ

ဟု မှတ်ချက် ချလေသည်။ ပြီးတော့ သူ၏ ငိုစရာ ပုံပြင်ကလေးကို ခပ်တိုးတိုး စပြောလေသည်။

"ငါ့မှာ သူငယ်ချင်း ကဗျာဆရာ တစ်ယောက် ရှိခဲ့တယ်။ ဘုရင့်နောင် ဖောင်ဖျက်စိတ်ဓာတ်နဲ့ ရန်ကုန် ဆင်းလာခဲ့တာ ဖောင်သာပျက်ပြီး ရေစုန် မျောသွားခဲ့တယ်။ လူကတော့ အောင်ပွဲမရဘဲ မြောင်းထဲ ရောက်သွားရော ဆိုပါတော့ကွာ။ နေ့မှာ ကွမ်းယာဗန်းကလေးနဲ့ လည်ရောင်း၊ ညကျတော့ ဘုရားတန်ဆောင်း တစ်ခုမှာ အိပ်ရတာပေါ့

မီးမရှိသည့် ဆေးလိပ်တိုတို မရမက ဖွာနေသည်။ ပုံပြင်ထဲမှာ စီးမျောနေသည့် ကျွန်တော်က စကားအပြတ် မခံနိုင်၍ မီးခြစ်ခြစ်ပြီး သူ့ဆေးလိပ်ကို မီးတို့ပေးလိုက်မှ စကားဆက်လေသည်။

"စားစရာ နေစရာ မရှိ၊ ဒုက္ခရောက်ရတဲ့အထဲ ရှိစုမဲ့စု ဖိနပ်ကလေး တစ်ရန်ကို လူခိုးခံလိုက်ရတယ်။ တစ်နေကုန် ခြေတိုအောင် နေပူ မိုးရွာမရှောင်

လမ်းလျှောက်နေရတဲ့ လူတစ်ယောက်အတွက် ဖိနပ်ဟာ ရတနာတစ်ပါးပဲလေ။ ဝမ်းနည်းပက်လက်နဲ့ အကြာကြီး ငေးငိုင်နေခဲ့ပြီးမှ သူ ဒေါသ တအားဖြစ်လာတယ်။ သူ့လိုပဲ အိုးအိမ်မရှိ၊ တန်ဆောင်းထဲမှာ အိပ်တဲ့ကောင်တွေဆီက ကြံ့ရာဖိနပ် တစ်ရန်ကို ပြန်ခိုးမယ်ဆိုပြီး လိုက်ရှာတယ်တဲ့

“အင်း

“တွေ့လည်းတွေ့တယ်။ အိပ်နေတဲ့ လူတွေဆီက အလွယ်တကူ ယူလို့လည်း ရပါတယ်။ ဒါပေမဲ့ ငါ့သူငယ်ချင်းက မယူခဲ့ဘူးလေ

“ဘာဖြစ်လို့လဲ

“ကိုယ်ချင်းစာစိတ်ပေါ့ကွာ။ ခံစားတတ်တဲ့ အသည်းနှလုံး အရင်းခံပြီး လူပီသစွာ စဉ်းစားတတ်တဲ့ စိတ်ပေါ့။ ဖိနပ်မရှိလို့ သူ ဒုက္ခရောက်ရသလို သူများ ဒုက္ခမရောက်ပါစေနဲ့ဆိုတဲ့ စာနာစိတ်ပေါ့။ သူများဖိနပ်ကို ခိုးခဲ့လို့ စွန်းထင်းသွားတဲ့ စိတ်ဖြူစင်မှုကို ဘာနဲ့ ဖွပ်လျှော်ရမှာလဲ။ တန်ဖိုးအားဖြင့် ဘာမှ မရှိပေမယ့် အငြိအစွန်း မခံနိုင်တဲ့စိတ်၊ လူတိုင်းရဲ့ မျက်နှာကို ရဲရင့်စွာ မော့ကြည့်ချင်တဲ့ စိတ်အင်အားပေါ့ဟာ

“ဖိနပ်တစ်ရန် ဘယ်တော့မှ သူ ပြန်ဝယ်နိုင်မလဲ မသိဘူးနော်

“သူတို့လို လူမျိုးတွေဟာ တစ်သက်လုံး ဖိနပ်ဝယ်မစီးနိုင်လို့ ခြေဖဝါးတွေ အက်ကွဲပါစေ။ စိတ်ဓာတ်အရတော့ ကွဲအက်ခံမယ့်သူတွေ မဟုတ်ဘူး

နောက်ဆုံး မှတ်ချက်ပေးပြီး ဆေးလိပ်တစ်တိုနှင့် ပြန်ငိုင်သွားသော သူငယ်ချင်းကို ကြည့်ရင်း သူ့ပုံပြင်ထဲက ကဗျာဆရာကို ကျွန်တော်

စိတ်ကူးထဲမှာ ပုံဖော်ကြည့်မိသည်။ ကျွန်တော်၏ မှတ်တမ်းအတွင်း၌ စာနာမှုပြည့်ဝစွာ ကမ္ဘာမြေကို အလှဆင်ခဲ့သည့် ကဗျာဆရာသည် ဝင်းပကြည်လင်သော အလင်းရောင်စဉ်တန်း တစ်ခု ဖြစ်ခဲ့သည်။

မကြာသေးမီ ကာလများက ကျွန်တော်သည် အလှူတစ်ခုကို သွားရောက်ခဲ့သည်။ အလှူက ကျွေးသည့် ဝက်သားဟင်းလေး၊ ပဲနပ်ဘူးသီးကြော်တို့၏ ဆွဲဆောင်မှုဖြင့် အစောကြီး ထမင်းစားပြီးခဲ့သော ကျွန်တော်သည် ထမင်းရုံက အထွက်တွင် ရွှေဘုံသာလမ်းမှာ ဖိနပ်ပြတ်ခဲ့သည့် သူငယ်ချင်းမကလေးကို သူ့သူငယ်ချင်းတွေ တစ်အုပ်တစ်မကြီးနှင့် ထမင်းရုံထဲ ဝင်လာတာကို တွေ့ရသည်။

"ဟဲ့ နင် စားပြီးပြီလား

ဟု သူမက နှုတ်ဆက်သည်။

"စားပြီးပြီ၊ နင် ခုမှစားမှာလား

"မဟုတ်ဘူး၊ ငါ စားပြီးပြီဟ၊ မခိုင်၊ မဆွေတို့၊ ချစ်ချစ်လှိုင်၊ ခိုင်မာလာတို့က အခုမှရောက်လာတာနဲ့ သူတို့ကို လိုက်ပို့တာ

ကျွန်တော်နှင့် နှုတ်ဆက်ပြီး သူမ ထမင်းရုံသို့ ဝင်သွားလေသည်။ ကျွန်တော်နှင့် ကျွန်တော်၏ သူငယ်ချင်းများက ထမင်းရုံနားက စံကားဝါပင်ရိပ်မှာ ထိုင်ရင်း စကားပြောနေစဉ် ကျွန်တော့် သူငယ်ချင်းမလေး ထမင်းရုံထဲက ပြန်ထွက်လာတာ တွေ့သည်။ ဖိနပ်ကို ကသောကမျော စီးရင်း ကျွန်တော့်ကို လက်ပြနှုတ်ဆက်ပြီး အလှူပွဲလာ ပရိသတ်တွေကြားမှာ တိုးဝင်ပျောက်ကွယ် သွားခဲ့လေသည်။ ကျွန်တော်တို့ ဘယ်လောက်ကြာအောင် စကားပြောနေမိကြသလဲ မသိ။ ပူညံပူညံ အသံတွေ ကြားရ၍ လှည့်ကြည့်မိတော့ စောစောက မခိုင်၊ မဆွေတို့ အုပ်စု။ ဘာတွေ ဖြစ်နေကြတာလဲ။

“ဟင်　　မဆွေဖိနပ်ကလေး မရှိတော့ဘူး

“သေသေချာချာ ရှာပါဦးဟာ၊ ဟုတ်ရဲ့လား

“ဟုတ်တယ်ဟ၊ အသေအချာကို မရှိတော့တာ

အသံတွေအရတော့ ဖိနပ်ပျောက်နေကြပြီ။ ကျွန်တော် စိတ်ဝင်စားစွာဖြင့် မဆွေတို့နားကို ထလာခဲ့သည်။ ဖိနပ်ပျောက်သော မဆွေက အေးအေးဆေးဆေး ဣန္ဒြေမပျက် ရှိနေပေမယ့် ချစ်ချစ်လှိုင်နှင့် ခိုင်မာလာတို့က တိုင်းပြည်ပျက်တော့မည့် အတိုင်း ပျာယာခတ် နေကြသည်။ မခိုင်က မျက်နှာပျက်ပျက်နှင့် တောင်ကြည့် မြောက်ကြည့် ရှိနေဆဲ။ ကျွန်တော် ဘယ်လိုမှ မျှော်လင့်မထားသည့် မှတ်ချက်တစ်ခု ပေးလိုက်သူက ချစ်ချစ်လှိုင် ဖြစ်လေသည်။

"မဆွေ၊ နင့်ဖိနပ် ဟိုအမျိုးသမီး စီးသွားတာ နေမှာ

"ဟုတ်တယ်။ သူ အရင်ဆုံး ပြန်သွားတာ၊ သူ စီးသွားတာနေမှာ

ခိုင်မာလာကလည်း ချစ်ချစ်လှိုင်၏ စကားကို သံယောင်လိုက်၍ ထောက်ခံလေသည်။ မဆွေနှင့် မခိုင်က ကြောင်ငေးနေဆဲ။ ထောင်းခနဲ ဒေါသဖြစ်သွားသူက ကျွန်တော်ဖြစ်လေသည်။ သေချာစွာ သိရှိသော အချက်အလက် မဟုတ်ဘဲနှင့် လူတစ်ယောက်ကို ထင်ကြေးနှင့် စွပ်စွဲဝံ့သော ထိုမိန်းမ နှစ်ယောက်၏ ပက်စက်သော နှုတ်ထွက်စကားများကို ရွံရှာစက်ဆုပ်စွာဖြင့်

"နေပါဦး၊ ဒီထမင်းရုံအထိ အဲဒီ ကောင်မလေး သူ့ဖိနပ် သူစီးလာခဲ့တာ။ မင်းတို့ အတူတူ လာကြတာ မဟုတ်လား။ ဒီနားမှာ စုချွတ်ထားခဲ့ကြတာ။ သူ ယူသွားတာ မဆွေဖိနပ်ပါလို့ ဆိုရအောင် သူက ဒီနေရာကို ဖိနပ်မပါဘဲ လာခဲ့လို့လား

ကျွန်တော့် မေးခွန်းကို သူတို့ မဖြေနိုင်။ အို     အင်နှင့် ယောင်ဝါးနေကြပြီးမှ -

"အို၊ သူက အရင်ထွက်တော့ သူ့ဖိနပ် အခိုးခံရလို့ မရှိတာနဲ့ မဆွေရဲ့ ဖိနပ်ကို ကောက်စီးသွားတာ နေမှာပေါ့

ချစ်ချစ်လှိုင်၏ စကားကို ကျွန်တော် ရယ်မောလိုက်မိသည်။

“မင်းစကားက ဖြစ်နိုင်ခြေတွေ၊ ခန့်မှန်းခြေတွေနဲ့ပါလား။ သူ့ဖိနပ်အခိုးခံရလို့ သူက မဆွေ့ဖိနပ်ကို ပြန်ခိုးသွားတယ်လို့ မင်း ယူဆတာက အမှန်ပေါ့။ ဟုတ်လား။ ဒါဖြင့်ရင် မဆွေ့ဖိနပ်က အခိုးခံရတာ အသေအချာဖြစ်ပြီး သူက သူ့ဖိနပ်သူ စီးသွားတာကော မဖြစ်နိုင်ဘူးလား

ဒီတစ်ခါတော့ ချစ်ချစ်လှိုင်နှင့် ခိုင်မာလာတို့ ဆင်ခြေ မတတ်နိုင်ကြပါ။ မျက်စောင်းတစ်ချက်ကိုသာ ကျွန်တော့်နားမှာ ချန်ထားခဲ့ပြီး အလှူပွဲလာ လူအုပ်ကြားမှာ ကျွန်တော့် သူငယ်ချင်းမလေးကို ရှာမည်ဟုဆိုကာ ထွက်ခွာသွားကြလေသည်။ ကျွန်တော်ကတော့ သူငယ်ချင်းမကို တွေ့ပါစေ ဟု ဆုတောင်းမိသည်။ ကျွန်တော့် သူငယ်ချင်းမကလေးသည် သူ၏ ခြေထောက်ကလေးများ အရုက်မကွဲရေး၊ သိက္ခာမကျရေးအတွက် သူများ၏ ခြေထောက်အောက်က အရုက်နှင့်သိက္ခာကို မည့်သည့်အခါမျှ ခိုးယူမည် မဟုတ်ကြောင်း ကျွန်တော် အသေအချာသိ၍ ဖြစ်ပါသည်။ ဒါပေမဲ့ အတူလာသူ သူငယ်ချင်းမ နှစ်ယောက်၏ နောက်ကျော ဓားနှင့်ထိုးသည့် စကားလုံးများ၏ စွပ်စွဲမှု အောက်တွင်တော့ သူမ၏ အရှက်နှင့် သိက္ခာသည် ဘာမှ ရစရာ မရှိတော့ပေ။

ရက်စက်သော၊ နှုတ်ခမ်းတွန့်မဲ့ ရိုင်းပျသော စကားလုံးများကို သူမ

မကြားသည်က တော်ပေသေးသည်ဟု ကျွန်တော် တွေးထင်မိလေသည်။ ဒါကလည်း ကျွန်တော့် အထင်သာ ဖြစ်လေသည်။ ရွှေဘုံသာလမ်းလို နေရာမျိုးမှာပင် ဖိနပ်မပါဘဲ ရဲရင့်စွာ လျှောက်ဝံ့သော သတ္တိရှင် မိန်းကလေးတစ်ဦးသည် ဖိနပ်မပါလျှောက်၍ ဘာမျှမထူးခြားသည့် ဘုန်းကြီးကျောင်းဝင်း အတွင်းတွင်မှ ဖိနပ်ခိုးယူပါသည်ဟု စွပ်စွဲခံရကြောင်း ကြားသိလျှင် စိတ်ဆိုးရမည့်အစား ရယ်စရာ ဟာသပြက်လုံး တစ်ခုပမာ အူလှိုက်သည်းလှိုက် ရယ်မောပစ်မည်လား မဆိုနိုင်ပေ။

"နင်ကလည်းဟာ သူငယ်ချင်း ချင်းတွေပဲ။ စိတ်ဆိုးမနေပါနဲ့တော့

မဆွေက ကျွန်တော့်ကို တောင်းပန်သည်။

"စိတ်မဆိုးပါဘူးဟာ။ ပစ်စလက်ခတ် မှတ်ချက်ပေးတတ်တဲ့ ဟိုမိန်းမ နှစ်ယောက်ကိုပဲ ငါ အံ့ဩလွန်းလို့ပါ

ဖိနပ် တကယ်ပျောက်သည့် မဆွေက ကြည်လင်စွာ ရယ်မောနိုင်ပြီး မခိုင်က ဟိုကြည့်ဒီကြည့်နှင့် မျက်နှာကလေး ငယ်နေကာ ဟိုနှစ်ယောက်ကတော့ ဦးနောက်တွေ ချို့ယွင်း၍ စိတ်အစဉ်တွေ မှားယွင်းတိမ်းစောင်း နေကြပြီး ကျွန်တော်က ဒေါသတွေ ဖြစ်နေခဲ့သည်။ တကယ် စွပ်စွဲခံရသည့် ကာယကံရှင် ကျွန်တော့် သူငယ်ချင်းမကလေး ကတော့ ဘယ်နေရာမှာ သူငယ်ချင်းတွေနှင့် သူ့ဝသီအတိုင်း လွတ်လပ်ပေါ့ပါးစွာ ရယ်မောနေလိုက်မည်လဲ ကျွန်တော်

မသိပါ။ သေချာတာ တစ်ခုကတော့ သူ့ခြေထောက်မှာ မဆွေ၏
ဖိနပ်မဟုတ်သည့် သူ့ကိုယ်ပိုင် ဖိနပ်ကလေး တစ်ရန်ကို စီးထားလျက် ရှိမည်ဟု
ကျွန်တော် ယုံကြည်ပါသည်။

ဖိနပ်ပုံပြင်ကလေးတွေကို စိတ်ဝင်စားစွာ ရသ ရှာဖွေပြီး
မှတ်တမ်းတင်တတ်သည့် ကျွန်တော်၏ စာရင်းတွင်တော့ ကနေ့ကြုံတွေ့ရသည့်
ကိစ္စရပ်ကို ထင်ကြေးနှင့် မှန်းဆကာ လူတစ်ယောက်၏ သိက္ခာကို ပေါ့ဆသည့်
နှုတ်ထွက်စကားတွေနှင့် ရစရာမရှိအောင် သိမ်ဖျင်းစေခဲ့သည့်
ပုံပြင်ကလေးကိုတော့ ထည့်သွင်း ရေးမှတ်ချင်စိတ် မရှိဘဲ
ချန်လှပ်ခဲ့ရတော့မည် ဖြစ်ပါကြောင်း။

----------------

**ယဉ်ယဉ်နု (မန္တလေး)**

**စတိုင်သစ်၊ ဧပြီ၊ ၁၉၉၉။**

====

## တက်နေခြည်ဝန်း

---------------------------------------------

ကိုရီရဲ့ တိရစ္ဆာန် ဆေးကုခန်းကလေးဟာ ၃၃ လမ်းနဲ့ ၈၄ လမ်းထောင့်မှာ ရှိပါတယ်။ မြို့တော်ရဲ့ အသည်းနှလုံးနေရာ မဟုတ်တောင် အဆုတ်လောက်တော့ ရှိတယ်။ အင်း … ကံမကောင်း အကြောင်းမလှစွာ မန်းမြို့တော် ကဖီးတို့၊ ဝင်းလိုက် ရုပ်ရှင်ရုံတို့နဲ့ နီးတယ်။ ကိုရီကလည်း မိတ်ဆွေ ပေါပေါဆိုတော့ ဝင်းလိုက် ရုပ်ရှင်ရုံ ရုပ်ရှင် လာကြည့်တဲ့ မိတ်ဆွေတွေ ကိုရီ့ဆီကို အသွားအပြန် ဝင်ဝင်လာကြပြီး …

"ကိုရီ လုပ်ဗျာ။ မန်းမြို့တော် ပေါက်စီနဲ့ လက်ဖက်ရည် ဆိုရင် ကိုရီ အဲဒီနေ့ ဘတ်ဂျက် ထိခိုက်ပြီပေါ့။ လက်ဖက်ရည် သောက်ရင်းနဲ့ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ လူမှုရေးရာတွေ ရင်ဖွင့်ကြသေးတယ်။ ဒီနေ့ဆိုရင် အံတကြိတ်ကြိတ်၊ လက်သီးတဆုပ်ဆုပ်နဲ့ ကြိတ်မနိုင် ခဲမရ ဖြစ်နေတဲ့ သူငယ်ချင်း တစ်ယောက်က …

"ကိုရီ စဉ်းစားကြည့်ပါဗျာ။ ကိုရီလည်း တစ်သက်လုံး သိခဲ့ပါတယ်။ အဲဒီကောင် လေးငါးဆယ်တန်း ကတည်းက ကျွန်တော်တို့ အိမ်က ပေးကျွေး လာခဲ့တာပါ။ မိန်းမ ယူတော့လည်း ပိုက်ဆံချေးရ သေးတယ်။ အခုဗျာ ကျွန်တော်နဲ့အတူ မလေးရှား သွားဖို့ လုပ်နေတာ။ ဒီကောင် ကျွန်တော့်ကို မပြောဘဲ ခြေပုန်းခုတ်ပြီး ထွက်သွားပြီလေ။ အတူသွားမယ် ဆိုတဲ့ စိတ်ဓာတ် မထားနိုင်ဘူး သိလား  ဆိုတာကို တစ်နေကုန် ဖျောင်းဖျ နေခဲ့ရတယ်။ ကိုရီရဲ့ လူနာစင် ပေါ်က (အဲ ... အဲ) တိရစ္ဆာန်နာစင် ပေါ်က ခွေးလေး၊ ကြောင်လေးတွေက ငေးလို့ပေါ့။ အဲဒီလိုနဲ့ ညနေစောင်း သွားပြန်တော့ အစ်မဝမ်းကွဲ တစ်ယောက်က ငိုကာ ရယ်ကာနှင့် ရောက်လာပြန်ပါ လေရော။

"မောင်လေးရယ် ... မင်း စဉ်းစားကြည့်။ မေသီတာ ဆိုတာ တူမ အရင်းလေးလို စောင့်ရှောက် လာရတာ ။ အခု ဆေးခန်း သွားချင်လို့ ဆိုင်ကယ် သွားငှားတာ၊ တရုတ်ဆိုင်ကယ်ပဲ ယူသွားပါတဲ့။ ဂျပန်ဆိုင်ကယ်က ရေဆေးထားလို့ ချမစီးချင်ဘူးတဲ့။ အစ်မကို ပြောင်ပြောင်ကြီး ပြောလွှတ်လိုက်တယ်။ ငါတို့ ကျွေးထားတဲ့ ထမင်းတွေ၊ ငါတို့ ဆင်ထားတဲ့ အဝတ်အစားတွေ ... ဟီး ... ဟီး  ဆိုပြီး ငိုပြန်ပါလေရော။

ကိုရီ ခေါင်းကုတ်ပြီး ချော့ရပြန်ပါ တော့တယ်။ သူတို့က အတုံ့အပြန် လိုချင်လို့ ပြောတာ မဟုတ်ပါဘူးလို့ ဘယ်လိုပဲ ပြောပြော သူတို့ စကားတွေထဲမှာ အတုံ့အပြန် လိုချင်တာတွေက အထင်းသား ပေါ်နေလို့ ကိုရီ သက်ပြင်း ချရပါတယ်။ အကုန်လုံး ရှင်းသွားကြပြီး ည ခုနစ်နာရီထိုးလောက် ကျတော့

ဝတ္ထုတစ်ပုဒ် ထိုင်ဖတ်နေမိတယ်။ ကိုရီက ဝတ္ထုဖတ်ရင် စျာန်ဝင်တတ်တယ်။ တစ်အောင့်လောက်ပဲ ကြာတယ်လို့ ထင်တဲ့အချိန်၊ ဖျတ်ခနဲ နာရီ လှမ်းကြည့်မိတဲ့ အချိန်မှာ ကိုးနာရီ ခွဲပြီးနေပြီ။

အမယ် ... အချိန် မနည်းတော့ပါလား။ ဆေးခန်း ပိတ်တော့မှပဲလို့ စဉ်းစားလိုက်မိတဲ့ အချိန်မှာ ဖျတ်ခနဲ တစ္ဆေတစ်ကောင်လို ကလေးလေး တစ်ယောက် ဆေးခန်းထဲသို့ ဝင်လာပါတယ်။

ဝင်လာပုံက တိတ်တိတ်ဆိတ်ဆိတ်မို့ ကိုရီ ကြောင်သွားပါတယ်။ သူကလည်း ကိုရီ့နားမှာ ဘာမှမပြောဘဲ ရပ်နေတယ်။ အသက် ၁၃ နှစ်လောက် မည်းမည်းပိန်ပိန် ညှဉ်းဆိုးဆိုးနဲ့ ဂျင်းဘောင်းဘီ ဒူးပြတ်ကလေး ဝတ်ထားတဲ့ ကလေးဟာ ပြူးကြောင်ကြောင် ကလေးနဲ့ ကိုရီ့ကို ကြည့်နေတယ်။ ကိုရီက သူ့ခေါင်းပေါ်က မဖြီးမသင်ဘဲ ထားတာ ကြာပုံပေါက်နေတဲ့ ဆံပင်ရှည်ရှည် အရောင်မွဲမွဲတွေကို စိုက်ကြည့်ရင်း ....

“ဘာတုန်းကွ  လို့ မေးလိုက်မိတယ်။

သူက  ဟိုသင်းဗျ။ ကျွန်တော့် ခွေးမကြီး မမွေးနိုင်လို့ ဆရာ လိုက်ကြည့်ပေးပါ လို့ ပြောတယ်။ ဘုရားရေ ... အခုပဲ ကိုးနာရီ ခွဲနေပြီ။ ဒီကောင်လေး ပုံစံနဲ့ သေချာတယ်။ အယ်လ်ဖေးရှင်းတော့ ဟုတ်မှာ မဟုတ်ဘူး။ ကိုရီ ပျင်းရိပျင်းတွဲ ထပြီး အညောင်းဆန့် လိုက်တယ်။

"ဆရာ မွန်းလွဲ နှစ်နာရီက တစ်ကောင် မွေးထားတာတဲ့။ အခုထိ နောက်ထပ် မမွေးတော့ဘဲ ဗိုက်ကြီးပူပြီး ညည်းနေတာ။ မြန်မြန်လုပ်ပါ ဆရာ၊ ခွေးမကြီး သေတော့မှာ ထင်တယ်

မွန်းလွဲ နှစ်နာရီက တစ်ကောင် မွေးထားတာ ဆိုတဲ့ စကားက ကိုရီ့ကို ဒိန်းခနဲ ဖြစ်သွားစေတယ်။ ဆတ်ခနဲ ဆေးအိတ်ကို ဆွဲယူလိုက်ပြီး တံခါးကို မြန်မြန် ဆွဲပိတ်လိုက်တယ်။ အပြင်ဘက်ကို ရောက်တော့မှ ဆေးခန်းထဲကို မဝင်ဘဲ မှောင်ရိပ်မှာ ထိုင်နေကြတဲ့ ကလေးသုံးယောက်ကို မည်းမည်း မည်းမည်းနဲ့ ထပ်တွေ့ရတယ်။ ကလေးတွေက ပြိုင်တူ ထရပ်လိုက်ကြတယ်။

မလင်းတလင်း လမ်းဓာတ်မီးတိုင် အောက်မှာ အကုန်လုံးဟာ ညစ်တီးညစ်ပတ် ပေစုတ်စုတ်ကလေးတွေပဲလို့ ကိုရီ သတိထားလိုက်မိတယ်။ တစ်ယောက်က ရသလားလို့ မေးတယ်။ ဆေးခန်းထဲ ဝင်လာတဲ့ကောင်က အေးလို့ ပြန်ဖြေတယ်။ တဝုန်းဝုန်းနဲ့ ပြေးသွားကြပြီး ၈၄ လမ်းကို ကူးပြေးပြီး အနောက်ထဲ ဆင်းပြေးကြတယ်။

ဆိုင်ကယ် ဆွဲထုတ်ပြီး ကိုရီ မောင်းထွက်လာတော့ စောစောက ကောင်က နောက်ခုံပေါ်မှာ ပါလာတယ်။

## ယဉ်ယဉ်နု(မန္တလေး)

"စောစော လာခေါ်ရောပေါ့ကွာ  လို့ ကိုရီ ပြောမိတော့  ကျွန်တော် ပြန်လာတော့ ရှစ်နာရီ ထိုးနေပြီ။ အဲဒီတော့မှ ပေတူးတို့က ပြောပြတာ၊ ထမင်းမစားဘဲ ဆရာ့ကို လာခေါ်တာ။ ကျွန်တော် ဘူတာကြီးကို သွားရင် ၃၃ လမ်းက ဖြတ်နေကျလေ။ ဆရာ့ဆေးခန်းကို တွေ့တွေ့နေလို့  ကိုရီ ဘာမှ ပြန်မပြောနိုင်တော့ဘူး။

ကိုရီသည် ၃၃ လမ်းအတိုင်း အနောက်ကို ဆင်းလိုက်တော့ ဒုန်းပြေးနေကြတဲ့ ကလေးအုပ်စုကို ကျော်လာတယ်။ ကလေးတွေက မစောင့်နဲ့ မစောင့်နဲ့လို့ အော်ကြတယ်။ နောက်ကကောင်ရဲ့ လမ်းညွှန်မှုအတိုင်း ဟိုချိုး၊ ဒီကွေ့ မောင်းလာခဲ့တာ နောက်ဆုံး လမ်းတောင် မရှိတော့ဘဲ အိမ်ကြားတွေထဲ ရောက်လာတော့မှ ဆိုင်ကယ်ကို ရပ်လိုက်ရတယ်။

တကယ်ကို ပြွတ်သိပ် ကျပ်ညပ်နေတဲ့ ရပ်ကွက်ဗျာ။ အိမ်တွေက ဖင်ချင်း ခေါင်းချင်း ဆက်နေတာပဲ။ ကပြင်ကလေးရှိတဲ့ အိမ်ကလေးရှေ့မှာ ခွေးမကြီး တစ်ကောင်၊ ကပြင်ကလေးပေါ် မေးတင်ပြီး တုံးလုံးလေး လှဲနေတယ်။ ခွေးမကြီးက ဗမာခွေးပါ။ လူတွေကလည်း အုံခဲနေတာပဲ။ အဲဒီထဲမှာ မိန်းမတစ်ယောက်က ဟောင်ဖွာ ဟောင်ဖွာနဲ့ အော်နေတယ်။

"ငါတို့က တစ်နေကုန် ထမင်းဆိုင်မှာ ရှိနေလို့ ညည်းတို့ လူပါးဝတာ။ ညည်းတို့ ခွေးကို ညည်းတို့ အိမ်တွေထဲ မွေးခိုင်းပါလား။ လူမရှိတဲ့ အိမ်ပေါ်လာပြီး ပစ်ထားတာ၊ ဒီခွေးလေ ခွေးလွင့်ကလည်း ငါတို့ အိမ်ပေါ်မှာမှ

သောင်တင်နေတယ်။ ဒုက္ခပါပဲ

သူ့အော်သံကြောင့် ကိုရီ အလုံးစုံကို နားလည်လိုက်ပါတယ်။ ဆိုင်ကယ်ပေါ်
ပါလာတဲ့ ဖိုးသားဆိုတဲ့ ကောင်လေးက …

"ဟာ.. အမေကလည်း တိတ်တိတ်နေပါ၊ ဒီမှာ ဆရာဝန် ပါလာပြီ လို့
ပြောတော့ အမယ်လေး … လျှာရှည်လိုက်တဲ့ မိကျောင်းသား၊ ဆရာဝန်
သွားခေါ်ရတယ်တဲ့ အံ့ရော၊ သူတို့က ပိုက်ဆံ ဘယ်လောက်များ
ပေါ်နေလို့ပါလိမ့် ဆိုပြီး ခြေဆောင့် အိမ်ထဲဝင်သွားတယ်။ တံခါးလည်း ဝုန်းခနဲ
ပိတ်သွားတယ်။

ကိုရီလည်း ဝတုတ်တုတ် ခန္ဓာကိုယ် မသက်မသာကြီးနဲ့ ကပြင်လေးပေါ်မှာ
ဆောင့်ကြောင့် ထိုင်ပြီး ခွေးမကြီးကို စမ်းသပ်ကြည့်ရတော့တာပါ။ ည ၁၀
နာရီကျော် မှောင်မည်းနေတဲ့ အချိန်မို့ ကလေးတွေက ဖယောင်းတိုင်လေးတွေ
ကိုင်ပေးထားကြတယ်။

ခွေးမကြီးခများမှာတော့ ညှပ်ရိုးက သိပ်ကျဉ်းနေတာ တွေ့ရတယ်။ ပထမဆုံး
တစ်ကောင် မွေးတာတောင် သိပ်အံ့သြဖို့ ကောင်းပါတယ်။ ခွေးမကြီးကို
ကလေးတွေက ဝိုင်းကိုင် ပေးထားကြတယ်။ အစာမစားရဘဲ ကလေးကို
ကြိုးစားညှစ်မွေးနေရလို့ သိပ်တောင် မလှုပ်ရှားနိုင်ပါဘူး။ ပြင်ဆင်စရာ
ရှိတာလေးတွေကို ပြင်ဆင်၊ ခွဲစိတ်ရင် သုံးမယ့် ပစ္စည်းတွေ ချ၊ ခွဲခါး၊ ချုပ်အပ်၊

Catgut ၊ ကတ်ကြေး စတာတွေ အဆင်သင့် လုပ်ရပါတယ်။ ကပြင်လေးပေါ် မှာပဲ ထမင်းစား စားပွဲခုံလေးချပြီး ခွေးမကြီးကို တင်ပြီး မေ့ဆေးပေးရတယ်။ မေ့ဆေးထိုးပြီး ငါးမိနစ်အကြာမှာ ခွေးမကြီး မေ့သွားပါပြီ။ ခွေးမကြီး ခွဲမွေးမလို့ ဆိုတဲ့ သတင်းက သူတို့ တစ်ရပ်ကွက်လုံး ပျံ့သွားတော့ လူတွေကလည်း ဝိုင်းဝိုင်းလည်လို့ပါပဲ။ ကိုရီလည်း ချွေးတရွှဲရွှဲနဲ့ပေါ့။

ည တစ်နာရီထိုးပြီးမှ ခွဲစိတ်မှု အောင်မြင် ပြီးမြောက်ပါတယ်။ ဗိုက်ထဲက ခွေးကလေး ခြောက်ကောင် ထပ်ရပါတယ်။ အားလုံး ကျန်းကျန်းမာမာနဲ့ မွေးနိုင်ခဲ့ပါတယ်။ ဗိုက်ထဲက ထွက်လာတဲ့ ခွေးကလေးတွေကို သူက တစ်ကောင်ယူမယ်၊ ငါက တစ်ကောင် ယူမယ်နဲ့ ချက်ချင်းပဲ မွေးစားမယ့်သူတွေ ခွဲတမ်းပြည့်သွားပါတယ်။ ခွေးလေးတွေ ထုတ်ပေးရ၊ သုတ်ပေးရနဲ့ ကိုရီ အလုပ်တွေရှုပ်ပြီး ဗိုက်ပြန်ချုပ်နေတဲ့ အချိန် အနီးကပ်ဆုံးမှာ ဖယောင်းတိုင် ကိုင်ပေးနေတဲ့ ဖိုးသား လုစ်ခနဲ ပျောက်သွားတယ်။ ခဏနေတော့ သူ့အမေအသံ စွာလောင်လောင်နဲ့ …

"ဟဲ့ကောင်လေး၊ ဒါ မနက်ဖြန် သုံးဖို့

"ဟာ … အမေကလည်း ဗျာ။ ပေးစမ်းပါ

အားလုံး ခွဲစိတ်၊ ချုပ်လုပ်ပြီးသွားတော့ ခွေးမကြီးကို လိုအပ်တဲ့ ဆေးတွေ ထိုးပေး၊ အားဆေးတွေ ထိုးပေး၊ ပြီးတော့ လက်ဆေး၊ ပစ္စည်းကိရိယာတွေ ဆေးရပါတယ်။ ကိုရီ ဟင်းချပြီး သူတို့အိမ်ရှေ့ ခုံတန်းလျားလေးပေါ်

ပစ်လှဲမတတ် မောသွားတော့ အိမ်တံခါးလေးပွင့်ပြီး ဖိုးသားတို့ အမေ ထွက်ပါလာတယ်။ သူ့လက်ထဲမှာ ရေနွေးကြမ်း လင်ပန်းလေးနဲ့ ဖန်ခွက်ကလေးတွေက တိုက်ချွတ်ထားလို့ စင်ကြယ်နေသလို သူ့မျက်နှာကလည်း အပြုံးနဲ့ စင်ကြယ်နေတယ်။ စောစောက အော်ဟစ်နေတဲ့ မျက်နှာ မဟုတ်တော့ဘူး။ အဲဒီလိုနေတုန်း ဖိုးသားက ကိုရီ့ရှေ့ကို နှစ်ရာတန်လေး တစ်ရွက်စပြီး ချပေးလိုက်တယ်။

တစ်ယောက်ပြီး တစ်ယောက် လက်သေးသေး ကလေးတွေ၊ လက်ညစ်ပတ် ကလေးတွေ၊ တစ်ရွက်ပြီး တစ်ရွက် ယူလာကြတာ ငါးဆယ်တန် နွမ်းနွမ်းကလေးတွေ၊ ဆယ်တန်၊ နှစ်ဆယ်တန် အကြွေလေးတွေချည်းပါပဲ။ အားလုံးကို ဖိုးသားက စီထပ်ပြီး ရေပေးတာ ခြောက်ရာ့ငါးဆယ် ရှိပါတယ်။ လက်ကလေး နှစ်ဖက်နဲ့ ကိုင်ပြီး ကိုရီ့ကို ရိုရိုသေသေ ပေးရှာတော့ ကိုရီလည်း ယူပြီး အိတ်ထောင်ထဲ ထည့်လိုက်မိပါတယ်။

"ဆရာကြီး … ခွေး ဒီလို ခွဲမွေးရင် ဘယ်လောက် ယူပါသလဲ" လို့ အမျိုးသမီး တစ်ယောက်က မေးတာကို ကိုရီ ပြုံးပြီး ခေါင်းခါပြလိုက်ပါတယ်။

"ကျွန်တော် ခွဲမွေးရင် တစ်သောင်း ယူပါတယ်ဗျာ" လို့ ကိုရီ သူတို့ကို အသိခံမှာ မဟုတ်ပါဘူး။ ဘယ်တော့မှလည်း ပေတိုးတို့၊ ဖိုးသားတို့ သိအောင် ပြောဖြစ်မှာ မဟုတ်ပါဘူး။

လောလောဆယ်ကို နှစ်နာရီ ခွဲပြီးလို့ သုံးနာရီ ထိုးတော့မှာမို့ ကိုရီ အိမ်ကိုပဲ ဒုန်းစိုင်း ပြန်လာဖြစ်တယ်။ မောမောနဲ့ အိပ်ပျော်သွားလိုက်တာ မနက်မိုးလင်းလင်းချင်း ခေါင်းထဲ ဝင်လာတဲ့ အတွေးက ကလေးတွေရဲ့ ပိုက်ဆံ ခြောက်ရာ့ငါးဆယ်ကို ဘုရားကြီးကို သွားပြီး တစ်ခုခု လှူလိုက်ဖို့ပဲ။ ဒါပေမယ့် ဒီပိုက်ဆံလေးတွေထဲမှာကို ဇီဝိတဒါနက ပါပြီးသားလေ။ ဒါမှ အမြော်အမြင် အတုံ့အပြန် လိုချင်ခြင်း ကင်းမဲ့တဲ့ ဒါန။ ကိုရီ ချက်ချင်းပဲ ဆိုင်ကယ်လေးကို ဆွဲပြီး ထွက်လာတာတော့ ဘုရားကြီးဘက်ကိုပဲ ထွက်ခဲ့တယ်။ မုန့်ပေါင်းဆိုင် တစ်ဆိုင်ကို ဝင်ပြီး ကလေးတွေရဲ့ ပိုက်ဆံကို ကတ်ထူပြားပေါ်မှာ ပေါင်သွင်းထားခဲ့တယ်။ ကိုရီရဲ့ ဆေးခန်းထဲမှာ အဲဒီ ပိုက်ဆံပေါင်ကို ထောင့်လေး တစ်နေရာ စားပွဲခုံပေါ်မှာ တင်ထားခဲ့တယ်။

"ဟာ ခင်ဗျားဆေးခန်းက ပိုက်ဆံလာဘ်ခေါ်တွေ ဘာတွေနဲ့ ပါလားဗျာ။ ဒါပေမယ့် ခက်တယ်ဗျာ။ နှစ်ဆယ်တန်လေးတွေ၊ ငါးဆယ်တန်တွေ၊ အနုပ်အစုတ် ကလေးတွေပါလား။ တစ်ထောင်တန်တွေ၊ ဒေါ်လာတွေ မပါဘူးလားဗျာ

အထူးအဆန်း ကလိတိတိ၊ ရိတိတိ မေးလာတဲ့ မိတ်ဆွေတွေကို ကိုရီက တခမ်းတနား ဇာတ်ကြောင်းပြောပြပြီး ကလေးတွေရဲ့ လင်းလက်တဲ့ ဒါနကလေးကို အမွှမ်းတင်တတ်တယ်။ အဲဒီအခါ တချို့ စိတ်ဝင်တစား ခေါင်းတညိတ်ညိတ်နဲ့ နားထောင်တယ်။ တချို့ကလည်း အင်း … အင်းပေါ့။ တချို့ကလည်း ဝတ်ကျေတန်းကျေ နားထောင်ပြီး …

"ဒီနေ့ည အင်္ဂလန် ဘယ်နဂိုးလောက် ရှုံးမလဲ မသိဘူးနော် ဆိုပြီး ထသွားတတ်တာမျိုး။

အဲဒီ လိုနဲ့ တစ်ညနေမှာ ကိုရီရဲ့ သူငယ်ချင်းတစ်ယောက် ထုံးစံအတိုင်း ရင်ဖွင့်ဖို့ ကိုရီ့ဆီကို ရောက်လာပြန်ပါလေရော။

"မမကြီးကွာ ကိုရီရာ၊ အပျိုကလည်း အပျိုကြီး၊ စားမယ့် သောက်မယ့်သူလည်း မရှိ။ ငါ့ကို စောင့်ရှောက်မယ့်သူ မရှိဘူးဟဲ့ ဆိုပြီး အမေ့ရဲ့ အတွင်းပစ္စည်းတွေကို အကုန်ယူတာ ကိုလည်း ငါတို့က လက်ခံပါတယ်။ ၈၄ လမ်းတိုက် ပေးဟဲ့ဆိုလည်း ပေးလိုက်တာပဲ။ အခုဟာက ဒေးဝန်းထဲက ပြပေါက် ဆီစက်ဝင်းကြီးကိုတော့ အမွေဆိုင် ခွဲရအောင်ပါ ဆိုတော့ ကဲကဲဆတ် ငြင်းတော့တာပဲ။ ဘယ်လို လုပ်မလဲ။ ငါတို့ကလည်း သားသမီးတွေနဲ့ ဆိုတော့ ပြဿနာ တက်ကြတော့တာကွာ

"အေးလေကွာ၊ သိန်းထောင်ချီ ရထားပြီပဲ၊ တော်ပြီပေါ့။ အပျိုးကြီးဆိုတော့ လောဘကြီးမှာ ပေါ့ကွာ

သူငယ်ချင်းက တဟားဟား ရယ်ပြီး ထသွားလို့ ဘာမျှ မကြာပါဘူးဗျာ။ လွန်ရော၊ ကျွံရော တစ်နာရီလောက် ရှိသေး။ သူငယ်ချင်းရဲ့ အစ်မ အပျိုကြီး ဒေါ်ဝင်းတင်၊ မောင်းတင်နဲ့ ပေါက်ချလာပါလေရော။ ငယ်ငယ်ကတည်းက အစ်မလို ဖြစ်နေတဲ့သူ ဆိုတော့ ကိုရီလည်း လန့်တာပေါ့။

"အမယ်လေး ... မောင်ရီ၊ တတ်လည်း တတ်နိုင်ပါပေ့တော်။ မောင်နမတွေကြားကို နင်ပဲ ရှုပ်ရှုပ်ယှက်ယှက်၊ ငါ့ကိုများ လောဘကြီးသလေး။ ဘာလေးနဲ့ နင်က ဘာဆိုင်လို့ ဝင်ပါရတာလဲ။ နင် ဘာသိလို့လဲ။ သူတို့မှာ ကုမ္ပဏီတွေနဲ့၊ ၂၆ ဘီ လမ်းပေါ်မှာ တိုက်နဲ့၊ သားနဲ့ မယားနဲ့၊ စောင့်ရှောက်မယ့် လူတွေနဲ့၊ ငါ့မှာသာ အားကိုးရာမဲ့

တစ်နာရီလောက် ငိုလည်း ငို၊ ဆူလည်း ဆူ၊ ဝေါက်လည်း ဝေါက်။ ကိုရီလည်း ရစရာ မရှိအောင် စိတ်ညစ်ပြီး အထုအထောင်း၊ အကြိမ်းအမောင်း ခံလိုက်ရတာ ။ မောင်နမကြား ဝင်မိတာ မှားပါတယ်။ လောဘ၊ မောဟ၊ ဒေါသတွေနဲ့ အုပ်ဆိုင်း၊ မှုန်မှိုင်းပြီး အပျိုကြီး ပြန်သွားတော့ ကိုရီဟာ အမှောင်ထုထဲမှာ နစ်မြုပ်ပြီး ကျန်နေခဲ့တယ်။ ပတ်ဝန်းကျင်မှာလည်း နေဝင်ဖျိုးဖျ အမှောင်ထုက ရစ်သန်းလာနေပြီ။ သဘာဝ အမှောင်နဲ့ လောဘ အမှောင်ကြားမှာ ခေါင်းတဆစ်ဆစ် ကိုက်နေပြီး ကိုရီ အင်အားမရှိဘူး ဖြစ်နေတယ်။

အဲဒီ အချိန်မှာ အမှောင်ထုထဲကို မည်းခနဲ တစ္ဆေတစ်ကောင်လို မည်းမည်း အရိပ်ကလေး တစ်ရိပ် ကိုရီ့နား ဖျတ်ခနဲ ရောက်လာတယ်။ ကိုရီက "ဘာတုန်းကွ  လို့ မေးလိုက်တော့ ...

"ကျွန်တော် ဖိုးသားပါ ဆရာ  လို့ သူက ပြောတယ်။ ကိုရီ လည်ပြန် တစ်ချက်လှည့်ပြီး မှောင်ထဲက သူတို့ရဲ့ ပိုက်ဆံ မှန်ပေါင်ကလေးကို ဖျတ်ခနဲ

လှမ်းကြည့်မိတယ်။ မှောင်ထဲမှာမို့ မမြင်ရဘူး။

"ကျွန်တော် တစ်ခု မေးချင်လို့ပါ ဆရာ၊ ဟို ... ဟို ခွေးမကြီး နောက်တစ်ခါ မွေးရင်ကော ဒီလိုပဲ ခွဲရဦးမှာလား

ဟောဗျာ ... မှောင်ထဲမှာ ဘာတွေ လာမေးနေပါလိမ့်၊ တစ်ရေးနိုးမှ ပေါက်ပေါက်ရှာရှာ ဆိုပြီး ကိုရီ မျက်လုံးဖြဲပြီး ဖိုးသားကို ကြည့်တယ်။ မှောင်ထဲမှာ ကျင့်သားရလာလို့ ဖိုးသားကို ဝါးတားတား မြင်ရတယ်။ သူ့လက်ထဲမှာ ပိုက်ထားတဲ့ တစ်ထွာလောက် ပစ္စည်းက ဘာပါလိမ့်။ စပ်စု ကြည့်ရင်း ...

"အေးပေါ့ကွ၊ ညှပ်ရိုးကိုက ကျဉ်းနေတယ်ဆိုတော့ နောက်တစ်ခါ မွေးရင်လည်း ခွဲရဦးမှာပဲ

ပစ္စည်းလေးကို ရင်မှာ ပိုက်ထားတဲ့ ဖိုးသားက တစ်စုံတစ်ခု မပွင့်တပွင့် ပြောရင်း ဆေးခန်းထဲက ပြန်ထွက်သွားတယ်။ ဟင် ဆိုပြီး ကိုရီ ဖျတ်ခနဲ ထရပ်လိုက်မိတယ်။ အံ့သြစရာပါလား၊ ဘုရား ... ဘုရား၊ ဖိုးသားရဲ့ အဖြေက ကိုရီ့နားထဲမှာ အသံလှိုင်းခတ်ပြီး သူတို့ရဲ့ ပိုက်ဆံ မှန်ပေါင်လေးဆီကတစ်ဆင့် တလက်လက် ဖြာနေတဲ့ အလင်းတန်းတွေ ကိုရီ့ရဲ့ ဆေးခန်းလေးထဲသို့ စီးဝင်လာသလိုပဲ။ ဟုတ်တယ်။ အမှောင်ခွင်း အလင်းဆောင်တဲ့ တက်သစ်စ နေခြည်နုရဲ့ အလင်းရောင်တွေလိုပေါ့။ အခု အမှောင်ထဲမှာ မဟုတ်ဘဲ

တက်နေခြည်နဲ့ နွေးထွေးတဲ့ အင်အားသစ်တွေထဲမှာ စီးမျောနေတဲ့ ကိုရီ့နားမှာ တဝဲလည်လည် နေခဲ့တုန်း။ ဖိုးသားက ပြောသွားတယ်။

"ကျွန်တော်တို့လည်း ဒီလိုပဲ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အားလုံး တိုင်ပင်ပြီး ဒီနေ့ကစ ပိုက်ဆံစုကြမယ်လို့ ဒီမှာ စုဘူး ဝယ်လာတယ်လေ။ နောင်နှစ်ကျရင် ဆရာ့ကို ခွဲစိတ်ခ ကောင်းကောင်း ပေးနိုင်အောင်လို့ပါ  တဲ့။

(ဇာတ်လမ်း ပြောပြသော ဒေါက်တာ ခင်မောင်ရီ B.V.S သို့ အမှတ်တရ ...)

------

**ယဉ်ယဉ်နု (မန္တလေး)**

**ရွှေအမြုတေ၊ စက်တင်ဘာလ၊ ၂၀၀၆။**

====

## ထောင်းသင့်ရင် ထောင်းရမယ်

---

ငယ်ငယ်ရေ

ဒီစာကို မင်းက ထုံးစံအတိုင်း မျက်ခုံးကို အတွန့်ချိုးလို့ မကျေနပ်တဲ့ အမူအရာ ဖြစ်လာမယ်။ ပြီးရင် နှုတ်ခမ်းနှစ်ခုကို စုပြီး ကျွတ်ခနဲ စုတ်သပ်လိုက်မယ်။ ငြိမ်းတို့ကတော့ ရိုမန်တစ်တွေ လုပ်နေပြန်ပြီလို့ မကျေမနပ် ပြောမယ်။ ဒါတွေကို ငါ သိနေတယ်။ ဒါပေမယ့် ငါဟာလည်း မင်းပြော ပြောစရာပဲ၊ အချစ်ကို လက်တွေ့ကျကျ မစဉ်းစားဘဲ စိတ်ကူးနဲ့ တည့်မယ့် ကိစ္စလေးတွေဆို လုပ်ချင်တာ လုပ်တတ်တာ။ တစ်ခါတလေ စိတ်ကူးယဉ်တဲ့ဘက် လွန်ကဲသွားတာ မရှိမဟုတ် ရှိတယ်ဆိုတာ ဝန်ခံရတယ်။

အခုကိုပဲ ကြည့်လေ။ ဈေးကွက်စီးပွားရေး စနစ်ရဲ့ ဝင်ရိုးတစ်ခု ဖြစ်တဲ့

မန်နေဂျာ တာဝန်နဲ့ မင်း ရှမ်းပြည်နယ် အရှေ့ပိုင်းကို ဆေးပစ္စည်းတွေ ပို့ရအောင် သွားတာ နှစ်ရက် တစ်မွန်းတည့် ရှိသေးတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါ လွမ်းနေပြီ။ အဲဒီတော့ ငယ်လေးကို အနားမှာ ရှိနေသလိုလို စကားက တအား ပြောချင်လာတယ်။ ပြောမရတော့ ထုံးစံအတိုင်း စာရေးတယ်ပေါ့။ ငယ်ငယ်ကတည်းက ခင်ဗျားက အသက်ကလေး ခြောက်လ ပိုကြီးတာနဲ့ သိပ်ပြီး လူကြီး လုပ်ချင်တာ၊ ပြီးတော့

"အိမ်ချင်း ကပ်နေတဲ့ ကစားဖော်တွေ ဖြစ်ရက်နဲ့ ဘာလို့ ကျွန်တော့်ကို စာရေးရေးပြီး ပြောရတာလဲ၊ စာကျက်ချိန် ပျက်တယ်ဗျာ  လို့ မလိုတမာ ပြောခဲ့တာကိုလည်း ငါ ခွင့်လွှတ်ခဲ့တာပဲ။ ပြောသာပြောတာ ငါ ရေးတဲ့ စာတွေကို ရောင်စုံ ပိုးကြိုးလေးတွေနဲ့ စည်းပြီး မင်း အမှတ်တရ သိမ်းထားတယ် ဆိုတာ ငါက သိနေတာကိုး။

"ဘဝမှာ ရည်မှန်းချက်ချင်း တူကြပေမယ့် ခင်ဗျားက မကြိုးစားဘူးဗျာ  လို့ မင်း ဆယ်တန်းအောင်တဲ့ အချိန်မှာ ငါ့ကို မှတ်ချက် ပေးခဲ့တယ်နော်။ ဆယ်တန်း တစ်နှစ်လုံး စာဆိုမှ စာတစ်ခုတည်း၊ တစ်ကြောင်းစွဲတည်း စိုက်လိုက်မတ်တတ် မင်းက ကြိုးစားခဲ့တယ်။ လက်တွေ့ဆန်တယ်။ အာရုံတစ်ခုက လွဲလို့ ဘာမှမရှိဘူး။ စာမှစာ၊ တိဟိတ်စိတ်နဲ့ လုပ်တတ်တဲ့ စိတ်ကို ငါ သိထားပါတယ်။ ဘဝ တစ်လျှောက်လုံးလည်း ဒီလိုပဲ သွားမှာလို့ အဲဒီတုန်းက ခပ်ဝါးဝါး တွေးခဲ့တယ်။ ငါကတော့ မင်းလို မဟုတ်ဘူး။ ရုပ်ရှင်လေး ကြည့်လိုက်၊ ကာရာအိုကေလေး ဆိုလိုက်၊ နေကြာစေ့လှော်ကလေး ဝါးလိုက်နဲ့ ရည်မှန်းချက်နဲ့ မဆိုင်တဲ့ ဘေးလုပ်ငန်းတွေကို စိတ်ဝင်စားတာ မင်းနဲ့

တကျက်ကျက် ရန်ဖြစ်စရာ အကြောင်းတွေပေါ့။

ဒါတွေက မင်း သိပြီးသားပါ။ ငါ ဘာလို့ ပြန်ပြော နေရတာလည်း ဆိုတော့ ငါက မင်းထက် ပတ်ဝန်းကျင်ကို စိတ်ဝင်စားတတ်တယ်။ ဘေးဘီကို ကြည့်တတ်တယ်။ တစ်ခါတလေ အဲဒီက တွေ့လာတဲ့ အကြောင်းအရာကို အတွေးအိမ်ထဲထိ သယ်ဆောင် လာတတ်တယ်။ ပြီးတော့ အတွေးက ရလာတဲ့ အသိအမြင်တွေကို အနီးစပ်ဆုံးလူ ဖြစ်တဲ့ မင်းကို မနေနိုင်၊ မထိုင်နိုင် ပြောမိရော။ အဲဒီတော့ မင်းရဲ့ မဆိုင်တာတွေ လာပြောနေတယ် ဆိုတဲ့ မှတ်ချက်ကို ရပြန်ရော။

ဟိုတစ်နေ့က ကြည့်လေ၊ နှစ်ယောက်သား လက်ချင်းတွဲပြီး မုန့်တီဆိုင်ကို မုန့်တီစားမယ် ဆိုပြီး သွားကြတုန်းက အဟုတ်သား။ ရယ်ရယ်မောမော၊ ပျော်ပျော်ပါးပါးနဲ့ မုန့်တီဆိုင် ရှေ့လည်း ရောက်ရော ဖြုန်းခနဲ လမ်းပေါ်မှာ ခွေးကလေးက ဒယီးဒယိုင်နဲ့ မျက်စိကောင်းကောင်း မဖွင့်သေးတဲ့ မွေးစပေါက်ကလေး။ အဲဒီ အချိန်မှာ ဆန်အိတ်တွေ အပြည့်တင်ထားတဲ့ ဒိုင်နာကား တစ်စီးကလည်း လာနေတယ်။ ဒီခွေးကလေး ကားရှေ့ ရောက်နေတာ မင်းလည်း မြင်တာပဲ။ မုန့်တီဆိုင်ထဲက လူတွေလည်း အကုန်မြင်တယ်။ ဒါပေမယ့် ငါက အားလုံးထက် အရင်ပြေးသွားပြီး ကားအောက် ရောက်တော့မယ့် ခွေးကလေးကို ပွေ့ယူလိုက်တယ်။ ဒီအချိန်မှာ ငါ သတိထားလိုက် မိတာက ခပ်နေးနေး မောင်းပြီး ဘရိတ်အုပ် ရပ်လိုက်တဲ့ ကားဒရိုင်ဘာကြီးက ငါ့ကို လှည့်ကြည့်ပြီး ပြုံးပြသွားတဲ့ အပြုံးပဲ။

ငယ်လေးရေ၊ ငါက သိပ်ခံစား တတ်လို့လားတော့ မသိဘူး။ အဲဒီ အပြုံးကို မြင်တော့ ပီတိ ဖြစ်လိုက်တာလေ။ သူ့အပြုံးထဲမှာ ငါ့ကို ကျေးဇူး တင်တာတွေ ပါနေတယ်။ အားနည်းသူကို စာနာတတ်တဲ့ လူအချင်းချင်း ညီညွတ်ခြင်းတွေ ပါနေတယ်။ သေချာပါတယ်။ ငါက ခွေးကလေးကို ဖယ်မပေးရင်တောင် ဒီဒရိုင်ဘာကြီးဟာ ခွေးကလေးကို နင်းသတ် သွားနိုင်တဲ့ အသည်းနှလုံး ရှိမှာ မဟုတ်ဘူး။ သူ ရှောင်မှာပဲ။ သူ မရှောင်နိုင်ရင်တောင် ကားကိုရပ်ပြီး ဆင်းလာ၊ သူ့ခရီးကို အနှောင့်နှေးခံပြီး ခွေးကလေးကို လွတ်ရာလွတ်ကြောင်း ပို့ပြီးမှ ခရီးဆက်မယ့် သူပဲ။ ငါ စဉ်းစားနေတာ ဘယ်လောက် ကြာသွားလဲ မသိဘူး။

"ခွေးကို အောက်ချ လိုက်တော့လေ၊ ပြီးတော့ ခင်ဗျားလက်တွေကို တစ်သျှူးပေပါနဲ့ ပြောင်နေအောင် သုတ်ပစ်လိုက်  ဆိုတဲ့ မိုးချုန်းသံလို ဝေါက်ငမ်းသံကြီးကို အနီးကပ် ကြားလိုက်ရလို့ အလန့်တကြား မော့ကြည့်လိုက်တော့ နီရဲစိတ်တိုနေတဲ့ မင်းမျက်နှာကို တွေ့လိုက်ရပါတယ်။

"တကယ်တမ်း မုန့်တီစားမယ်ဆို မုန့်တီစားဖို့ စဉ်းစားတာ မဟုတ်ဘူး၊ ဟိုပါ ဒီပါနဲ့။ ခွေးကလေးမှာ ရောဂါပိုးတွေ ဘယ်လောက် ရှိနေမယ် ဆိုတာ မသိဘူး

အဖေကြီးလို မြည်တွန် တောက်တီးနေတာ စကားနည်း ရန်စဲ ကိုယ် ဘာမှမပြောခဲ့ဘူး မဟုတ်လား။ ဘာလို့ ဒီအဖြစ်အပျက်ကို ပြောရတာလဲ ဆိုတော့ ပတ်ဝန်းကျင်မှာ ဖြစ်တာတွေ လျှောက်ကြည့်၊ ဆက်စဉ်းစားတွေး၊ ဒီကိစ္စတွေမှာ မင်းနဲ့ငါ လုံးလုံးကြီး ဆန့်ကျင်နေတာ သိလျက်နဲ့ ငါကလည်း

မင်းကိုပဲ မပြောရ မနေနိုင် ဖြစ်နေလို့ပါ၊ အခုမှ ငါပြောမယ့် ကိစ္စက စတော့မှာ။

ဒီလို ငယ်လေးရေ၊ မင်းသွားပြီး နှစ်ရက်လောက်လည်း ကြာရော၊ ကိုယ့်အထက်က တစ်ယောက်ခြား အစ်မယောက်ျားရဲ့ ကြီးတော်ကြီး တစ်ယောက် ဆုံးတယ်။ အဲဒီတော့ အစ်မရော၊ ခဲအိုအစ်ကိုရော၊ ငါရော၊ ကလေးတွေရော၊ အသုဘအိမ်ကို သွားကြတာပေါ့၊ ဆုံးတဲ့အချိန်က ပြင်ဆင်နေတဲ့ လူနဲ့ ငိုယို တက်ချက်နေတဲ့ လူတွေနဲ့ အိမ်ရှေ့ ဧည့်ခန်းဟာ ရှုပ်ပွနေတယ်။ ငါက အစ်မရဲ့ ယောက္ခမအိမ် ဆိုတာ ခင်မင်ရင်းစွဲလည်းရှိ၊ မိန်းကလေးလည်း ဖြစ်ပြန် ဆိုတော့ မီးဖိုချောင်ထဲက အချက်ပိုင်း၊ အပြုတ်ပိုင်းမှာပဲ ကူညီရတော့တာပေါ့။ သူတို့က ဝက်သား၊ သားပြွမ်းချက်ဖို့ စီစဉ်ကြတယ်။ အမျိုးတွေက များများဆိုတော့ ဝက်သား သုံးလေးပိဿာ ဝယ်၊ ဘူးသီးကြီးကြီး သုံးလေးလုံးနဲ့ ရော၊ မိုးပြဲဒယ်ကြီးနဲ့ ချက်ကြတယ်။ ဘူးသီး လှီးတာတို့၊ ကြက်သွန် လှီးတာတို့ ငါလည်း ဝိုင်းကူ ရတာပေါ့။ ငိုယိုနေကြတဲ့ အိမ်ရှေ့ခန်းလည်း မထွက်ချင်တော့။ မီးဖိုထဲမှာပဲ ဆက်ထိုင် နေမိတယ်။

အိုးကြီး ကျက်သွားတော့ မွှေးပျံ့ပြီး ကောင်းလိုက်တာဟယ်၊ ငါ့ကို ထမင်းဆာ လာတာပဲ။ ဒါပေမယ့် အသုဘအိမ်လေ။ အသုဘရှင်တောင် ထမင်းစားဖို့ မေ့နေတာ။ ငါက အရင်ခူးစားဖို့ ကောင်းပါ့မလား ဆိုပြီး စောင့်နေရတုန်း။ အိမ်ရှင်ရဲ့ ညီမ အငယ်ဆုံးက အရင်လာပြီး ခပ်တည်တည်နဲ့ အိုးတစ်လုံးထဲကို ဟင်းတွေ ခပ်ထည့်တယ်။ ပြီးတော့ သူတို့ အိပ်ခန်းထဲ သယ်သွားပါလေရော၊ သေတဲ့လူရဲ့ သမီးလေး အလတ်ကလည်း ငိုယိုထားလို့ မို့အစ်နေတဲ့ မျက်နှာကြီးနဲ့ နောက်ဖေးကို အပြေးအလွှား ဝင်လာပြီး အသားတုံးတွေ ရွေးပြီး

## ယဉ်ယဉ်န(မန္တလေး)

ဇလုံကြီးနဲ့ တစ်လုံး ခပ်သွားပြန်ပါရော၊ ငါဖြင့် အံ့သြတယ်။ ငိုနေတဲ့ ကြားကတောင် ဟင်းလာခပ်ဖို့ သတိရ နေသေးတယ်။ အဲဒီ အချိန်မှာ ငါနဲ့အတူ ဒီရှုခင်းကို မျက်စိအောက် မြင်နေရတဲ့ ငါ့အစ်မ တစ်စခန်း ထတော့တာပဲဟေ့။

"ဒီ အခြေအနေကတော့ မကောင်းဘူးဟေ့၊ ထမင်းစားထားမှ ဖြစ်လိမ့်မယ်နဲ့ တူတယ် ဆိုပြီး သူ့ယောကျ်ားနဲ့ သူ့သားသမီးတွေ စုခေါ်လို့ အကုန် ထမင်းရူးစား ကြတော့တာပဲ။ သူတို့ရဲ့ ထမင်းပန်းကန်ထဲမှာ ဝက်သား ဟင်းတုံးတွေ ဆိုတာ အိမ်မှာ စားသလို တစ်တုံး၊ နှစ်တုံး မဟုတ်ဘူး။ တောင်ပုံရာပုံပဲ၊ မြင်မကောင်းအောင်ကို ထည့်စားကြတာဟေ့။ အိမ်ရှေ့မှာ အသုဘ ပြင်နေကြတဲ့ လူတွေနဲ့ အိမ်ရှင် အဘိုးကြီး ထမင်းစားတဲ့ အချိန် ရောက်တော့ အဆီတုံးလေး ငါးတုံးပဲ ကျန်တော့တာ။ ငါတော့ ကြည့်ပြီး စိတ်ဆင်းရဲတာရော၊ ရှက်တာရော ပေါင်းပြီး အဲဒီနေ့က ထမင်းမစားခဲ့ဘူး။ ဒီအကြောင်းကို ဖတ်ရတဲ့ မင်းက ဒီနေရာမှာ မှတ်ချက် ချလိုက်မယ် ထင်မယ်။

"အမယ်လေးဗျာ။ ဘာမဟုတ်တဲ့ အကြောင်းကို သူမို့ တခုတ်တရ ပြောနေတယ်။ ပြီးတော့ ပြောလိုက်ရင်လည်း အတင်းချည်းပဲ။ ကိုယ့်အမျိုး အကြောင်း ကိုယ်ပြောလို့၊ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသူမို့ တတ်နိုင်တယ်ဗျာ

ဒီလို ပြောလိမ့်မယ်လို့ ငါ ထင်တယ် ငယ်လေးရေ။ စကားပုံကတော့ မယဉ်ကျေးဘူးပေါ့။ ဒါပေမယ့် သူများ ထောင်းမယ့်အစား ကိုယ့်ပေါင်

ကိုယ်လုန်ထောင်းတော့ သိပ်မနာဘူးပေါ့။ ပြောချင်းပြော သူများအပြော မခံဘူး။ ကိုယ့်ဘာသာသာ ကိုယ်အချင်းချင်း အမြင်မတော်တာကို ပြောရလိမ့်မယ်။ ကိုယ့်ပေါင်လည်း ထောင်းသင့်ရင် ထောင်းရမှာပေါ့။ ဒါပေမယ့် ငယ်လေးရေ၊ ဒီကိစ္စတစ်ခုတည်း ဆိုရင် မင်းကို တကူးတက အခုလို စာတစ်တန်၊ ပေတစ်တန် ရေးပြီး ပြောဖြစ်ချင်မှ ပြောမိမယ်။ အဲဒီနေ့က အကြောင်း ငါ့ဦးနှောက်ထဲမှာ မေ့ပျောက်ချင် မေ့ပျောက် သွားလိမ့်မယ်။ ဒါပေမယ့် နောက်ထပ် အဲဒီလို အလားတူ ကိစ္စတစ်ခုက ပတ်ဝန်းကျင်ကို သိပ်စိတ်ဝင်စား တတ်တဲ့ ကိုယ့်ရှေ့ကို တည့်တည့်ကြီး ကျရောက်လို့ လာပြန်တယ်။

ရက် သိပ်မကြာလိုက်ဘဲ နောက်ထပ် အသုဘတစ်ခုနဲ့ ဆုံပြန်တယ်။ ရတနာပုံဈေးမှာ ပါတိတ်ဆိုင် ဖွင့်ထားတဲ့ ငါ့သူငယ်ချင်းရဲ့ အဘိုး ဆုံးပြန်တယ်။ ထုံးစံအတိုင်း ငါ သွားရတော့တာပေါ့။ သူငယ်တန်းကနေ ဘွဲ့ရတဲ့အထိ အတူတူ တွဲခဲ့ကြတဲ့ မေဦး လေ။ မင်းလည်း သိပါတယ်။ အသုဘချမှာက နေ့လယ် တစ်နာရီဆိုတော့ ငါလည်း ဆယ်နာရီလောက် ကတည်းက ရောက်သွားတယ်။ ရောက်ရောက်ချင်း မေဦးက နောက်ဖေးမှာ ဆိုတော့ ငါလည်း ခါတိုင်းလည်း စားအိမ် သောက်အိမ်ပီပီ နောက်ဖေးချောင်ကို ဝင်သွား ရတာပေါ့။ အိမ်ရှေ့မှလည်း လူရှုပ်လွန်းလို့ ငါထိုင်နေတဲ့ နေရာလေးမှာပဲ စွဲစွဲမြဲမြဲ ဆက်ထိုင်ဖြစ်တယ်။ ငါ့ရှေ့မှာ ထမင်းစား စားပွဲအဝိုင်းကြီး ရှိတယ်။ အဲဒီ အပေါ်မှာ မြန်မာအိမ်တို့ရဲ့ ထုံးစံအတိုင်း ဝက်သားပေါ့။ ဝက်သား နှစ်ပိဿာချက် လောက်ကို ဆီပြန်ချက်ပြီး စတီးဇလုံကြီးနဲ့ ခပ်ထားတယ်။ ဘေးမှာ မုန်လာချဉ်သုပ် ဇလုံကြီးနဲ့ သုပ်ထားတယ်။ မြေပဲဆန်ကြော် တစ်ပန်းကန်လည်း ရှိတယ်။

အဲဒီ အိမ်မှာ မောင်နှမတွေ အများကြီး စုနေကြတာနော်။ နှစ်မိပေါက်၊ သုံးမိပေါက်လောက် ရှိတယ်။ မေဦးတို့ အားလုံးနေတာ လူနှစ်ဆယ်ကျော်၊ အစိတ်လောက် ရှိတာ။ အဲဒီနေ့က ငါ ထိုင်နေတဲ့ ဆယ်နာရီ လောက်ကနေ အသုဘချခါနီး တစ်နာရီလောက် အထိ တစ်ယောက်ပြီး တစ်ယောက် စားပွဲမှာလာပြီး ထမင်းစားကြတယ်။ ကိုယ့်မျက်စိအောက်မှာ ဆိုတော့ မြင်နေရတာပေါ့။ တစ်ယောက်လာလိုက် ပန်းကန်စင်ပေါ်က ပန်းကန်ပြားလေးယူ ထမင်းထည့်၊ ဝက်သားဟင်း နှစ်တုံး သုံးတုံး ထည့်၊ အချဉ် နည်းနည်းထည့်၊ စားပွဲပေါ်မှာ ထိုင်ပြီး စား၊ ကြွေရရ ပန်းကန်ဆေး၊ ပြန်ထွက်၊ နောက်တစ်ယောက်လည်း ဒီလိုပဲ စည်းကမ်းရှိရှိ ကြွေရရ စားလိုက်ကြတာ အိမ်ရှိလူကုန် စားပြီးတာတောင် ဝက်သားဇလုံက တစ်ဝက် မကျိုးသေးဘူး။

ငယ်လေးရေ၊ ကိုယ့်ပစ္စည်း ကိုယ်စားတာပဲ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ကိုယ့်အခွင့်အရေးနဲ့ တန်တဲ့ အကျိုးအမြတ်ကိုပဲ ကိုယ် ယူသင့်တာလေ။ ငါ့အစ်မရဲ့ ယောက္ခမ အိမ်မှာတော့ ကိုယ့်ပစ္စည်း ကိုယ်စားဖို့ထဲကကို သူများထက် အခွင့်အရေး ပိုလိုချင်တော့ မတန်မရာ ခိုးဝှက်ယူနေ ကြရတာ။ ဇလုံကြီးနဲ့ လူမြင်မကောင်းဘူး။ သူတို့ ရတော့ သူများထက် ပိုရကြပါတယ်။ ဒါပေမယ့် လိပ်ပြာ လုံကြတယ်။ အံ့သြလို့ မကုန်ဘူး။

ငယ်လေးရေ၊ နင်ကတော့ ငါဘာတွေ ရေးနေပါလိမ့်လို့ ထင်လိမ့်မယ်။ ငါ တကယ် ပြောချင်တဲ့၊ မေးချင်တဲ့ အကြောင်းက အခုမှ စမှာ။ နင်ပြောဖူးတဲ့ အတိုင်း ငါက စိတ်ကူးယဉ်တယ်။ ဟိုဒီ တစ်ခုခုကို ခေါင်တွေးတတ်တဲ့ လူ။

တိုးတက် ကြီးပွားရေးကို ဂရုမစိုက်တဲ့လူ။

နင်က ရည်မှန်းချက်ကလည်း ကြီးကြီး၊ အရာရာ သူများတကာထက် သွက်လက်ထက်မြက်ဖို့ လေ့ကျင့်ထားခြင်း ခံရတဲ့ စျေးကွက်စီးပွားရေး စနစ်ရဲ့ ဝင်ရိုးတစ်ချောင်း။

တကယ်လို့များ ငါတို့ တူနစ်ကိုယ် တိုင်းပြည် ထူထောင်ပြီးကြမှ  အခွင့်အရေး ဆိုတဲ့ ခေါင်းစဉ်နဲ့ တို့ မျက်နှာချင်းဆိုင် ဆွေးနွေးမိကြရင် မင်းဟာ သူများ ပခုံးပေါ်ကို ကျော်နင်းတက်ချင် သူလား၊ အရာရာကို တစ်ကိုယ်တည်း လက်ဝါးကြီးအုပ်ပြီး အိုးထဲက ဟာလည်း ငါ့ဟာ၊ ပန်းကန်ထဲက ဟာလည်း ငါ့ဟာလို့ သဘောထားမယ့် သူလား၊ အခွင့်အရေးအတွက် အရှက်မဲ့ သိက္ခာမဲ့တတ်တဲ့ သူလား၊ ဒါမှမဟုတ် သူနဲ့ ကိုယ်နဲ့ မျှမျှတတ တရားနည်းလမ်းကျကျ အခွင့်အရေး ဆိုတဲ့ အသီးအပွင့်ကို ခွဲဝေခံစား တတ်မယ့်သူလား မှန်မှန်ဖြေနော်၊ မညာနဲ့၊ စိတ်ထဲ ရှိတဲ့အတိုင်း ဖြေ၊ ပါးစပ်နဲ့ ဖြေစရာ မလိုဘူး၊ စာနဲ့ရေးဖြေ၊ မင်းစာကို မျှော်နေမယ်။

ငယ်လေးရဲ့ ငြိမ်း    ။

-----------------------

**ယဉ်ယဉ်န (မန္တလေး)**

**မြိုင် မဂ္ဂဇင်း။**

====

## နီးလိုလျက်နှင့် ဝေး

-------------------------------------

"ငွေတောင်"လို့ အမည်ရတဲ့ ကွမ်းယာဆိုင်ကလေးဟာ ကျွန်တော့်ရဲ့ အိမ်အပြန်လမ်းမှာ ရှိနေတယ်။ ထိန်လင်းနေတဲ့ မာကျူရီ မီးရောင်အောက်မှာ ငြိမ်သက်စွာ လဲလျောင်းနေတဲ့ မဟူရာ လမ်းမကြီးရဲ့ အခြေမှာပေါ့။ အချိန်က သန်းခေါင် ကျော်နေပြီ။ စက်ဘီးကို ဒေါက်ထောက်ရင်း ကျွန်တော် စက်ဘီးပေါ်က ဆင်းတယ်။ ကျွန်တော့်ကို တစ်ချက် မော့ကြည့်ပြီး ဆိုင်ရှင်က ခေါင်းပြန်ငုံ့ရင်း ကွမ်းယာ စယာတယ်။ ထုံး၊ မြန်မာဆေး၊ ဗလရှင်လို့ ပြောစရာ မလိုဘူး။ ကျွန်တော် ဘယ်လို စားသလဲ သူ သိတယ်။ နပ်ဆေး ကျွန်တော် မကြိုက်ဘူး။ အရက်နဲ့ နပ်တာ ဆိုတော့ အရက်စော် နံတယ်။ အရက်နံ့ကို ကျွန်တော် မုန်းလွန်းလို့။ ကွမ်းကို စွဲစွဲမြဲမြဲ စားတဲ့ ကွမ်းယာသမား ကျွန်တော်နဲ့ ဒီဆိုင်လေးရဲ့ ပေါင်းဖက်မှု သက်တမ်းက တစ်နှစ် ကျော်ခဲ့ပေမယ့် ပထမဦးဆုံး ညတုန်းကလိုပဲ ဆိုင်ရှင်ဟာ ယာလက်စထဲက ကွမ်းတစ်ယာ ကျွန်တော့်ကို လှမ်းပေးတယ်။ ကျွန်တော်က ပါးစပ်ထဲကို ထည့်လိုက်တယ်။ ပြီးတာနဲ့ လမ်းဘေး အုတ်ခုံလေး ပေါ်မှာ ထုံးစံအတိုင်း ထိုင်ချလိုက်တယ်။ ပြီးပြီ။

တစ်နေ့တာ အလုပ် ပြီးသွားပြီ။ ဒီအချိန်ဟာ ကျွန်တော် အနားယူတဲ့ အချိန်ပဲ။ ဆိုင်ရှင် လှမ်းပေးလိုက်တဲ့ ကွမ်းယာထုပ်ကို ယူပြီး အိတ်ထောင်ထဲကို ထည့်လိုက်တယ်။ ဆိုင်ရှင်ကလည်း စကား တစ်လုံးမှ မပြောဘူး။ မနက် သုံးနာရီလောက်မှ စထွက်မယ့် အဝေးပြေး ကားတွေရဲ့ ဖောက်သည်တွေ လာရင် အဆင်သင့် ဖြစ်နေအောင် ကွမ်းယာတွေကို တိတ်တိတ်ဆိတ်ဆိတ် ယာနေတယ်။ ကျွန်တော် ကွမ်းယာကို အရသာ ခံဝါးရင်း ကောင်းကင်ကို မော့ကြည့်တယ်။ မာကျူရီမီးတွေ လင်းလက်နေတဲ့ ညမှာ လရောင်က မဖြာပါဘူး။ ဟိုးအဝေးက ဖြတ်သွားတဲ့ ရထားတစ်စီးရဲ့ ဥဩသံကလွဲလို့ ပတ်ဝန်းကျင် တစ်ခုလုံးဟာ ငြိမ်သက်နေတယ်။ ကောင်းလိုက်တာ။ တိတ်ဆိတ် ငြိမ်သက်ခြင်းရဲ့ အရသာကို ကျွန်တော်ဟာ တဝကြီး ခံစားပစ် လိုက်တယ်။ တိတ်ဆိတ်ခြင်းကို အားရပါးရ ကျွန်တော် စားသုံး လိုက်တယ်။ တိတ်ဆိတ်ခြင်းနဲ့ ကျွန်တော်နဲ့ဟာ တစ်သားတည်း စီးမျော သွားတယ်။ အရသာ ရှိလိုက်တာ။ ကျွန်တော်ဟာ ခေါင်းကို မော့ပြီး အသက်ကို အားရပါးရ ရှူလိုက်တယ်။

အင်း … အခုမှပဲ အသက် ဝဝ ရှူရတော့တယ်။

လွန်ခဲ့တဲ့ ငါးနာရီလောက်က ကျွန်တော်ဟာ မီးရောင်စုံတွေ ဖြာသက်၊ လူတွေ ပျားပန်းခပ် လှုပ်ရှား၊ အော်ဟစ်ဆူညံ ပွက်လောရိုက်တဲ့ ဒရမ်ရိုက်ချက်တွေ တဒုန်းဒုန်း အပြင်းအထန် မြူးထူးနေတဲ့ ပြည်တွင်းဖြစ် နိုင်ငံခြား ဂီတသံစဉ်တွေ အောက်မှာ နစ်မြုပ်နေခဲ့တယ်။ အသက်ရှူဖို့ တစ်ချက်ကလေးတောင် ပြန်ပေါ်မလာခဲ့ဘူး။ ကာရာအိုကေ စားတော်ဆက်

တစ်ခုရဲ့ ညချမ်းဟာ ဘယ်မှာလာပြီး အေးဆေး တည်ငြိမ်မှု ရှိမလဲ။ အသံချဲ့တဲ့ စက်တွေ၊ တေးသံထွက်တဲ့ ကိရိယာတွေ၊ စည်းမကျ ဝါးမကျ အော်ရရင် ပြီးရော ပူလောင် ဆူပွက်တဲ့ သီချင်းကိုမှ ရွေးဆိုတတ်ကြတဲ့ ကာရာအိုကေ အဆိုတော် ကောင်မလေးတွေ။ အို- ကျွန်တော် ချွေးတရွဲရွဲနဲ့ အလုပ်ခွင်ထဲမှာ မြုပ်လိုက်ပေါ်လိုက် ဖြစ်နေတယ်။ လူတစ်ရပ်လောက် မြင့်တဲ့ အသံချဲ့ ဆောင်းဘောက်ကြီးတွေ ကလည်း နားကွဲမတတ် တဂွမ်ဂွမ် အော်ဟစ်လို့။ အီလက်ထရွန်းနစ် စက်ကိရိယာတွေ ကြားမှာ အလုပ် လုပ်နေရတဲ့ ကျွန်တော်ဟာ အသံတွေနဲ့ အနီးဆုံး၊ တစ်ကိုယ်လုံးကို အမျိုးစုံ လှုပ်ခါပြီး သီချင်း ဆိုနေကြတဲ့ ကောင်မလေးတွေ ရဲ့ တင်ပါးတွေနဲ့လည်း အနီးဆုံး။ တဒုန်းဒုန်း ဒရမ်ရိုက်ချက်တွေဟာ နေ့စဉ် ကျွန်တော့်ရဲ့ နားစည်တွေက တစ်ဆင့် ဦးနှောက်ကို အကြီးအကျယ် ထုရိုက် နေကြတယ်။ ဒီကြားထဲ ပန်းကုံး လာစွပ်တဲ့ ယမကာ လုလင်ကြီး တစ်ယောက်က အရှိန်လွန်ပြီး ကျွန်တော့် အပေါ်ကို မှောက်ရက်ကြီး လဲကျလို့။ "ဆောရီးကွာ ညီလေး" ဆိုပြီး ဟဖြဲထားတဲ့ အာခေါင်ကြီးက နံ့လိုက်တာဗျာ။ အရက်စော်တွေကို ထောင်းထောင်း ထလို့။ ကျွန်တော် အလွန်မုန်းတဲ့ အနံ့။ ဒီပတ်ဝန်းကျင်ကနေ အလုပ်ချိန်ပြီးလို့ လွတ်မြောက်လာတဲ့ ကျွန်တော်ဟာ ဒီငွေတောင် ကွမ်းယာဆိုင်ကလေးမှာ တိတ်ဆိတ်ခြင်းတွေ၊ ငြိမ်သက်ခြင်းတွေ အားရပါးရ တဝကြီး လောဘတကြီး ခံစားနေ မိတယ်။ ညတိုင်း ဒီအချိန်လေးပဲ ကျွန်တော် အနားရတာလေ။

"ဒီည စောတယ်နော်"

* * *

စကားပြောခဲလှတဲ့ ဆိုင်ရှင်က တစ်ခွန်း လှမ်းပြောတယ်။ ကျွန်တော် ခေါင်းပဲ ညိတ်ပြလိုက် မိတယ်။ အဲဒီ အချိန်မှာ မည်းခနဲ တစ္ဆေတစ်ကောင်လို လူတစ်ယောက် ကွမ်းယာဆိုင် ရှေ့မှာ လာရပ်တယ်။ သူ့ဆီက အနံ့တစ်ခု ရလိုက်တယ်။ ထုံးစံအတိုင်း အရက်နံ့၊ ကျွန်တော် ပို့အန်မလို ဖြစ်သွားတယ်။ သွားပါပြီ၊ ကျွန်တော့်ရဲ့ ကမ္ဘာလေးတော့ ပျက်စီးပါပြီ။ ကျွန်တော် ပြန်မှ ဖြစ်တော့မယ်လို့ စဉ်းစားတယ်။ အဲဒီ အချိန်မှာပဲ အဲဒီ ပုဂ္ဂိုလ်ဆီက အသံ ထွက်လာတယ်။

"ဒီမယ် ကိုအောင်သိန်း၊ လူတွေကိုက မကောင်းပါဘူးဗျာ"

ဆိုင်ရှင်က တစ်ချက် မော့ကြည့်တယ်။ သူ့ထုံးစံအတိုင်း ကွမ်းယာတစ်ယာ လှမ်းပေးတယ်။ အဲဒီ လူက ဒရောသောပါး လှမ်းယူပြီး ပါးစပ်ထဲကို ထည့်လိုက်တယ်။ သွားပါပြီ။ မူးနေတဲ့ လူတွေရဲ့ ထုံးစံအတိုင်း စကားတွေ ပေါက်ကရ ပြောတော့မှာပဲလို့ ကျွန်တော် တွေးမိတယ်။ ဒီအချိန်မှာ ဒီလူရဲ့ ဝတ်စား ဆင်ယင်မှုကို ကျွန်တော် သတိပြုမိသွားတယ်။ ဘယ်လိုပါလိမ့်။ ပုဆိုးက ပန်းရောင် ကြိုးကြီးချိတ်နဲ့၊ တိုက်ပုံအင်္ကျီ ပန်းရောင်နဲ့။ ပုဆိုးက ကြိုးကြီးချိတ်က ဖွာနေပြီး တိုက်ပုံက တံတောင်ဆစ်မှာ ပိုးပေါက် တစ်ပေါက်၊ နှစ်ပေါက် ရှိနေတယ်။ ဆိုင်ရှင်နဲ့လည်း ရင်းနှီးပုံရတယ်။ လူပုံကလည်း ခပ်ဆန်းဆန်းရယ်။ ညကြီးကလည်း အချိန်မတော်။ အရက်နံ့ကို ကျွန်တော်

မုန်းရက်နဲ့ သိချင်စိတ် နည်းနည်း ရှိလာတာနဲ့ ကျွန်တော် ပေပြီး ဆက်ထိုင်နေမိတယ်။ ဟိုလူကတော့ ကျွန်တော့်ကို သတိမပြုမိပါဘူး။ ကွမ်းသွေးတစ်ချက် ထွီခနဲ ထွေးလိုက်ရင်း-

"လူတွေကိုက မကောင်းပါဘူးဗျာ။ ကိုအောင်မင်းသိမ်း ကောင်လေးလေ၊ ဟိုနွေမင်းသားလေး ဆိုတဲ့ ကောင်လေးပေါ့။ အစတုန်းကတော့ ကောင်းပြီ ကောင်းရဲ့နဲ့၊ ဦးလေး မြန်မာသံ စတိတ်ချ်ရှိုးမှာ သူ မန္တလေးခွင်မှာ ကရင် လာဆိုပါတဲ့။ ညကြေး ကန်တော့ပါ့မယ်တဲ့။ ကျုပ်က အဟုတ်မှတ်ပြီး သွားတာပေါ့။ ဟိုရောက်တော့ဗျာ မေတ္တာစေကျွန် တဲ့၊ မောင့်မူပိုင်ရှင် တဲ့၊ ငါးပွက်ရာ ငါးစာချ နေကြတာဗျ။ ဒါတွေက ခေတ်စားနေတာတဲ့။ ကျုပ်ဆိုတဲ့ မြန်မာ့ဂုဏ်ရည်ကျတော့ လေးသတဲ့။ ပရိသတ် မမီဘူးတဲ့။ ဒီမှာဗျာ ကိုအောင်သိန်း၊ ကျက်သရေ ရှိလိုက်တဲ့ သီချင်းဗျ။ ခင်ဗျား နားထောင် ကြည့်စမ်းဗျာ။

"ဟော မင်းကွန်းခေါင်းလောင်းကြီးကို ရောက်အောင် ဘယ်လိုတည်၊ သြော် ... ခွေးတိုးစက်က ဘယ်မှာရနိုင်မည်။ ကြိုးနဲ့လက်နဲ့ ဆွဲကာနွဲကာ မြဲရရှာလေသည်။ ရသေ့ရှင်ခန္တီ၊ မန္တလေးတောင်တော်မဟီ အင်ဂျင်နီယာကို မခေါ်၊ ရသေ့ ကိုယ်တိုင် ကြံစည်ပါသည်။ ရာဇဝင်များမှာ ထင်ရှား မြန်မာ့ဂုဏ်ရည် ..."

ကျွန်တော် ငေးပြီး သူ့သီချင်းထဲမှာ မျောသွားတယ်။ ကောင်းလိုက်တဲ့ အသံဗျာ။

အာသံလျှာသံကလည်း ကောင်း၊ အတီး မပါဘဲနဲ့ကို အဖြတ်အတောက် အဆွဲအငင်က စည်းဝါး ကျနေလိုက်တာ။ ဆိုင်က ဟာတွေနဲ့များ ကွာပ့်။ တကယ်ဆို ကျွန်တော့်မှာလည်း ဂီတချစ်တဲ့ အခံရှိပါတယ်။ ဆူညံသံတွေကို နေ့စဉ် ကြားနေရလို့သာ အသံတွေကို မုန်းသွားတာ။ တိတ်ဆိတ်နေတဲ့ ညလေး အေးအေးမှာ ဒီလူ့သီချင်းသံ ကြားလိုက်ရတာ။ ဘာသံမှ မကြားချင်တဲ့ ကျွန်တော့်အတွက်တောင် သိပ်အနှောင့်အယှက် မဖြစ်ပါဘူး။ ဟိုလူကတော့ သီချင်းတစ်ပိုဒ် ပြီးတော့ ဆက်မဆိုဘဲ တဟင်းဟင်းနဲ့ ရယ်နေတယ်။ ရယ်နေရင်းနဲ့ ငိုနေသလားလို့ ထင်ရအောင် ကျွန်တော့်စိတ်ထဲ သံသယ ဖြစ်လာတဲ့အချိန်မှာ သူက-

"ဒီမှာဗျ ကိုအောင်သိန်းရဲ့၊ မြန်မာ့ဂုဏ်ရည် တစ်ပုဒ်လည်း ဆိုပြီးရော ကျုပ် ဆက်မဆိုရတော့ဘူး။ သူ့အခန်းထဲ ခေါ်ပြီး အရက်တစ်ဝိုင်း ချပေးတယ်။ နိုင်ငံခြားအရက်ဗျ။ အမြည်းကလည်း ဘဲကင်ဗျ။ ကျုပ် ချတာပေ့ါဗျာ။ အချိန် ဘယ်လို ကုန်သွားမှန်း မသိဘူး။ ပြန်ခါနီးလို့ ပိုက်ဆံတောင်းတော့ သူ့အရက်က ငါးထောင်ကျော် တန်တယ်တဲ့။ သောက်ရ တော်ရောပေ့ါတဲ့။ သီချင်းတစ်ပုဒ် ဆိုပြီး ပိုက်ဆံတော့ ဒီနေ့ည မယူနဲ့တော့တဲ့။ အိမ်မှာ မိန်းမနဲ့ ကလေးတွေ ဘာစားကြမလဲ မသိဘူး။ ကျုပ်ဗျာ ..."

ကွမ်းယာဆိုင် ခုံလေးကို ဆုပ်ကိုင်ထားတဲ့ သူ့လက်တွေ အကြောပြိုင်းပြိုင်း ထနေတယ်။ သူ့ကျောကုန်းက နိမ့်မြင့် လှုပ်ရှားနေတယ်။ ကျွန်တော်ဖြင့် ငိုနေသလားလို့တောင် ထင်နေတယ်။ အသံမထွက်ဘဲ ရှိုက်နေတာလည်း ဖြစ်နိုင်တယ်။ ဆိုင်ရှင်ကလည်း ငုံ့ပြီး ကွမ်းယာနေတုန်းပဲ။ ပတ်ဝန်းကျင်က

ကြောက်စရာ ကောင်းအောင် တိတ်ဆိတ်နေတယ်။ ကျွန်တော်လည်း ဝမ်းနည်းတာလိုလို ဘာလိုလိုနဲ့ စိတ်တွေ လေးလာတယ်။

အဲဒီတုန်းမှာဗျာ ဘာမပြော ညာမပြောနဲ့ ဟိုလူက သီချင်း ထဆိုပြန်ပါလေရော …

"ချစ်ခင်ကြတဲ့ အားလုံးမိတ်ဆွေ၊ နေ့တိုင်းပဲ သတိရတယ်လေ။ ကျုပ်တို့မြို့မ အသင်းသားတွေ၊ တောင်ရိုးတန်း စစ်ကိုင်းဘက်မှာနေ။ သြော် … ကျန်းမာကြရဲ့လားလို့ မြို့မမောင်တွေ ရွှေမန်းသူရေ၊ မေးလိုက်ပါလေ။ သြော် … ကျန်းမာကြပါရဲ့လို့ မြို့မမောင်တွေ၊ ဖော်ဖော်ရွှေရွှေ ပြောလိုက်ပါလေ။ စစ်ကိုင်းမှာပဲ စိတ်ကစွဲ … နတ်ပြည် တစ်ခါတလေတော့ ရော်ရမ်းတမ်းမိ တဝေဝေ။ ပြန်ချင်ဇောတွေ ရောက်ချင်ဇောနဲ့ စိတ်မောရတယ်လေ။ အခါတော်ရောက်ချိန် နီးလို့လာပေ"

"ကောင်းလိုက်တာဗျာ၊ သိပ်ကောင်းတာ။ ဒါမျိုးမှ အဟုတ်ကို ကောင်းတာဗျ"

သီချင်းသံက တိခနဲ ပြတ်သွားတယ်။ သီချင်းထဲမှာ နစ်မျောနေတဲ့ ကျွန်တော်လည်း အသံရှင်ကို တအံ့တသြ ကြည့်မိတယ်။ လာပြန်ပါပြီ။ အရက်စော်တွေ နံနေတဲ့ လူတစ်ယောက်။ ဒီတစ်ခါတော့ ဂျင်းဂျာကင်၊ ဂျင်းဘောင်းဘီနဲ့၊ ခပ်ယိုင်ယိုင် ခြေလှမ်းတွေနဲ့ လူငယ်တစ်ယောက်။ အသက်က နှစ်ဆယ်လောက်ပဲ ရှိဦးမယ်။ ဟိုလူကလည်း လန့်ပြီးတော့

သီချင်းဆို ရပ်သွားတယ်။ ဒီကောင်လေး ဆိုင်ရှေ့ ရောက်နေတာတောင် ကျွန်တော် မသိရအောင် သီချင်းထဲမှာ နစ်မျောနေတာ လား။ ဆိုင်ရှေ့က မာကျူရီ မီးတိုင်အောက်မှာ ဆိုင်ကယ်တစ်စီးနဲ့ ကောင်လေး နှစ်ယောက်ကို တွေ့ရတယ်။ ကြည့်ရတာ ဆိုင်ကယ်ကို သုံးယောက် စီးလာကြပုံ ရ တယ်။ ဒါဖြင့် ဆိုင်ကယ်သံ ဘာလို့ မကြားတာလဲ။ ကောင်လေး နှစ်ယောက်က ဆိုင်ကယ်ကို ငုံ့ကြည့်ငုံ့ကြည့် ဟိုနှိုက်ဒီနှိုက်နဲ့။ အဲဒီတော့မှ ကျွန်တော် အမိပွါယ် ပေါက်သွားတယ်။ သူတို့ဆိုင်ကယ် ပျက်လာလို့ တွန်းလာကြပုံ ရတယ်။ ဒါကြောင့် ဟိုကောင်လေးက ဖျတ်ခနဲ ဆိုင်ထဲကို ဝင်လာတာကို ကျွန်တော် မသိလိုက်တာပေါ့။ ကျွန်တော် အံ့သြနေတဲ့ အချိန်ကလေးအတွင်းမှာပဲ ကောင်လေးဟာ ဂီတဆရာကို အတင်း ဖက်လှဲတကင်း လုပ်နေပြီ။ စကားတွေလည်း တတွတ်တွတ် ပြောနေတယ်။

"ကောင်းလိုက်တာ ဦးလေးရယ်။ ဒါမျိုးမှ အဖိုးတန်တာ။ ဒါမျိုးမှ တကယ့် အနစ်သာရ။ ကျွန်တော်တို့ ကြားချင်နေတာ ဒီလိုသီချင်းမျိုးပါ။ ကောင်းလိုက်တာ ဦးလေးရယ်"

ကောင်လေးက လှိုက်လှိုက်လှဲလှဲ ပြောတဲ့စကားတွေကို နားထောင်ပြီး ကျွန်တော် ဝမ်းသာသွားတယ်။ ဗီလင်တက်နေတဲ့ ဂီတဆရာလည်း ဝမ်းသာရှာမှာပဲ။ သူ့မျက်နှာကို ကျွန်တော် လှမ်းကြည့်တော့ ခံ့ညားတည်ငြိမ်တဲ့ အပြုံးနဲ့ ခပ်မြိန့်မြိန့် မျက်နှာပေးကို တွေ့ရတယ်။ ကိုယ့်လူ နည်းနည်းတော့ စိတ်ပြေရာ ရသွားရှာသားပဲလို့ ကျွန်တော် တွေးနေတုန်း ကောင်လေးက-

"ကျွန်တော် ဆိုင်ကယ် တွန်းလာရင်းနဲ့ နားထောင်လာတာ ဦးလေးရ။
အသံကလည်း ကောင်းလိုက်တာဗျာ။ ကျွန်တော် လေးစားပါတယ်။
ဂုဏ်ပြုပါတယ်။ သီချင်း ဆက်ဆိုပါဦးဗျာ"

"ကဲ ... ဆက်ဆို ပေးလိုက်ပါဗျာ"

လို့ ဆိုင်ရှင်ကလည်း ဝင်ပြောတယ်။ ကောင်လေးက လေးလေးစားစားပါပဲ
ယို့ယို့လေး ရပ်လို့။ ဂီတဆရာက ဟင်း ဟင်းလို့ လည်ချောင်း ရှင်းလိုက်တယ်။
သူ့ရဲ့ကိုယ်ဟန်က ခပ်မတ်မတ်နဲ့ စတိတ်ချ်ပေါ်မှာ သီချင်းဆိုနေတဲ့ ပုံမျိုး၊
ခဏကြာတော့ ခံ့ညားတည်ငြိမ်တဲ့ အသံက သန်းခေါင်ယံမှာ
ပေါ်ထွက်လာပါတော့တယ်။

"အခါတော်ရောက်ချိန် နီးလို့လာပေ။ ဒေါ်ဒေါ်မမ နမတို့ရေ အသည်းစွဲ
ချစ်မိတ်ဆွေ ခေတ္တခွဲလို့နေ။ မြို့မနဲ့ အတူတကွ လိုက်ပါနိုင်စေ။
အောင်စည်ယွန်းသံ ကြားရင်ဖြင့် ပြည်တော်ဝင်မယ်လေ။

မန္တလေးရွှေမြို့ ဒို့ရတနာပုံနေပြည် တင့်တယ်သာယာစည်ကား ဟိုတုန်း
အခါကလေ အဲဒါတွေ မတွေးကြနဲ့ ရှေ့ဆက်ခါ စီမံလေ။ မေ့မေ့ပျောက်ပျောက်
အောက်မေ့ကြပေ တိုက်တာအိမ်ခြေ စည်းစိမ်အထွေထွေ၊ လူကြံရင် ခံနိုင်ဘူး၊
အထူးပင် မှတ်ကြလေ။ အရင်လို ပျော်ပျော်ရွှင်ရွှင်နေ။ မြို့မအသင်းက
ပြောမယ်။ ဖြစ်ဟဲ့ဆို ဖြစ်ရမယ်ပ လောကီလူသား အားအင်တောင့်တင်းစေ။

အခါတော်ရောက်ချိန် နီးလို့လာပေ"

သီချင်းထဲမှာ အာရုံဝင်စားနေတဲ့ ကျွန်တော်တို့ အားလုံး လန့်သွားတယ်။ ကောင်လေးနှစ်ယောက် နှိုက်နေတဲ့ ဆိုင်ကယ်က ဂူးခနဲ စက်နိုးလာလို့ပဲ။ ဂီတဆရာလည်း အဆို ရပ်သွားတယ်။ ကောင်လေးက စက်နိုးသွားတဲ့ ဆိုင်ကယ်နဲ့ သူ့သူငယ်ချင်းနှစ်ယောက်ကို လှမ်းကြည့်ရင်း-

"အချိန်မရဘူး ဆရာရယ်။ အေးအေးဆေးဆေးမှ ကျွန်တော် နားထောင်ချင်ပါသေးတယ်။ အခုတော့ ဆရာ့ကို ကျွန်တော် တတ်နိုင်သမျှ ကန်တော့လိုက် ပါရစေ" လို့ပြောရင်း အိတ်ထောင်ထဲကို လက်နှိုက်လိုက်တယ်။ ကျွန်တော် လှိုက်ခနဲ ဝမ်းသာလိုက်တယ်။ ဂီတဆရာလည်း ဝမ်းသာရှာမှာပဲ။ ဆိုင်ရှင်ကလည်း ပါးစပ် အဟောင်းသားနဲ့ မော့ကြည့်လို့။ ဂီတဆရာရဲ့ မျက်နှာဟာ အဲဒီ အချိန်မှာ ထူးခြားစွာ အရောင်တွေ ထွက်ပြီး ခမ်းနားနေသလိုပဲ။ မျက်လုံးတွေလည်း စိုလက် တောက်ပလို့။ သူ့ရဲ့ဂီတ၊ သူ့ရဲ့ဘဝ အပေါ်မှာ နည်းနည်း ကျေနပ်အားရ ရှိသွားရှာမှာပဲ၊ နှစ်သိမ့်မှု ရသွားမှာပဲလို့ ကျွန်တော် ထင်တယ်။ ကောင်လေးရဲ့လက်ဟာ ဂျင်းအကျႌ အိတ်ထဲက ဗလာပြန်ထွက်လာတယ်။ ညာဘက်အိတ်၊ ဘယ်ဘက်အိတ် ဘာမှမပါဘူး။ အဲဒီ တစ်ခဏလေးကို ကျွန်တော်က အကြာကြီးလို့ ထင်နေတယ်။ ဟိုစမ်းဒီစမ်းနဲ့ ဘောင်းဘီအိတ်တွေကိုလည်း နှိုက်ရှာနေတယ်။ အဲဒီ အချိန်မှာ ဆိုင်ကယ်ပေါ်က အဖော် နှစ်ယောက်က တတီတီနဲ့ ဟွန်းသံပေးပြီး ခေါ်တယ်။ ကောင်လေးက လှမ်းကြည့်ပြီး "ဟ နေကြပါဦးဟ။ ဒီမှာ ငွေပိုက်ဆံအိတ် မတွေ့လို့ ရှာနေတာ။ ဘယ်ရောက်နေမှန်း မသိဘူး။ ငါ

ဆရာ့ကို ကန်တော့မလို့" လို့ ပြောတော့ ဆိုင်ကယ်ပေါ်က လူနှစ်ယောက်က ဝါးလုံးကွဲ ရယ်လိုက်ကြတာ။ ပြီးမှ တစ်ယောက်က …

"လုပ်မနေနဲ့ ပော့ကောင်၊ စွဲနေပြီက မင်းကောင်မလေး သက်ထားကို မင်း ဆုချခဲ့တာ သုံးသောင်းစလုံး ကုန်သွားတာ မေ့နေပြီလား။ ငါတို့မှာပါတဲ့ ငါးသောင်းလည်း ကုန်သွားလို့ အခုမှ သန်းခေါင်ကျော် ရှိသေးတာ အိမ်မှာ ပိုက်ဆံ ပြန်ယူပြီး ထပ်ကဲကြမယ် ဆိုပြီး မင်း ပိုက်ဆံအိတ်ပါ လွှင့်ပစ်ခဲ့တာလေ။ မေ့နေပြီလား။ လာပါကွာ ရစ်မနေနဲ့။ မြန်မြန်လာ အချိန်မရှိဘူး။ နေ့လယ်က ကားအရောင်းအဝယ် တည့်ထားတဲ့ ငွေနှစ်သိန်း ပြန်ယူမယ်၊ မြန်မြန်လာ"

ကောင်လေး မျက်နှာဟာ အရမ်း အားနာသွားတဲ့ ပုံပဲ။ ဂီတဆရာကို ဖက်လိုက်တယ်။ ကျောကိုပုတ်ပြီး အလွန်နူးညံ့တဲ့ လေသံနဲ့ ပြောတယ်။

"ဟုတ်တာပေါ့ ဆရာရယ်။ အားနာလိုက်တာ။ ပိုက်ဆံ ကုန်သွားတာ ကျွန်တော် မေ့သွားတယ်။ နောက်များမှပဲ ကြုံရင် ကန်တော့ တော့မယ် ဆရာရယ်။ ကျွန်တော်တို့ ကြုံဦးမှာပေါ့။ ဟုတ်တယ် မဟုတ်လား။ ကျွန်တော် သွားတော့မယ်နော်။ ခွင့်ပြုပါဦး ဆရာရယ်"

ပြောပြောဆိုဆိုနဲ့ ကောင်လေးက ဆိုင်ကယ်ဆီကို ပြေးသွားပြီး ခွထိုင်လိုက်တယ် ဆိုရင်ပဲ ပြင်းထန်တဲ့ စက်သံကို ပြုလို့ ဆိုင်ကယ်ဟာ

အလွန်လျင်မြန်တဲ့ အရှိန် နဲ့ မောင်းထွက်သွားတော့တယ်။

ဆိုင်ကယ်ဘီးတွေဟာ ကျွန်တော့်ရဲ့အသည်းနှလုံးတွေ၊ မျှော်လင့်ချက်တွေကို စိစိညက်ညက် နင်းခြေသွားကြတယ်။ ဂီတဆရာရဲ့ မျက်နှာကို ကျွန်တော် မကြည့်ရဲဘူး။ ဆိုင်ရှင်ကလည်း တိတ်ဆိတ်စွာ ကွမ်းယာနေတဲ့ သူ့အလုပ်ကိုပဲ သူ ဆက်လုပ်နေတယ်။ ပတ်ဝန်းကျင် တစ်ခုလုံးကလည်း တိတ်ဆိတ်နေတာ အပ်ကျသံတောင် ကြားရမလိုပဲ။ ဂီတဆရာဆီက နှာခေါင်းလေမှုတ်သံလိုလို၊ ရှိုက်သံလိုလို တစ်ချက် ထွက်လာတယ်။ ဟင်း ... ဟင်း ဆိုပြီး ရယ်သံလိုလို၊ ငိုသံလိုလို အသံတစ်ချက် ပြုပြီး ဆိုင်ထဲက ဘာမပြော ညာမပြောနဲ့ ကမူးရှူးထိုး ထွက်ခွာသွားတော့တယ်။ လမ်းမကြီးအတိုင်း မြောက်ဘက်ကို ဒယိမ်းဒယိုင် လျှောက်သွားတာကို ပါးစပ် အဟောင်းသား ဟပြီး ကျွန်တော် ငေးကြည့်နေမိတယ်။

မာကျူရီ မီးရောင်အောက်မှာ တဖြည်းဖြည်း ဝေးကွာသွားတဲ့ ဂီတဆရာကို နောက်ဆုံး အစက်အပြောက်ကလေး ဖြစ်ပြီး ပျောက်ကွယ် သွားလုလု အချိန်ကျမှ-

"ဒီလူ ဘယ်ကို သွားတာလဲ မသိဘူး။ သူ့အိမ်က တောင်ဘက်ကို ပြန်ရမှာ"

စကားနည်းလွန်းတဲ့ ဆိုင်ရှင်ရဲ့ ဆွေးဆွေးမြည့်မြည့် မှတ်ချက်ဟာ ကျွန်တော့် ရင်ထဲကို ကျဉ်ခနဲ ဖြစ်သွားစေတယ်။ မျှော်လင့်ချက်တွေ ဝေဝါးကုန်ဆုံးနေတဲ့

သူဟာ ခြေဦးတည့်ရာ ဘယ်ကိုများ သွားမှာပါလိမ့်။ ကျွန်တော် မတွေးတတ်ပါဘူး။ ခပ်ဝေးဝေးက နာရီပြန် တစ်ချက်ထိုးတဲ့ သံချောင်းခေါက်သံ ဒေါင်ခနဲ ကြားရတယ်။

အင်း ... ကျွန်တော်လည်း အိမ်ပြန်ဖို့ အချိန်တန်ပြီ။ ကျွန်တော် အုတ်ခုံပေါ်က ထလိုက်တယ်။ သွားတော့မယ်ဗျာလို့ ဆိုင်ရှင်ကို နှုတ်ဆက်တယ်။ စက်ဘီးပေါ်ကို တက်နင်းပြီး ထွက်လာခဲ့တယ်။ ဦးခေါင်းပေါ်မှာ မွန်းတည့်နေတဲ့ လမင်းကြီးက တရိပ်ရိပ်နဲ့ လိုက်ပါလာတယ်။

မကြာသေးခင် အချိန်က ကပြခဲ့တဲ့ ပရမ်းပတာ ပြဇာတ်တစ်ပုဒ် သူ့မျက်စိ အောက်မှာပဲ ပြီးဆုံးသွားခဲ့တာ သူကတော့ သိပုံမပေါ်ဘူး။

ကျွန်တော် စက်ဘီး နင်းရင်းနဲ့ ဂီတဆရာ ဆိုသွားတဲ့ သီချင်းလေးတစ်ပိုဒ် ပါးစပ်ထဲကို ရောက်လာတယ်။

"အခါတော်ရောက်ချိန် နီးလို့လာပေ။

အခါတော်ရောက်ချိန် နီးလို့လာပေ" တဲ့။

---------------------

**ယဉ်ယဉ်နု (မန္တလေး)**

**ရွှေအမြုတေ၊ ဇွန်လ၊ ၂၀၀၁။**

====

# မျက်နှာပူတတ်တဲ့သူ

"ရေကားတွေ လာပြီဟေ့ ဆိုတာ ဘယ်သူက စအော်လိုက်တယ် မသိဘူး။ တစ်ယောက်ပြီး တစ်ယောက်၊ တစ်အိမ်ပြီး တစ်အိမ် လက်ဆင့်ကမ်း အော်ကြတော့တာ စံပယ်ခြံ အနောက်ခြမ်း ရေဝင်ရပ်ကွက် တစ်ခုလုံး ဆူညံသွားတာပဲ။ အော်သံ၊ ဟစ်သံတွေကြောင့် မောင်ချစ် အိပ်ရာကနေ အိပ်မှုန်စုံမွှားနဲ့ နိုးလာတယ်။ အမေဖြစ်တဲ့ အဘွားမိက ဟဲ့ မောင်ချစ် ထစမ်း၊ သောက်ရေ မရှိဘူး။ ရေသွားသယ်စမ်း ဆိုပြီး အော်နိုး၊ လှုပ်နိုးတာလည်း ပါတာပေါ့။ ညက ကာလသားခေါင်း ကိုမိုးကြီးတို့နဲ့ နည်းနည်း များသွားလို့ မောင်ချစ် တုန်းတင်းသရော အိပ်ပျော် သွားတာလည်း ပါတယ်။ အမေနှိုးလို့ မထချင် ထချင် ထထိုင်လိုက်တဲ့ အချိန်မှာ တစ်ရပ်ကွက်လုံးလောက် နီးနီး အိမ်ရှေ့လမ်းမှာ ရေအိုးတွေ၊ ရေပုံးတွေ၊ ရေခွက်တွေ သယ်ပြီး ရေကား ရှိရာကိုပဲ ရေတွေကို ဖြတ်ပြီး တဝုန်းဝုန်း သွားနေကြတာ တွေ့ရတယ်။ ကလေး၊ လူကြီး၊ မိန်းမ (အ)စုံပဲ။

မောင်ချစ်တို့ မြို့မှာ မိုးတွေက ရွာ၊ ရေတွေက ကြီး၊ ကန်ရေ၊ အင်းရေတွေက မြင့်တက်တော့ အင်းနဲ့ ဆက်နေတဲ့ စံပယ်ခြံ အနောက်ခြမ်းက ရေမြုပ်တော့တာပေါ့။ တချို့ အိမ်ပုလေးတွေ ဆိုရင် ကြမ်းပါ မြုပ်လို့ ခုတင်ပေါ်၊

စင်ပေါ် တက်နေကြရတာ။ ဒီတစ်ခါ ရေက တအားကြီးတော့ ခါးစောင်းလောက် အထိ တက်လာတာနဲ့ အိုးတွေ၊ ခွက်တွေ၊ ရေတိုင်ကီတွေ အကုန်မြုပ်လို့ မောင်ချစ်တို့မှာ သောက်စရာ၊ ထမင်းချက်စရာ ရေမရှိတဲ့ အဖြစ်တောင် ရောက်တယ်။ မောင်ချစ် ခါးထောက်ပြီး အိမ်ကပြင်ကနေ အခြေအနေကို ထွက်ကြည့်တယ်။ မောင်ချစ်တို့ လမ်းသွယ်လေး ထိပ်မှာ လိုက်ထရပ် ကားတစ်စီး ရပ်ထားတယ်။ ပုလဲဆရာတော် ဘဒ္ဒန္တပညာဝံသ မိုးကုတ်ရိပ်သာကျောင်း၊ ဇနပဒ ရေအလှူတော် ဆိုတဲ့ ဗီနိုင်းကို ကားဘေးမှာ ကပ်ထားတယ်။ ဘုန်းတော်ကြီး တစ်ပါးနဲ့ ရပ်ကွက်လူကြီးတွေက ကြီးကြပ်ပြီး နစ်ဆယ် လီတာဝင် ရေဘူးကြီးတွေနဲ့ ထည့်လာတဲ့ ရေသန့်တွေကို ရပ်ကွက်သားတွေ ယူလာတဲ့ ပုံးတွေ၊ ခွက်တွေထဲ သွန်ထည့် ပေးနေတာ အုန်းအုန်းကျွက်လို့၊ ဟင် ဒီလိုတော့ ရမလား၊ မောင်ချစ်လည်း အညှံ့မခံ ရေယူရမှာပေ့ါ ဆိုတဲ့စိတ်နဲ့ သောက်ရေ အမေ ထည့်ထည့်နေတဲ့ ပုံးလေးယူပြီး ကားဆီ ထွက်ခဲ့တယ်။

"ဟဲ့ မောင်ချစ်၊ အရမ်း မတိုးနဲ့လေ။ နင်က နောက်မှ ရောက်တာ

"အိုဗျာ။ အိမ်မှာ သောက်စရာ မရှိဘူးဗျ

ရေသွန်ထည့်နေတဲ့ ရပ်ကွက်လူကြီးက လှည့်ကြည့်တယ်။

"အဘွားမိ သားပါလား။ မင်းပုံးက သေးလိုက်တာ။ ရေအိုးထဲ ပြန်သွန်ကွာ၊ နောက်တစ်ခေါက် ထပ်လာယူ

"ဟုတ်ကဲ့

ရေကားနဲ့ အိမ်ကလည်း နီးနီးလေး ဆိုတော့ မောင်ချစ် ပြေးပြေးပြီး ရေသယ်တာ၊ ဘယ်နှစ်ခေါက်လည်း မမှတ်မိဘူး။ သောက်ရေအိုး လျှံသွားတော့ ဘေးက အဝတ်လျှော် ဒန်ဇလုံ အကြီးကြီးထဲ ရေသန့်တွေ တဝေါဝေါ သွန်ထည့်နေတော့ အမေက မနေနိုင်တော့ဘူး။

"ဟဲ့ မောင်ချစ်၊ သောက်ရေအိုး ပြည့်ပြီ မဟုတ်လား။ တော်တော့လေ။ သူများတွေ ယူပါစေဦး

"အိုဗျာ။ သူများတွေလည်း ဒီလို သယ်တာပဲ။ ရတုန်း ယူထားရတာ။ ချိုးရေ ဇလုံပြည့်တော့ အမေ ချိုးပစ်လိုက်ပေါ့

"ဟဲ့။ မတရားသဖြင့် မလုပ်ရဘူး။ သူများတွေက သောက်စရာရေ လာလှူကြတာ

"ဟိုးဘက်က ရင်ခေါင်းလောက် ရေနစ်နေတဲ့ လူတွေက လာမယူနိုင်ဘူး အမေရဲ့။ ရေတွေက အများကြီး၊ ရသလောက် သယ်မှပေါ့

မောင်ချစ် နောက်တစ်ခေါက် ပြေးဆင်းသွား ပြန်တယ်။ အမေက ခေါင်းခါပြီး ကျန်ခဲ့တယ်။

နေ့လယ်ပိုင်းမှာ တစ်ခါ ချမ်းမြသုခ လူမှုရေး ကူညီရေး အသင်းက ရေသန့် တစ်လီတာဘူးတွေ၊ ကတ်လိုက် လာလှူပြန်ရော။ ဒီတစ်ခါ လုပ်အားပေး အနေနဲ့ ကာလသားခေါင်း ကိုမိုးကြီးတို့၊ ကျော်ဇင်တို့၊ ဝင်းသန့်တို့ ပါလာတာနဲ့ မောင်ချစ်လည်း တပျော်တပါး ဝင်ပြီး လုပ်အားပေး ဖြစ်တယ်။ ချမ်းမြသုခ အလှူကားကလည်း မောင်ချစ်တို့ အိမ်နားမှာပဲ ရပ်တော့ ရေသန့်ကတ်တွေ သယ်ရင်းနဲ့ အိမ်ရှေ့က ထွက်ကြည့်နေတဲ့ အမေ့ကို ရော့ တစ်ဘူး၊ ရော့ တစ်ဘူး ဆိုပြီး တစ်ခေါက်တစ်ဘူး ပေးခဲ့တာ အမေက စိတ်ဆိုးပြီး အိမ်ထဲ ဝင်သွားတော့ ကပြင်ကနေ မောင်ချစ် တစ်ခေါက်တစ်ဘူး ပစ်တင်ခဲ့တယ်။ ရေသန့်ကား ပြန်သွားတော့ သူ့မှာ ခုနစ်ဘူး၊ ရှစ်ဘူးလောက် ရလိုက်လို့ ပျော်လို့။ ဟုတ်တယ် လှူတဲ့သူက ယူပါ၊ ယူပါ ပေးနေမှတော့ ကိုယ်လည်း လည်သလို ယူရမှာပေ့ါ။ နောက်နေ့ လာမပေးရင် ဘာနဲ့ ရေသောက် ရမှာတုံး။ မိုးရွာတုန်း ရေခံဆိုတဲ့ စကားပုံ ရှိတယ် မဟုတ်လားလို့။

ညနေကျတော့ ထမင်းထုပ်ဝေတဲ့ ကားတွေ ရောက်လာပြန်တယ်။ သဘာဝ အန္တရာယ် ကျရောက်ပြီး ရေဘေးဒုက္ခ ရောက်နေတော့ ဒီရပ်ကွက်ဖြစ်ရင် ဟိုရပ်ကွက်က ကူ၊ ဟိုရပ်ကွက်ဖြစ်ရင် ဒီရပ်ကွက်က ကူနေကျ ထုံးစံလေ။ ထမင်းထုပ်တွေ၊ လိုက်ဝေနေပြီ ဆိုတော့ မောင်ချစ်က အိမ်ထဲမှာ။ ထမင်းထုပ်တွေ ကိုင်ထားတဲ့ အလှူရှင်တွေက အမေ့ကို ဒီအိမ်က အိမ်သား ဘယ်နှစ်ယောက်ပါလဲလို့ မေးနေသံ ကြားတယ်။ အမေက နှစ်ယောက်လို့ ဖြေသံကြားတယ်။ ခဏနေတော့ အမေရဲ့ထမင်းထုပ်ဝေတဲ့ အလှူရှင်တွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ ဆိုတဲ့ ဆုတောင်းသံ ကြားရပြီး အမေ နောက်ဖေးချောင် ဝင်သွားတော့ မောင်ချစ် လှစ်ခနဲ အပြင်ထွက် သွားတယ်။ ရေဒူးဆစ်လောက် ရှိတဲ့ လမ်းပေါ်မှာ ထမင်းထုပ်တောင်း သယ်လာတဲ့ လူတွေ

တစ်သုတ်ပြီး တစ်သုတ် လာနေကြတယ်။ ညီအစ်ကို မသိတသိ၊ မိုးမိုး မှောင်မှောင် အချိန်မှာ မောင်ချစ်က ထမင်းထုပ်တောင်းနား တည်တည်ငြိမ်ငြိမ် ကပ်သွားပြီး

“အစ်မကြီး ကျွန်တော်တို့အိမ် ထမင်းထုပ် မရသေးလို့ ခင်ဗျ။ အဲဒါ ပေးပါဦး

“ဪ၊ အင်း ရှင်တို့အိမ် ဘယ်နှစ်ယောက်လဲ

“သုံးယောက် ခင်ဗျ

“ရော့၊ ရော့ သုံးထုပ်

မောင်ချစ် လွတ်ပျော်သွားတယ်။ ထမင်းထုပ် သုံးထုပ် ဆွဲပြီး အိမ်ပြန်လာတယ်။ အိမ်မှာ အမေက ဝေသွားတဲ့ ထမင်းထုပ်ကို ဖြေပြီး မောင်ချစ်ကို စောင့်နေတယ်။

“ဟဲ့ သား၊ ဒီမှာ ရပြီးသား

“ထပ်ပေးလို့ ယူလာခဲ့တာ အမေရေ။ ဟာ ကြက်သားဟင်းတွေဗျ။ ပွတာပဲ။ ဒီညတော့ ထမင်းစား ကောင်းပြီးဗျို့

ထမင်းထုပ် သုံးထုပ်ထဲက ကြက်သားတွေချည်း ရွေးနှိုက်စားပြီး ထမင်းတွေကို နောက်ဖေးက ရေတွေထဲ ပက်ခနဲ လွှင့်ပစ်လိုက်တဲ့ မောင်ချစ်ကို အမေက

မျက်နှာထားနဲ့ ကြည့်နေလို့ မောင်ချစ် အမြန် အိပ်ရာထဲ ဝင်လိုက်ရတယ်။

နောက်တစ်နေ့ မနက်ကျတော့ မောင်ချစ်ကို ကာလသားခေါင်း ကိုမိုးကြီးတို့၊ ကျော်ဇင်တို့၊ ဝင်းသန့်တို့က တစ်ပြုံကြီး လာခေါ်ကြတယ်။ ဘာကိစ္စလဲလို့ မောင်ချစ် မေးကြည့်တော့ ခါးလောက်ထိ နစ်နေတဲ့ ရပ်ကွက် အစွန်းပိုင်းက အိမ်တစ်ရာလောက် အတွက် ထမင်းထုပ် လေးရာလောက် ဓမ္မာရုံမှာ စုချက်ပြီး မနေ့ညကလို ဝေကြမှာတဲ့။ ရေနည်းနည်းပဲ နစ်တဲ့ မောင်ချစ်တို့ အပိုင်းတော့ မပါဘူး။ ဒါကြောင့် ကာလသားတွေ စုခေါ်ပြီး ထမင်းချက် ကြရမှာ။

“ဘာဟင်းတွေနဲ့တုံး

“ကြက်သား၊ ငါးပိကြော်၊ သရက်ချဉ်နဲ့တဲ့။ ရပ်ကွက်ထဲက ကျောက်ကုန်သည် တစ်ယောက်က စေတနာပေါက်ပြီး ငွေထုတ်ပေးတာ။ တို့က ထမင်းချက်ရမှာ

“ထမင်းချက်တာက ဟုတ်ပါပြီ။ ငါတို့သောက်ဖို့၊ ထုံးစံအတိုင်းပဲလား ဟော့ကောင်တွေ

“မင်းကလည်းကွာ၊ ပူမနေစမ်းပါနဲ့။ ပေးတော့လည်း ပေးပေါ့။ မပေးတော့လည်း ထုံးစံအတိုင်းပေါ့

ကာလသားတွေ၊ စကား တပြောပြောနဲ့ ဓမ္မာရုံ ရောက်လာတယ်။ ဓမ္မာရုံမှာ ကြက်သွန်လှီးတဲ့၊ ငရုတ်သီးထောင်းတဲ့ ကောင်မလေးတွေနဲ့ ရှုပ်နေတယ်။ ကိုမိုးကြီးက နေကလည်း ပူလိုက်တာကွာ ဆိုပြီး ကြက်သားအိုးကို အရိပ်ရတဲ့

ဓမ္မာရုံနဲ့ မျက်နှာချင်းဆိုင်က ဦးတင့်ဆွေအိမ်ဘက် ကူးခဲ့ကြတယ်။ ဦးတင့်ဆွေအိမ်က မန်ကျည်းပင်ရိပ်ကြီးနဲ့ အေးတယ်လေ။ ဦးတင့်ဆွေအိမ်မှာ ကြက်သားတွေ ရေဆေးရင်းနဲ့ ကိုမိုးကြီးက ဟန်း(မ)ဖုန်း ခါးချိတ်ပြီး ဓမ္မာရုံရှေ့မှာ ရပ်ကွက်လူကြီးတွေနဲ့ စကားပြောနေတဲ့ အလှူရှင်ကို စောင့်ကြည့်ရင်း

"ကိုကြီးတင့်ဆွေ၊ အိုးတစ်လုံး ပေးဗျ  လို့ လှမ်းတောင်းတယ်။ အိုး ရောက်လာတော့ ရေဆေးနေတဲ့ထဲက ကြက်သား တစ်ပိဿာလောက်ကို အိုးထဲကို ခွဲထည့်လိုက်ပြီး ဦးတင့်ဆွေက နောက်ဖေးကို ယူသွားတယ်။ ကိုမိုးကြီးက

"အလှူရှင်က တို့ဖို့ စဉ်းစားပေးမယ့်ပုံ မပေါ်ဘူးကွ။ စောစောစီးစီး ယူထားရမယ်။ ဦးတင့်ဆွေက ကိုယ့်လူကွ။ ငါ ဒါကြောင့် ဒီဘက် ရွှေ့လာတာ

"ဒါပေါ့ဗျ။ ကျုပ်တို့က ရပ်ရေးရွာရေး လုံခြုံရေး ကိစ္စတွေ အကုန် တာဝန်ယူထားတဲ့ ကာလသားတွေပဲ။ အခုလည်း ကျုပ်တို့ မချက်လို့ ဘယ်သူ ချက်မှာတုံး။ ဒါတော့ ယူရမှာပေါ့ဗျာ

"ကဲ မီးမွှေးပြီပော့။ အရက် ဘယ်သူ သွားဝယ်မှာတုန်း။ တစ်ယောက်က ဦးတင့်ဆွေတို့ မီးဖိုမှာ ကြက် သွားကြော်

ဒီလိုနဲ့ ထမင်း တစ်အိုးပြီး တစ်အိုး ချက်ကြတယ်။ ကြက်သားဟင်း ချက်ကြတယ်။ ဦးတင့်ဆွေ အိမ်ထဲ ဝင်လိုက်၊ ထွက်လိုက်နဲ့ အရက်နဲ့

ကြက်ကြော် မြည်းကြတယ်။ တောင်းထဲမှာ ဖက်တွေခံပြီး ထမင်းတွေ လောင်းထည့်၊ အအေးခံ၊ ထမင်းထုပ် ထည့်တဲ့ အလုပ်ကို ရပ်ကွက်ထဲက ကာလသား၊ ကာလသမီးတွေ စုပေါင်းပြီး လက်သွက်သွက်နဲ့ လုပ်လိုက်ကြတာ။ ညနေ လေးနာရီ ခွဲပြီးမှ ထမင်းထုပ်တွေ အားလုံး ပြီးသွားတယ်။

"ကဲဟေ့၊ ကဲဟေ့ ထမင်းထုပ်တောင်းတွေ ကားပေါ်တင်ဟေ့၊ ကောင်မလေးတွေ၊ ကောင်လေးတွေ အကုန်တက် ကားသုံးစီးပေါ် မျှတက်၊ အကုန်လိုက်ပြီး ဝေရမှာ

ရပ်ကွက်လူကြီးရဲ့ ဆော်သြသံ အဆုံးမှာ မောင်ချစ်က ထမင်းထုပ် တောင်းထဲက ထမင်းထုပ် ခုနစ်ထုပ်ကို လက်မြန်၊ ခြေမြန် နှိုက်ယူပြီး ဦးတင့်ဆွေအိမ် နောက်ဖေးကို ဝင်သွားတယ်။ ကိုမိုးကြီးက အလှူရှင်နား ကပ်သွားပြီး

"ဆရာ၊ ကျွန်တော်တို့ ထမင်း မစားရသေးဘူး ခင်ဗျ။ အဲဒါ ထမင်းထုပ်လေး ပေးပါဦး

"ယူထားလေ။ လုံလောက်အောင် ယူ

ကိုမိုးကြီးကလည်း ထမင်းထုပ် ခုနစ်ထုပ် ထပ်ယူပြီး ဦးတင့်ဆွေအိမ် နောက်ဖေးကိုပဲ ဝင်သွားပြန်ရော။ ဟိုရောက်တော့ ထမင်းထုပ်တွေ ဘယ်နား

ချရမှန်း မသိတဲ့ မောင်ချစ်နဲ့ ဆုံကြတယ်။ နောက်ဆုံး ထမင်းစားပွဲပေါ် တင်ပြီး အုပ်ဆောင်းနဲ့ အုပ်ထားခဲ့ကြတယ်။

“ခွေးများ စားမလား၊ စိုးရိမ်ရတယ်ဗျာ

“ရပါတယ်ဗျာ။ အုပ်ဆောင်းနဲ့ အုပ်ထားခဲ့တာပဲ။ မစားနိုင်ပါဘူး

သူတို့ ထွက်တော့မယ့် ကားပေါ် ပြေးတက်ပြီး ထမင်းထုပ် ဝေဖို့ လိုက်သွားကြတယ်။ ဝေရမယ့်နေရာ ရောက်တော့ ခါးလောက်နစ်တဲ့ ရေထဲကို ဆင်းပြီး အိမ်လေးတွေထဲ အထိ ဝင်ပြီး ဝေကြတယ်။ တဖြည်းဖြည်းနဲ့ မောင်ချစ်တို့ ရပ်ကွက် အဆုံးနားကို ရောက်လာတယ်။ ရှေ့မှာ အင်းရေပြင်ကြီးပဲ ရှိတော့တာ။ ဒီလမ်းသွယ်လေး နောက်ဆုံးပဲ။ လမ်းသွယ်လေးက အိမ်လေး ခုနစ်အိမ်လောက် ရှိတယ်။ မောင်ချစ်တို့ ကိုင်ထားတဲ့ (တောင်းထဲမှာ) ထမင်းထုပ်က ဆယ်ထုပ်လောက်ပဲ ကျန်တော့တယ်။ လမ်းသွယ်လေး ထိပ်က အိမ်ရှေ့ကပြင်မှာ အမျိုးသမီး တစ်ယောက်နဲ့ ကလေးနစ်ယောက် ငုတ်တုတ်ကလေးတွေ ထိုင်ပြီး မောင်ချစ်တို့ကို ငေးကြည့်နေကြတယ်။ အိမ်ပေါ်မှာလည်း နောက်ထပ်လူရိပ် မမြင်တော့ မောင်ချစ်က  သုံးထုပ်ပေ့  လို့ အော်လိုက်တာနဲ့ ကိုမိုးကြီးက ထမင်းထုပ် သုံးထုပ် နှိုက်ပြီး အမျိုးသမီးကို ပေးလိုက်တယ်။ အမျိုးသမီးက လှမ်းမယူဘဲနဲ့  တစ်ထုပ်တည်းပဲ ပေးပါရှင်။ ကျွန်မတို့ သားမိတစ်တွေ မျှစားရင် လောက်ပါတယ်။ ရှင်တို့မှာ ထမင်းထုပ် နည်းနေပြီ။ ဟိုဘက်က အိမ်ကလေးတွေကို ရောက်အောင် ဝေပေးပါနော်။ သူတို့ တစ်နေ့လုံး ဘာမှ မစားကြရသေးလို့ပါ

အားလုံး ကြက်သေသေပြီး ငြိမ်သက် သွားကြတယ်။ အမျိုးသမီးက ထမင်း တစ်ထုပ်တည်း လှမ်းယူသွားပြီး အိမ်ပေါ် တက်သွားတယ်။

ကလေးတွေကလည်း တိတ်တိတ်ဆိတ်ဆိတ် ဝင်သွားကြတယ်။ ကိုမိုးတို့ ဆက်သွားကြပေမဲ့ မောင်ချစ် နေရာက မရွေ့ဘူး။ သူ့မျက်စိထဲမှာ သူ ပက်ခနဲ သွန်ပစ်လိုက်တဲ့ ထမင်းထုပ်တွေရယ်၊ ဦးတင့်ဆွေ အိမ်မှာ ထိုးကြိတ် ထားပစ်ခဲ့ရတဲ့ ထမင်းထုပ်တွေရယ်ကို မြင်နေတယ်။ မျက်နှာတွေလည်း တရှိန်းရှိန်း ပူလာတယ် ထင်ရတယ်။ မျက်နှာကနေ အပူရှိန်က တဖြည်းဖြည်း အောက်ကို ဆင်းပြီး ခါးထိနေတဲ့ ရေတွေတောင် တပွက်ပွက် ဆူလာမလားလို့ ထင်ရလောက်တဲ့ အထိ အပူရှိန်က ပြင်းထန်နေတယ်။ တဖြည်းဖြည်း မှောင်စပျိုးလာပြီ၊ နေကလည်း ဝင်တော့မယ်။ ဘာပဲ ဖြစ်ဖြစ်လေ၊ မောင်ချစ်က မျက်နှာတော့ ပူတတ်ပါသေးတယ်။

------------------------

**ယဉ်ယဉ်န (မန္တလေး)**

**ရွှေအမြုတေ၊ ဇွန်လ၊ ၂၀၁၂။**

## ရတနာပုံရိပ် အောက်ဝယ်

-------------------------------------------------------

"တက္ကသိုလ်၊ တက္ကသိုလ်၊ ရတနာပုံ တက္ကသိုလ်  ဆိုတဲ့ သံချပ်သံလိုလို အသံကြီး ဟိန်းထွက်နေတဲ့ လူလုံးခဲကြီးနဲ့ တူတဲ့ ရတနာပုံ တက္ကသိုလ် သွားမယ့် အမှတ်(၈) လိုင်းကား ဘုရားကြီး အနောက်မုခ်ကို ရပ်ရင် လွှင်မာတို့

တဘီတိုတို ပြင်ဝတ်ရင်း ကားပေါ်တက်ဖို့ မျက်ကလဲဆန်ပျာ နေရာရှာ နေရပြီ။ ဒီနေရာကို ရောက်ရင် ကားနောက်ခုံမှာ ရှိတဲ့ လူသုံးဆယ်လောက်ကို အတင်းဖယ်ခိုင်းပြီး ကားပေါ်တက်ဖို့ ကြိုးစားရတာ၊ ခေါင်မိုးပေါ်က ဒုန်းဒုန်းနဲ့ စည်းချက်လိုက်နေတဲ့ အသံတွေကိုလည်း ပုံမှန် ကြားနေရတာ။ ခြေထောက်တစ်ဖက် နင်းသာရင် အတင်းတိုးဝှေ့ပြီး ကားပေါ် တက်သွားလို့ကတော့ ဒီနေ့အဖို့ ကျောင်းရောက်ဖို့ သေချာသွားပြီပေါ့။ ခေါင်းကလေးငုံ့ပြီး ကားပေါ် တက်လိုက်ခါ ရှိသေး၊ လက်ဖဝါး တစ်ဖက်က ဖြန့်လျက်သား မျက်နှာနား ရောက်လာပြီး

"ဟီးဟီး၊ နေကြာစေ့လှော် စားပါဦး" ဆိုတဲ့ အသံကြီးကို အနီးကပ် ကြားလိုက်ရတယ်။ လွင်မာ စိတ်ဆိုးလိုက်တာလေ။ ထိုင်စရာမရှိ၊ ဘာမရှိ ကားပေါ်မှာ ကန်းကုန်းကွကွကြီး ဖြစ်နေတဲ့ ကြားထဲကို လာပြီး နေကြာစေ့လှော် ကျွေးနေတာ ဘယ်လိုလုပ် စားရမှာတုန်း၊ မျက်နှာကို ကြည့်လိုက်တော့ လွင်မာ ဖျားသွားတယ်။ စပ်ဖြဲဖြဲ ရယ်ကျဲကျဲနှင့် တခိခိ ဖြစ်နေတဲ့ မျက်ခုံးနက်နက်၊ အသားဖြူဖြူ ဆံပင်ကေထောင်ထောင် ကလေးနဲ့ ရှမ်းကလေးနဲ့တူတဲ့ ကောင်ကလေးက ချောလိုက်တာဟယ်လို့ အသိအမှတ် ပြုရအောင်ကို ရုပ်ကာက ခံ့ညားနေတယ်။ သူ့ဘေးက သူ့လိုပဲ အသားဖြူဖြူ ကောင်လေး နှစ်ယောက်ကလည်း ပေစောင်းစောင်းနဲ့ ကြည့်လို့။ နေကြာစေ့လှော် ကျွေးတဲ့ ကောင်လေးက ...

"အပေါင်းအသင်းရေ၊ မိန်းကလေး လုပ်နေပြီး နေရာ မရတာ ကြည့်မကောင်းဘူးကွဲ့၊ အဲဒီတော့ ငါ မတ်တတ်ရပ်မယ်" ဆိုပြီး ပြုန်းစားကြီး

ကားပေါ်က ဆင်းသွားပါလေရော။ သူ့ဘေးက ကောင်လေးက ထိုင်ထိုင်ဆိုလို့ လွင်မာ နေရာရသွားတာ။ သူ့ကို ကောင်းကောင်း မှတ်မိသွားတယ်။ ကျောင်းထဲကျမှ ဘယ်မေဂျာကလဲ ဆိုတာ ရှာရဦးမယ်လို့ စဉ်းစားထားတဲ့ လွင်မာ့ခမျာ ရေရေလည်လည် မှားပြီ၊ ငါမှားပြီလို့ ညည်းမိအောင်ကို အဖြစ်အပျက်တွေက ဆက်တိုက် ဖြစ်ပေးလာခဲ့တော့တာ။

ဒုတိယမြောက်နေ့မှာ လွင်မာ ကျောင်းနောက်ကျတယ်။ ခင်ခင်တို့၊ သူဇာတို့ စောင့်နေကြတော့မှာပဲ ဆိုပြီး ဖိနပ်ခုံထူကြီး တခွပ်ခွပ်၊ ထော့နဲ့ ထော့နဲ့ လူရှင်းနေတဲ့ ကော်ရစ်ဒါကို ဖြတ်ပြီး အတန်းဘက်ကို လွင်မာ လျှောက်လာတယ်။ လွင်မာနဲ့ တည့်တည့် စာသင်ခန်းက ဆန်ကာတံခါး ပိတ်ပြီး လူတစ်ယောက်မှ မရှိဘူး။ အဲဒီ အခန်းရှေ့ တည့်တည့်ကို လွင်မာ ရောက်တော့မှ ဘယ်သူမှ မရှိတာ မဟုတ်ဘဲ ကျောင်းသားသုံးယောက် တံခါး ဟိုဘက်မှာ ထိုင်နေကြတာကို တွေ့တယ်။ လွင်မာ့ကိုလည်း တွေ့ရော သူတို့က ပြိုင်တူ ဝုန်းခနဲထပြီး တံခါးဆီ ပြေးလာကြလို့ လွင်မာ လန့်သွားတယ်။

တံခါးကို ကိုင်ပြီး အသည်းအသန် မျက်ကလဲဆန်ပျာ ဟိုရှာ၊ သည်ရှာ လုပ်နေလို့ လွင်မာတောင် စိတ်ပူလာပြီး ဘာကူညီ လိုတာလဲလို့ မေးမိတော့မလို ရှိသေး။ တစ်ယောက်က တဟိဟိနဲ့ ရယ်ပြီး "ရှာမနေပါနဲ့တော့ကွာ။ ဒီနေ့လည်း မင်းမိန်းမ ထောင်ဝင်စာ လာမတွေ့ပါဘူး လို့ အကြောင်းရိုက် လိုက်တော့ လွင်မာ စိတ်ဆိုးလိုက်တာလေ၊ ဒါပေမယ့် တခိခိ ရယ်နေတဲ့ မျက်လုံး နက်နက်ကလေးက လွင်မာ့ စိတ်ထဲမှာ စွဲထင်ပြီး ပါလာတာပေါ့။ ကံအကြောင်းတရားပဲလို့ ပြောရမလား။ မျက်ခုံး

နက်နက်ကလေးရဲ့ သူငယ်ချင်း နှစ်ယောက်က လွင်မာနဲ့ တစ်ခန်းတည်းလေ။ သူလည်း အတူတူ နေမှာပါပဲ။ ဒါပေမယ့် မျက်ခုံး နက်နက်ကလေးက ကျောင်းပြေးလွန်းတယ်။ အတန်းထဲမှာ မရှိသလောက်ပဲ။ သူ့ကို ကျောင်းဝင်းထဲမှာ လျှောက်သွားနေတာပဲ တွေ့နေတာ။ လွင်မာတို့က အဝေးသင်ဆိုတော့ ခဏပဲ တွေ့ကြ၊ ခွဲကြရမှာလေ။ စိတ်တောင် မကောင်းဖြစ်မိလို့ ခင်ခင်တို့၊ သူဇာတို့ကတောင် လှောင်နေကြတယ်။

နောက်တစ်ပတ်လောက် ကြာသွားတယ်။ အဲဒီနေ့က စာသင်ရတာ နေပူတော့ ရေငတ်လိုက်တာ၊ ဆယ်မိနစ် နားတုန်း လွင်မာ၊ ခင်ခင်နဲ့ သူဇာတို့ အတန်းရှေ့နားမှာ ရောင်းနေတဲ့ ရေခဲရေသည်ကလေး ဆီက ရေခဲရေ ဝယ်သောက်မယ် ဆိုပြီး ထွက်ခဲ့ကြတယ်။  ရေခဲရေ သောက်ချင် ဒီကိုလာ၊ အိမ်ထောင်ပြုချင် ဟိုဘက်သွား  ဆိုပြီး အော်ဟစ်ပြီး ရေခဲရေ ရောင်းနေတာက မျက်ခုံးနက်ကလေးတို့ ပုဂ္ဂိုလ် သုံးယောက်လေ။ လွင်မာက ရေမသောက်ဘဲ ပြန်ပြေးချင်လာပြီ။ ဟိုမိန်းမ နှစ်ယောက်က သောက်ရအောင်ပါဟာ ဆိုတာနဲ့ တွန့်ဆုတ်၊ တွန့်ဆုတ်နဲ့ လိုက်လာရတာ။ လွင်မာ ရောက်တော့

"အစ်မကြီးတို့ လာပါခင်ဗျာ။ အစ်မကြီးတို့ အားပေးမှ ကျွန်တော်တို့ မံမံ မှန်တာပါ   ဟီး ဟီး  ဆိုတဲ့ အသံတွေကို မျက်ကွယ်ပြုပြီး မြန်မြန် သောက်ကြတယ်။ ရေခဲရေဖိုး ထုတ်ပေးတော့ လွင်မာ ထုတ်ပေးတဲ့ နှစ်ဆယ်တန်က တော်တော် စုတ်နေတယ်။ အဲဒါကို လက်ဖျားလေးနဲ့ ကိုင်ပြီး …

"အမယ်လေး ကြည့်ကြပါဦး အရပ်ကတို့ရယ်၊ တက္ကသိုလ်ကျောင်းသူ လုပ်နေပြီး ရုပ်ကလေး လှတပတနဲ့ ပိုက်ဆံကြီးက စုတ်လိုက်တာ၊ နောက်ဘဝ ဒီထက်လှဦးမှာ၊ မရှိလို့မှ ရေခဲရေ ရောင်းစားပါတယ်၊ အစုတ်ကြီးနဲ့ လာဝယ်တာ၊ ချောဦးမှာ လှဦးမှာ၊ ဘွဲ့ရဦးမှာ၊ ပညာတွေ တတ်ဦးမှာ  လို့ အသံကုန်ခြစ်ပြီး အသံနေ၊ အသံထားနဲ့ အော်ပါလေရော၊ လက်ကလည်း တခွပ်ခွပ်နဲ့ ပုံးကိုခေါက်ပြီး စည်းချက် လိုက်နေသေးတယ်။ အတန်းပေါင်းစုံရဲ့ရှေ့ အားလပ်ချိန် ပေးထားတဲ့ အချိန်မို့ အခန်းတိုင်းက လူတွေက သူတို့အသံပြဲကြီးကြောင့် အုံခဲပြီး ထွက်ကြည့် နေကြတာ၊ လွင်မာက ခွက်ကလေးကို ကယောင်ကတမ်းနဲ့ လွှတ်ချပြီး နောက်လှည့်ကြည့်တော့ ဗန္ဓုလရဲ့ သမီးတွေဖြစ်တဲ့ ခင်ခင်နဲ့ သူဇာက မရှိကြတော့ဘူး။ အတန်းထဲမှာတော့ ရယ်ဖြဲ၊ ရယ်ဖြဲနဲ့ တပြုံးပြုံး ခေါ်ချင်ကြတယ်။ လွင်မာတို့ကလည်း ကြောက်လွန်းလို့ ရှောင်တယ်။

တစ်ရက် သုံးယောက်သား အိမ်သာဘက်ကို အသွား ခြေသံကြားလို့ လှည့်ကြည့်တော့ သူတို့သုံးယောက် နောက်က လိုက်လာတယ်။ လွင်မာတို့မှာ တစ္ဆေကို မြင်ရသလို ကြောက်ပြီး ပြေးကြတာပေါ့။ သူတို့ကလည်း မီအောင် လိုက်လာပြီး

"နောက် မစတော့ဘူးနော်၊ မပြေးကြနဲ့လေ၊ မကြောက်နဲ့လေ၊ ဘာမှလည်း မစရသေးဘဲနဲ့ ဘာဖြစ်နေကြတာလဲ၊ ငါတို့ ခင်လို့ပါဟာ

ဆိုပြီး ရွှေပြည်အေး တရားတွေ တွန်းဟောကြတော့တာပဲ။ လွင်မာတို့ သုံးယောက်လည်း နဂိုကမှ ခင်ချင်ချင် ဆိုတော့ သူတို့နဲ့ အဲဒီ နေ့ကစပြီး အပေါင်းအသင်း ဖြစ်သွားကြတော့တာပေါ့။

သေချာပါတယ်။ မျက်ခုံးနက်လေးရဲ့ နာမည်က သက်နိုင်စိုးတဲ့။ သူက လွင်မာ့ကိုပဲ ဦးတည်ပြီး စကားပြော ခင်ချင်တာ၊ တက္ကသိုလ် ကျောင်းသူပဲ ဒါလောက်တော့ သိပါတယ်။ ကင်တင်းမှာ အတူထိုင်ဖြစ်ကြတော့ သူတို့နဲ့ ရင်းနှီးခင်မင်မှုက ပိုလာတယ်။ ပိုလာဆို မနက်တိုင်းလိုလို လွင်မာတို့ အတူတူ ထိုင်ကြတာလေ။ သူနဲ့ လွင်မာနဲ့က လက်ဖက်ရည် ကြိုက်တာချင်းလည်း တူတယ်။ ငမိုးတို့၊ ညီဇော်တို့ကမှ ကျန်တာ စားသေးတယ်။ လွင်မာနဲ့ သက်နိုင်နဲ့ကတော့ မုန့်တီနဲ့ လက်ဖက်ရည်ပဲ။

မုန့်တီနဲ့ လက်ဖက်ရည်သာ တူတာ၊ ကျန်တာကတော့ လုံးဝပဲ၊ သူ့သူငယ်ချင်း နှစ်ယောက်က လွင်မာ့ကို ပြောတယ်။

“သက်နိုင်မိဘက အရမ်းချမ်းသာတာ၊ ဘွဲ့မရလည်း အရေးမကြီးဘူး။ စီးပွားရေး လုပ်ငန်းထဲ ဝင်လိုက်ရင် ပြီးနေတာ၊ ဒီကောင်က ကျောင်းကို အပျော် လာတက်ပြီး အချိန်ဖြုန်းနေတာ

ဒီစကား ကြားတော့ လွင်မာ ငေးသွားတယ်။ သက်နိုင်ကို လွင်မာ အရမ်းခင်တယ်။ စိတ်ထဲမှာ စွဲလမ်းတမ်းတနေ သလိုလိုတောင် ဖြစ်သေး၊

လွင်မာ တစ်ခုခုကို စဉ်းစားပြီး သက်ပြင်းတစ်ချက် ချလိုက်တယ်။

နောက်တစ်နေ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ငုံ့သောက်နေတုန်း ဟေ့ လွင်မာ ဆိုတဲ့ အသံတွေ ကြားလို့ မော့ကြည့်လိုက်မိတယ်။ ခေါ်လိုက်တဲ့ သူငယ်ချင်း တစ်သိုက်ကို ကြည့်ပြီး လွင်မာ ပြုံးပြလိုက်တယ်။

"ထိုင်ကြလေဟာ၊ နင်တို့ လာလည်ကြတာလား

လွယ်အိတ်ကိုယ်စီ လွယ်ထားတဲ့ လွင်မာ့ သူငယ်ချင်း တစ်သိုက်က

"ဟေ့ နင်တို့ ကျောင်းကို လာတုန်း ငါတို့ကို လက်ဖက်ရည် တိုက်လေဟာ၊ နင်တို့ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦး

ဆိုလို့ သက်နိုင်တို့နဲ့ မိတ်ဆက်ကြတယ်။ အမယ်လေး ငယ်ပေါင်းကြီးဖော်တွေ ကျနေတာပဲ။ ခဏလေးနဲ့ ရင်းနှီး သွားလိုက်ကြတာ၊ Premier League ပွဲစဉ်တွေ ချပြီး ဘယ်သူ နိုင်မယ်၊ ဘယ်နှဂိုး သွင်းမယ်နဲ့ တွက်ချက်ဝေဖန် နေလိုက်ကြတာ အံ့သြပါရဲ့။ အဲဒီ သူငယ်ချင်း တစ်သိုက် ပြန်သွားတော့ အတန်းတွေလည်း မမီလို့ မတက်ဖြစ်တော့ဘူး။

လူရှင်းတဲ့ အဆောင်နောက်ဘက်က အုတ်ခုံပေါ်မှာ လွင်မာ တစ်ယောက်တည်း ထိုင်ပြီး ငေးနေမိတယ်။ တစ်အောင့်လောက် ကြာသွားတယ်။ သစ်ရွက်ခြောက်တွေ နင်းလျှောက်လာတဲ့ ခြေသံ ကြားရပြီး သက်နိုင် အနားကို ရောက်လာတယ်။ ရှေ့တည့်တည့်မှာ ဝင်ထိုင်ပြီး လွင်မာ့ကို စူးစူးစိုက်စိုက် ကြည့်နေတယ်။ သူ ဘာဖြစ်လို့ လာတာပါလိမ့်လို့ လွင်မာ လှမ်းကြည့်ပြီး

“ဘာလို့ လာကြည့်နေတာလဲ  လို့ မလုံမလဲ မေးမိတယ်။

သက်နိုင်က  နင့်သူငယ်ချင်းတွေကို ခင်တယ်ဟာ၊ ဒါနဲ့ မေးရဦးမယ်၊ သူတို့က ဘယ်ကျောင်းကလဲဟင်    ငါတို့ အဝေးသင်ကတော့ မဟုတ်လောက် ပါဘူးနော်

လို့ မေးပါလေရော။ လွင်မာ ဘာမှမပြောဘဲ တိတ်နေတယ်။ လွင်မာ ပြောလည်း ပြောချင်တယ်။ ပြောလည်း မပြောချင်ဘူး။ ဟိုငေး ဒီငေးနဲ့ ပေါင်ပေါ်က လွယ်အိတ်ကို နေရာရွှေ့ပြီး ခေါင်းငုံ့နေခဲ့တယ်။

“အဲဒီ သူငယ်ချင်းတွေထဲမှာ နင့်ရည်းစားပါနေလို့ နင် ဒီလောက် ဣန္ဒြေ ပျက်ရတာလား

“သက်နိုင်စုတ်

လွင်မာက ပိတ်အောက်ထည့်ပြီး လွယ်အိတ်နဲ့ ပစ်ရိုက်ပစ်လိုက်တယ်။
သက်နိုင်က လိမ်တွန့်ပြီး ရှောင်ရင်း

"ဟုတ်တယ် မဟုတ်လား၊ ဟုတ်ပါတယ်၊ ကောင်မလေး တစ်ယောက်
ဒါကြောင့်မို့ ဒီလောက်မြန်မြန် ရိုက်နက်နေတာ

လို့ တဟားဟား ရယ်ရင်း ဆက်ပြီး စ,နေတယ်။ လွင်မာ သက်ပြင်းတစ်ချက်
ချလိုက်တယ်။ ပြောပါတော့မယ်လေ၊ ပြောချင်လို့ ခွင်ဆင်ခဲ့တာပဲ။
သက်နိုင်ဆိုတာ ခဏလေး တွေ့ရပေမယ့် ငယ်ပေါင်းကြီးဖော်တွေလို
ရင်းနှီးနေပြီ ဥစ္စာ၊ လွင်မာ အသက်ဝဝ ရှူလိုက်တယ်။

"နားထောင် သက်နိုင် ငါပြောပြမယ်၊ နင် တွေ့ခဲ့တဲ့ ငါ့သူငယ်ချင်းတွေဟာလေ၊
ဘဝတက္ကသိုလ်က ကျောင်းသားတွေ

"ဘာ

သက်နိုင် တအံ့တသြ အော်လိုက်တယ်။

"သူတို့ဟာ ကျောင်းသား အစစ်တွေ မဟုတ်ဘူး၊ သူတို့ထဲမှာ ဆယ်တန်း
ရောက်တဲ့သူက ငတိုး တစ်ယောက်တည်း။ ကျန်တဲ့လူတွေဆို ဘယ်သူမှ

အထက်တန်း မရောက်ကြပါဘူးဟာ၊ တချို့က လေးတန်းနဲ့ ထွက်တယ်။ တချို့က ခုနစ်တန်းနဲ့ ထွက်တယ်။ အိမ်ရဲ့ စီးပွားရေး အခြေအနေကို စားဝတ်နေရေးကို ဖြည့်ဆည်း ပေးကြရတော့ ကျောင်းမနေနိုင်ကြပါဘူး။ တချို့က ကျောက်သွေးတယ်၊ တချို့က ထီရောင်းတယ်၊ ဖိနပ်ချုပ်တယ်၊ ကားဆေးမှုတ်တယ်၊ အိချိုဆိုတဲ့ ကောင်မလေးဆိုရင် ပန်းရောင်းတယ်

လွင်မာ သက်နိုင်ကို လှမ်းကြည့်တယ်၊ သူ ပါးစပ်ကြီးဟပြီး တအံ့တသြ နားထောင်နေတယ်။

"ငါ တက္ကသိုလ် အဝေးသင် တက်နေတယ်၊ ငါလည်း အလုပ်တစ်ဖက်နဲ့ အိမ်ကိုငဲ့ပြီး Day မတက်နိုင်ပါဘူးဟာ၊ ဒါပေမယ့် သူတို့ထဲမှာ ကံ အကောင်းဆုံးပေါ့၊ ငါ ကျောင်းက ပြန်ရောက်ရင် ကျောင်းမှာ နင်တို့နဲ့ ငါတို့နဲ့ ပျော်ကြ၊ ပါးကြ၊ ရယ်ကြ၊ မောကြတဲ့အကြောင်း အိမ်မှာ ပြန်ပြန် ပြောပြ ရတယ်။ သူငယ်ချင်းတွေ ငေးနေအောင် နားထောင်ကြရင်းနဲ့ သူတို့ဟာ ဘာဆန္ဒတွေ ဖြစ်လာကြသလဲ ဆိုတော့ နင်တို့ တက္ကသိုလ် ဆိုတာကြီးကို ငါတို့ လိုက်တက်ကြည့်ချင် လိုက်တာဟာ။

ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှာ တွေ့သလို အရမ်းပျော်စရာ ကောင်းမှာပဲ ဆိုတဲ့ ဆန္ဒတွေ ဖြစ်လာတယ်။ သူတို့ လွယ်အိတ်တွေ ရှာကြတယ်။ မရှိတဲ့လူတွေက ငှားကြတယ်။ လာခဲ့မယ်ဟာလို့ ငါ့ကို ပြောတယ်။ မလာခဲ့ပါနဲ့လို့ ငါဘယ်လို ပြောထွက်ပါ့မလဲ သက်နိုင်ရယ်

သူ အရမ်းစိတ်ဝင်တစား နားထောင်နေရင်းက

"နင်က ဘာလို့ မလာစေချင်တာလဲ

"သက်နိုင်ရယ် အတုဟာ အတုပဲ၊ အစစ်ဟာ အစစ်ပဲ။ ဘယ်လိုပဲ ဟန်ဆောင်ဆောင် ကင်တင်းတွေမှာ မုန့်ဝယ်စားလို့ ရပေမယ့် စာသင်ခန်းထဲကို ဝင်လို့မရဘူး။ စာသင်ရမယ့် အချိန်တွေကို သူတို့ဟာ ဘဝတက္ကသိုလ်မှာ တက်ရင်း စီးပွားရှာနေကြရတယ်။ ငါတို့၊ နင်တို့က ကံကောင်းပါတယ်။ ပညာရှာချိန်မှာ ပညာရှာခွင့်ရတယ်၊ ဘွဲ့တစ်ခုရရင် ပညာရဲ့ တန်ဖိုးကို အသုံးချပြီး ငါတို့လုပ်မယ့် လုပ်ငန်းတွေ၊ ဒါမှမဟုတ် မိဘရဲ့ လက်ငုတ်လက်ရင်း လုပ်ငန်းတွေ၊ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်တာပေါ့။ အရေးကြီးဆုံးက အချိန်မဖြုန်းမိစေဖို့ပဲ။ ငါ့သူငယ်ချင်းတွေဆို အချိန်အခါ၊ အခြေအနေသာ ပေးရင် မညံ့တဲ့ သူတွေပါဟာ၊ အထက်တန်းပညာ သင်နိုင်မှာပါ။ ကံမကောင်းတော့ ကုန်လွန်ခဲ့တဲ့ အချိန်တွေကို ဘယ်လိုမှ ပြန်မရတော့ဘူး။ တက္ကသိုလ်ကျောင်းသား ဖြစ်ချင်တဲ့စိတ်ကို ဒီလိုပဲ ဖြေသိမ့်ကြရရှာတာ

ဒီတစ်ခါတော့ သက်နိုင်က ဘာမှပြန်မဖြေဘူး။ အုတ်ခုံပေါ်က ခုန်ချပြီး ဟိုးအဝေးကြီးမှာ တွေ့နေရတဲ့ ရှမ်းတောင်ကို ငေးနေတယ်။

"ဟဲ့

ဆိုပြီး အသံပေးတော့မှ ဒီဘက်လှည့်လာတယ်။ ဘာမပြော ညာမပြောနဲ့ ပြန်စို့ဆိုပြီး အတန်းဘက်ကို ပြန်လာခဲ့ကြတယ်။

နောက်တစ်နေ့မနက် ကျောင်းရောက်တော့ လက်ဖက်ရည်ဆိုင်မှာ သက်နိုင် မပါဘဲ ခပ်ငေါင်ငေါင် ထိုင်နေတဲ့ ငမိုးနဲ့ ညီဇော်ကို တွေ့ရတယ်။ ခင်ခင်နဲ့ သူဇာ့ကိုတော့ အရိပ်အယောင်တောင် မတွေ့ရသေးဘူး။ ထုံးစံအတိုင်း မုန့်တီကို စားပွဲထိုးလေးကို အော်ပြော စားနေကျ သက်နိုင်ကို သတိတရနဲ့။

"ဟဲ့ ပုဂ္ဂိုလ်က ဘယ်မှာ ကျန်နေခဲ့လို့တုန်း၊ ငါ့မှာ မုန့်တီစားဖို့ အဖော် ဘယ်မှာလဲ

လို့ မေးတော့ ငမိုးက စာတစ်စောင် ထုတ်ပေးတယ်။ အဲဒီ စာကို ဖတ်ပြီး လွင်မာ့ တစ်ကိုယ်လုံးလည်း ဝါဂွမ်းလေးတစ်ဖက်ကို လေထဲမှာ လွင့်သွားအောင် အုံ့သြ၊ ထိတ်လန့်၊ တုန်လှုပ်၊ ကြည်နူး၊ ဘယ်လို ခံစားချက်ကြီးမှန်း မပြောပြနိုင်လောက်အောင် ခံစားလိုက်ရပါတော့တယ်။

လွင်မာရေ ...

ဒီစာနဲ့ ဒီနေ့ နှုတ်ဆက်လိုက်ပါတယ်။ နင့်သူငယ်ချင်းတွေရဲ့ အဖြစ်အပျက်ဟာ ငါ့ကို ရိုက်ချိုးလိုက်သလိုပါပဲ။ ငါ့မှာ အချိန်တွေ ရှိတယ်။ ငါ့ရဲ့ ကံကောင်းမှုကို အပျော်အပါး ရှာချင်တဲ့ စိတ်တွေက ဖျက်ဆီးနေတာ၊ နင်က ဆရာမကြီးလုပ်ပြီး ရှင်းပြတော့ ကျေးဇူးတင်ပါတယ်။ ငါ ကျောင်းလစ်ထားတာတွေ အသည်းအသန် တစ်နေ့တည်း အပြီးကူးနေတယ်။ ဘာလို့လဲ သိလား၊ နက်ဖြန်ဆိုရင် ငါ့အတွက် အလွန် အရေးကြီးတယ်။ ကျေးဇူးတင်စွာနဲ့ နင့်ကို ရည်းစားစကား ပြောမလို့ သိလား။

သက်နိုင်

----------

**ယဉ်ယဉ်နု (မန္တလေး)**

**ကေရီ မဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၆။**

====

# လာခေါ်လှည့်

----------------------------------

(၁)

"ရင်ခုန်ည ... ရေ

"ခင်ဗျာ

"သားရေ ခဏ လာပါအုံး ဒီမှာ အမေတို့ဖို့ လက်ဖက်ရည် ဝယ်ပေးပါအုံး၊ ရော့ ... ပိုက်ဆံ

မုန့်တင်ခုံရှေ့မှာ အစ်ကို မိတ်ကပ် လိမ်းနေတဲ့ ဘေးမှာ ဝိုင်ထိုင်နေတဲ့ မမလေးတို့ မိသားစုထဲက အမေ့ ခေါ်သံကြောင့် ဝါးလှေကားလေး ခနော်နီ ခနော်နဲ့ သုံးထစ်ကို ခုန်ကျော်ပြီး ဇာတ်ခုံပေါ်ကို ကျွန်တော် တက်လာခဲ့ပါတယ်။ အမေတို့ အုပ်စု ပွဲလာကြည့်တာ တွေ့ကတည်းက ကျွန်တော် ရစ်သီရစ်သီ လုပ်နေတာ၊ ထင်တဲ့အတိုင်း တစ်ခုမဟုတ် တစ်ခု ခိုင်းတော့တာပဲ။ အမေ လှမ်းပေးတဲ့ လေးဆယ့်ငါးကျပ်တန်ကို အစ်ကို့ပုဆိုး ခေါက်ပေးတဲ့ မောင်ရွှေက မျက်စောင်းထိုး ကြည့်တာ တွေ့လိုက်လို့ သူ့ကို မဲ့ပြပြီး ခုန်ပေါက်

ထွက်ခဲ့တယ်။

“ဖြေးဖြေး သွားပါဟဲ့  ဆိုတဲ့ အမေ့ အသံနဲ့အတူ  ရှုးပေါ်ပေါ်နဲ့  ဆိုတဲ့ မောင်ရွှေ့ အောက်ကလိအာ အသံက နောက်မှာ ကျန်ခဲ့တယ်။ မင်းသားကြီး ဘဘသိန်းတို့ အိပ်ရာခေါင်းရင်းက ချိုင့်ဝင်ယူ၊ လက်ဖက်ရည်ဆိုင်ကို ပြေးလာ၊ လက်ဖက်ရည်က မမလေးတို့ အားလုံးဖို့ ခြောက်ခွက်၊ ပလာတာက ခြောက်ချ၊ မြန်မြန်ပေးဖို့ လောဆော်ရင်း ဆိုင်ရှင်ကို  ဟီးဟီး  လို့ ရယ်ပြရသေးတယ်။ မုန့်တွေ လက်ဖက်ရည်တွေ ရတော့ ဘယ်လောက် အမ်းလိုက်မှန်း မသိတဲ့ ပိုက်ဆံကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဇာတ်ခုံကို အပြေးပြန်လာတယ်။ ဘယ်လောက် ပိုပိုပါ၊ ဒီထဲက ငါးကျပ်တန် တစ်ရွက်လောက်ကတော့ ကျွန်တော့်ကို အမေ ပေးမှာ သေချာနေပြီ။ အမေ ဒီလို လက်ဖွာလို့ မောင်ရွှေတို့က အမေ့ ဝေယျာဝစ္စများဆို သိပ်လုပ်ပေးချင်တာ။ ဒါပေမယ့် အမေက ကျွန်တော့်မှ သံယောဇဉ် ရှိတာ၊ ကျွန်တော် သိတာပေါ့။ အစ်ကိုနဲ့ အမေတို့နဲ့ မခင်, ခင်ကတည်းက ကျွန်တော်နဲ့ အရင် ခင်တာလေ၊ တစ်ည ဖျာမရလို့ အမေတို့ ဒုက္ခရောက်နေတုန်း၊ ကျွန်တော့် သူငယ်ချင်း အသေးလေးရဲ့ မီးစက်ရှေ့မှာ ကျွန်တော့် ပုဆိုးဟောင်းလေး ခင်းပေးတာ၊ အဲဒီ့ စင်ထောင့်မှာ ပွဲကြည့်ရင်းနဲ့ မမလေးနဲ့ အစ်ကို တွေ့သွားကြတာပေါ့။ နှစ်ပါးသွား ထွက်ရင်း အစ်ကို့ တောင်ရှည်ပုဆိုးစ,နဲ့ မမလေးကို ရိုက်မိတာလေ၊ တောင်းပန်ရင်း ခင်မင်သွား၊ အခုတော့ အစ်ကို့ အခန်းထဲ ရောက်နေပြီ။ ပြောရအုံးမယ်လေ အဲဒီ ညကပဲ စင်ပေါ်တက်တဲ့ ဝါးလှေကားက အမေ ပြုတ်ကျတာ၊ ကျွန်တော်က ပွေ့မ, ထားလို့သာပေါ့၊ ဒါကြောင့် အမေက “ရင်ခုန်ညကြောင့် အမေ မကျိုး, မပဲ့တာလို့  အမြဲ ပြောတာ၊ မုန့်ဖိုး အမြဲ ပေးတာလေ။ မောင်ရွှေတို့လို အမေ့ ပိုက်ဆံအိတ် တစ်တောင်လောက်ကြီးကို

မျက်စ, တပျစ်ပျစ်နဲ့ နေတဲ့ကောင် မဟုတ်ဘူး။

ပိုက်ဆံတွေနော်၊ သူတို့ကျ အများကြီးပဲ၊ ဘယ်လို ရပါလိမ့်လို့ ကျွန်တော် စဉ်းစား မရဘူး။ ကျွန်တော်တို့များဖြင့် ဆင်းရဲလိုက်တာ၊ ဘုန်းကြီး ပြောတာ ကြားဖူးတယ်။ မရှိလို့ မလှူ မလှူလို့ မရှိတဲ့။ ကျွန်တော်တို့ မရှိတာ မလှူလို့ပေါ့နော်၊ ဒါဆို အမေတို့ ပိုက်ဆံရှိတာ လှူလို့ပေါ့၊ အမေက သိပ်လှူတာ ပွဲလာကြည့်တဲ့ ညတိုင်း နစ်ပါးသွားကျရင် အစ်ကို့ကို လှူတာလေ။ ကိုးဆယ်တန်တွေကို ပန်းကုံးနဲ့ ရောသီပြီး အစ်ကို့ လည်ပင်းမှာ ဆွဲပေးတာ။ တခြား လူပြက်တွေကိုလည်း တစ်ဆယ်စီ လှူသေးတာ။ သိပ်ကုသိုလ် ရမှာပဲ။ အမေက အစ်ကို့ကို သိပ်ချစ်တာပဲ။

ပြောလို့ပြောတာ မဟုတ်ဘူး၊ အစ်ကို့ကို အမေတင် ချစ်တာ မဟုတ်ဘူး၊ တစ်ဇာတ်လုံး ချစ်တာပဲ၊ ဟောဒီ ဇာတ်ရုံ အကြီးကြီးထဲက ပွဲလာကြည့်တဲ့ သူတွေလည်း ချစ်တာပဲ။ ကောင်မလေးတွေကဆို ချစ်လိုက်တာ မပြောနဲ့တော့။ မိတ်ကပ်လိမ်းတဲ့ မှန်တင်ခုံ နားမှာတင် အစ်ကို့ကို ဖက်နမ်းချင် နမ်းတာ၊ ဟီး ဟီး ကျွန်တော်ဖြင့် ရှက်လိုက်တာ။ ဖက်ထားပါ ကိုကို ဆိုပြီး ဖက်လျက်ကြီး ဓာတ်ပုံရိုက် ခံချင် ခံကြတာ။ သူ့အမေ၊ အဒေါ်တွေကလည်း တပြုံးပြုံးနဲ့ အနားမှာ။ ချစ်လိုက်တာ ကိုကိုရယ်လို့ တိုးတိုးလေး ပြောသံကို ကျွန်တော် လေးဘက်ထောက် ချောင်းနားထောင် နေတုန်း အဘသိန်း ရောက်လာပြီး "မအေပေး" လို့ ဆဲဆဲ ကန်ကန် ကန်တာနဲ့ ထွက်ပြေးလိုက်ရ တာဗျာ။

အကုန်လုံး ချစ်ကြတဲ့ အစ်ကို့ကို ကျွန်တော် ချစ်တာရော ဆန်းလားဗျာ။ ဘယ်လိုနေနေ အစ်ကို့ကို ချစ်တဲ့ အချိန်တွေ အားလုံးထဲမှာ နစ်ပါးသွား က နေတုန်း ကျွန်တော် အချစ်ဆုံးပဲ။ ပရိသတ်ကလဲ အချစ်ဆုံး ထင်ပါရဲ့။ ဒီအချိန်ဆို ဆိုင်းကလဲ မြန်မြန်ကြီး ဒုန်းဒုန်းနဲ့တီး အစ်ကိုကလဲ ခုန်ပေါက်ပြေးလွှား က, မီးနီ၊ မီးပြာ၊ မီးဝါ၊ မီးစိမ်းတွေကလည်း မှောင်တလှည့် လင်းတလှည့် မင်းသမီးတွေကလည်း ဟေး ဟေး နဲ့ အားပေး၊ ပရိသတ်ကလဲ လက်ခုပ်တွေတီး၊ သူတို့ အကုန်လုံး သိပ်ပျော်နေကြတာပဲ။ မီးစက်နား ထိုင်ကြည့်နေတဲ့ ကျွန်တော်လဲ ပျော်လိုက်တာ။

ပရိသတ်က အားပေးတဲ့ ညာ။ ကျွန်တော်က လ, ကလေး တစ်လ …။

လှလှပပ မြူးမြူးကြွကြွ မိုးလင်းထိအောင် က, မယ်ဗျ။

ရင်ခုန်ည ရင်ခုန်ည …။

ရင်ခုန်ည၊ ရင်ခုန်ည ဆိုပြီး အစ်ကိုက ဗိုက်ကလေးရှပ်၊ ခါးကလေးကော့၊ ဖင်ကလေးကောက်၊ ခေါင်းကလေးငဲ့ ဆိုင်းက ဂျိဂျိ ဆိုပြီးချ။ အောက်က ကောင်မလေးတွေက ရင်ခုန်ည၊ ရင်ခုန်ညလို့ လိုက်အော်ကြတော့ ကျွန်တော် ပျော်လိုက်တာ။ ရင်တွေလည်း ခုန်လိုက်တာ ဒုန်း ဒုန်း နဲ့ နေတာပါပဲ။ ရင်ထဲက အသည်းနှလုံး ဆိုတာကြီး ပေါက်ထွက်တော့မယ် ထင်ပါရဲ့။ နောက်တစ်နေ့ မနက်မိုးလင်းတော့ ဇာတ်ရုံနောက်ဘက် ပြောင်းခင်းစပ်ကို ကျွန်တော်ပြေးပြီး အစ်ကို့လိုပဲ လှမလားလို့ က,ကြည့်တာပေါ့။ အစ်ကို့လိုပဲ ဗိုက်ကလေးရှပ်၊ ခါးကလေးကော့၊ ဖင်ကလေးကောက်၊ ခေါင်းကလေးငဲ့၊ ဂျိဂျိ ဆိုတဲ့

ဆိုင်းသံတော့ မပါဘူးပေါ့ဗျာ။

ပရိသတ်က အားပေးတဲ့ ညာ၊ ကျွန်တော်က လ,ကလေး တစ်လ ...။

လှလှပပ မြူးမြူးကြွကြွ မိုးလင်းထိအောင် က,မယ်ဗျ။

ရင်ခုန်ည ရင်ခုန်ည ...။

ကျွန်တော် တစ်ယောက်ထဲ ဆို, တစ်ယောက်ထဲ က, ချွေးတွေတောင် ပြန်လာတယ်ဗျာ။ မြဝတ်ရည် ဆိုတဲ့ မင်းသမီး အစ်မက ပြောင်းခင်းထဲမှာ တောထိုင်ရာက ထွက်လာတယ် ထင်ပါရဲ့။ ကျွန်တော့်ကို ကြည့်ပြီး ရယ်နေတာကိုလည်း ဂရုမစိုက်ဘဲ ပစ်ထားလိုက်တယ်။ ဆက်က, နေလိုက်တာ ဘယ်လောက်ကြာလဲ မသိဘူး၊ ကျွန်တော် သတိထားမိတဲ့ အချိန်မှာ ဇာတ်ရုံထဲက လူတွေ ကျွန်တော့်နားမှာ ဝိုင်းလို့၊ ဒါနဲ့ လန့်ပြီး ရပ်လိုက်ရတာ။ က,လို့ ကောင်းတုန်း အရှိန်ပျက်လိုက် တာဗျာ မပြောပါနဲ့တော့။ အမယ် သူတို့က လက်ခုပ်တီး ပေးကြတယ်ဗျ၊ ရယ်လိုက် ကြတာလည်း တဝါးဝါးနဲ့၊ မောင်ရွှေကတော့ မဲ့တဲ့တဲ့ပြုံးရင်း ကောင်းလိုက်တဲ့ ရင်ခုန်ည လို့ ပြောပြီး ထွက်သွားတယ်။ ထမင်းချက် ဒေါ်အုန်းက ကျုပ်ကတော့ ထမင်းရည် ငှဲ့မယ့်သူ မရှိလို့ လိုက်ရှာ လိုက်ရတာ သူက ဒီမှာ က,တော်မူနေတာကိုး။ ကဲ ရွှေမင်းသား ရင်ခုန်ညရေ [ ကွ ခ ` . ပါအုံး လို့ အော်ခေါ်မှ သတိရပြီး ထပြေးခဲ့ရတယ်။ ရင်ခုန်ညကွ ပြေးထား ပြေးထား မြဝတ်ရည်က အော်ပြီး အားပေးတယ်လေ၊ အဲဒီကတည်းက ကျွန်တော့်ကို တစ်ဇာတ်လုံးက "ရင်ခုန်ည လို့ ခေါ်ကြတော့တာပါပဲဗျာ။

(၂)

တစ်နေ့တော့ မမ မြဝတ်ရည် လိုက်ကာ ပြာမှောင်မှောင်ကြီး ကာထားတဲ့ အစ်ကိုအခန်းထဲက ထွက်လာတယ်။ အဝနားမှာ ကျွန်တော့်ကို တွေ့လိုက်တော့ သူ့မျက်နှာ တစ်မျိုး ဖြစ်သွားတယ်။ ရင်ခုန်ည နင်ဘာလုပ်နေတာလဲ တဲ့။ ကျွန်တော်ဘာမှ မလုပ်ဘဲဟာ ဟီး ဟီး လို့ ရယ်ပြလိုက်ရတယ်။ နေ့လယ် ထမင်းစားတော့ အစ်မက ခေါ်စားတယ်၊ သူနဲ့အတူ သူ့အစ်ကို လူကြမ်း ကိုဝင်းလှိုင်လည်း စားတယ်လေ။ အစ်မတို့ ဟင်းတွေက သိပ်ကောင်းတာပဲ။ ငါးကြော်တွေလဲ စားရတယ်။ ကျွန်တော် ပလုပ်ပလောင်း စားနေတာ အစ်မက ကြည့်နေတယ်။ စားလို့ ကောင်းလား" လို့လည်း မေးတယ်။ အင်း လို့ ခေါင်းညိတ်ပြတော့ နေ့တိုင်း လာစား၊ ငါ့အတင်းတွေလဲ သူများ မပြောနဲ့ တဲ့။ ကိုဝင်းလှိုင်က ရယ်နေတယ်။ ဘာမှလဲ သူ့အတင်း ပြောစရာ မရှိဘဲနဲ့ မှာနေတယ်။ အစ်မကလဲ ကြောင်လိုက်တာ ကျွန်တော်ကတော့ တတ်နိုင်တဲ့ဘက်က အစ်မကို ကျေးဇူး ပြန်ဆပ်ပါတယ်။ ကျွန်တော်တို့ ဇာတ်ပစ္စည်းတွေ ကားပေါ် အတင်အချမှာ အစ်မ ပစ္စည်းတွေ ကျွန်တော်ကိုယ်တိုင် သယ်တာ ဇာတ်ရုံမှာလဲ အစ်မခုတင် အရင် ခင်းပေးတာ၊ ဒါမှ နားချင် ပြုချင်ရင် အရင် နားရတာပေါ့။ အစ်မက ကျွန်တော့်ပေါ် ကောင်းတာ ကျွန်တော့်အမေ လိုပဲ။ အမေ့ကို တစ်ခါတလေ အိပ်မက် မက်တယ်ဗျာ။ အိပ်မက်ထဲမှာ အမေက ပန်းတွေလဲ ဝေနေအောင် ပန်ထားတယ်။ ကျွန်တော့်ကို ကြည့်ပြီး ဘာမှမပြောဘဲ လှည့်ထွက်သွားရော။ ကျွန်တော်က ငိုပြီး အမေ အမေ လို့ အော်ခေါ်ရင်း နိုးနိုးလာတာ။ ကျွန်တော်

ငယ်ငယ်တုန်းက အဲဒီလို အော်ငိုလို့ အဖေနဲ့ မိထွေးက ရိုက်လိုက်တာဗျာ။ ဒါနဲ့ ထွက်ပြေးပြီး၊ ဒီဇာတ်ထဲ ရောက်လာတာ။ မန်နေဂျာ ဦးလေးကျော်က ခေါ်လို့လေ။ ခိုင်းလဲ ခိုင်းလိုက်တာဗျာ။ ရေခပ် ရတယ်။ ထင်းခွဲ ရတယ်။ ပစ္စည်းတွေ တင်ရ, ချရတယ်။ ကျွန်တော် အစ်မတို့နဲ့ မစားခင်က ထမင်းချက် ဒေါ်အုန်းက  မောင်ကျော် ပွေ့လာတဲ့ ကောက်ရိုးလေး  လို့ ပြောပြီး ကြက်ခြေထောက်တို့ ဘာတို့ ထည့်ပေးတတ်တယ်။ ပိုက်ဆံလား၊ ဟုတ်တိပတ်တိ မရပေါင်ဗျာ။ မရလဲနေပေ့။ ထမင်းစားနေရတာပဲ။ အိမ်မှာဆို အရိုက်ခံရတဲ့ထဲ ထမင်းလဲ နပ်မှန် မစားရဘူးလေ။

အခု ရွှေပိုင်းအော်ပရာမှာ မင်းသမီး စိန်မာကြည်က ဆံပင်ဖားလျားနဲ့ ဥစ္စာစောင့်မ လုပ်က,နေတာကို ကားကြားထဲက ထိုင်ကြည့်နေရင်း အမေ့ကို သတိရနေတုန်း နားထဲမှာ အစ်ကို့ မိတ်ကပ်ခန်းက အသံတွေ ကြားနေရလို့ ကျွန်တော် နားစွင့်မိတယ်။

“မင်းက မင်းသားနာမည်ကြီး ဖြစ်သွားပြီကိုးကွ၊ အစ်ကိုတို့ကို ညီလေး မှတ်မိရဲ့လား

“မှတ်မိပါတယ် အစ်ကိုရာ၊ ကျွန်တော် …”

“ဟဲ … ဟဲ အားမနာ ရဘူးနော်၊ ရတယ်။ အစ်ကိုတို့က ရတယ်။ မသိရင်လဲ မသိဘူးလို့ ပြော … သိလား၊ ဒုန့်ဝါရီ (Don't Worry)”

“ဩော် … သိပါတယ်ဆို အစ်ကိုကလဲ၊ ကဲ ပွဲကြည့် မလား

“ဟင့်အင်း မင်းဆီ လာတာပါ။ ဒီကောင်က ပြောတယ်ကွ မင်းသားတွေက

ကောင်မလေးတွေသာ သိတာ၊ ငါတို့ကို သိမှာ မဟုတ်တော့ဘူးတဲ့

ဒါနဲ့-

“အစ်ကိုကြီးတို့ မူးနေပြီ၊ မောင်ရွှေ မောင်ရွှေ ဘယ်ရောက်နေလဲ

“မမူးပါဘူးကွ မင်းကလဲ၊ မင်းတို့ကောင်တွေက ကောင်မလေးတွေမှ ...”

“ဒီမှာ မူးနေရင်လဲ အေးအေး နေဗျာ၊ အိပ်ချင်ရင်လဲ အိပ်နေ၊ စကားတွေများ မနေနဲ့

အစ်ကို့အသံ မာ,လာလို့ လိုက်ကာ ဖွင့်ကြည့်လိုက်တယ်။ အထဲမှာ အရက်သမား နှစ်ယောက်နဲ့ အစ်ကို။ ဘယ်လောက်များ သောက်လာကြလဲ မသိဘူး။ ပန်းရနံ့တွေ အမြဲ မွှေးနေတဲ့ အစ်ကို့အခန်းက အရက်စော် ဟောင်နံနေတာပဲ။ အစ်ကို ဒေါသ ဖြစ်နေပြီ။ ကျွန်တော့်ကို မြင်တော့ အစ်ကိုက  ရင်ခုန်ည မန်နေဂျာတွေ ခေါ်စမ်း  တဲ့။  အမူးသမား တစ်ယောက်က ကုန်းထလာပြီး  အံမာ မင်းသားက ငါတို့ကို နှင်ထုတ်မလို့ ခေါ်ခိုင်းတာလား၊ ငါတို့က မင်းပရိသတ် ပါကွ  လို့ ပြောတယ်။ တစ်ယောက်ကတော့ ဇက်မခိုင်တဲ့ ခေါင်းကို အတင်းမော့ပြီး လျှာလေးကြီးနဲ့ “စော်ကားတယ်ကွာ၊ စော်ကားတယ်ကွာ  လို့ အော်နေတယ်။ အစ်ကို့ကို ကြည့်ရတာ သိပ်စိတ်ဆိုးနေပြီ။ မန်နေဂျာ ပြေးခေါ်တုန်း အစ်ကို တစ်ခုခုဖြစ်ရင် ဒုက္ခပဲလို့ တွေးပြီး အခန်းထဲ ကျွန်တော် စွတ်ဝင်သွားတယ်။ တစ်ယောက်က “ဘယ်ကောင် လာရှုပ်တာလဲကွ  ဆိုပြီး ကျွန်တော့် ရင်ဘတ်ကို တွန်းတယ်။

ဘာရမလဲ။ ကျွန်တော်က အစ်ကို့ သိုင်းကွက်တွေ ကြည့်ထားတာပဲ။ အသာလေး ရှောင်ပေးပြီး မေးစေ့ကို လက်သီးနဲ့ ထိုးချလိုက်တာ ခွေလဲသွားတာပဲ။ နောက်တစ်ယောက်ကိုတော့ အစ်ကိုက အသာလေး နိုင်ပါတယ်။ အခု နှစ်ယောက်လုံး လဲနေပြီ၊ အခန်းထဲမှာ အစ်ကိုရယ်, ကျွန်တော်ရယ်လေ။ ကျွန်တော်က ရင်ကော့ပြီး ရပ်ပြတော့ အစ်ကိုက ပြုံးနေတယ်။  ရင်ခုန်ညက အားကိုးရသားပဲ၊ ဘယ်ဆိုးလို့လဲ။ ကဲ ကဲ ဦးလေးကျော်တို့ သွားခေါ်   လို့ ပြောတယ်။ ထုံးစံအတိုင်း  ဟီး ဟီး  လို့ ရယ်ပြီး ဇာတ်စင်ပေါ်က ပြေးဆင်းခဲ့တာပေါ့။

(၃)

တစ်ဇာတ်လုံး တစ်အုန်းအုန်းနဲ့ ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ ရယ်တဲ့လူက ရယ်၊ လှောင်တဲ့လူက လှောင်နဲ့ သူတို့ထဲမှာ အကဲဆုံးက မောင်ရွှေလေ။ အစ်ကိုက ခိုင်းလို့ အစ်ကို့ အဝတ်အစားဟောင်း တစ်စုံနှစ်စုံ ကျွန်တော့်ကို ထုတ်ပေးရကတည်းက မလိုတမာနဲ့ဗျာ၊ အစ်ကိုက ဝတ်စမ်းဆိုလို့ ဝတ်ပြရတော့ စပို့ရှပ်အနီလေးက ရင်ဘတ်မှာ ကြောင်ရုပ်ကလေးနဲ့ လှမှ လှသနဲ့၊  ခုန်စမ်း လက်သီးထိုးစမ်း ဆိုလို့ ပြဇာတ်ထဲမှာ အစ်ကို ရှောင်လင်ကွန်ဖူး သိုင်းက,သလို ခုန်ပစ်လိုက်တာ ရုံခေါင်မိုး ရောက်တော့မယ်။ ယား၊ အီးနဲ့ အော်ပြီး လက်တွေ ခြေတွေနဲ့ လေထဲမှာ ထိုးပြ ကန်ပြရတာ မောနေတာပဲ။ အစ်ကိုက လာပါအုံး ဆိုပြီး ခေါ်တယ်။ သူနဲ့ နှစ်ယောက် အဝင်အထွက် တိုက်ခိုက်တဲ့ ပုံစံ ကျင့်ရတယ်။  ဒီလို ဝင် ငါက ညာဘက်က ထိုးရင် မင်းက ငုံ့ပြီးရှောင်၊ မင်းက ခြေထောက်နဲ့ ပါတ်ကန်ရင် ငါက

ကျွမ်းပစ်ပြီး ထွက်မယ် ဒီအထိ ဟုတ်နေတာပဲ၊ အစ်ကို လက်ထောက်ပြီး ကျွမ်းထိုးလိုက်တာ ငေးနေမိသေးတယ်။ ကဲ မင်းကို တည့်တည့် ထိုးတော့မယ်၊ ဗိုက်ရှုပ်ထား ဆိုပြီး အထိုးလိုက် ကျွန်တော်က ကုန်းအဝင် အွတ်ကနဲ အသံကြီး ပါးစပ်က ထွက်သွားပြီး ကျွန်တော် ခွေလဲကျသွားတယ်၊ အသက်ကို မရှူနိုင်တော့ဘူးဗျာ ခဏနေမှ အဟွတ်ဟွတ်နဲ့ ချောင်းတွေ ဆိုးလာတယ်။ အစ်ကိုက ဟောဗျာ ဆိုပြီး ထိုင်ရယ်တော့တာပဲ၊ အကုန်လုံးလဲ ဝိုင်းပြီး ရယ်ကြတယ်၊ အစ်ကိုက ခေါင်းခါ လက်ခါရင်းက ဒီကောင်နဲ့ မိတ်ကပ်လိုင်းနဲ့ မဖြစ်ပါဘူး၊ တင်ငွေနဲ့ ကားဆွဲခိုင်း လို့ ပြောပြီး ထွက်သွားတယ်။ မောင်ရွှေက ဒါဆိုရင် အင်္ကျီတွေ ပြန်ယူလိုက်ရမလား လို့ မေးသေးတယ်။ အစ်ကိုက ပေးလိုက်တော့လို့ ပြောတော့ မင်း ဘာတတ်နိုင်သေးသလဲ ဆိုတဲ့ သဘောနဲ့ ကျွန်တော် ရှုံ့မဲ့ပြလိုက်တာပေါ့။

တင်ငွေနဲ့ ကားဆွဲရတာလည်း အဆင်မပြေပါဘူးဗျာ၊ ဒီကောင်က ကားဆွဲရင်းနဲ့ ဘေးမှာ ပိုက်ဆံယူပြီး နေရာ လုပ်ပေးထားတဲ့ ကောင်မလေးတွေနဲ့ ဟားချင် ဟားနေတာမျိုး။ ကျွန်တော့်အဖို့တော့ ကျန်တဲ့အချိန် သိပ် အရေးမကြီးပါဘူး၊ ပြဇာတ်က,ရင် သိပ် စိတ်ညစ်တယ်။ ဘယ်အခန်း ဘယ်ကားလို့ ချပြထားတာပဲ၊ ကျွန်တော်လဲ မှတ်တာပဲ ဒါပေမယ့် ကျွန်တော်က မှတ်ဉာဏ်မှ မကောင်းတာ၊ ဘယ် မှတ်မိပါတော့မလဲ။ ဘာပြော ကောင်းမလဲ။ အစ်ကိုနဲ့ မင်းသမီး သီချင်းဆိုပြီး လျှောက်လည်မယ့် အခန်းမှာ ပန်းခြံကား အောက်မေ့ပြီး ကျွန်တော်က ဖြုတ်အချ၊ မီးဆရာ အသေးလေးကလဲ မီးစုံဖွင့်၊ ဘွားကနဲ နန်းတော်ကြီး ပေါ်လာတော့ ပွဲကြည့်တွေက ရယ်လိုက်ကြ တာဗျာ၊ တဝေါဝေါနဲ့ နေတာပဲ၊ အစ်ကိုလေ မိတ်ကပ်ကြောင့် ရဲနေတဲ့ မျက်နှာက ညိုပုတ်သွားပြီး ကားကြားထဲက ကျွန်တော့်ကို ဆောင့်ကန်လိုက်တာဗျာ၊ လိမ့်သွားတာပဲ။ မင်း

သူများ ခိုင်းဖတ်နဲ့ပဲ တန်တယ်လို့ အစ်ကို ပြောသွားတာ ကြားလိုက်ရတယ်။

(၄)

"ရင်ခုန်ညှ၊ ရုံရှေ့က ကုလားထိုင် ခြောက်လုံး သွားသယ်စမ်း၊ အမေတို့ဖို့ နေရာ လုပ်ပေးရအောင်

"ဟုတ်ကဲ့

ကျွန်တော် ကုလားထိုင်တွေ သွားသယ်ရတယ်၊ အမေတို့က ဒီနေ့ည အောက်ကဖျာနဲ့ မကြည့်ကြဘူး၊ စင်ပေါ်က ကြည့်ကြမှာ။ မီးစက်ရှေ့ ပုဏ္ဏာကွယ်မှာ နေရာချရင်းနဲ့ အဲဒီနေရာမှာ ကျွန်တော် ခင်းထားပြီးသား ပုဆိုးဟောင်းလေးကို ဝမ်းနည်းပန်းနည်း ဖယ်လိုက်ရတယ်။ ပုဆိုးလေးက အစ်မ မြဝတ်ရည် တူမလေးတွေ ကြည့်ဖို့ ခင်းထားတာလေ၊ အခုတော့ မင်းသားညွှဲ့သည်က နေရာယူသွားပြီ။ အစ်မကို ပြန်ပြောတော့ အစ်မက မျက်နှာငယ်ကလေးနဲ့။ ကျွန်တော် သူ့တူမလေးတွေ ခေါ်သွားပြီး မီးစက်ကိုင်တဲ့ အသေးလေးနား ပို့ပေးလိုက်တယ်။ မမလဲ လိုက်လာတယ်။ သူ့တူမလေးတွေ နေရာချတာ လာကြည့်ရင်း အစ်ကို့အခန်းထဲကို ကြည့်နေလို့ ကျွန်တော် လိုက်ကြည့်တဲ့ အချိန်မှာ အမေ့သမီး မမလေးက အစ်ကို့လက်ကို ဆွဲပြီး ရွှေလက်ပတ်ကလေး ပတ်ပေးနေလေရဲ့။ အစ်မက ချာကနဲ လှည့်ပြီး စင်ပေါ်က ဆင်းသွားတယ်။ ဟောဗျာ ဘာဖြစ်တာလဲ မသိဘူးနော်။ ကိုယ့်အစ်ကို ရွှေလက်ပတ်ကြိုး ရတာပဲ သူက ဝမ်းမသာဘူးလား မသိ။

ကျွန်တော်ဖြင့် နားမလည်ပါဘူးဗျာ။

(၅)

ဒီလိုနဲ့ ကျွန်တော်တို့ ရေလိုင်းကို ရောက်လာတယ်၊ ရေလိုင်းရောက်တော့ ကျွန်တော်တို့ ထမ်းဆင့်တွေက ပိုပင်ပန်းတာပေါ့။ ကုန်းမှာက ဇာတ်ရုံနောက် ကားဖင်ထိုးပြီး တန်းတင်လို့ ရတယ်။ ရေလိုင်းမှာ ကျတော့ တစ်နေရာက တစ်နေရာ သင်္ဘောနဲ့ ကူးရတာ၊ ပစ္စည်းတွေ ကားတို့ လှည်းတို့နဲ့ တင်၊ ကမ်းနားမှာ ပုံထား၊ တစ်ခါ မော်တော်ပေါ် တင်၊ ကုန်းဘောင်လေး ညွတ်ပဲ့ပဲ့နဲ့ ပစ္စည်းအလေးကြီးတွေ ထမ်းရပိုးရတာ သိပ်ပင်ပန်းတာပဲ။ ဒီကြားထဲ မန်နေဂျာ ဦးလေးကျော်က အတင်းလောနေ သေးတယ်။ မအေနမ ကိုင်တုတ်ပြီး အမြန်တင်ခိုင်းနေတာ၊ ပွဲက သံလျင်ကို ကူးရမှာ နေ့ချင်းကူးတဲ့၊ မနက် (၉) နာရီ ထိုးနေပြီ မော်တော် မထွက်ရသေးဘူး။ ညက ဘာနာမည်မှန်း ကျွန်တော် မမှတ်မိတော့တဲ့ ရွာကြီးတစ်ရွာနားက ဘုရားပွဲမှာ က, ရတာ။ အဲဒီက သံလျင် တန်းကူးရမှာ။ ရန်ကုန် မဝင်တော့ဘူးတဲ့။ တန်းသွားမှာလို့ ပြောနေကြတယ်။ ပစ္စည်းတွေ သယ်ရလို့ မောနေရတဲ့အထဲ မောင်ရွှေက သြဇာ ပေးနေသေးတယ်။ မင်းသား ပစ္စည်းတွေ အရင်တင်၊ ဖြေးဖြေးချနဲ့ပေါ့။ ကျွန်တော် အမြင်ကပ်ကပ်နဲ့ ရေထဲပစ်ချ မလို့ဟာ အစ်ကို့ပစ္စည်းတွေ နမျောလို့သာပေါ့၊ ပစ္စည်းတွေ တင်လို့ကုန်တော့ မန်နေဂျာက  ကဲ လူတွေ တက်ကြပေတော့၊ မင်းသား လာတော့မယ်  လို့ လောဆော်တယ်။ လူကုန် တက်ကြပြီးမှ အစ်ကို ကမ်းနားကို ဆင်းလာတယ်။ အစ်ကို့နားမှာ မမလေးက အစ်ကို့ လက်မောင်းကို တွဲခိုပါလာတယ်။ အစ်ကို ရေလိုင်းကူးတော့ အမေက

မမလေးကို အစ်ကိုနဲ့ ထည့်လိုက်တာလေ။ အစ်ကိုက ကုန်းဘောင်ထိပ်မှာ ရပ်ရင်း ဦးလေး၊ ဦးလေးလို့ မန်နေဂျာကို လှမ်းခေါ်တယ်။  ဘာလဲ သား၊ ဘာလိုချင်လဲ  ဆိုပြီး ဦးလေးကျော်က ကုန်းပေါ် တက်သွားတယ်။

"ခင်ဗျားတို့ မော်တော် ကြည့်စမ်းပါဦးဗျ၊ ဒီလောက် သေးသေးလေးနဲ့ ဒီလောက် ကုန်တွေ၊ လူတွေ ပြွတ်သိပ် တင်ထားတာ ဟိုမယ် ရေနဲ့ လက်လေးလုံးလောက် လိုတော့တာ  အစ်ကိုက ပြောတော့ အကုန် လှမ်းကြည့်ကြတယ်။ ဟုတ်ပါရဲ့ မော်တော်နံဘေးက လှိုင်း သေးသေးလေးတွေ ဖျပ်ဖျပ်နဲ့ ပုတ်နေတာတောင် ရေစက်ကလေးတွေ မော်တော်ထဲ ဝင် လာပါတယ်။ အခုပဲ နစ်သွားတော့မယ့် အတိုင်းပဲ။

"ဘယ်မှာလဲဗျ ကန်ထရိုက် ခေါ်စမ်းပါဦး

ဦးလေးက လှမ်းခေါ်တယ် မော်တော်ဦးပိုင်းက လွယ်အိတ်နဲ့ လူတစ်ယောက် တက်သွားပြန်ပြီ။ ဘာလုပ်ကြမှန်း မသိဘူး၊ အစ်ကိုက မော်တော်ကို လက်ညှိုးထိုး တတွတ်တွတ် ပြောနေတယ်။ ဦးလေးက အနားမှာ ရပ်လို့၊ ဟို ကန်ထရိုက် ကတော့ မျက်နှာပျက်စ ပြုနေပြီ။

"ဒါပဲဗျာ ကျွန်တော် မလိုက်ဘူး၊ ခင်ဗျားတို့ ကျွန်တော့်ကို ဖြစ်အောင် စီစဉ်ပေး

အစ်ကိုက အပြတ်ဖြတ်လိုက်တယ်၊ ကန်ထရိုက်ကြီး ပျာပျာသလဲ ဖြစ်သွားတယ်။ ဦးလေးကို ခေါ်ပြီး ကုန်းပေါ် တက်သွားတယ်။ အစ်ကိုတို့ကလဲ သဘော်ဆိပ်နဲ့ လှမ်းလှမ်း၊ အရိပ်ကောင်းကောင်း သစ်ပင်ကြီး တစ်ပင်အောက်မှာ သွားထိုင်နေတယ်။ မော်တော်ကလဲ မထွက်သေး၊ ဆာလဲ ဆာ၊အိပ်လဲ အိပ်ချင်။ ဇာတ်သမားတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် မှီလှဲလို့၊ ပစ္စည်းပုံတွေ ကြားမှာ ခွေခေါက်နေကြပြီ။ မြဝတ်ရည်က ကျွန်တော့်ပခုံးပေါ် လက်တင်လိုက်တယ်။

"ဘာတဲ့လဲ ရင်ခုန်ည

"အစ်ကိုက မလိုက်ဘူးတဲ့၊ သဘော်ကြီး သွားငှားတာ ထင်တယ်   နှုတ်ခမ်းကို မဲ့လိုက်တယ်။ ပြီးမှ ...

"အစ်ကိုက ငါတို့ စိုးရိမ်တာထက် မမလေးကို ပိုစိုးရိမ်တာပါဟာ

"ဘာပဲဖြစ်ဖြစ်ပေါ့ အစ်မရာ၊ ကောင်းတာပေါ့

"အင်း ... ကောင်း ကောင်း၊ စောင့်ကြည့်ရအုံးမှာပေါ့   ပြောပြောဆိုဆို အစ်မ မြဝတ်ရည် လှည့်ထွက် အသွားမှာ စက်သံ ကြားရပြီ၊ တဘုတ်ဘုတ်နဲ့ မော်တော်ကြီး လာပြီနဲ့ တူတယ်လို့ မျှော်လင့်ချက်နဲ့ ကြည့်လိုက်တော့ ဟင် ... မော်တော်ကြီး မဟုတ်ဘူးဗျ၊ ကျွန်တော် တွေ့လိုက်ရတာက မော်တော်သေးသေးလေး၊ ဟိုလေ ဟို့ ... စပိဘုတ် ဆိုတာလား မသိဘူး။ နှစ်ယောက်စီး မော်တော်သေးသေးလေး၊ အမိုးလဲ မပါဘူး။ ရွှီးဆိုပြီး မြန်လိုက်တာ၊ အနားရောက်လာပြီး မော်တော်ကို ယှဉ်တွဲ ကပ်ရပ်လိုက်တယ်။

ပြုံးနေတဲ့ မျက်နှာနဲ့ ဆင်းလာတဲ့ ကန်ထရိုက်တာကြီးက အစ်ကို့ကို ပြောတယ်။
“ကဲ ငါ့တူရေ၊ ဒီ ဘုတ်ကလေးနဲ့ မင်းတို့နှစ်ယောက် လိုက်သွားကြ၊
ရန်ကုန်အထိ တစ်ထောင်နဲ့ ငှားလာတာ၊ ရန်ကုန်မှာ နားနေ ပြီး ညကျမှ
သံလျင်ကူးခဲ့

“အိုကေ  လို့ အစ်ကိုက ပြောတယ်။ အစ်ကို့ ကြည့်ရတာ စပိဘုတ်ကလေးကို
သဘောကျနေပုံပဲ။ မမလေးက နေကာ မျက်မှန်လေးနဲ့ လည်စည်းပုဝါ
နီနီရဲရဲလေး စည်းထားတယ်။ အစ်ကိုကလဲ နေကာ မျက်မှန်နဲ့ပဲ။ ဘုတ်ထဲကို
အရင်ဆင်းပြီး မမလေးကို လက်တွဲခေါ်တယ်။ မမလေး ရောက်ရော
စပိဘုတ်ကလေး ဝီး  ဆိုပြီး ကွေ့ထွက်သွားတာ သောက်ကျိုးနဲ
မြန်လိုက်တာဗျာ။ ချောင်းရိုးအတိုင်း မောင်းသွားပြီး ချောင်းကွေ့မှာ
ပျောက်သွားတယ်။ မြဝတ်ရည်ရဲ့ မျက်နှာကို ကြည့်လိုက်တော့ နှုတ်ခမ်းလေး
မဲ့လို့။ ကိုဝင်းလှိုင်ကတော့-

“ဩော် တော်လိုက်တဲ့ ကန်ထရိုက် ပိုက်ဆံကုန်မှာ ကြောက်လို့ ငါတို့ကျတော့
သင်္ဘောသီးခွံလောက် မော်တော်လေး ငှားပေးတယ်။ မင်းသားကျ စပိဘုတ်နဲ့
တစ်ထောင် ထွက်သွားပြီ မဟုတ်လား။ ထိတာ ကောင်းတယ်  လို့ အကျယ်ကြီး
ပြောတာကို ကန်ထရိုက်ကြီး ကြားသွားတယ်။ မျက်နှာကြီးမဲပြီး ဦးပိုင်းကို
လျှောက်သွားလေရဲ့။ ကျွန်တော်တို့ မော်တော် ထွက်လာတော့
ဆယ်နာရီလောက် ရှိပြီ၊ ကျွန်တော် ပါးစပ် တလှုပ်လှုပ်နဲ့ အစ်မ မြဝတ်ရည်နား
ကပ်သွားတယ်။

“ဆာလှပြီ အစ်မရဲ့

“သေနာလေး၊ ဆာနေ၊ သေမှာ မကြောက်ဘူးလား။ ဘုရားစာ ရွတ်စမ်း

“ကျွန်တော်မှမရတာ

“ဒါဖြင့် ဘုရား၊ ဘုရားလို့ပဲ ရွတ်နေ၊ တိတ်တိတ်နေစမ်း၊ ငါရေမကူးတတ်ဘူး။

“ကျွန်တော်လဲ မကူးတတ်ပေါင်ဗျာ

အစ်မက မျက်စောင်းထိုး ဟိုဘက် လှည့်သွားတယ်။ ချောင်းဝက ထွက်တော့ ပင်လယ်ကြီး ဘွားခနဲ မြင်ရတာပဲ၊ လှလိုက်တာဗျာ ကျွန်တော်က အညာသားမို့ ပင်လယ်ကို သိပ်မြင်ဖူးတာ မဟုတ်ဘူး။ အခုမှ အားရပါးရ ကြည့်ရတာ၊ လေက ဖြူးဖြူးလေး တိုက်လို့၊ ကောင်းကင်က ပြာပြီး တိမ်တွေက ဖြူလို့၊ လှိုင်းခေါင်းဖြူတွေကတော့ များသည်ထက် များလာတယ်။ မော်တော်ပေါ်က လူတွေ မျက်နှာပျက်စ ပြုနေပြီ။ ပင်လယ်ထဲလဲ ရောက်ရော မော်တော်က သိသိသာသာ လူးလိမ့်လာတယ်။ ထမင်း ဆာဆာနဲ့ ခေါင်းတွေလဲ မူးလာတယ်။ ပစ္စည်းတွေကလဲ နေရာကျဉ်းကျဉ်းမှာ ဆင့်ထပ် တင်ထားတာ ဆိုတော့ ဟိုရွေ့ ဒီလဲနဲ့၊ ဦးလေးကျော်က ဦးပိုင်းက နောက်ပိုင်းကို လှမ်းအော်တယ်။

“ပစ္စည်းတွေ သတိထားကြဟေ့၊ ရေထဲ မကျစေနဲ့၊ ရင်ခုန်ည သေတ္တာတွေ ကြိုးနဲ့တွဲထား

“ဟုတ်ကဲ့ ဦးလေး

“အသေးလေး မီးစက် လျှော့ကျမယ်ဟေ့

အသေးလေးက-

"လျှောနေတယ်ဦးလေး ရေ့  ဆိုတော့ ...

"မအေပေး ခုမှ နေရာပြင် မနေနဲ့ ကျခဲ့ရင်တော့လားကွာ  လို့ လှမ်းကြိမ်းတယ်။ အသေးလေးက လျှာထုတ်ပြတယ်။ လှိုင်းပုတ်လို့ မော်တော်တစ်ချက် စောင်းသွားရင် ဘုရား၊ ဘုရားသံတွေ ဆူညံနေတာပဲ။ ဂလုံးဂလွမ် အသံ ကြားလို့ ကြည့်လိုက်တော့ အဘသိန်းတို့ ဆွဲခြင်း စောင်းသွားတာ၊ ပစ္စည်းတချို့ ရေထဲ ကျကုန်တယ်။ ကျွန်တော် လက်ဘက်ရည် ဝယ်တဲ့ ချိုင့်ကလေး ပေါလော, ပေါလော မျောကျန်ခဲ့တာ ငေးနေတုန်း  ဟိုမယ် ဘုရား၊ ဖူး, ဖူး  လို့ ကိုဝင်းလှိုင်က ကပ်ပြောတယ်။ ဘယ်ဘက် ဝေးဝေးမှာ ဘုရားတစ်ဆူ၊ ရွှေတွေ ဝင်း,အိ လို့။ ဒါ ဘာဘုရားတုန်း ဆိုတော့ ကိုဝင်းလှိုင်က ကျွန်တော့်ကို အ,ရန်ကော ဆိုတဲ့ အကြည့်နဲ့ ကြည့်ရင်း  ရွှေတိဂုံဘုရား ဟ၊ အခု ငါတို့ မြစ်သုံးဆိုင် ပင်လယ်ဝကို ရောက်နေပြီ၊ ကြည့်နေ လှိုင်း, ပိုကြီးလာလိမ့်မယ်  တဲ့။  ကြောက်ပါတယ် ဆိုမှ ဖြဲခြောက်နေပြန်ပြီ  လို့ အစ်မ မြဝတ်ရည်က လှည့်ပြောတယ်။ အစ်ကိုဝင်းလှိုင် ပြောသလိုပါပဲ လှိုင်း, ပိုကြီးလာတယ်။ တစ်ချက်တစ်ချက် စောင်းသွားတာများ တုံးလုံးလဲတော့မယ့် အတိုင်းပဲ။ လှိုင်းလုံးကြီးတွေ ပြေးပြေးလာပြီး ဆောင့်လိုက်ရင် သိမ့်ခနဲ, သိမ့် ခနဲ တုန်သွားတယ်။ ဇာတ်သမားတွေဟာ မျက်နှာအပျက်, ပျက်နဲ့ ငုတ်တုတ်လေးတွေ ထိုင်။ မိရာကို ကိုင်ထားကြရတာ။ မမ မြဝတ်ရည်ကတော့ မျက်ရည်တွေ ဝိုင်းနေပြီ။ အသေးလေးက ကန်ထရိုက်ကို မကြားတကြား

ဆဲနေတယ်။ အဘသိန်းက အစ်ကို့ကို မကျေနပ်ဘူး။ ဘုတ်ကလေး ငှားခနဲ့ ဒီသင်္ဘောငှားခ ပေါင်းရင် အားလုံး မစိုးရိမ်, မကြောင့်ကျ စီးနိုင်တဲ့ သင်္ဘောကြီး ငှားနိုင်တယ်တဲ့။ သူ့စကားတွေ နားမထောင်နိုင်ပါဘူး။ လှိုင်းပုတ်တိုင်း ဘယ်,ညာစောင်း နေတဲ့သင်္ဘောကို ဘာမှ လုပ်မရတော့ ပစ္စည်းပဲ ဂရုစိုက်ထိန်း နေကြရတာ။ ကျသွားရင် ဦးလေးကျော်က ဆဲမှာလေ။

လှိုင်းတွေက ကြီးသည်ထက် ကြီးလာလိုက်တာဗျာ။ မီးစက်ကြီး လျှော, လျှောလာလို့ အသေးလေးက သူ့ ဗလနဲ့ ထိန်းထားတယ်။ ကျွန်တော် မော်တော် အမိုးစွန်းကို တစ်ဖက်က ကိုင်ရင်း စက်ကြီးကို ဒူးနဲ့ အသာမှေးထား ရတယ်။ လှိုင်းထိပ်ဖျားက ရေမွှား ရေစက်ကလေးတွေက ကျွန်တော့် ခြေထောက်ကို စိုရွှဲ နေပြီ။ မော်တော်ခါးပန်းကို ခြေမနဲ့- ကုပ်ထားတာတောင် ချော်ချော်နေလို့ သတိထားနေရတဲ့ အချိန် ဟ, ဟ ဘာကြီးလဲ တစ်ခုခု ကျွန်တော့်ဘေးက မည်းခနဲ လျှောကျအလာ  ရင်ခုန်ည ဖမ်းလိုက်ပါဟ  လို့ အသေးလေးက အော်လို့ ကျွန်တော် ဘယ်ဘက်လက်က လှမ်းဆွဲလိုက်တာ၊ မိတယ်။ မီးစက်အဖုံး သံပြားခုံးကြီး အလေးကြီးပဲ။ သူက လျှောအကျ ကျွန်တော်က လှမ်းအဆွဲ ကျွန်တော့်အားနဲ့ သူ့ကိုဆွဲ မတင်နိုင်ဘဲ သူ့အလေးချိန်က ကျွန်တော့်ကို ဆွဲခေါ်သွားတာ ထင်ပါရဲ့။ လက်လွတ် ခြေလွတ်နဲ့ ကျွန်တော် ရေထဲကို ပွမ်း,ခနဲ ကျသွားတယ်။

ဟင် ... ပင်လယ်ရေက အေးစိမ့်နေတာပဲ။ ရုတ်တရက် ကျွန်တော် ဘာဖြစ်မှန်း မသိဘူး။  အမလေး လုပ်ကြပါအုံး၊ ကျသွားပြီ  ဆိုတဲ့ အော်သံတွေကို တဝုန်းဝုန်း လှိုင်းသံတွေ ကြားက ကြားရတယ်။ သင်္ဘောကို ခပ်ဝေးဝေးမှာ

မြင်ရတော့မှ ...

ဟင် ... ဟောဗျာ၊ ကျွန်တော် ရေထဲမှာပါလား။ လုပ်ကြပါအုံး။ ကျွန်တော် ရေမကူးတတ်ဘူး။ ကျွန်တော့် လက်တွေ, ခြေတွေ အပြင်းအထန် လှုပ်ယမ်းနေတယ်။ လှိုင်းတွေ ပြေးလာကြတယ်။ ကျွန်တော့်ကို ဝင်ဆောင့်တယ်။ တကိုယ်လုံး ရေထဲ မြုပ်သွားတယ်။ ဖွားခနဲ ပြန်ပေါ်လာတယ်။ သဘော်, သဘော် ပြန်လှည့်လာပါ။ ကျွန်တော် ကျန်ခဲ့ပြီ။ ကျွန်တော့်ကို ကယ်ပါ။ ဟင် မပြန်လာပါလား။ တဖြည်းဖြည်း ဝေးသွားတယ်။ ပဲ့ပိုင်းမှာ လူတွေစုလို့ အားလုံး ငေးကြည့်နေကြတယ်။ ကျွန်တော် ခြေတွေ, လက်တွေ ယက်ကန်, ယက်ကန်နဲ့။ လှိုင်းတစ်လုံး၊ ဝင်ဆောင့်ပြန်ပြီ။ ခေါင်းထောင် ကြည့်လိုက်တော့ ကိုဝင်းလှိုင်ကို အင်္ကျီချွတ်နဲ့ တွေ့ရတယ်။ လာပါ ကိုဝင်းလှိုင်၊ ကျွန်တော့်ကို လာခေါ်လှည့်ပါ။ ဟင်... အစ်မ မြဝတ်ရည် ရေထဲခုန်ချမယ့် ကိုဝင်းလှိုင်ကို ဖက်ထားပါလား။ အဘသိန်းတို့ကလဲ ဝိုင်းဆွဲလို့၊ မလုပ်ပါနဲ့၊ လွှတ်လိုက် ကြပါ။ ဒီမှာ ကိုဝင်းလှိုင်ကို လွှတ်လိုက်ကြပါ။ အား ... ပင်လယ်ရေတွေ မျက်စိထဲ ဝင်လာပြီ။ စပ်လိုက်တာ။ ကျွန်တော် မြုပ်သွားပြီ။ မောလိုက်တာဗျာ။ ပါးစပ်ဟ,ပြီး အသက်ရှူရမယ်။ ဟင် ... ပါးစပ်ထဲ ဝင်လာတာ လေတွေ မဟုတ်ဘူး။ ရေတွေ, ရေတွေ မြိုချ။ ဟင် ... ရေတွေကလဲ မြိုချလို့ မကုန်ဘူး။ များလိုက်တာ။ ကျွန်တော် အတင်း ဆောင့်ကန်လိုက်တယ်။ ရင်ထဲမှာ အောင့်လာပြီ။ ရေပေါ်ကို ပေါ်လာပြန်တယ်။ သဘော် နောက်ပိုင်းမှာ မောင်ရွှေလေ ကျွန်တော့် သူငယ်ချင်း အသေးလေးနဲ့ ဝါးလုံးတွေ ကြိုးတွေ ကျွန်တော့်ဆီ ပစ်ပေးတယ်။ ပါးစပ်ကလဲ ဘာတွေ အော်နေလဲ မသိဘူး။ ဘာရမလဲကွာ ရောက်အောင်ကူးမယ်။ ကူးပြီ ... ကူးပြီ။ ဟင် ကျွန်တော် လက်တွေ လေးလိုက်တာ လှုပ်မရတော့ဘူး။ လက်ကို

မြှောက်ပြီး ကြိုးကို လှမ်းတယ်။ မမီဘူး။ မောင်ရွှေရေ ကျေးဇူးတင်ပါတယ်ကွာ။ အသေးလေးရေ ငါသေရတော့မှာလားဟင်။ သဘော်က ကွေ့နေတာလား။ လာပါ မြန်မြန်လာပါ။ ကျွန်တော် စောင့်နေတယ်။ ဟော့ … မကွေ့နဲ့ မကွေ့နဲ့။ လှိုင်းရိုက်ပြီး သဘော်မြုပ်လိမ့်မယ်၊ ထားခဲ့တော့။ အားလုံး သေကုန်လိမ့်မယ် လို့ အော်လိုက်တာ ဦးလေးကျော် အသံလား။ ဦးလေးရယ် ဒီနေရာမှာ ကျွန်တော် မကျပဲ အစ်ကိုသာ ကျသွားရင် ထားခဲ့တော့လို့ ဦးလေး ပြောမှာလား။ စဉ်းစားပါအုံးဗျာ။ ကျွန်တော့်ကို ဦးလေး ခေါ်ခဲ့တာပါ။ သနားပါအုံး။ မလုပ်ပါနဲ့။ ကျွန်တော့်ကို မထားခဲ့ပါနဲ့။ ကျွန်တော် တစ်ခါ ရေထဲကို မြုပ်သွားပြန်ပြီ။ မွန်းလိုက်တာ။ ကျွန်တော် ချောင်းဆိုးလိုက်သလား မသိဘူး။ နှာခေါင်းထဲကရော ပါးစပ်ထဲကရော ရေတွေ ဝင်လာတယ်။ မောလိုက်တာဗျာ။ တော်ပြီ မကူးတော့ဘူး။ စိမ့်အေးနေတဲ့ ရေထဲမှာ အလိုက်သင့်ကလေး နေတော့မယ်။ ဟော … ဟိုမှာ အစ်ကို အစ်ကို၊ ဘုတ်ကလေးနဲ့ မမလေးကို တင်ပြီး ကျွန်တော့်ကို လာခေါ်တာလား။ လိုက်မှာပေ့ါ။ ရေထဲမှာ မနေတော့ဘူး။ ကျွန်တော် ဆောင့်ရုန်း လိုက်တယ်။ ကျွန်တော့် ခန္ဓာကိုယ် ဖြည်းဖြည်းလေး အပေါ်တက်သွားတယ်။ ဘေးမှာ တွဲလောင်း ကျနေတဲ့ လက်ကို အားယူမြှောက်လိုက်တယ်။ လက်ကလေး ရေပေါ်မှာ ပေါ်မှာပါ။ ကိုယ်ကတော့ မြုပ်နေပြီလေ။ ဟော … အမေ အမေ ဆံပင်ဖားလျား၊ သနပ်ခါးတွေ ဖွေးလို့၊ ပန်းတွေဝေလို့၊ ကျွန်တော့်ကို လာခေါ်တာလား။ မလိုက်ဘူး။ အမေ ဟိုမှာ ကျွန်တော့်သဘော် လှည့်လာမှာ။ ကျွန်တော်ဒီမှာ ရှိတယ်။ လက်ပြနေတယ်လေ။ မမြင်ကြဘူးလား။ လူကို မတွေ့ရပေမယ့် လက်ကို မြင်ရတယ် မဟုတ်လား။

မမ မြဝတ်ရည်၊ ကိုဝင်းလှိုင်၊ အသေးလေး လာခေါ်လှည့်ပါကွာ …။

ငါ့ကို မထားခဲ့ပါနဲ့၊ ငါ မသေချင်သေးဘူး။ မင်းတို့နဲ့ မခွဲချင်ဘူး ...။

အစ်ကိုရေ ... အစ်ကိုရေ ကျွန်တော့်ကို လာခေါ်လှည့်ပါ ... .... ...။

---------

**ယဉ်ယဉ်န (မန္တလေး)**

**မဟေသီ၊ မတ်၊ ၁၉၉၂။**

====

## သိက္ခာ

-------------------------------

သူတို့အိမ်ကလေးကာ ချောင်းကမ်းပါးအစပ်မှာ ဖြစ်သည်။ လင်မယား နှစ်ယောက်တည်း ဘဲတစ်အုပ်နှင့် အလုပ်ရှုပ်ချင်လည်း ရှုပ်နေတတ်သည်။ ရာသီပေါ် သီးနှံစိုက်ခင်းများ၊ ဘူးစင်များ အောက်တွင် အလုပ်လုပ် နေသော သူတို့ လင်မယားနှစ်ယောက်ကိုလည်း တွေ့နေရသည်။

အေးအေးချမ်းချမ်း၊ စကားပင် ကျယ်ကျယ် မပြောကြ။ တာဝန်ရှိ ရပ်ကွက်လူကြီးက  ကင်းဆိုရင် ဒီလူ စောင့်လိုက်တာ မနက် ၅ နာရီလောက်အထိ၊ သူများလို ညတစ်ဝက်နဲ့ ခိုးပြီး အိမ်ပြန်သွားတာတွေလည်း မရှိဘူး၊ အတော်အေးတဲ့လူ  ဟု မှတ်ချက်ချသည်အထိ သူ အနေအထိုင် မှန်ခဲ့သည်။

ဘူးစင်အောက်ရှိ လက်ဖက်ရည်ကြမ်းအိုး အစဉ်တည်ထားတတ်သော ဝါးကွပ်ပျစ်ကလေးပေါ်သို့ ပထမဆုံး အလည်လာရောက်သူမှာ ဗေဒင်ဆရာ ကိုစိန်တာ ဖြစ်သည်။ ညည ကင်းတဲတွင် စကားဝိုင်းဖွဲ့ ပြောကြရာမှ တစ်ခွန်းစ

နှစ်ခွန်းစ ခင်ခင်မင်မင် ပြောဆိုပြီးသည်နှင့် စကားဖောင်ဖွဲ့တတ်သော ကိုစိန်တာက သူ့အိမ်ကလေးသို့ အလည်လာခြင်း ဖြစ်သည်။

အလုပ်နှင့်လက် မပြတ်သော သူ့ မိန်းမက အိမ်ပေါက်ဝမှ လှည့်ကြည့်ရုံသာ ကြည့်သည်။

ကွပ်ပျစ်ဘေး နီးဖြာနေသော သူက ကိုစိန်တာ ပြောသည့် မဟာဘုတ်တွေ၊ သက်ရောက်တွေကို နားမလည်သလို၊ အင်း ပင် မှန်မှန်မလိုက်။ သူ့အလုပ်ထဲကိုသာ သူ စိတ်ဝင်စားနေသည်။

နောက်ဆုံးမှာတော့ ကိုစိန်တာခမျာ လေတဖြူးဖြူး၊ ဝါးကွပ်ပျစ်ကလေးပေါ်တွင် အိပ်ပျော်သွားသည်အထိ။ နေဝင်ခါနီးမှ ကပျာကယာ နိုးလာပြီး

"အိပ်လို့ ကောင်းလိုက်တာဗျာ    ခင်ဗျား နေရာလေးတော့ သဘောကျသွားပြီ၊ ခဏခဏ လာလည် မယ်နော်  ဟု နှုတ်ဆက်သွားသည့် ကိုစိန်တာကို အေးအေးဆေးဆေး ပြုံးပြရင်း သူကျန်ရစ်ခဲ့သည်။

ဘူးစင်လေးရှိရာသို့ တတိယမြောက် အခေါက်အဖြစ် လာလည်ပြီးသောအခါ (လာအိပ်ပြီးသောအခါ) ဧည့်သည်တစ်ယောက် ပါလာခဲ့သည်။ လူပုံချောချော၊ သပ်သပ်ရပ်ရပ် ဧည့်သည်ကို မြို့နှင့် ကပ်နေသည့် စည်သာရွာမှ ကျောင်းဆရာ

ကိုဘကျော်ဟု မိတ်ဆက်ပေးသည့်အခါ သူက ခေါင်းညိတ်ပြသည်။ ကိုဘကျော် ပါလာသည့် ထန်းလျက်ခဲနှင့် အကြော်များ ထည့်ရန် ပန်းကန်ပြား နှစ်ချပ် သူ့မိန်းမက ယူလာသည်။ လက်ဖက်ရည်ကြမ်း ပန်းကန်လုံးများကို ခပ်လှမ်းလှမ်းရှိ ရေအိုးသို့ ယူသွားပြီး ထပ်၍ဆေးသည်။ ရေနွေးကြမ်း ကရားထဲသို့ ရေနွေး ဖြည့်ပေးသည်။ အိမ်ရှင်မ အလုပ်ရှုပ်နေသည်ကို သူ ငေးကြည့်နေသည်။

"စားကြပါဗျာ၊ အကုန်လုံး စားရအောင် ဝယ်လာတာပါ၊ ကိုစိန်တာ ပြောလွန်းလို့ ခင်ဗျားလင်မယား သဘောကောင်းပုံတွေကို ကြားပြီး လာလည်ချင်စိတ် ပေါက်လာတာ၊ ကျွန်တော်တို့ လာလို့ အလုပ်တွေ ရှုပ်ကုန်ပြီ ထင်တယ်

ကျောင်းဆရာ၏ စကားကို  အလုပ်မရှုပ်ပါဘူးဗျာ၊ ကျွန်တော်တို့က ကျွေးရမယ့်အစား ခင်ဗျားက ဝယ်လာတော့ အားနာနေတာ  ဟု သူက အားနာပါးနာ ပြောသည်။

"အားနာစရာ မလိုပါဘူးဗျာ၊ ခင်ဗျားရဲ့ ဘူးစင်လေးကို ကိုစိန်တာက သိပ်သဘောကျနေတာဗျ၊ လုပ်ပါ၊ စားပါ၊ ခင်ဗျား မိန်းမကိုလည်း ခေါ်ပါဗျ

အဲဒီနေ့က ကျောင်းဆရာနှင့် ဗေဒင်ဆရာ စကားတွေ ဖောင်ဖွဲ့ ဖောင်ကြဲအောင် ပြောကြသည်။ သူက နားထောင်သမား သက်သက်။ တစ်ခုတော့ ရှိသည်။ ခြံထောင့်တွင် ချဉ်ပေါင်စိုက်ရန် မြေဘောင်ဖို့နေသော အလုပ်ကိုတော့

ရပ်နားထားလိုက်ရသည်။ အားနာပါးနာနှင့် အကြော်စားရင်း သူ ထိုင်နေခဲ့ရသည်။ ပြန်ခါနီးတွင် ကျောင်းဆရာက

“သွားမယ်ဗျို့ ကိုယ့်လူ၊ ချောင်းစပ်နဲ့၊ ယာခင်းနဲ့၊ ဘူးစင်နဲ့၊ ဒီနေရာလေးတော့ ကျုပ် ဖီးလ်ဖြစ်သွားပြီ၊ စနေ တနင်္ဂနွေနေ့တိုင်း လာမယ်ဗျာ  ဟု သူ့ကို ပခုံးပုတ်ရင်း ပြောသွားခဲ့သည်။

သူ အေးစက်စက် ပြုံးနေသည်။

နောက်တစ်ပတ် တနင်္ဂနွေနေ့သို့ ရောက်သောအခါ ဆိုင်ကယ်သံ တဖုန်းဖုန်း ကြားရပြီး ဖုန် တထောင်းထောင်း ထ,နေသည်။ သူ့မိန်းမကလည်း အိမ်ပေါက်ဝ,က ထွက်၍ ပါးစပ်အဟောင်းသား ဟ,နေသည်။

“ကျွန်တော်တို့ လာပြန်ပြီဗျို့

ဘူးစင်ဘေးတွင် ဆိုင်ကယ် ရပ်သွားသောအခါ သုံးယောက်စီးသည့် ဆိုင်ကယ်ပေါ်မှ ဆင်းလာသော ကိုစိန်တာက အရင်လှမ်းအော်သည်။ ကျောင်းဆရာနှင့် ကိုစိန်တာ၏ လက်ထဲတွင် ပါလာသော ခေါက်ဆွဲကြော်ထုပ်များ၊ ဟင်းထုပ်များက သူ့မိန်းမလက်ထဲသို့ ရောက်သွားသည်။ ဆိုင်ကယ် စီးလာသည့် သူက နေကာမျက်မှန်ကို ဟန်ပါပါ

ချွတ်ပြီး ဆိုင်ကယ်ပေါ်မှ နောက်ဆုံးဆင်းလာသည်။

"လာ ထိုင် ကိုလှမောင်၊ ကျုပ် တဖွဖွ ပြောနေတာ ဒီနေရာလေးပေါ့ဗျ၊ ဒါကြောင့် ခင်ဗျားကို ခေါ်လာတာ၊ ဗျို့ ယာခင်းရှင်ကြီးရဲ့၊ ဒီဆရာက ဒိုင်လေ၊ နာမည်က ကိုလှမောင်တဲ့၊ သဘောလည်း ကောင်း၊ လက်လည်း ဖွာ၊ အရမ်းလည်း ဖော်ရွေတဲ့လူဗျ၊ ခင်ဗျားတို့ ခြံကလေးအကြောင်း ပြောပြပြီးကတည်းက ခင်ဗျား တို့ဆီ လာချင်နေတာ၊ ဒီအတိုင်းလာရမှာ အားနာတယ်ဗျာ ဆိုပြီး ခင်ဗျားတို့ လင်မယားအတွက် စားစရာတွေ ဝယ်လာတာသာ ကြည့်တော့

ကျောင်းဆရာက စကားအရှည်ကြီး ပြောရင်း ကျောပိုးအိတ်ထဲမှ ပုလင်းတစ်လုံးကို ထုတ်လိုက်သည်။ ရော်နီဝါးကား အရက်ပုလင်း၊ သူ့မျက်နှာကို တစ်ချက် ကြည့်ပြီး

"ကိုယ့်လူလည်း လုပ်တတ်တယ် မဟုတ်လား၊ လာပါဗျ ၊ ခင်ဗျား ကြည့်လိုက်ရင်၊ အလုပ်နဲ့လက် ဘယ်တော့မှ မပြတ်ဘူး၊ တစ်ရက်တလေလေးတော့ နားစမ်းပါ၊ အပန်းပြေပေါ့ဗျာ

ကိုစိန်တာက လက်ဆွဲခေါ်၍ ဝိုင်းမှာ သူ ထိုင်လိုက်ရသည်။ နံကင်ကြော်၊ ဝက်သားသုပ်၊ ငါးမုန့်ကြော်၊ မြေပဲဆန်စသော အမြည်းများက စုံလှသည်။ သူလည်း တစ်ခွက် တစ်ဖလား မော့မိသည်ပဲ။ ဝိုင်းက စိုပြည်လာသည်။ သူက

နားထောင်သမား သက်သက်။

ညွှေ့သည်သုံးယောက်ကမူ စကားချည်း လုပြောနေသလား အောက်မေ့ရအောင် ဆူညံလို့နေသည်။

ပန်းကန် ချပေးခြင်းတို့ဖြင့် အလုပ်ရှုပ်နေသည့် မိန်းမ မျက်နှာသည်လည်း ရွှင်ကြည်နေ၍ လှုပ်ရှားမှုမှာလည်း သွက်လက်နေသည်။ ခေါက်ဆွဲကြော်နှင့် ဟင်းထုပ်များ၏ တန်ဖိုးက ကြီးလှသည်ပဲ။ တစ်နေ့ အလုပ်ပျက်လည်း မတတ်နိုင်တော့။ သူသည် လည်ချောင်းထဲသို့ စီးဝင်သွားသည့် ဂျော်နီဝါးကားကို အရသာခံရင်း ဝက်သားတစ်ဖတ်ကို နှစ်သိမ့်စွာ ဝါးနေသည်။

မြို့ကလေးမှာ ရှိနေစဉ်အတွင်း ကိုလှမောင်က နံနက်တိုင်း သူ့ကို ဆိုင်ကယ်နှင့် လာခေါ်လေ့ရှိသည်။ ဆုံစည်းရာ လက်ဖက်ရည်ဆိုင်တွင် ကျောင်းဆရာ၊ ဗေဒင်ဆရာတို့နှင့် ဆုံကြသည်။ ပဲပလာတာနှင့် လက်ဖက်ရည် သောက်ကြသည်။ သူက အားနာ၍ မလိုက်လိုကြောင်း ငြင်းသောအခါ ကိုလှမောင်က

"ကျွန်တော်က ဆယ့်ငါးရက် တစ်ခါလောက် ခရီးထွက်ရတဲ့ သူပါဗျာ၊ ပြုစုပါရစေ  ဟု ပြောတတ်သည်။

ဘာမှ နားမလည်သော ခပ်ထုံထုံ ခပ်အအ သူ့မိန်းမပင်

“ကိုလှမောင်က သိပ်သဘောကောင်းတာပဲနော်” ဟု ပြောလေ့ရှိလာပြီ။ သူကတော့ အပေါင်းအသင်းများကို အားနာမှုနှင့် ငြိမ်သက်နေဆဲ။ ကိုလှမောင် ယူလာသည့် လက်ဆောင်ပစ္စည်းများကို ငြင်းပယ်နိုင်မှု မရှိတော့ဘဲ လက်ခံနေဆဲ ကာလများကို ဖြတ်ကျော်လာပြီးသည့် တစ်နေ့တွင် ကိုလှမောင်သည် ဆိုင်ကယ်ပေါ်တွင် ခပ်ငယ်ငယ် ကောင်မလေး တစ်ယောက်ကို တင်၍ သူ့အိမ်သို့ ရောက်ရှိလာခဲ့သည်။ အခြေအနေကို မှန်းဆပြီး သူ့နားထင် နားရင်းတို့တွင် သွေးများ တဖျင်းဖျင်း တိုးလာခဲ့သည်။ ပြုံးဖြီးဖြီးနှင့် ဟင်းထုပ်များကိုဆွဲ၍ မီးဖိုချောင်သို့ လျှောက်သွားပြီး သူ့မိန်းမ၏ လက်ကို အပ်ရင်း

“ကျွန်တော်တို့ ဒီမှာ ထမင်းစားမှာနော်” ဟု ပြောနေသော ကိုလှမောင်၏ ပိုင်စိုးပိုင်နင်းမှု၊ ကောင်မလေး၏ ရှက်ကိုးရှက်ကန်း မျက်နှာပေး၊ သူ့ကို ကြောက်ကြောက်ရွံ့ရွံ့ လှမ်းကြည့်သော သူ့မိန်းမ၏ အထိတ်တလန့် မျက်နှာတို့ အကြားတွင် သူ အာစေးထည့်ခံထားရသလို ဘာသံမှ မထွက်နိုင် ဖြစ်နေသည်။ ကိုလှမောင်က အိမ်ပေါက်ဝမှ သူ့ကို လှည့်ကြည့်၊ မေးတစ်ချက် ဆတ်ပြီး

“ကျွန်တော်တို့ အိမ်ထဲမှာ တစ်နာရီလောက် စကားပြောမယ်ဗျို့၊ လာဟေ့ ညီမ” ဆိုပြီး သူ့ကို သာမန်ကာ လျှံကာ ထမင်းစားရေသောက် အော်ပြောသွားကာ၊ ကောင်မလေး လက်ကို ဆွဲပြီး အိမ်ထဲသို့ ဝင်ရောက်

ပျောက်ကွယ်သွားသည်အထိ သူ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေဆဲ။ သူ့မိန်းမက ခြေဖွဖွနင်းပြီး ဘူးစင်အောက်ရှိ သူ့အနားမှာ လာထိုင်သည်။ သူမ မျက်နှာက ဖြူရော်လျက်ရှိသည်။ သူ သက်ပြင်း တစ်ချက် ချလိုက်သည်။ အတွေးတွေက အတိတ်ကာလကို ပြန်ရောက်သွားကြသည်။ ကိုလှမောင်၏ ရက်ရောမှုများ၊ လက်ဆောင် ပစ္စည်းများ၊ အစားအသောက်များ၊ ထိုအရာတို့က သူတို့၏ ပိုင်နက်အတွင်းသို့ ပိုင်စိုးပိုင်နင်း ကျူးလွန်လာသော ကိုလှမောင်၏ လုပ်ရပ်တွေကို သူ့ကို မဟန့်တားနိုင်အောင် ကြိုတင်စည်းရုံးထားသည့် လက်နက်များပေလား။

သူ သက်ပြင်းတစ်ချက် ထပ်ချလိုက်မိပြန်သည်။

မျက်လုံးက ချောင်းစပ်မှ ဘဲတစ်အုပ်၊ ယာခင်းများဆီသို့ အကြည့်ရောက်သွားသည်။

အေးချမ်းသည့် ဤနေရာလေးတွင် သူတို့ လင်မယား နှစ်ယောက် ဆင်းရဲပေမယ့် သိက္ခာရှိရှိ နေထိုင်ခဲ့ကြသည့် သူ့နေရာလေးကို တစ်စ တစ်စ ဝင်ရောက်လာသော အပေါင်းအသင်းတစ်ဦးက သူ မနှစ်မြို့က်သည့် အလုပ်တစ်ခုကို လုပ်နေပြီ။ သူ ဘာလုပ်ရမလဲ။ ရုတ်တရက် သူ့မိန်းမဘက် လှည့်လိုက်ပြီး

"ငါ ကိုလှမောင်ကို နောက်မလာနဲ့တော့လို့ ပြောလိုက်တော့မယ်

သူ့မိန်းမက သူ့ကို မျက်လုံးကြီး ပြူးကြည့်ပြီး

“သူ ကျွေးထားတာတွေ ခဏခဏ စားနေရတာ အားနာစရာတော်

သူ့ပါးစပ်က ဆဲရေးစကားတစ်ခွန်း ညစ်ညစ်ပတ်ပတ် ထွက်သွားသည်။ ထင်သားပဲ၊ ဒီလိုစကားမျိုး ကြားရမယ်ဆိုတာ၊ မိန်းမကပင် ဒီစကားမျိုး ထွက်နေပြီ။ ကျောင်းဆရာတို့၊ ဗေဒင်ဆရာတို့ သိလျှင်လည်း

“ဟာ  ကိုလှမောင်က လူ့သဘောကောင်း၊ လူ့ရက်ရောကြီးပါဗျာ၊ ခင်ဗျားတို့ဆို သူက စေတနာရှိပါတယ်၊ တစ်ခါတလေ သူ့အလိုဆန္ဒပြည့်အောင် ကူညီရတာ ဘာဝန်လေးတာ မှတ်လို့  ဟု မှတ်ချက်ချမည်သာ ဖြစ်သည်။ ဒါပေမဲ့ ကိုလှမောင်သည် သူ ပေးကမ်းကျွေးမွေးထားသည့် ရက်ရောမှုအပေါ်တွင် အပြည့်အဝ အတုံ့အပြန် အခွင့်အရေး ယူတတ်သူပေပဲ။ သူ တောက်တစ်ချက် ခေါက်လိုက်သည်။ စိတ်မတည်ငြိမ်စွာဖြင့် ချောင်းစပ်သို့ ဆင်းခဲ့သည်။ အေးချမ်းစွာ အနားယူနေကြသည့် ဘဲတစ်အုပ်ကို တုတ်တစ်ချောင်းဖြင့် မောင်းသည်။ ဘဲတွေက လန့်လန့်ဖျပ်ဖျပ် အော်ဟစ်ပြေးလွှားသည့် နောက်သို့ ချောင်းရိုးတစ်လျှောက် ဒုန်းစိုင်းလိုက်ခဲ့သည်။

ကိုလှမောင်၏ ဆိုင်ကယ် ဘယ်အချိန် ပြန်ထွက်သွားသည်ကို သူ မသိတော့ပေ။

နောက်တစ်နေ့သည် စနေနေ့ ဖြစ်သည်။ အစောကြီးကပင် ကျောင်းဆရာ ကိုဘကျော် ရောက်နှင့်နေပြီး နေ့ခင်းပိုင်းကျမှ ကိုလှမောင်နှင့် ကိုစိန်တာတို့က ထုံးစံအတိုင်း ဆိုင်ကယ်တစ်စီးနှင့် ရောက်လာကြသည်။ ဟောင်ဖွာဟောင်ဖွာ ကျယ်လောင် ကျယ်လောင် စကားသံများ၊ ဂျော်နီဝါးကားပုလင်း၊ အမြည်းထုပ်များကို မျက်ကွယ်ပြု၍ မြေတူးစရာ ရှိသေးသည်ဟု ဆိုကာ ခြံထောင့်ခပ်ဝေးဝေးသို့ ထွက်လာခဲ့သည်။ မထွက်လာမီ ခါးထဲမှ ဂက်စ်မီးခြစ် အပြာရောင်ကလေးကို အမှတ်တရ စီးကရက်ဘူးပေါ်တွင် အိမ်ရှင်ဝတ္တရားအရ တင်ထားပေးခဲ့သည်။ ကျန်တာကတော့ မိန်းမ ဆက်လုပ်ပေးလိမ့်မည်။ သူ့စိတ်ထဲ ကိုလှမောင် ယူလာတာတွေကို စားရမှာ စိတ်ကုန်ခန်းနေပြီ၊ သူ ခွန်အားစိုက်၍ မြေတူးနေသည်။ နေပူချိန်မို့ ချွေးတွေရွှဲနေအောင် ထွက်လာသည်။ အနားသို့ ရောက်လာသော လူတစ်ယောက်၏ အရိပ်ကို တွေ့သဖြင့် လှည့်ကြည့်မိတော့ သူ့မိန်းမ ဖြစ်နေသည်။

"ဘာလဲ

"ကိုစိန်တာက မီးခြစ်ရှိလားတဲ့

"ဟင်    ငါပေးထားခဲ့ပြီးသားပဲ

သူ့ပေါက်တူးကို ပြန်ချ၍ ဘူးစင်အောက်သို့ လျှောက်လာခဲ့သည်။ ကိုစိန်တာက

ဆီးပြောသည်။

"ကိုယ့်လူ    ပေးစမ်းပါဦးဗျ မီးခြစ်

သူ အူကြောင်ကြောင် ဖြစ်သွားသည်။ ဝိုင်းထဲသို့ ဟိုဟိုဒီဒီ ကြည့်ပြီး

"ကျွန်တော် ဒီစီးကရက်ဘူးပေါ်မှာ တင်ထားခဲ့တာ

သူ စဉ်းစားမရဖြစ်နေခိုက် ကိုလှမောင်က သူ့အိတ်ထောင်ထဲမှ ဂက်စ်မီးခြစ် အပြာရောင်ကလေးကို ထုတ်ပြီး စီးကရက်မီးညှိရင်း

"ဒါကတော့ ကျွန်တော့် မီးခြစ်ဗျနော်

သူ ဘာမှ မပြောသေးဘဲ ကွပ်ပျစ်အောက်သို့ ငုံ့ကြည့်သည်။ အောက်မှာလည်း မရှိ၊ ကိုလှမောင် လက်အတွင်းမှ မီးခြစ်ကို သေသေချာချာ ကြည့်တော့လည်း သူ့မီးခြစ်မှ သူ့မီးခြစ်အစစ်။ သူ စိတ်ရှုပ် သွားသည်။ ကိုစိန်တာနှင့် ကိုဘကျော်ကို ကြည့်လိုက်တော့လည်း မျက်လုံး ကလယ်ကလယ်နှင့်။ သူ့အသံကို ချိုသာအောင် သေသေချာချာ ထိန်း၍ ပြောသည်။

"ဒီခါးပုံစ ထဲကနေပြီး ခင်ဗျားတို့ ခြစ်ရအောင် သေသေချာချာ ဟောဒီ စီးကရက်ဘူးပေါ်ကို အမှတ်တရ တင်ပေးထားခဲ့တာပါဗျာ၊ ဒီလို ဖြစ်ပါလိမ့်မယ်၊ မီးခြစ်ကို ယူပြီး ကိုလှမောင်က အိတ်ထဲကို ယောင်ထည့်မိတာ ဖြစ်ပါလိမ့်မယ်

သူ့စကားအဆုံးတွင် ကိုလှမောင်က ဝုန်းခနဲ ထရပ်သည်။ သူ့မျက်နှာမှာ ရုတ်ချည်း နီရဲလာသည်။

"မင်းက ငါ့ကို မီးခြစ်သူခိုးလို့ ပြောတာလား

"မဟုတ်ပါဘူးဗျာ၊ မှားထည့်မိတယ်ဆိုတာ ဖြစ်တတ်ပါတယ်၊ ကျွန်တော်လည်း သေသေချာချာ ထားခဲ့လို့ပါ

"ဟောဒါ ငါ့မီးခြစ်မှ ငါ့မီးခြစ်ကွ

ကိုလှမောင် ဒေါသတကြီး ပစ်ပေါက်လိုက်၍ မီးခြစ်ကလေး မြေပေါ်တွင် လိမ့်သွားသည်ကို သူ ငေးကြည့် နေမိသည်။

ကိုလှမောင် ကွပ်ပျစ်ပေါ်က ဆင်းရင်း လုံချည်ကို ပြင်ဝတ်သည်။

"ဒီမယ် ကိုယ့်လူ၊ မီးခြစ်တစ်လုံးနဲ့ ဘာမှအဖိုးမတန်ဘူး၊ ကိုယ့်လူတို့ကို ဝမ်းခြမ်း ကျွေးမွေးခဲ့တာနဲ့ စာကြည့်ဦး၊ ဒါ ကိုယ့်မီးခြစ်၊ ဒါပေမဲ့ ကိုယ့်လူ လိုချင်

ယူထားလိုက်

ပြောပြောဆိုဆို ဆိုင်ကယ်ပေါ်သို့ တက်၍ တရကြမ်း မောင်းထွက်သွားသည်။ သူ ကျောက်ရုပ် ဖြစ်၍ ကျန်နေခဲ့သည်။ ကိုလှမောင်၏ စကားကို သူ မချေပနိုင်။ အမှန်တကယ် သူ့မီးခြစ် ဖြစ်ကြောင်း သူ ဘယ်လိုသက်သေပြရမှန်း မသိ။ သူ့မိန်းမက ပြုံးပြုံးပျာပျာ ရောက်လာသည်။ ကိုစိန်တာက ကွပ်ပျစ်ပေါ်က ထရင်း ညည်းညည်းညူညူ

"အင်း ကိုလှမောင်တော့ စိတ်ဆိုးသွားပြီ၊ ဒုက္ခပဲ၊ ဒီလူက လူဖြောင့် စိတ်တိုဗျ၊ ခင်ဗျားကလည်းဗျာ၊ ဟုတ်သားပဲ၊ မီးခြစ်တစ်လုံး ဘယ်လောက် အဖိုးတန်လို့လဲ၊ မိတ်ဆွေအပေါင်းအသင်းက အဖိုးတန်တယ်ဗျ၊ သွားပြီ၊ ဒီလူ လာတော့မှာ မဟုတ်ဘူး

ကိုစိန်တာ၏စကားကို စိတ်ညစ်ညူးစွာ နားထောင်ရင်း စကားပြောချင်စိတ် ကုန်ခန်းစွာဖြင့် လှည့်ထွက် လာခဲ့သည်။

ထိုနေ့ညက တလူးလူး တလိမ့်လိမ့်ဖြင့် သူ အိပ်မပျော် ။ စိတ်ဒွိဟ အတွေးတစ်ခုက သြော် မီးခြစ်ကို ကိုလှမောင်က သူ့ဟာလို့ ပြောတုန်းက ငါ ငြိမ်နေလိုက်ရင် ပြဿနာဖြစ်မှာ မဟုတ်ဘူးဟု တွေးမိသည်။ နောက်တစ်ခါ ငါက ဂုဏ်သိက္ခာကို အသက်ထက် တန်ဖိုးထားတယ်။

ငါတို့လို ဆင်းရဲသားများမှာ ရှိးသားတဲ့ ဂုဏ်သိက္ခာက လွဲလို့ ဘာမှမရှိဘူး။ သူ့ဟာသူ စိတ်ဆိုးချင်ဆိုး၊ မဆိုးချင်နေ။ ငါ ကိုလှမောင်ကို ရှင်းပြလိုက်မိတာ မှန်တယ်ဟု တွေးမိပြန်သည်။

ဒါပေမဲ့ ကိုစိန်တာနဲ့ ကိုဘကျော်က မီးဖြစ်တစ်လုံးကိုပင် ငြင်းသည့်သူဟု မြင်သွား တော့မှာပဲဟု တွေးမိပြန်တော့ သူ မွန်းကျပ်နေခဲ့သည်။ ခါတိုင်းလို မနက်ခင်း ကိုလှမောင် လက်ဖက်ရည်ဆိုင် သွားဖို့ လာခေါ်မှာ မဟုတ်ဆို၍ သူ နေမြင့်အောင် အိပ်နေခဲ့သည်။ ဒါပေမဲ့ ခါတိုင်းကြားနေကျ ဆိုင်ကယ်သံ တဖုန်းဖုန်းကို ကြားရပြီး ကိုလှမောင်ကို ပြုံးဖြီးဖြီး မျက်နှာဖြင့် တွေ့ရတော့ သူ အံ့သြသွားသည်။ ကိုလှမောင်က အပြာရောင် မီးခြစ်ကလေးကို အိတ်ထောင်ထဲမှ ထုတ်လိုက်သည်။

"ကျုပ်မီးခြစ်က အိမ်မှာ မေ့ကျန်ခဲ့တာဗျ

ပေါ့ပေါ့ပါးပါး ပြောနေသော ကိုလှမောင်ကို သူ စိတ်ပျက်လက်ပျက် ကြည့်နေသည်။ သူ စကားတစ်ခွန်း ပြောဖို့ ချီတုံချတုံ ဖြစ်နေပြီးမှ ဇွတ်မှိတ်၍

...

"မီးခြစ် မေ့ကျန်ခဲ့တဲ့အကြောင်း ကိုစိန်တာတို့ ကိုဘကျော်တို့ကို

ပြောပြလိုက်ဦးဗျ

ကိုလှမောင်က မျက်လုံးတစ်ဖက် ပင့်လိုက်သည်။

“ဘာကြောင့်လဲဗျ

“ကျွန်တော်က အပေါင်းအသင်းကို တန်ဖိုးထားပါတယ်ဗျာ၊ ကျွန်တော့်ကို မီးခြစ်တစ်လုံးနဲ့ ငြင်းတတ်တဲ့ လူလို့ ထင်သွားမှာ သိပ်စိုးရိမ်တယ်၊ ဒါကြောင့်မို့ပါ

သူ့တောင်းပန်စကားအဆုံးတွင် ကိုလှမောင် ခပ်ဟားဟား တစ်ချက် ရယ်လိုက်သည်။ ဘာမှတော့ ပြန်မပြော။ ကိုလှမောင်၏ ဆိုင်ကယ်နောက်တွင် သူ ပါလာသည်ကို မြင်သောအခါ လက်ဖက်ရည်ဆိုင်တွင် ရောက်နှင့်နေကြသော ကိုစိန်တာနှင့် ကိုဘကျော်က တအံ့တသြ ဖြစ်နေကြသည်။ ဟန်မပျက် သူ ဝင်ထိုင်လိုက်သည်။ လက်ဖက်ရည် မှာကြသည်။ စကားတွေက မေးတစ်ခွန်း ပြောတစ်ခွန်း တောင်ရောက် မြောက်ရောက် ဖြစ်နေကြသည်။

“အင်း  ဟိုလူနှစ်ယောက်ကတော့ ကိုလှမောင်ကို တော်တော် သဘောထားကြီးတဲ့ လူလို့ ထင်နေကြမှာပဲ၊ ခဏကြာလို့ စီးကရက်သောက်ရင် ကိုလှမောင်က မီးခြစ်ထုတ်ခြစ်မှ အဖြစ်မှန်ကို သိကြမှာ  ဟု

တွေးရင်း လက်ဖက်ရည်ကို ဖြည်းဖြည်းချင်း မှုတ်ချနေသည်။ ထိုစဉ် ကိုလှမောင်က သူ့လက်ဖက်ရည်ကို လက်စသတ်လိုက်သည်။ စီးကရက်ဘူးမှ တစ်လိပ် နှိုက်ယူ၍ နှုတ်ခမ်းဖျားတွင် တပ်လိုက်သည်။ သူ ရင်ခုန်စွာဖြင့် စောင့်ကြည့်နေစဉ် ကိုလှမောင်က အိတ်ထောင်ထဲမှ ရေကူးဝတ်စုံနှင့် မိန်းမလှလေးပုံ မီးခြစ် အနီရောင်ကလေးကို ဖြည်းဖြည်းချင်း ဆွဲထုတ်၍ခြစ်လိုက်သည်။ အပြာရောင် မီးတောက်ကလေးနှင့်အတူ ဂီတသံ တိုးတိုးကလေး ထွက်ပေါ်လာသည်။ သူက တအံ့တဩ စိတ်နှင့်အတူ ထိတ်လန့်စိတ် ဝင်လာစဉ် ကိုလှမောင်က အဓိပ္ပါယ်မဲ့ တဟင်းဟင်း ရယ်ရင်း

"မနေ့ညက ဝယ်လိုက်ရတယ်လေ၊ ငါးထောင့်ငါးရာ ပေးရတယ်၊ ဂက်စ် မီးခြစ်အပေါ်စား ကိုင်နေရင် ဆင်တူတွေ များလွန်းလို့ဗျာ

သူ့မျက်လုံးတွေ ပြာခနဲ ဖြစ်သွားသည်။ မျက်နှာတစ်ခုလုံးလည်း တရှိန်ရှိန် ပူလာသည်။ သူ မျှော်လင့် ထားသမျှတွေ သွားပြီ။ ကိုလှမောင်သည် အမှန်တရားကို ရှင်းမပြရုံသာမက သူ၏ ဆင်းရဲမှုကိုပါ ဖိနင်း၍ တိတိကျကျ ထပ်မံ စော်ကားလိုက်ပေသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်မိပေမယ့် အချိန်မီ စိတ်ကို ထိန်းလိုက်နိုင်သည်။ ချာခနဲ လှည့်ထွက်လာချိန်တွင် ကိုလှမောင်၏ တဟင်းဟင်း ရယ်သံက ကျောကပ်ပါလာခဲ့သေးသည်။

ထိုနေ့ တစ်နေ့လုံး သူ အရမ်းပေါက်ကွဲနေခဲ့သည်။ ကွပ်ပျစ်အောက်မှာ ကျနေသော မီးခြစ်ပြာကလေးကို ကောက်ယူ၍ ချောင်းထဲသို့ ဒေါသတကြီး ပစ်ချလိုက်သည်။ သူ၏ ပေါက်ပြားချက်အောက်တွင် မြေကြီးတွေ ဖွာကနဲဖွာကနဲ လွင့်စဉ်ကုန်သည်။ သူ ဘာဖြစ်လာသလဲဟု သူ့မိန်းမက မမေးရဲ။ သူကလည်း ပြောမပြ။ မနက်စာလည်း မစား ။

ညနေစောင်းမှ သူ နည်းနည်း စိတ်ပြေသွားပြီး ကွပ်ပျစ်ပေါ်တွင် လှဲနေလိုက်သည်။ သူ့မိန်းမက ခပ်ရွံ့ရွံ့ အနားကပ်လာပြီး

"ဒီနေ့ ကင်းကျတယ်တဲ့၊ ရပ်ကွက်လူကြီးက လာပြောသွားတယ်

သူ သက်ပြင်းတစ်ချက် ချလိုက်သည်။ လှဲနေရာမှ ထလိုက်သည်။ ဒီနေ့ညလည်း ဒေါသဖြစ်လို့ အိပ်မပျော်မယ့် အတူတူ ကင်းတဲမှာ သွားထိုင်နေရတာမှ ကောင်းပါသေးတယ်ဟု သူတွေးသည်။ ရေချိုး၊ ညစာစားရင်း နည်းနည်းပြေသွားသော ဒေါသစိတ်သည် ကင်းတဲသို့အသွား ဆုံဆည်းရာ လက်ဖက်ရည် ဆိုင်ကို အဖြတ် ဆိုင်ထဲတွင် ထိုင်နေသော ကိုလှမောင်ကို မြင်သောအခါ မီးငွေ့အူသလို အညွန့် တလူလူတက်လာသည်။ ကင်းတဲသို့ ရောက်သည်အထိ ဒေါသမထိန်းနိုင်။ ကင်းတဲ ရောက်သည်နှင့် ကင်းတဲအောက်တွင် စီထားသော ထင်းတုံးကြီးတွေကို မြိနေအောင် ထင်ခွဲဓားမနှင့် တခွမ်းခွမ်း ခွဲတော့သည်။ သူ့ဒေါသအမျက်အောက်တွင် ထင်းတုံးကြီးတွေ ထင်ပေါက်ခြမ်း ဖြစ်သွားကြသည်။ သည်တော့မှ ရေနွေးအိုး

ဆက်တည်ရင်း စိတ်နည်းနည်းပြေသွားသည်။ ကင်းတဲပေါ်တွင် စကားပြောဖော်တွေ ရောက်နေကြပြီ။ ငြင်းခုန်သံ၊ စကားပြောသံတွေ ကြားနေရသည်။ သူ စကား ပြောချင်စိတ် မရှိ၍ ရေနွေးအိုးနားမှာဆက်ထိုင်နေခဲ့သည်။ ရေနွေးအိုး ဆူတော့သည်။ တရှူးရှူး တရှဲရှဲအသံတွေ မြည်လာသည်။ ပလုံစီပွက်သေး ကလေးတွေကို ကြည့်နေစဉ် နားထဲမှာ ကင်းတဲဘေးက စကားသံတွေဝင်လာ၍ သူနားစိုက်ထောင်မိသည်။

"အိုး မီးခြစ်ကို ချထားပါဗျ၊ ခင်ဗျားက ဘာလို့ အိတ်ထဲ ထည့်ထည့်သိမ်းနေရတာလဲ

လမ်းထိပ်က ဘုရားဒကာအသံ ။

"မီးခြစ်တစ်လုံးနဲ့ စိတ်မချရတဲ့သူတွေ ရှိတယ်ဗျ

ဗေဒင်ဆရာ ကိုစိန်တာအသံ ။

"ဟိုယာခင်းက လူပေါ့ဗျာ၊ အပေါင်းအသင်း မရှိလို့ ကျွန်တော်တို့ ကိုလှမောင်တို့က ကျွေးမွေး ပေးကမ်းနေတာ၊ သူက ဒီလိုဗျာ

ဘေးက ရေခွေးအိုးက ပွက်ပွက်ဆူနေပြီ။ သူ့စိတ်ကို မထိန်းနိုင်တော့။
အသားကုန် လွှတ်ထားလိုက်မိပြီ။ ထင်းခွဲဓားမကို မြဲမြဲဆုပ်ကိုင်၍
ကင်းတဲရှေ့မှာ မားမားရပ်လိုက်သည်။

သူ့ကိုမြင်သောအခါ မျက်လုံးပြူး၍ ကိုစိန်တာက ထိတ်ထိတ်လန့်လန့်
ပြောသည်။

"ဟင်     ခင်ဗျား ရှိနေတယ်လား

အဆိုပါ စကားများသည် ကိုစိန်တာ၏ နောက်ဆုံးစကားများ ဖြစ်သည်။
ခဏကြာသောအခါ သူသည် သွေးစက်စက်ကျနေသော ဓားမကို စိမ်ပြေနပြေ
ဆုပ်ကိုင်၍ ဆုံဆည်းရာ လက်ဖက်ရည်ဆိုင်ဘက်သို့ အေးအေးဆေးဆေး
လျှောက်သွားခဲ့လေသည်။

"အဲဒီနေ့က မီးခြစ်အပြာလေးကို ခင်ဗျားခါးပုံစထဲက ထုတ်ပြီး
စီးကရက်ဘူးပေါ်မှာ တင်ပေးခဲ့တာ ကျွန်တော် မြင်ပါတယ်၊ ဒါပေမဲ့
အငြင်းအခုံဖြစ်နေတဲ့ အချိန်မှာ ကိုလှမောင် စိတ်ဆိုးမှာစိုးလို့ ကျွန်တော်
မပြောရဲခဲ့ဘူး၊ သူ့ပေးကမ်းမှုတွေကို ကျွန်တော်လည်း မလွန်ဆန်နိုင်ခဲ့ပါဘူးဗျာ၊
ဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒီကိစ္စ ခင်ဗျား မမှားဘူး ဆိုတာရယ်၊
ကိုလှမောင်က ထပ်တလဲလဲ စော်ကားခဲ့တယ် ဆိုတာရယ်ကို ရုံးတော်မှာ
ကျွန်တော် ထွက်ဆိုပေးပါ့မယ်

ကျောင်းဆရာ ကိုဘကျော်က ဝမ်းပန်းတနည်း လာပြောသောအခါ သူက ဘာမှ ပြန်မပြောဘဲ ခေါင်းကို အသာအယာယမ်းခါ၍ အေးစက်စက် ပြုံးနေခဲ့သည်။ မြို့ထဲက လူတွေက တန်ဖိုးမရှိသည့် မီးခြစ်တစ်လုံး အတွက် တန်ဖိုးရှိသည့် လူ့အသက်နှစ်ချောင်း ဆုံးရှုံးရသည်ကို ကာလကြာမြင့်စွာ တဖျစ်တောက်တောက် ပြောဆိုနေခဲ့ကြသည်။ သူတို့သည် မီးခြစ်တစ်လုံးထက်၊ လူ့အသက်ထက်၊ အဆပေါင်းများစွာ တန်ဖိုးရှိသော အရာကို မေ့လျော့နေခဲ့ကြသည်။

----------

**ယဉ်ယဉ်နု(မန္တလေး)**

**ရွှေအမြုတေ၊ မတ်၊ ၂၀၀၃။**

====

## သဒ္ဒါဖျက်ပိုး

---------------------------------

ရီရီချို အိပ်ရာမှ ထလာတော့ မနက် ၆ နာရီ ထိုးတော့မယ်။ မီးသွေးမီးဖို ပေါ်မှာ တရှူးရှူး မြည်နေတဲ့ ရေနွေးအိုးကို အောက်ချပြီး ကော်ဖီ ဖျော်လိုက်တယ်။ ရိုက်စ်ကွတ်ကာနဲ့ တည်ထားတဲ့ ထမင်းအိုးလည်း ကျက်နေပြီ။ ဖေဖေ ဘယ်သွားပါလိမ့်လို့ စိတ်ထဲက တွေးရင်း မျက်စိက ရှာကြည့်တယ်။ သေချာတာ တစ်ခုက ဖေဖေ ခြံထဲမှာ မရှိဘူး။ လမ်းလျှောက် ထွက်သွား ပြန်ပြီနဲ့ တူတယ်။ စစ်မှုထမ်းဟောင်း ဖေဖေဟာ သူ့ထုံးစံအတိုင်း အစောကြီး နိုးနေတာ။ ထမင်းအိုး တစ်အိုး တည်ပြီး ရေနွေးအိုး ဆူအောင် တည်သွားသေးတယ်။ လူငယ်တွေကို လုံ့လဝီရိယ အရာမှာ ယှဉ်နိုင်တယ်။ အသက် ၆၀ ကျော်နေတဲ့ အဖေကြီး တစ်ယောက်ပဲ ကျန်တော့တဲ့ ရီရီချိုတို့က ဖအေကို အရိပ်တကြည့် မပြုစု ရဘူး။ သူက သူနိုင်တဲ့ တာဝန် ယူနေတုန်း။ ဌာနကြီး တစ်ခုရဲ့ အကြီးအကဲ ဖြစ်ခဲ့လို့ စီးပွါးရေး အရာမှာလည်း မပူရ မပင်ရ။ စုမိဆောင်းမိ ရှိတော့ ဖေဖေက ဆုံးသွားပြီ ဖြစ်တဲ့ မေမေ့ထက်တောင်မှ အလှူအတန်း ရက်ရောတယ်လို့ ရီရီချိုက ထင်တယ်။ တစ်နေ့ တစ်နေ့ ဖေဖေ လမ်းလျှောက် ပြန်လာရင် ဖေဖေ့မှာ ပြောပြစရာ ပုံပြင်တွေက တစ်ပုဒ်ပြီး တစ်ပုဒ် မပျင်းရအောင် ပါလာတတ်တာမျိုးမို့ ရီရီချို ဆိုရင် ဖေဖေ့ကို လမ်းလျှောက်ပြန် မသိမသာ မျှော်တတ်နေပြီ။

"သမီးရေ ... ဒီနေ့ စောစောစီးစီး ကိုရင်လေး ငယ်ငယ်လေးနဲ့ သပိတ်ကြီး မနိုင်မနင်း ပိုက်လာတာ တွေ့လို့ ဖေဖေ ငါးရာ လှူခဲ့တယ်ကွယ်

"သမီးရေ ... ဒီနေ့တော့ ကိုရင်လေးများ ထပ်တွေ့မလားလို့ မျှော်နေတာ ... လမ်းလျှောက်တာတောင် မဖြောင့်ဘူး ... ဟိုကြည့် ဒီကြည့်နဲ့ လုပ်မိတာ ... သမီးရယ် လမ်းထောင့်မှာ ခွေးမလေး မွေးနေတာ ခွေးကလေး ငါးကောင်တောင် ပိန်ကပ်နေတာပဲ ... ဒါနဲ့ ဟိုဘက်လမ်းက လက်ဖက်ရည် ဆိုင်ကို ပြန်လျှောက်ပြီး လက်ဖက်ရည်နဲ့ ပေါင်မုန့် ထောပတ်သုတ် ဝယ်လာပြီး ကျွေးလိုက်တာ စားလိုက်ကြတာ သမီးရယ် ... သာဓုသာ ခေါ်ပေတော့

"ဒီနေ့တော့ လမ်းဘေးမှာ မြက်နုတ်နေတဲ့ ယောဂီဝတ် အဘိုးကြီးကို ငွေငါးရာ လှူခဲ့တယ် သမီးရယ်

ဖေဖေ့ရဲ့ အလှူဒါနတွေက ဝန်မလေး ဒါနလေးတွေ ပေမယ့် တကယ် လိုအပ်တဲ့ လူတွေလည်း တကယ် ရတယ်။ ဘဝမှာ နေဝင်ချိန် ရောက်လုနီး ဖေဖေ့ရဲ့ တစ်နေ့တခြား အစပြုတဲ့ မနက်ခင်းလေး လမ်းလျှောက်ထွက်ရင်း သဒ္ဓါတရား ဒါနခန်းလေးနဲ့ စ,လိုက်တော့ တစ်နေ့လုံး ဖေဖေ ရွှင်ကြည်နေတာ တွေ့ပြီး ရီရီချိုမှာ ဝမ်းသာရသေးတယ်။ ဒါပေမယ့် ယောဂီ အဘိုးအိုက ဖေဖေ့ရဲ့ မနက်ခင်းတွေမှာ တဖြည်းဖြည်းနဲ့ တော်တော် နေရာယူလာတာ တွေ့ရတယ်။

"သမီးရေ ... ဒီနေ့လည်း အဲဒီ ဘိုးဘိုးကို ငါးရာ ပေးခဲ့တယ်

"သမီးရေ ... ဖေဖေလည်း လမ်းထိပ်ရောက်ရော ယောဂီဘိုးဘိုးလည်း လမ်းထဲက ထွက်လာတော့တာပဲ ... ဖေဖေလည်း ငါးရာ လှူလိုက်ပါတယ်

"သမီးရေ ... ဒီနေ့တော့ ယောဂီဘိုးဘိုးက ဆင်းရဲရှာတဲ့ သူ့မြေးလေး ရှင်မပြုနိုင် လို့တဲ့ ... စုပေါင်း ရှင်ပြုပွဲမှာ ထည့်ချင်လို့တဲ့ ဆိုပြီး သုံးထောင် အလှူခံတယ် ... ဖေဖေလည်း ရှင်ပြုတာ ကောင်းတဲ့ အလုပ်ပဲ ဆိုပြီး ကုသိုလ် ပါဝင်ခဲ့ ပါတယ်ကွယ်

ဖေဖေပြောတဲ့ ယောဂီဘိုးဘိုး ပုံပြင်တွေ ထပ်လာတော့ ရီရီချို မျက်မှောင် နည်းနည်း ကုတ်စ ပြုလာတယ်။ ဒါပေမဲ့ ဖေဖေကတော့ မပြောင်းလဲဘူး။ လေကလေး တချွန်ချွန်နဲ့ တပျော်ပြုံးပြုံး တွေ့ရတော့ ရီရီချို ဖေဖေ ဝမ်းသာနေရင် ပြီးတာပါပဲလေ ဆိုပြီး မေ့တောင် မေ့သယောင် ရှိနေပြီ။

ဒီနေ့တော့ အိမ်မှာ နို့ဆီ၊ သကြားကလည်း ကော်ဖီ ဖျော်လိုက်တာ နောက်ဆုံး။ ကြက်သွန်နီ၊ ကြက်သွန်ဖြူလည်း ဝယ်ရမယ်။ တစ်ပတ်စာလောက်ပဲ ကြာဆံ၊ အာလူး၊ ငါးခြောက် ကုန်ခြောက်တွေလည်း ဝယ်ချင်တာမို့ ဖေဖေ ပြန်အလာကို မစောင့်တော့ဘဲ ဈေးဘက် ထွက်လာခဲ့တယ်။

ရီရီချိုလည်း အသက် လေးဆယ် ကျော်ပြီမို့ သုတ်သုတ် သွက်သွက် လျှောက်လိုက်ရင် နည်းနည်း မောတတ်နေပြီ။ ပြီးတော့ တစ်ခုဝယ်၊ တစ်ခုဝယ်နဲ့ ဆွဲခြင်းကြီးကလည်း လေးလိုက်တာ။ မနက်ကလည်း ကော်ဖီလေးပဲ မော့ခဲ့တာ ဆိုတော့ ဈေးထောင့်က အစားအသောက် အစုံရတဲ့ ခေတ်မီ လက်ဖက်ရည်ဆိုင် ထဲမှာ ရန်ကုန် မုန့်ဟင်းခါးလေး ဝင်စားဦးမှပါပဲ ဆိုပြီး ဝင်လိုက်မိတယ်။ ပိုက်ဆံအိတ်ထဲ ဖွင့်ကြည့်တော့ ထောင့်ငါးရာ လောက်ပဲ ကျန်တော့တယ်။ ရီရီချို မှာထားတဲ့ မုန့်ဟင်းခါး မလာခင် ရီရီချို့ ရှေ့မှာ အသက် ခပ်ကြီးကြီး အမျိုးသမီးကြီး တစ်ယောက်က ဝင်ထိုင်တော့ လှမ်းကြည့်မိပြီး ဝမ်းသာအားရနဲ့ ရီရီချိုက  ဆရာမ  လို့ နှုတ်ဆက်မိတယ်။

သူတို့ တက္ကသိုလ်တုန်းက ကထိက ဆရာမကြီး ဒေါ်ကြည်ကြည်မြင့် ရယ်။ ၁၆၊ ၁၇ လောက် ဝဝတုတ်တုတ် ဖွေးဖွေး ယောကျ်ားလေး တစ်ယောက်က တွဲလို့။ ရီရီချို နှုတ်ဆက်မှ ဆရာမက မျက်မှန်လေး ပင့်ကြည့်ပြီး ပြန်ပြုံးပြ နှုတ်ဆက်တော့ ရီရီချိုက …

“ထိုင်ပါ ဆရာမ … ဘာသောက်မှာလဲ ဆရာမ … လက်ဖက်ရည် မှာလိုက်မယ် ဆရာမ  လို့ ပျာပျာသလဲ ပြောလိုက်မိတယ်။ ဆရာမက စားပွဲခုံမှာ ဖြည်းဖြည်းသာသာ ဝင်ထိုင်တယ်။

“မှာပါ ဆရာမ … လက်ဖက်ရည်လား …” လို့ မေးတဲ့အထိ ရီရီချို့ရဲ့

မုန့်ဟင်းခါးကလည်း မလာသေးဘူး။

ဆရာမက ပုံဆိမ့် လို့ မှာပြီးတဲ့ အချိန် ဟေ့ ချို ဆိုပြီး ခါးကို လာဖက်လို့ ကြည့်လိုက်တော့ အရပ်ထဲက စိန်စိန့်ကို တွေ့လိုက်တယ်။ စိန်စိန်တို့ စားပွဲက ဆရာမနဲ့ ကပ်လျက်။ အဲဒီ အချိန်မှာ ရီရီချိုတို့ စားပွဲပေါ် ရီရီချိုရဲ့ ဆွဲခြင်း၊ ကျွတ်ကျွတ်အိတ်၊ ဆရာမရဲ့ ခြင်းနဲ့ ရှုပ်ယှက်ခတ် နေတယ်။ စားပွဲထိုးလေး လာပေးတဲ့ မုန့်ဟင်းခါး ပန်းကန်ကို စိန်စိန်က ဆွဲပြီး ချို ဒီဘက် လာခဲ့ ဆိုတော့ ရီရီချိုလည်း ဆရာမတို့ လွတ်လွတ်လပ်လပ် စားပါစေ ဆိုတဲ့ သဘောနဲ့ ဟိုဘက်စားပွဲ ရွှေ့ထိုင်ပြီး ဆရာမ သောက်နင့်နော် သူငယ်ချင်းနဲ့ ထိုင်လိုက်မယ် လို့ မှာခဲ့တယ်။ စိန်စိန်တို့ စားပွဲမှာ ထိုင်နေရင်းက ဆရာမ ခေါ်လာတဲ့ ကောင်ကလေး မှာနေတဲ့ အစားအသောက်တွေကို နားက ကြားနေရတဲ့ ရီရီချိုဟာ အံ့သြလွန်းလို့ လှည့်ကြည့်မိတယ်။

"ဟေ့ ဟေ့ … ဒံပေါက်တစ်ပွဲ ချပေးစမ်းပါ … ဆိတ်သားကြော်ပွဲ အလွတ် ထပ်ပေးနော် … ကြီးမေ ဘာစားမှာလဲ

"ဟဲ့ … နင် ဘာတွေ မှာနေတာလဲ

"အို … ကြီးမေကလည်း မှာလို့ ပြောသွားတဲ့ ဥစ္စာ … ဟေ့ … လက်ဖက်ရည် ရှယ်တစ်ခွက် ထပ်ပေးပါဦး … ကြီးမေဖို့ ကြက်သား ကြာဆံတစ်ပွဲ

စကားတွေ ကြားနေရတဲ့ ရီရီချို ချွေးပြန်လာတယ်။ မှားပြီ။ ငါ့အိတ်ထဲမှာလည်း ထောင့်ငါးရာတည်းနဲ့ ဆရာမကို သဒ္ဓါပေါက်ပြီး လောကွတ်ပြုမိတာ။ ဒုက္ခပဲ။

ဘယ်လိုမှ မလောက်တော့ဘူး ဆိုပြီး ...

“စိန်စိန် ... နင့်မှာ ပိုက်ဆံပါရင် ငါ့ကို သုံးထောင်လောက် ပေးစမ်းပါ  လို့ ကျိတ်တောင်းရတော့တာပေါ့။

“ဘာဖြစ်လို့လဲ  လို့ စိန်စိန်က မေးတော့ တိုးတိုးသက်သာ ရှင်းပြလိုက်တာနဲ့ စိန်စိန်က ...

“အံ့ ... အံ့ပါ့တော် ... မှာ မှာ ဆိုတာနဲ့ တန်ဖိုးကြီးတာတွေ ဖွတ်မှာတော့တာပဲနော်  ဆိုတာနဲ့ ရီရီချို့ ရင်ထဲမှာ အစာမကြေသလို မအီမလည် ဆို့နင့်နင့်ကြီး ဖြစ်လာတယ်။

အဲဒီနေ့က ဆရာမ ထသွားတော့ သူ့တူလေးက ရှမ်းခေါက်ဆွဲ တစ်ပွဲ ပါဆယ် ဆွဲသွားသေးတယ်။ အားလုံး နှစ်ထောင့်ရှစ်ရာကျော် ရှင်းလိုက်ပြီး ပြန်လာခဲ့တဲ့ ရီရီချို့ စိတ်ထဲမှာ ပုထုဇဉ်ပီပီ ဘယ်လိုမှ ရင်မရှင်းတော့ဘူး။ တစ်ပိုင်းက တစ်ခါတလေ တွေ့ရတဲ့ ဆရာမကို ကျွေးရတာပဲလေ၊ ငါကျွေးတာ ငါသဒ္ဒါ ပေါက်တာ။ စားရှာတာကလည်း ဆရာမ အမျိုးလေးလို့ စိတ်ကို ဖြေကြည့်တယ်။ တစ်ပိုင်းကလည်း တော်သေးတာပေါ့၊ စိန်စိန် ကယ်ပေလို့။ နို့မဟုတ်ရင် အရှက်ကွဲပေါက်။ ဒီလိုပဲ ပါးဖြဲနားဖြဲ စားမှ စားရက်ပလေတော်လို့ တွေးမိပြန်တယ်။

အတွေးတွေနဲ့ ရစ်ခွေပြီး ဘယ်လို ခြေလှမ်းတွေနဲ့ လျှောက်လို့ ဘယ်လို အိမ်ရှေ့ ပြန်ရောက်လာမှန်း မသိဘူး။ အိမ်ကို လှမ်းမြင်လိုက်တဲ့ အချိန်မှာ "ဗုဒ္ဓေါ လို့ ပါးစပ်က ထွက်ရအောင် ရီရီချို အံ့အားသင့် သွားတယ်။

အိမ်ခြံဝင်းကို အပြည့် ကာထားတဲ့ လူတစ်ရပ်လောက်က ဗိုလ်ကတော် မျက်ခုံးပင်တွေ လက်နဲ့ ဖြဲပြီး အိမ်ထဲကို ကုန်းကုန်းကြီး ချောင်းကြည့်နေတဲ့ အညိုရောင်ဝတ် လူတစ်ယောက်ကို တွေ့လိုက်ရ လို့ပေါ့။ ခပ်မြန်မြန် လျှောက်လာတဲ့ ရီရီချို့ရဲ့ ဖိနပ်သံကို ကြားတော့ ဟိုလူက ခါးဆန့်ပြီး တစ်ဘက်ကို ထွက်သွားတာနဲ့ ရီရီချိုမှာ မျက်နှာတောင် မမြင်လိုက်ရဘူး။ ရီရီချိုလည်း ရင်တုန် မပျောက်ဘဲ ဝင်းတံခါးဖွင့် အိမ်ထဲဝင်၊ ဝင်းတံခါးကို သော့ပြန်ချ၊ အမေ့ မပြေသေးခင် တိုက်ထဲကို ဝင်လိုက်တော့ ရုတ်တရက် လန့်ပြီး ...

"အမလေး ... ဖေဖေ ဘာလုပ်နေတာလဲ လို့ အော်မေးလိုက် မိတယ်။

နှစ်ယောက်ထိုင် ဆိုဖာကြီးရဲ့ နောက်မှာ လေးဘက်ကုန်းပြီး ပုန်းနေတဲ့ ဖေဖေက ...

"အမလေး ... တိုးတိုး သမီး တိုး တိုး ... ခြံရှေ့မှာ ဘယ်သူ့ကို တွေ့ခဲ့လဲ ဟင်

..." လို့ ကသောကမျော မေးတာနဲ့ ရီရီချိုလည်း ...

"အညိုရောင် ဝတ်ထားတဲ့ လူတစ်ယောက်တော့ တွေ့ခဲ့တယ် ဖေဖေ ... သမီးကိုလည်း မြင်ရော ဟိုဘက် ထွက်သွားပြီ ... ပြောပါဦး ဖေဖေရဲ့ ဘာဖြစ်နေတာလဲ  လို့ ဆိုတော့မှ ဖေဖေလည်း ပုန်းနေရာက ထွက်ပြီး ဆိုဖာပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်တယ်။

"သမီးရယ် ... ဖေဖေ မှားတာလားဟင် ... ကောက်ချက် ချပေးစမ်းပါ၊ ဖေဖေလေ တကယ်ကို အဲဒီလူအပေါ် သဒ္ဓါ ပေါက်ခဲ့ပါတယ် ... ဆင်းရဲရှာတယ် ဆိုပြီး ကြုံသလို လှူခဲ့တယ် ... သူက အချဉ် ထင်သလား မသိဘူး သမီးရယ် ... နေ့တိုင်း စောင့်တော့တာပဲ ...။ တစ်နေ့ ငါးရာ ...။ ဖေဖေ ကြာတော့ စိတ်ညစ်လာတယ် သမီးရဲ့ ... သဒ္ဓါကို ဖျက်တဲ့ပိုးဟာ သဒ္ဓါတရားထဲကပဲ ဖြစ်လာတယ် ... စကတည်းက သဒ္ဓါတရားကို မပြမိရင် အဖျက်ပိုးလည်း ပေါ်လာစရာ မရှိဘူး ... ဖေဖေ တဖြည်းဖြည်း သဒ္ဓါ ပျက်လာတဲ့ အချိန်နှာ သူက ရွာပြန်ပြီး ဘုရားတည်မှာမို့ ငွေသုံးသောင်းလောက် လှူပါလို့ တောင်းတော့တာ ...။ ဖေဖေ ငြင်းလိုက်တာ ... အဲဒါ တကျည်ကျည်နဲ့ အိမ်ထိ လိုက်လာပြီး အပြင်ဘက်က ချောင်းနေတာ အလစ်မှာ အိမ်ထဲ ဝင်ပြီး သူမမြင်အောင် ပုန်းနေရတာ ... ပစ်ပစ်ခါခါ နစ်နစ်နာနာ ပြောရမှာလည်း အားနာတယ်လေကွယ် ... ဒါပေမဲ့ ဖေဖေ သူ့အပေါ်မှာ အစက တကယ့်ကို သဒ္ဓါတရား ထားခဲ့တာ ... အဲဒီ သဒ္ဓါတရားကို ဖေဖေ နမြောလိုက်တာကွယ်

ဆွဲခြင်း အလေးကြီးကို အခုထိ မချမိသေးဘဲ ဧည့်ခန်း အလယ်မှာ
တောင့်တောင့်ကြီး ရပ်နေမိတဲ့ ရီရီချိုလည်း  သမီးလည်း နမြောလိုက်တာ
ဖေဖေရယ်  လို့ ညည်းလိုက်မိတယ်။

ဖေဖေ့အတွက် နမြောတာလား၊ ကိုယ့်အတွက်ကိုယ် နမြောမိတာလား ခွဲခြား
မသိနိုင်တော့ဘဲ မီးဖိုဆောင်ထဲကို ဝင်လာတဲ့ ရီရီချိုဟာ ဆွဲခြင်းကို ဗုန်းခနဲ
ပစ်ချလိုက်ပြီး ပါးစပ်က စကားတိုးတိုး တစ်ခွန်း ထွက်သွားသေးတယ်။

"ဒီအချိန်ဆို ရှမ်းခေါက်ဆွဲ စားနေရောပေါ့ ... တယ်လေ ငါ ..."

------------------------

**ယဉ်ယဉ်န (မန္တလေး)**

**ရွှေအမြုတေ ရုပ်စုံ မဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၇။**

# ကောရာဇ်ပန်းနဲ့က မွှေးတယ်

---------------------------------------------------------

ပါဘလေကာ အမိုးဖွင့်ကားလေးကို အိုရီယံတယ်ဟောက်စ် ရှေ့မှာ ထိုးဆိုက်စရာ နေရာ ရှာမတွေ့လို့ နီနီက မျက်လုံးပြူးနေတယ်။ ရှေ့ခန်းက ဟယ်လင်က ဟိုနားဒီနားနဲ့ လက်ညှိုးတထိုးထိုး လုပ်နေတုန်း နောက်ခန်းက လိုက်လာတဲ့ ဘာဘရာနဲ့ ကြည်ကြည်နဲ့က အနောက်ဘက် ကွေ့လိုက်ပါလားလို့ အော်လိုက်တော့မှ ကျပ်ညပ်နေတဲ့ ကားတွေကြားကနေ ၂၇ လမ်းအတိုင်း ကွေ့ပြီး တွေ့ရာသစ်ပင်မှာ ကားလေး ရပ်သွားတယ်။ ကြည်ကြည်နဲ့ ဘာဘရာ ရှုံ့ရှုံ့မဲ့မဲ့နဲ့ နောက်ခန်းကနေ ကျော်ခွပြီး ဆင်းကြတယ်။ ပါးစပ်ကလည်း ပွစိပွစိနဲ့

"ကောင်မစုတ် နီနီ၊ ပါဂဲရိုးတော့ ယူမလာဘဲ သူ့ယောက်ျားကြီး ပေးလိုက်တယ်၊ ငါတို့ ရှုံးပဲ့လိုက်တာ

လို့ ပြောနေကြတုန်း နီနီတို့၊ ဟယ်လင်တို့က သူတို့ဝတ်ထားတဲ့ ကြိုးကြီးချိတ်တွေကို ပုံကျပ်ပန်းကျ ဖြစ်အောင် ပြင်ဆင်နေကြတုန်း ကြည်ကြည်က ဟက်ခနဲ ရယ်ရင်း

"လုပ်မနေပါနဲ့ဟာ၊ နင်တို့ဗိုက်ပူကြီးတွေ ဘယ်လိုဖုံးဖုံး မလှတော့ပါဘူး။ အသက်ပဲ ၅၀ ကျော်နေပြီ

လို့ ခွပ်တာနဲ့ ဆဲသံ ဆိုသံတွေ ဆူညံသွားတယ်။

အဲဒီလို နေတုန်း အဖြူရောင် ပန်းကလေး တစ်ပွင့်က ကားခေါင်မိုး ပေါ်ကို ဖျတ်ခနဲ ကျလာလို့ လေးယောက်သား အာရုံက ပန်းကလေးဆီ ရောက်သွား ... "ဟယ် ဆိုတဲ့ အော်သံ ပြိုင်တူ ထွက်လာပြီး ပန်းကလေးကို လှကောက်ကြတယ်။ လေကလေးက တဖြူးဖြူး သုတ်လာတော့ ပန်းကလေးတွေက တဖြုတ်ဖြုတ်ကြွေအကျ ဟယ် အပေါ်မှာ ကြည့်လိုက်စမ်း၊ ဧကရာဇ်ပင်ကြီးတော့ ဆိုပြီး ရင်ဘတ်စည်တီး အလုအယက် ကောက်လိုက်ကြတာ သူငယ်ချင်းသား မင်္ဂလာဆောင်ကို မေ့သွားတဲ့ အထိပဲ။ လေအဝေ့မှာ မွှေးရနံ့လေးကလည်း တသင်းသင်းနဲ့၊ ကြည်ကြည်ကတော့ အပင်ပေါ် မော့ကြည့်လိုက်တော့ သူ့ထုံးစံအတိုင်း ကိုင်းအဖျားမှာ အဖြူရောင် ဆုပ်ဆုပ်ခဲခဲ အပွင့်တွေ ပွတ်သိပ်နေရာက ကြွေကျလုဆဲဆဲ အပွင့်ကလေးတွေကို လှုပ်ရမ်းလို့။ အသက်ငါးဆယ် ကျော်နေပြီဖြစ်တဲ့ ကျောင်းဆရာမ ဘဝကို ကြည်ကြည် မေ့သွားတယ်။ ခြောက်တန်းကျောင်းသူ ဂါဝန်ဝဲဝဲလေးနဲ့ ၁၂ နှစ်သမီး ကလေးမလေး ဘဝကို ပြန်ရောက်သွားပြီး ဝမ်းသာအားရ အော်မိတယ်။

"လေမင်းကြီးရယ် တိုက်လိုက်စမ်းပါတော်၊ ဧကရာဇ်ပန်းတွေရယ် ကြွေကျ၊

ကြွေကျ။ အများကြီးကြွေ၊ ငါတို့ ကောက်ချင်လို့

* * *

ကြည်ကြည်တို့ ဖေဖေ ကြည်ကြည့်ကို ကျောင်းထားမယ် လုပ်တော့ မန္တလေးမြို့အနှံ့ ကျောင်းတွေကို ဂျစ်ကားနဲ့ လိုက်ကြည့်တာတဲ့။ တစ်ဦးတည်းသော သမီးလေးကို ဘယ်ကျောင်းမှာ ထားရမလဲလို့ပေါ့။ ကြည်ကြည့်ကို ထားခဲ့တဲ့ ကျောင်းနဲ့ ပတ်သက်ပြီး ကြည်ကြည့် ဖေဖေက ဘယ်လိုပြောခဲ့လဲ ဆိုတော့

"ဒီကျောင်းက သာသနာပြုကျောင်း ဆိုပေမယ့် နိုင်ငံခြားနာမည် မပြောင်းရဘူးဗျာ။ မြန်မာဆန်တယ်ဗျာ။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နုကလည်း ယဉ်ကျေးသိမ်မွေ့ လိုက်တာများ စကားမှ တိုးတိုးလေး ပြောတာ။ ကြည်ကြည့်ကို ဆရာမကြီးလို သိမ်မွေ့ စေချင်တာလည်း ပါ၊ အဓိကကတော့ ကျောင်းပန်းခြံနဲ့ အပြည့်စိုက်ထားတဲ့ ကေရာဇ်ပင်ကြီးတွေပဲဗျာ။ အရိပ်ကလည်း အေးမြနေတာပဲ။ ကျုပ်သမီးလေး ဆော့ရင် ကစားရင် နေမပူတော့ဘူးပေါ့။ ဒါကြောင့် BBM မှာ ထားဖြစ်တယ်

လို့ ရှည်ရှည်ဝေးဝေး ရှင်းပြတတ်ပါတယ်။ ကြည်ကြည်ကတော့ ဖေဖေ့စကားထက် ကေရာဇ်ပင်ကြီးတွေကို စိတ်ဝင်စားတယ်။ သီတင်းကျွတ်ခါနီး ဆိုရင် ကေရာဇ်ပင်တွေက ဖူးကြ၊ ပွင့်ကြပြီး လေကလေး

သုတ်လိုက်ရင် တဖြုတ်ဖြုတ် ကြွေကျပြီး ကျောင်းသူတိုင်း အားတဲ့အချိန်မှာ တကုန်းကုန်း ကောက်ကြ၊ တပြုံးပြုံးနဲ့ ခွေထိုးကြ၊ ပန်ကြ၊ ပန်းလုကောက်လို့ ရန်ဖြစ်ကြ၊ ပြန်ခေါ်ကြနဲ့၊ BBM ကျောင်းသူဘဝနဲ့ ကေရာဇ်ပန်းက ခွဲမရခဲ့ဘူး။

တစ်ရက်တော့ ကြည်ကြည် စိတ်ညစ်လက်ညစ်နဲ့ အတန်းထဲမှာ ငိုင်ငိုင်ကြီး ထိုင်နေတယ်။ ခြောက်တန်းတက်စ ဖေဖေ ဝယ်ပေးထားတဲ့ ပတ်ကား ဖောင်တိန်လေးက နေ့လယ် မုန့်စားကျောင်း ဆင်းတော့ ကိုးတန်း၊ ဆယ်တန်းက အပျိုမတွေကို တုပြီး အင်္ကျီရင်ဘတ်မှာထိုးလို့ ရှိုးပေးသွားမိတယ်။ ဆင်မယဉ်သာ လျှောက်ကြတဲ့ အပျိုကြီးတွေက ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့မို့ ဘာမှမဖြစ်ဘူးလေ။ ကြည်ကြည်တို့ ခြောက်တန်းဆိုတာ အတန်းပြင် ရောက်ကတည်းက ဘောလုံးကွင်းကို ဖြတ်ပြီး မုန့်စားတန်းကို အပြေးပြိုင်ကြတာ။ ဒေါ်သိန်း လက်သုပ်စား၊ ဦးထွန်းကြည် မုန့်ဟင်းခါးသောက်၊ ရေခဲပလုတ်တုတ် တစ်ဖက်ကိုကိုင်ပြီး အတန်းထဲလည်း ပြန်ရောက်ရော ရင်ဘတ်မှာ အဖုံးပဲ ကလစ်ကလေးနဲ့ ကျွန်နေခဲ့မပျက် ကျန်ခဲ့တယ်။ ကြည်လို့ စာလုံးထိုးထားတဲ့ ဖောင်တိန်ကလေးက ဘယ်မှာ ခုန်ချနေခဲ့လဲ မသိဘူး၊ စည်းကမ်းကြီးတဲ့ ဖေဖေက အိမ်ပြန်ရောက်ရင် ကွန်ပါဘူးဖွင့်စစ်လို့ မတွေ့ရင် အဆူခံရတော့မှာမို့ ငိုင်နေတာ။

"ကြည်ကြည် နံပါတ် ငါးအချိန် အစ်မကြီးအေး မဝင်ဘူးတဲ့။ ငါတို့ ကေရာဇ်ပန်း သွားကောက်ရအောင်

ဟယ်လင်နဲ့ နီနီက ဝိုင်နေတဲ့ ကြည်ကြည့်ကို အဖော်လာစပ်တယ်။

"မလိုက်ချင်ပါဘူးဟာ၊ ကေရာဇ်ပန်းလည်း ပန်းခြံထဲမှာ မရှိပါဘူး၊ တုံးကုန်ပြီ၊ နောက်ပြီး ကျောင်းဆင်းတုန်းက ကလေးတွေ အကုန်ကောက်သွားရောပေါ့

"မဟုတ်ဘူး၊ ကေရာဇ်ပန်းတွေမှ ပုံလို့၊ ဘယ်သူမှ မကောက်တဲ့နေရာ ငါ သိတယ်

မစီမာ ဆီးပေါင်းစားနေတဲ့ ဘာဘရာက ဖျတ်ခနဲ ဝင်ပြောတယ်။

"ငါ ဖောင်တိန်ပျောက်လို့ စိတ်ညစ်နေတာ

"လိုက်ခဲ့စမ်းပါဟာ၊ ဟိုဘက်ခန်းက အမာခင်လေ အစောကြီး ကေရာဇ်ပန်းတွေ ကောက်ပြီး ခွေထိုးပန်လို့ ငါတို့ကို ကြွားသွားတာ။ အခု ပြန်ကောက်ပြီး ပန်ပြကြမယ်လေ

ပန်းမက်တဲ့ ကြည်ကြည် နှစ်ခါ၊ သုံးခါ မခေါ်ရဘဲ ပါသွားတယ်။ ဒီတစ်ခါ ဘာဘရာ ခေါ်သွားတဲ့ နေရာက သူတို့ တစ်ခါမျှ မရောက်ဖူးတဲ့ ရုံးခန်းနောက်ဘက်နားက အပင်ချင်းဆိုင် ပေါက်နေတဲ့ ကေရာဇ်ပင်ကြီး

သုံးပင်အောက်ကို ခေါ်သွားတာ။ ခါတိုင်း ခရစ္စမတ်ကတ်ပြား ရောင်းတဲ့ အခါသာ ရောက်ဖူးတာ။ အခုလို သီတင်းကျွတ်မှာ ကေရာဇ်ပန်းတွေ ဖွေးပြီး အစုလိုက် အပုံလိုက် ဖြစ်နေမယ်လို့ ကြည့်ကြည့် ဘယ်ထင်ပါ့မလဲ။ အမယ်လေး ပျော်လိုက်တာဟယ် ဆိုပြီး တငုံ့ငုံ့နဲ့ ကောက်ကြတယ်။ ပန်းတွေက ကောက်ရုံမကဘဲ ကျုံးယူရင်တောင် ရနိုင်တာမို့ စကတ်လေးတွေ၊ ဂါဝန်လေးတွေထဲ ထည့်လိုက်ကြတာ၊ တစ်ထုပ်ကြီး ဖြစ်လာပြီး လောဘ မသတ်နိုင်ဘဲ ဆက်ကောက် နေကြတဲ့အချိန်

"သမီးတို့ လာခဲ့ကြစမ်း ရုံးခန်းထဲကို

ဆိုတဲ့ ခပ်ချိုချို ခပ်တိုးတိုး အသံကြားတော့မှ အမယ်လေးဆိုပြီး လန့်ကြည့် ကြည့်မိတော့ ကျောင်းအုပ်ဆရာမကြီး အစ်မကြီးနက ရုံးခန်း နောက်ဖေးပေါက်မှာ ရပ်နေတယ်။ လေးယောက်စလုံး ခေါင်းလေးတွေ ငုံ့ပြီး ဂါဝန်ထဲမှာလည်း ပန်းခွေတစ်ထုပ်ကြီးနဲ့ ဂါဝန်လေးတွေ မ,လို့ ရုံးခန်းထဲကို ကြောက်ကြောက်လန့်လန့် ဝင်ခဲ့ကြတယ်။

"ပန်းတွေ ဟိုထောင့်မှာ ပုံထားလိုက်၊ လက်ပိုက်

လေးယောက်သား မျက်နှာငယ်လေးတွေနဲ့ အစ်မကြီးန ရှေ့မှာ ရပ်နေကြတယ်။ အစ်မကြီးက ထုံးစံအတိုင်း ဇင်းမယ်လုံချည် ခြေဖမိုးထိနဲ့၊ နိုင်လွန်အင်္ကျီ အဖြူနဲ့ ဆွယ်တာ အနက်ကလေးကို လက်လျှို မဝတ်ဘဲ ခြုံရုံ

ခြုံထားတယ်။

“သမီးတို့ အတန်းထဲ ဆရာမ မလာလို့

“ပန်းတွေ ပုံနေတာပဲလို့ ဘာဘရာက ပြောလို့

“ပတ်ကားဖောင်တိန်လေး ပျောက်သွားလို့ စိတ်ညစ်နေတာနဲ့

ကြည်ကြည်တို့ ငိုမဲ့မဲ့နဲ့ တစ်ယောက်တစ်ခွန်း ဆင်ခြေပေးနေတာကို အစ်မကြီးနက ပြုံးကြည့်နေတယ်။ ပြီးတော့မှ

“ဆရာမ မလာပေမယ့် သမီးတို့ အခုလို စည်းကမ်းမရှိ အတန်းထဲက မထွက်ရဘူးလေ၊ စာဖတ်နေရမယ်၊ နောက်ပြီး ရုံးခန်းရဲ့ အနောက်ဘက်ကိုလည်း သမီးတို့ မလာရဘူး။ ဆရာမတွေပဲ လာရတာ၊ သမီးတို့ စည်းကမ်းပျက်တယ်၊ အစ်မကြီးက သမီးတို့ကို ရိုက်လို့ရတယ်၊ ဒါပေမယ့် ရိုက်တာ ကြောက်တာထက် သမီးတို့ စည်းကမ်းကို နားလည်ပြီး ရှောင်တာ လိုချင်တယ်။ အစ်မကြီးတို့ ကျောင်းက ထွက်တဲ့ကလေးဟာ စည်းကမ်း မဖောက်ရဘူး။ အရပ်ထဲမှာနေရင် အရပ်စည်းကမ်း၊ အလုပ်ခွင်စည်းကမ်း လိုက်နာရမယ်၊ အချင်းချင်း သစ္စာရှိရမယ်၊ တို့ကျောင်းရဲ့ ဆောင်ပုဒ်က ဘာတဲ့လဲ

"BE TRUE ပါ

"ဟုတ်ပါပြီ၊ ဆောင်ပုဒ်က သစ္စာရှိပါစေတဲ့၊ အစ်မကြီး လက်တွေ့ပြမယ်၊ တို့ကျောင်းက ကလေးတွေဟာ ရိုးသားစည်းကမ်း ရှိရာမှာ စံပြ၊ သစ္စာရှိတဲ့ နေရာမှာ စံပြ ဖြစ်နေရမယ်၊ တစ်နေ့တစ်နေ့ ကောက်ရလို့ ကိုယ့်ပစ္စည်း မဟုတ်ဘဲ မယူရဘူးဆိုတဲ့ ဆရာမတွေရဲ့ ဆုံးမစကားကြောင့် ရုံးခန်းကို လာအပ်ကြတဲ့ ဖောင်တိန်တွေ၊ ခဲတံတွေ၊ ခဲဖျက်တွေ ဟိုဘက်ခန်းမှာ ရှိတယ်။ ခုနက သမီးပြောတဲ့၊ ဘာတဲ့ ပတ်ကားဖောင်တိန် ဟုတ်လား၊ ဘာ အမှတ်အသားပါလဲ၊ ဘာအရောင်လဲ

"ကြည်လို့ နာမည် ထိုးထားပါတယ် အစ်မကြီး၊ မီးခိုးရောင်ပါ

"ကောင်းပြီ လာ၊ တို့ ဟိုဘက်ခန်းကို သွားရအောင်

အစ်မကြီးနှ ဦးဆောင်ပြီး ဟိုဘက်ခန်း ဆရာများ နားနေခန်းကို ရောက်ခဲ့တယ်။ အစ်မကြီး ဒေါ်အုန်းသင်ကို မျက်မှန်တဝင်းဝင်းနဲ့ တွေ့တယ်။

"အစ်မကြီးရေ၊ ကောက်ရတဲ့ ဖောင်တိန်တွေ ထည့်တဲ့ ဗန်းလေး ပြစမ်းပါ

အစ်မကြီး ဒေါ်အုန်းသင် ဗန်းကလေး ယူပြတော့ အဲဒီထဲမှာ ကြည်ကြည်ရဲ့ ပတ်ကားဖောင်တိန်လေးကို တွေ့ရတော့ ကြည်ကြည် ဝမ်းသာလိုက်တာ၊ "တွေ့ပြီ တွေ့ပြီ ဆိုပြီး ကောက်ယူလိုက်တော့ နေ့လယ်ကမှ ခုနစ်တန်းက ကျောင်းသားတစ်ယောက် လာအပ်သွားတာ လို့ အစ်မကြီး ဒေါ်အုန်းသင်က ပြောတယ်၊ ကြည်ကြည် အစ်မကြီးနကို မော့ကြည့်တော့ အစ်မကြီး ပြုံးပြုံးကြီး …

"တွေ့လား သမီး၊ အစ်မကြီးတို့ ကျောင်းက သစ္စာရှိတယ်၊ စည်းကမ်းရှိတယ်၊ သစ္စာရန့်နဲ့ စည်းကမ်းရှိတဲ့ ရိုးသားတဲ့ ရန့်ဟာ သမီးတို့ ကောက်ခဲ့တဲ့ ကေရာဇ်ပန်းရဲ့ ရန့်တွေလိုပါပဲ။ မွှေးပျံ့တယ်။ နောက်ကို စည်းကမ်း မဖောက်ရဘူးနော်

လို့ ဆုံးမတာကို ကြည်ကြည်တို့ အားရပါးရ ခေါင်းညိတ်ခဲ့ကြပြီး ပန်းတွေယူလို့ အခန်းထဲကို ပြန်ခွေထိုးပန်ကြ၊ အမာခင့်ကိုလည်း ြကွ ၁ း ြက၊ သူငယ်ချင်းတွေ ပျော်လိုက်ကြတာ၊ လွန်ခဲ့တဲ့ နှစ်လေးဆယ် နီးပါးကို အခုချက်ချင်း ပြန်ရောက်သွားသလိုပဲ။ မင်္ဂလာဆောင်ထဲမှာ ပတ်ကား ဖောင်တိန်လေး အကြောင်း စားမြုံ့ပြန်ကြနဲ့ ဒင်မ်ဆမ်းတောင် ဘယ်လိုဝင်ပြီး ဘယ်သူတွေ ညှော်ခံပွဲလာကြတယ် ဆိုတာတောင် မသိတော့ဘူး။ သေချာတာကတော့ လာသမျှ BBM ကျောင်းသား၊ ကျောင်းသူတိုင်းကို ကေရာဇ်ပန်း ပြုပြုပြီးကြွားဖြစ် တာကတော့ သေချာတယ်။ ငယ်မူ၊ ငယ်စိတ်တွေ ဖြစ်ပြီး ပျော်နေတာနဲ့ သူငယ်ချင်းတွေ ကြုံတောင့်ကြုံခဲ ဆရာဝန်မ ဖြစ်နေတဲ့

ဘာဘာရာ၊ ယောက်ျားစစ်ပိုလ်နောက် လိုက်နေတဲ့ ဟယ်လင်ရယ်၊ ကျောင်းဆရာမ ကြည်ကြည်ရယ်က မခွဲချင်ကြသေးဘူး ဆိုပြီး ထိုးမုန့်၊ လမုန့် အကြီးအကျယ် ရောင်းနေတဲ့ နီနီ့အိမ်ကို အားမနာပါးမနာ မနက်စာစားဖို့ ကားနဲ့ လိုက်သွားကြတယ်။

“မနက်စာကို ဆိုင်မှာ စားမလား၊ အိမ်မှာ စားမလား

ဆိုပြီး နီနီက ရင်ဘတ်က စိန်လော့ကတ် ကြားထဲကို ကေရာဇ်ပန်းလေး ထိုးလိုက်တယ်။

“အားပါး နင့် စိန်လော့ကတ်က လှလှချေလားဟ၊ ဒါ အသစ်နော်

နီနီ့ လက်ဝတ် လက်စားတွေ အမြဲတမ်း တွေ့နေတဲ့ ကြည်ကြည်က ပြောတော့ ... “ချစ်ချစ်ကြီး လက်ဆောင်ဟ၊ ကဲပြော ဘယ်မှာ စားမှာလဲ၊ ထုံးစံအတိုင်း ရွှေဘဲလား

ဟိုသွားမယ်၊ ဒီသွားမယ်နဲ့ သူငယ်ချင်းတွေ အလိုလိုက် တစ်မြို့လုံး နှံ့ပြီးမှ စျေးချိုက ထိုးမုန့်ဆိုင်ကို ပြန်ရောက်တော့တယ်။ ဆင်းကြဦး၊ အချိုစားမယ် ဆိုတာနဲ့ အားလုံး ဆင်းကြပြီး ဆိုင်ပြည့် တိုးဝှေ့ ဝယ်နေကြတဲ့ စျေးဝယ်တွေကို ကြည့်ရင်း နီနီတို့ စီးပွား ဖြစ်လိုက်တာလို့ ကြည်ကြည် တွေးနေမိတယ်။

"ထိုင် အအေးသောက်ကြ၊ သီဟလွင်ရေ၊ အအေးဘူးတွေ ထုတ်ခဲ့ပါဟေ့၊ ဂျယ်လီပူတင်းတွေ ချဟေ့။ သင်းသင်းကို ခေါ်ပါဦး၊ ထိုးမုန့် ပန်းကန်တွေကော ရောက်ပလား

အိမ်ရောက်တာနဲ့ နီနီ အလုပ်ထဲ နစ်သွားတာ ကြည့်ရင်း မောနေတယ်။ လူပျိုပေါက် သီဟလွင်ဆိုတဲ့ ကလေးနဲ့ သင်းသင်းဆိုတဲ့ စာရေးမလေးက ဝင်လိုက်ထွက်လိုက်၊ မုန့်တွေချလိုက်၊ ကြည်ကြည်တို့လည်း အလိုက်တသိ ပြန်မလို့ သုံးယောက်သား တိုင်ပင်နေတုန်း

"ဟယ် ဒုက္ခပဲ

ဆိုတဲ့ နီနီ့ အသံကြောင့် အားလုံး လှည့်ကြည့်လိုက်ကြတော့ နီနီ ရင်ဘတ်ကို လက်နဲ့အုပ်ထားရင်း ငိုမဲ့ငိုမဲ့နဲ့

"ငါ့ စိန်လော့ကတ်ကြီး မရှိတော့ဘူး

အားလုံး ဟယ်ခနဲ ဖြစ်သွားကြတယ်။ နီနီကတော့ ငိုရမလို၊ ရယ်ရမလို၊ ထရမလို၊ ထိုင်ရမလိုနဲ့

"ဒုက္ခပဲ၊ ဒုက္ခပဲ။ ကိုကို ဆူတော့မှာပဲ။ စိန်အလုံးချည်း ၃၀ ကျော်တယ်၊ သိန်းနှစ်ဆယ်နီးပါး ပေးရတာ၊ ရန်ဖြစ်ရတော့မှာပဲ၊ ဘယ့်နှယ် လုပ်ကြမလဲဟင်၊ အကြံ ပေးကြပါဦးဟယ်

လို့ မျက်ရည်စမ်းစမ်းနဲ့ ပြောတယ်၊ ဟယ်လင်က တွေးတွေးဆဆနဲ့ ငါတို့ လျှောက်သွား လာတာလည်း တစ်မြို့လုံးနီးပါး။ အိမ်မှာ ဆိုရအောင်လည်း လူတွေက အပြည့် လို့ ပြောတယ်။

"ဗေဒင်မေးမလားဟင် လို့ နီနီက ပြောတော့ ကြည်ကြည်က

"ဟာ နီနီရယ်၊ ဗေဒင်မေးခ ထပ်ကုန်နေပါဦးမယ်၊ ဒီခေတ်မှာ ဒီလောက် အဖိုးတန်တာ ဘယ်သူက ပြန်ပေးမှာလဲဟ၊ သိန်းဆယ်ချီနေတာ

"အမယ်လေး ဆုံးပါပြီ၊ ဆုံးပါပြီ ဆိုပြီး နီနီ ငိုတော့မလို ဖြစ်နေတုန်း "အန်တီနီ ဆိုပြီး သီဟလွင်က အခန်းထဲ ဝင်လာတယ်။

"ဘာတုန်း သီဟလွင်၊ ဘာမှ လာမပြောနဲ့၊ ငါ စိတ်ရှုပ်နေလို့ ဘယ်ညှော်သည် လာလာ မရှိဘူး ပြောလိုက်၊ ဖုန်းလာလည်း လာမခေါ်နဲ့

"မဟုတ်ဘူး အန်တီ၊ ဒီမှာ ကြည့်ပါဦး

ပြောပြောဆိုဆို ဖြန့်ပြတဲ့ သီဟလွင်ရဲ့လက်ထဲမှာ တဖိတ်ဖိတ် တလက်လက် တောက်နေတဲ့ စိန်လော့ကတ်ကြီးကို ကြည်ကြည်တို့က တအံ့တသြ တွေ့လိုက်ရတယ်။

"အမယ်လေး ငါ့စိန်လော့ကတ်ကြီး ပြန်ရပြီ၊ သီဟလွင် နင် ကောက်ရတာပေါ့ ဟုတ်လား

"ဟုတ်တယ် အန်တီနီ၊ ရေချိုးခန်းနားမှာ ကောက်ရတာ၊ တော်သေးတာပေါ့။ ဘယ်သူမှ မရှိဘူး။ ကျွန်တော် လက်ဆေး နေရင်းနဲ့ တွေ့တာ

ရိုးရိုးသားသား ရှင်းပြနေတဲ့ သီဟလွင်ရဲ့ ကြည်လင်တဲ့ မျက်ဝန်းလေးကို စိုက်ကြည့်ရင်း ကျောင်းဆရာမ ကြည်ကြည် အူယားလာတာနဲ့ မေးခွန်းတစ်ခုကို ဖွတ်မေးချလိုက်မိတယ်။

"နေပါဦး ကလေးရယ်၊ မင်း တွေ့တာ ဘယ်သူမှလည်း မသိဘဲနဲ့ မင်း ဒီလောက် တန်ဖိုး တန်တာကြီးကို ရိုးရိုးသားသား ပြန်ပေးနိုင်တယ်နော်

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်တို့ရွာမှာ ဘုန်းကြီးကျောင်း နေတုန်းက ဘုန်းတော်ကြီးက သူများပစ္စည်းဆိုရင် အပ်တို တစ်ချောင်းတောင် မယူရဘူး၊ ကိုယ်ကျင့်တရား ကောင်းရမယ်လို့ ပြောထားတာကို စွဲမြဲနေအောင် မှတ်မိနေလို့ပါ အန်တီ

သီဟလွင်ရဲ့ စကားကို ကြားလိုက်ရတော့ ကြည်ကြည် စိတ်ကြည်နူးလိုက်တာ၊ ရိုးသားခြင်းရဲ့ သစ္စာရနံ့ဟာ ဧကရာဇ်နံ့လိုပဲ မွှေးတယ်လေ။ ဧကရာဇ်ပန်းဆိုတာ တစ်နေရာတည်း၊ တစ်ပင်တည်းကသာ မွှေးတာ မဟုတ်ဘူး။ မြန်မာပြည်အနှံ့မှာ ပေါက်သမျှ ဧကရာဇ်ပန်းတို့မည်သည် မွှေးပျံ့ကြတာချည်းပါလားလို့ သူ အားလုံးကို ပြောပြချင်လိုက်တာ။ ပြောရင်းဆိုရင်း သူတို့ ပန်ထားတဲ့ ဧကရာဇ်ပန်း နွေးနွေးကလေးတွေ လက်ခုပ်လေးနစ်ဖက်နဲ့ အုပ်ယူပြီး ရှိုက်နမ်း လိုက်မိတယ်။ အား မွှေးလိုက်တာ အသည်းထဲကို အေးသွားတာပဲကွယ်။

-----------------------

**ယဉ်ယဉ်န (မန္တလေး)**

**စတိုင်သစ် မဂ္ဂဇင်း။**

====

## အုပ်ကြီးက တစ်ရာ၊ နှစ်ရာ

-------------------------------------------------------

"မမ မြစန်းကြည်၊ အုပ်ကြီးက သူ့အိမ် ခဏလာခဲ့ပါဦးတဲ့ဗျို့

ကလေး တစ်ယောက်က အပျိုကြီး မြစန်းကြည် အပ်ချုပ်ဆိုင် နှစ်ထပ်အိမ် မည်းမည်းကြီးရှေ့မှ ပြေးပြေးအော်အော် အော်သွားသည်။ ဆွမ်းခံကိုယ်တော် ကြွနေသဖြင့် ဆွမ်းလောင်းနေသော မြစန်းကြည်က ဆွမ်းလောင်းရင်း တန်းလန်းမို့ အေးအေးလို့သာ ပြန်ပြောပြီး ဆွမ်းဆက်လောင်းနေသည်။ ဆယ့်ငါးမိနစ်၊ မိနစ် နှစ်ဆယ်လောက်ပဲ ကြာမည်ထင်သည်။ မြစန်းကြည် ဆီမှာ စက်ချုပ်လာသင်နေသော နီနီထွန်း ခြင်းတောင်းလေးဆွဲ၍ အိမ်ထဲ

ဝင်လာရင်း -

"မမမြစန်းကြည်၊ ဦးကြံတိုင်းအောင်က မှာလိုက်တယ်။ သူ့အိမ် ခဏလာခဲ့ဦးတဲ့

"သွားလိုက်ပါ သမီးရယ်။ ဆွမ်းခံကိုယ်တော်တွေ ကျန်တာ အမေ ဆက်လောင်း ထားလိုက်ပါ့မယ်။ စောစောကတည်းက ခေါ်နေတာ၊ လူကြီးဆိုတော့ မကောင်းဘူး။ အားနာစရာ၊ သမီးကိုလည်း ဆူနေဦးမယ်

"ဆူရဲ ဆူကြည့်ပါလား၊ သမီးက ဆူစရာ ဘာလုပ်လို့တုံး

"ဟဲ့ သမီး၊ ဒီလို မပြောရဘူး။ သူက ရပ်ကွက်လူကြီး၊ သာရေး နာရေး အသင်းမှာ ဥက္ကဌ လုပ်လာတာဖြင့် နှစ်ရှည်လှပြီ။ တစ်ရပ်ကွက်လုံးရဲ့ ဦးလေးသားချင်းလို ဖြစ်နေတာ။ ဆူလည်း ပြန်မပြောနဲ့၊ ခံလာခဲ့

မြစန်းကြည် အမေ့ကိုတော့ ဘာမျှ မပြောခဲ့ပါ။ စိတ်ထဲကတော့ ပွစိ၊ ပွစိ။ ဆူရဲဆူကြည့် ဆိုပြီး ပေါက်ဆတ် ပေါက်ဆတ် လျှောက်လာခဲ့သည်။။ ရပ်ကွက် အလယ်ကောင်က ဥက္ကဌကြီး ဦးကြံတိုင်းအောင်၏ နှစ်ထပ်တိုက်ကို ရောက်တော့ ဥက္ကဌကြီးကို ကြိမ် ပက်လက် ကုလားထိုင်ကြီး ပေါ်တွင် အဆင်သင့် တွေ့လိုက်ရသည်။ ထုံးစံအတိုင်း ဝဖြိုးစူထွက်နေသော ခန္ဓာကိုယ်ပေါ်တွင် ဟာဝေယံရှပ်နှင့် ကုလားပုဆိုး အပြာ အကွက်ကျဲကြီးနှင့်။ ခေါင်းလေးငုံ့၍ ဝင်လာသော မြစန်းကြည်ကို တွေ့တော့ လာဟေ့ဟု လှမ်းခေါ်ပြီး နောက်ဖေးဘက် လှည့်၍ ကော်ဖီ "ယူလာခဲ့ဟေ့" ဟု လှမ်းအော်လိုက်သည်။ မြစန်းကြည်က ခုံတန်းလျားမှာ ဝင်ထိုင်လိုက်သည်။

"အုပ်ကြီး ဘာပြောမလို့လဲ။ အစောကြီး ရှိသေးတယ်။ ဒီနေ့ အဖိတ်နေ့လည်း မဟုတ်ပါဘူး

မြစန်းကြည် စကားကို မဖြေသေးဘဲ အုပ်ကြီးကတော် ဒေါ်မြတင်လာချသည့် ကော်ဖီခွက်ကို လက်ညှိုးထိုးပြီး  သောက်လိုက်ဦး၊ ငါ့တူမ  ဟု ပြောသည်။ မြစန်းကြည် ကော်ဖီ ငုံ့သောက်နေစဉ် အိမ်ထဲကို လူတစ်ယောက် ပျာယာပျာယာ ဝင်လာသည်။ ဝင်လာသူက ဥက္ကဋ္ဌကြီး၏ သမက် ကိုဝင်းမောင် ဖြစ်သည်။

"အဖေ ဒီနေ့ မီတာခ ဆောင်ရမှာလေ

"အေး၊ စာရွက်ပြစမ်း

"ဒီလ များတယ် အဖေ။ နှစ်သောင်းခွဲ ကျော်လိမ့်မယ်

"ဟကောင်ရ များလှချည့်လားဟ၊ မြတင်ရေ နှစ်သောင်းခွဲတောင်တဲ့

"အမယ်လေးတော်၊ ဒုက္ခပါပဲ၊ များလှချည့်လား

မြစန်းကြည် လည်ချောင်းထဲမှ ကော်ဖီက မျိုမကျတော့ဘဲ သီးတော့မလို ဖြစ်သွား၍ မနည်း သတိထား လိုက်ရသည်။ လွန်ခဲ့သော နှစ်နှစ်လောက် ကတည်းက သီးပင် စားပင်၊ စိုက်ပင် ပျိုးပင်တွေနှင့် အိမ်ဆက် ကျဲလှသော

စံပယ်ခြံ ရပ်ကွက်သို့ မြို့ထဲက မြေတွေရောင်းပြီး ပြောင်းလာသော လူတွေ များလာပြီး စံပယ်ခြံသားတွေက မြေကွက်တွေ ခွဲခွဲပြီး ရောင်းကြသည်။ အိမ်တွေသာ တိုးလာပြီး လျှောက်ထားရ ခက်ခဲသော မီတာက မတိုးပေ။ ဒီတော့ အကွက်မြင်သည့် အုပ်ကြီးက သူ့လက်သူ့ခြေ ဖြစ်နေသည့် ဓမ္မာရုံမှ ရှေးအင်္ဂလိပ်ခေတ် ခေတ်ဟောင်း မီတာကြီးကို သူ့နှစ်ထပ်တိုက်သို့ ရွှေ့လိုက်သည်။ ထိုနောက် မြို့ထဲက ပြောင်းလာကြသူတွေ အိမ်တွေကို တရားမဝင် မီးကြိုးသွယ်ပြီး ပေးနေတာ ကြာလှပါပကော။ မီးရတဲ့ သူတွေကလည်း အုပ်ကြီးကို ကျေးဇူးလည်း တင်ရ၊ ဝမ်းလည်း သာကြသည်။

"မင်းတို့နော်၊ ဒါက ဓမ္မရုံ ရန်ပုံငွေ သိလား။ တစ်အိမ်တစ်လ ငါးထောင်နဲ့ မီတာ မသွယ်ဘဲ ရတာ ကျေးဇူးတင်ဦး။ ဒီငွေငါးထောင်က မင်းတို့ ကုသိုလ်၊ ငါ စားတယ်လို့များ နည်းနည်းလေးမှ မထင်လိုက်လေနဲ့၊ ဓမ္မာရုံ ရန်ပုံငွေ သိလား

ဒီလို ဥက္ကဋ္ဌကြီး တစ်ရပ်ကွက်လုံး သိအောင် ပြတ်ပြတ်သားသား ပြောထားတော့ ရပ်ကွက်သားတွေ ကလည်း သဘောကျ ကြည်ညိုကြသည်။ ဦးကြံတိုင်းအောင်က ဥပဓိကလည်းခံ့၊ အပြောအဆိုကလည်း အမိန့်သံပါပါ ပြောတတ်တော့ အားလုံးက လေးစားကြောက်ရွံ့ ကြသည်လေ။ ဥက္ကဋ္ဌကြီး မိသားစုက ဓမ္မာရုံမှာ ပန်းညှိုးတိုင်း လဲတော့ မြစန်းကြည်တို့ ကိုယ်တိုင်ပင် မီတာခနှင့် ပန်းဖိုး မျှသည် ထင်ခဲ့တာပါ။ ကနေ့မှ တိုက်တိုက်ဆိုင်ဆိုင် တစ်လကုန်တဲ့ မီတာခကို သိလိုက်ရသည်။

“ဦးသိန်းဝင်းတို့ ခြံထဲက လေးငါးအိမ်၊ ဦးကျော်ခြံက အကွက်ရိုက် ရောင်းတာဆိုတော့ ဆယ်အိမ်၊ လမ်းမတန်းက အိမ်နှစ်ဆယ်လောက် ရှိတယ်။ စုစုပေါင်း သုံးဆယ်ပဲ။ လျှော့လျှော့ပေါ့ပေါ့ တွက်ပါဦး။ တစ်သိန်းခွဲ။ မီတာခက နှစ်သောင်းကျော်ကို များတယ် ပြောနေတော့ အရင်တုန်းက တစ်သောင်းကျော်ပဲ ကျတာနေမှာ။ အဲဒါဆို တစ်လ တစ်သိန်းကျော် ငွေတွေ ရနေတာပါလား၊ တစ်လလုံး ပန်းဖိုးက တစ်သောင်း ထားပါဦး၊ အမယ်လေးလေး

“ဟဲ့ မြစန်းကြည်

“ရှင် ဗုဒ္ဓေါ

အုပ်ကြီးက ငေါက်ခေါ်လိုက်၍ စိတ်ထဲမှာ စာရင်း တွက်နေသော မြစန်းကြည် လန့်ဖျပ်သွားလေသည်။ အုပ်ကြီးကို ကြောက်ကြောက်လန့်လန့် ကြည့်မိနေစဉ် ရပ်ကွက် သာရေးနာရေး အသင်း ငွေထိန်းကလည်း ကိုဝင်းမောင်ပဲလေ။ အဲဒီတော့ စိတ်ကြိုက် လုပ်နိုင်တာပေါ့တော်၊ လုပ်ကြပေါ့တော်လို့ တဒင်္ဂလေးအတွင်း တွေးမိအောင် တွေးလိုက်မိသေးသည်။

“ရှင် ဘာဘာ ဘာပြောမလို့လဲ

“ညနေ နင် အားလား

“ကျွန်မ အမြဲတမ်း မအားဘူး။ အပ်ထည်တွေ ရှိနေတာ

“ညနေတော့ အားပါဟယ်။ ညည်းအဒေါ်က မကျန်းမမာ ဖြစ်နေလို့ ပရိတ်လေး

ရွတ်ချင်တာတဲ့။ ညည်းက ရပ်ကွက် ဓမ္မစကြာအသင်း ခေါင်းဆောင် မဟုတ်လား။ အဲဒါ ကြက်သား ကြာဆံကြော် ကျွေးမယ်အေ။ အအေးတိုက်မယ်အေ။ အသင်းသူတွေ လိုက်ဖိတ်ပေးပါဦး

"ဘာဘရယ်၊ အဖိတ်နေ့ကလည်း နှစ်ရက် လိုတော့တာ။ ရပ်ကွက်သူတွေ ကလည်း အားကြတာ မဟုတ်ဘူး။ အဖိတ်နေ့မှ ရွတ်ပါလား

"အဖိတ်နေ့ ကတော့ ပုံမှန်ပွဲပေါ့အေ။ ဒါက ကြားဖြတ်ပေါ့။ ငါတို့ အိမ်အပေါ်ထပ်မှာ ရွတ်ရမှာပါအေ။ ရွတ်တဲ့လူတွေ ညည်းအဒေါ်က မုန့်မိတ်ကပ် တစ်ဘူးစီ ပေးဦးမှတဲ့။ ဝယ်ထားတယ်

မြစန်းကြည် ဟင်ခနဲ ဖြစ်သွားပြီး စဉ်းစားသည်။ မုန့်မိတ်ကပ် ဆိုသည့် ကရင်ပတ်ဖ်က အနည်းဆုံး တစ်ဘူး ငါးရာကျော်သည်။ ဒီလောက် ငွေကုန်ခံ ရွတ်မယ့်ပွဲ။ ဘာလုပ်ဖို့လဲ ဆိုသည့် အတွေးက ခေါင်းထဲ ဝင်လာသည်။ သိချင်လျှင်တော့ ရွတ်မှဖြစ်မည်။

"ရပ်ကွက်သူတွေ လိုက်ပြောကြည့် လိုက်ဦးမယ်

လို့ မယုတ်မလွန် ပြောပြီး ဦးကြံတိုင်းအောင် အိမ်မှ ပြန်လာသည်။ အမေ့ကို အသင်းသူတွေ လိုက်ဖိတ်ဦးမယ် ပြောခဲ့ပြီး ရပ်ကွက်ထဲ ထွက်ခဲ့ရာ ပထမဆုံး ဝင်သည့် တင်တင်မာတို့ အကြော်ဆိုင်မှာပင် အကြောင်းစုံလောက် နီးနီး သိလိုက်ရလေသည်။

"မြစန်းကြည်က အိမ်ထဲမှာ တကုပ်ကုပ် အကျီချုပ်နေလို့ မသိတာ။ ငါတို့က လူစုံတယ်လေ။ တစ်ယောက်ပြော၊ တစ်ယောက်ပြောနဲ့

"ကဲပါအေ၊ သိတာလေးပဲ ပြောစမ်းပါဦး

"ဒီလိုလေ ကောင်မရဲ့။ ဘုရား ရန်ပုံငွေတွေကို အုပ်ကြီးသမက် ကိုဝင်းမောင်က ဖဲရှုံးပစ်လိုက် ကြတယ်လေ။ အဲဒီတော့ ကိုဝင်းမောင်မိန်းမ မရီလေးက သူ့ဆုကြေးကို အုပ်ကြီးတို့နဲ့ မျက်နှာချင်းဆိုင် အိမ်က အုပ်ကြီးတူ ကိုညွှန့်ဝင်းကို ရောင်းတယ်။ ကိုညွှန့်ဝင်း ကလည်း ရပ်ကွက်ငွေမို့ အရှက်ကွဲ နေပါမယ်လေ ဆိုပြီး ဝယ်ပေးလိုက်တယ်။ ပြေလည်သွားတယ် ဆိုပါတော့။ ဒါပေမဲ့ ဆုကြေးပေါက်တဲ့ ရက်ရောက်တော့ မရီလေးက မပေးတော့ဘဲ ဆုကြေးခေါင်းဆီက မရသေးသလိုနဲ့ ဟိုလိုလို ဒီလိုလို လုပ်နေလို့ ကိုညွှန့်ဝင်းမိန်းမ မညိုနဲ့ မရီလေးနဲ့ ရန်ဖြစ်ကြတယ်

"အမယ်လေးတော် အများပိုင် ငွေတွေကို

"အခုရက်ပိုင်း ဖိနပ်ထောင် နှစ်ယောက် ကိုညွှန့်ဝင်းနဲ့ ကိုစန်းလွင် ပေါင်းပြီး ဥပုသ်နေ့တိုင်း ဘုံဆွမ်းလောင်းမယ်လို့ သဒ္ဒါပေါက်တာနဲ့ လောင်းတာ နှစ်ပတ်ရှိပြီ။ ဒီဆွမ်းတန်းက တစ်ရပ်ကွက်လုံး တတ်နိုင်သမျှ ထွက်လောင်းကြတာ မဟုတ်လား။ ဒီတော့ သူတို့ နှစ်ယောက်က လမ်းမတန်းက အိမ်တွေကို ပိုက်ဆံစုကောက်ပြီး ကိုညွှန့်ဝင်းတို့ ဖိနပ်ရုံမှာ စုချက်ပြီး လောင်းမယ်။ ဆွမ်းလောင်း အသင်းလေး ဖွဲ့မယ်လို့ စဉ်းစားကြတယ်။ အဲဒီ အသံကလည်း ကြားရော အုပ်ကြီးက ဒေါသူပုန် ထတော့တာပဲ

“ဟောတော့် ဘာဖြစ်လို့တုံး၊ ကောင်းတာကို

“အဓိကကတော့ ဆွမ်းလောင်း အသင်းမှာ သူ့ကို ဥက္ကဋ္ဌ မတင်လို့

“ဟော့တော့်

“ရပ်ကွက်ထဲမှာ မိန်းဖြစ်တဲ့ သာရေးနာရေး အသင်း ရှိတယ်။ ဘာအသင်း ထပ်ဖွဲ့ဖွဲ့ ဒီအသင်း လက်အောက်က ဖြစ်ရမယ်။ သူပဲ ဥက္ကဋ္ဌ ဖြစ်ရမယ်။ ရတဲ့ငွေတွေ သူ့လက် အပ်ရမယ် သူ့စီမံခန့်ခွဲမှု

“နေပါဦးအေး၊ နေပါဦးအေး။ တစ်မိုးလုံးဖျောက်ဆိတ် ဖြစ်ချင်တာပေါ့ ဟုတ်လား

“ဟုတ်တယ်၊ ဒါပေမဲ့ အဓိကက ငွေ၊ ငွေကိုင်ချင်တာ

“အဲဒါ မြစန်းကြည်ရယ်။ ဒီညနေ ခြောက်နာရီ ကိုဝင်းညွန့်တို့က ဆွမ်းလောင်းအသင်း ဖွဲ့ကြမယ်။ ကိုညွန့်ဝင်းကို အုပ်ကြီးက မျက်နှာချင်းဆိုင် တိုက်ပေါ်ကနေ လော်စပီကာကြီးနဲ့ မြစန်းကြည်တို့ကို ပရိတ်တွေ ရွတ်ခိုင်းပြီး အသံနဲ့ နှောင့်ယှက်မှာ ကောင်မရေ၊ ကြည့်သာ လုပ်ပေတော့။ ငါတော့ မလာဘူး

“ဘာ

မြစန်းကြည် တစ်ချီတည်း ငိုင်သွားလေသည်။ ဒုက္ခပါပဲ။ ဒါဆိုရင် တင်တင်မာနဲ့ တစ်တန်းတည်းအရွယ် သူငယ်ချင်း ရပ်ကွက်သူတွေ ဘယ်သူ့မှ ခေါ်ရမည် မထင်။ ဘာမှ မသိသေးသည့် ဆယ်ကျော်သက် ကောင်မလေးတွေ။ ဇာဇာတို့၊ သီတာတို့၊ မိုးမိုးတို့၊ အေးအေးတို့ကိုသာ ရအောင် ခေါ်ရတော့မှာပဲဟု တွေးရင်း

လေးကန်စွာ ထိုင်ရာက ထလိုက်ရသည်။ အဲဒီ ညနေ ခြောက်နာရီမှာ ပရိတ်ရွတ်ပြီး ဘယ်လို နှောင့်ယှက်၊ နှောင့်ယှက် ကိုညွန့်ဝင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ဥပုသ်ဆွမ်းလောင်း အသင်းက အောင်မြင်စွာ ဖွဲ့စည်းလိုက်လေသည်။

"ဘယ့်နယ်ဗျာ ၊ အမိပွါယ်မှ မရှိတာ။ ရပ်ကွက်ထဲမှာ ဘာလုပ်လုပ် သူချည်း ငွေကိုင်ချင်လို့ ဖြစ်ပ့ါမလား။ ဆွမ်းချက်နေတုန်း ထင်းတစ်ချောင်း လာထိုးတာ မဟုတ်ဘူး။ သူ့သမီး၊ သူ့မိန်းမကလည်း ကြက်သွန်တစ်ဥ လာမှ မသင်တာ၊ နေရာတကာဗျာ

မြစန်းကြည် ဆွမ်းလောင်းအသင်း အတွက် ဆန်ရွေးနေရင်းက ဥက္ကဋ္ဌ ကိုညွန့်ဝင်းကို လှမ်းကြည့်မိသည်။ လူလတ်ပိုင်းအရွယ် ဥက္ကဋ္ဌ ကိုညွန့်ဝင်းက တက်ကြွသည်။ ကိုယ်တိုင် ရပ်ကွက်အတွင်း လှည့်အလှူခံ၊ ကိုယ်တိုင် အပင်ပန်းခံချက်၊ ကိုယ်တိုင်လောင်းလှူ ဆိုတော့ အရပ်က အရိပ်အကဲ ကြည့်ပြီး ချီးမွမ်းကြသည်။ တကယ်လုပ်တော့ ရပ်ကွက်ကလည်း တကယ် ပါဝင် ကူညီကြသည့်မို့ ပုံမှန် လည်ပတ်လျက် ရှိသည်။

"ဟောဒီမှာ ဒါက ဆွမ်းလောင်းပြီး ဒီအပတ် ပိုတဲ့ငွေ တစ်သောင်း ရှစ်ထောင်၊ ရက်စွဲရေးပြီး သားရေကွင်းလေးနဲ့ ပတ်လို့ ဒီမုန့်ပုံးထဲ ထည့်ထားလိုက်ပြီ။ ကျွန်တော့် ဗီရိုထဲမှာ အမြဲရှိတယ်နော်။ ခင်ဗျားတို့အားလုံး ကြိုက်တဲ့ အချိန် စစ်နိုင်တယ်

အဲ့သလို ဥက္ကဌ ကိုညွန့်ဝင်းက အပြတ် ပြောထားသည်ကို ရပ်ကွက်သားတိုင်း ဘဝင်ကျကြသည်။ ဒါမှ ငါတို့ အုပ်ကြီးကွ၊ ဒါမှ ငါတို့ ဥက္ကဌကွဟု တပြုံးပြုံး ရှိကြသည်။ လက်ဖက်ရည်ဆိုင်တွင် ကိုညွန့်ဝင်း၊ ကိုစန်းလွင်၊ စိုးကြီး၊ မိုးခိုင်တို့ တတွဲတွဲ၊ တဝါးဝါး၊ တဟားဟား ရှိသည့်အခါ ဦးကြံတိုင်းအောင်က မျက်နှာကြီးမဲ့ပြီး ထသွားလေ့ ရှိသည်ကို ရပ်ကွက်သူတွေအတွက် ပြောစရာသတင်း ဖြစ်နေလေသည်။ သည်လိုနှင့် နွေ၊ မိုး၊ ဆောင်း လည်ပတ်ပြီး တစ်ရက် မြစန်းကြည် စိတ်အေးလက်အေး အကျီချုပ်နေစဉ် အိမ်ပေါ်သို့ လူတစ်ယောက်က သုတ်ခနဲ တက်လာ၍ လှမ်းကြည့်မိလိုက်သည်။

“လာ တင်တင်မာ၊ ဘယ်က လှည့်လာတုံး

“ကိုညွန့်ဝင်းမိန်းမ မညို လာတယ်ဆို

“လာတယ်လေအေ။ သူ့သမီးလေးအတွက် စကပ် လာအပ်တာ။ ပြန်သွားပြီလေ။ ဆီပုံးကြီးနဲ့ အသင်းအတွက် ဆီသွားဝယ်မယ် ဆိုလားပဲ

တင်တင်မာက သက်ပြင်းတစ်ချက် ချပြီး ခုံတန်းရှည်တွင် ဝင်ထိုင်သည်။

“ဒုက္ခပါပဲအေ။ ဒီမှာ အကြော်ကြော်ဖို့ အရေးကြီးနေတာ

“ငွေဆွဲမလို့လား၊ မညို နေ့ပြန်တိုး ပေးတယ်လို့လည်း မကြားမိပါဘူး

တင်တင်မာက ဟိုဟိုဒီဒီ ကြည့်ပြီး အသံကို နှိမ့်၍ -

"နေ့ပြန်တိုး မဟုတ်ဘူး ဟဲ့ ကောင်မရဲ့။ နေ့ပြန်ဆို နှစ်ဆယ်တိုး ပေးရမှာ။ အခုဟာက မုန့်ပုံးထဲ ထည့်ထားတဲ့ ဆွမ်းလောင်းအသင်း ပိုတဲ့ ပိုက်ဆံတွေလေ။ နင် သိတယ် မဟုတ်လား

"အေး  သိတယ်

"အဲဒါတွေ များသထက် များလာတော့ ကိုညွှန့်ဝင်းက မတုန်မလှုပ် နေနိုင်ပေမယ့် မညိုက အကွက်မြင်တဲ့သူ ဆိုတော့ အူယား လာတာပေါ့။ အဲဒါနဲ့ စိတ်ချရတဲ့ လူတွေကို တိုးတိုးတိတ်တိတ် တစ်ဆယ်တိုးနဲ့ ချေးတာ။ တိုးတိုးတိတ်တိတ် ဆိုပေမယ့် တစ်ရပ်လုံးပါပဲအေ

"ဟင်  ဒုက္ခပါပဲ၊ အဲဒါ ကိုညွှန့်ဝင်းလည်း မသိဘူးလား

"သိချင်လည်း သိမှာပေါ့။ မသိချင်လည်း မသိဘူးပေါ့။ မသိချင်ယောင် ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့

တင်တင်မာ့ ပြောစကားက ရှင်းလှပါသည်။ မြစန်းကြည်မှာ အကျိ ဆက်ညှပ်နေလျှင် မှားကုန်တော့မှာမို့ ကတ်ကြေး ပြန်ချလိုက်ရသည်။ ခဏနေမှ သတိရလာပြီး ကမန်းကတန်း မေးမိသည်။

“ဟဲ့ တင်တင်မာရဲ့၊ အတိုးတွေကကော မုန့်ပုံးထဲ ပြန်ထည့်လား

တင်တင်မာက အ, ရန်ကော ဆိုသည့် အကြည့်နှင့် ကြည့်ရင်း -

“နင့်နှယ်ဟယ်၊ ပိုက်ဆံတွေ ချေးဖို့ မုန့်ပုံးထဲမှာ တစ်ပြားမှတောင် မရှိတော့ဘူး။ အတိုးဆိုတော့ ဝေးရောပေါ့။ သဘောပေါက်။ ကဲ ငါလည်း မညိုကို လိုက်ရှာလိုက်ဦးမယ်။ အကြော် ကြော်ရမှာတောင် နောက်ကျနေပြီ

အိမ်ပေါ်မှ တင်တင်မာ ဆင်းသွားပြီးနောက်မှ မြစန်းကြည် ခေါင်းတွေ မူးလာ၍ ပက်လက် ကုလားထိုင်ပေါ် ခဏလှဲနေ လိုက်ရသည်။ အမေက တလှုပ်လှုပ် အိမ်ခန်းထဲက ထွက်လာပြီး

“သမီး ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား၊ အိပ်ပျော် နေတာလား။ ရပ်ကွက်ထဲမှာ ဆူညံနေတာပဲ။ ဘာဖြစ်နေတာလဲ

စက်ချုပ်သင်သည့် နီနီထွန်းက ဝင်၍ -

“မမ မြစန်းကြည် အိပ်ပျော်နေတာ။ အခုမှတော့ ထွက်ကြည့် မနေနဲ့တော့၊ ရန်ပွဲက ပြီးသွားပြီ။ ရန်ဖြစ်တာ မဟုတ်ဘူး။ ဦးကြံတိုင်းအောင်က

ဝရန်တာကနေ စိန်ခေါ်ပြီး ဆဲနေတာ။ ငါ့ကို ဥက္ကဌ မတင်ချင်တဲ့ ရပ်ကွက်ဘာထင်တယ်၊ ညာထင်တယ်၊ ကောင်းတယ်၊ ဆွမ်းလောင်းဖို့ ဆိုပြီး ငွေတိုးချေးစားတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်း သိတယ်လို့ အော်နေတာ မမရဲ့၊ ခုနကမှ ငြိမ်သွားတာ။ ကောင်းတယ် ကိုညွန့်ဝင်းတို့ ၊ မညိုတို့ လှုပ်တောင်မလှုပ်ရဲဘူး။ အသံမထွက်ရဲဘူး

"ဟင်  နီနီထွန်း နင်ကော သိလား

"အို  မမ မြစန်းကြည် ကလည်း တစ်ရပ်ကွက်လုံးလိုလို သိနေတာ ဥစ္စာ။ မမမြစန်းကြည်က ဘယ်သွား အိပ်ပျော် နေတာတုံး။ သြော် ဆွမ်းလောင်းအသင်း ဖွဲ့တဲ့ညက ဆူညံနေအောင် ပရိတ်ရွတ်တဲ့ အထဲမှာ မမက ခေါင်းဆောင်မို့ ကိုညွန့်ဝင်းတို့ အုပ်စုက ကွယ်ရာမှာ မမကို အုပ်ကြီးဦးကြံတိုင်းအောင်လူလို့ ပြောနေကြတာ။ ဒါကြောင့် အပျိုတွေက မမကိုအတွင်းရေး မတိုင်ပင်တော့ဘဲ လက်ရှောင် နေကြတာ ထင်တယ်

"ဘာ  နီနီထွန်း ပြန်ပြောစမ်း။ ငါက ဦးကြံတိုင်းအောင်ရဲ့လူ ဟုတ်လား။ အမယ်လေး  ဝေးသေးတယ်။ ငါက အရပ်ထဲမှာ မဖွချင်လို့။ ဦးကြံတိုင်းအောင် အကြောင်း ငါတစ်ယောက်တည်း သိထားတာ အများကြီး

မြစန်းကြည် ဆွေ့ဆွေ့ခုန်မတတ် ဖြစ်သွားပြီး နီနီထွန်းကို မျက်လုံးပြူးကြည့်၍ ကုန်းအော်တော့သည်။ အမေက  ဟဲ့  သမီး ဘာဖြစ်နေတာလဲ  ဟု ပူပင်သောကနှင့် မေးပြီး နီနီထွန်းကတော့ မျက်လုံးများ အရောင်တလက်လက်တောက်ပအောင် စိတ်ဝင်စားမှု အပြည့်နှင့် အနားသို့ တိုးဝင်လာသည်။

"ဟုတ်လား မမ၊ ပြောစမ်းပါ အုပ်ကြီး အကြောင်း

"ဟယ်  နင်ကလည်း၊ ငါ မပြောချင်ပါဘူး ဆိုမှ

"အဲဒါကြောင့် မမကို အုပ်ကြီးလူလို့ ပြောကြတာပေါ့၊ ဆန်းသလား

နီနီထွန်းက နှုတ်ခမ်းစူပြီး ပြောသဖြင့် မြစန်းကြည် ဆဲမိတော့မလို စိတ်ဆိုးသွားစဉ် အမေက လေအေးလေးနဲ့ ဝင်ပြီး -

"ကွယ်၊ လူဆိုတာ ဘယ်သူ ပြည့်ဝတာကျလို့၊ အကုန်လုံး ချို့ယွင်းချက် ရှိကြတာပဲ။ သူ့အပြစ် ကိုယ်ပြော၊ ကိုယ့်အပြစ် သူပြော လုပ်နေကြရင် တစ်ရပ်ကွက်တည်းသားတွေ ညီညွတ်မှု ပြိုကွဲတာကလွဲလို့ ဘာရှိမှာလဲ။ ပြောမနေပါနဲ့ သမီးရယ်။ နီနီထွန်းကလည်း နားထောင်ချင် မနေနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်၊ သွား  သွား

နီနီထွန်းက ခေါင်းငုံ့ပြီး စက်ခုံဆီကို ထွက်သွားတော့မှ မြစန်းကြည် အားအင်ကုန်ခန်းစွာ ပက်လက် ကုလားထိုင်ပေါ်သို့ ပစ်လှဲချလိုက်သည်။ ရင်တွေ တဒိန်းဒိန်းတုန်ပြီး ဒေါသကတော့ ဖြစ်နေဆဲ။ ဘယ့်နယ်တော်၊ ရပ်ကွက်ကလေး ဆီမီးခွက်လောက်ထဲမှာ ဥက္ကဌက နှစ်ယောက်။ လက်သစ် တစ်ယောက်၊ လက်ဟောင်း တစ်ယောက်။ ကိုယ်က ရပ်ကွက် ဓမ္မာစကြာအသင်း ခေါင်းဆောင်မို့ သူခေါ်လို့ သွားရွတ်ရတာနဲ့ သူ့လူ ဖြစ်ရတော့မှာလား။ တစ်ရပ်ကွက်လုံး ရွတ်ပေးပါဦး မြစန်းကြည်ရယ် ဆိုရင် ရွတ်ပေးနေရတာ။ ဒါဖြင့် ငါက တစ်ရပ်ကွက်လုံးက လူတွေရဲ့ သူ့လူ၊ ကိုယ့်လူ

အပြောခံ နေရတာပေ့ါ။

တွေးရင်း တွေးရင်း မြစန်းကြည် ဒေါသတွေက ထိန်းချုပ်မရ ဖြစ်လာသည်။ ပက်လက် ကုလားထိုင်ပေါ်က ဝုန်းခနဲထပြီး အိမ်ထဲက ဖျတ်ခနဲ ထွက်ခဲ့သည်။ "ဘယ်တုံးဟဲ့ ဟု အမေက အော်တာတောင် ပြန်မပြောခဲ့။ ဒေါသနှင့် လျှောက်လာလို့ ကိုညွန့်ဝင်းတို့ အိမ်ရှေ့ ဘယ်လိုရောက်မှန်း မသိ ရောက်လာသည်။ အိမ်ထဲကို လှမ်းဝင်လိုက်တော့ ဧည့်ခန်း ဆက်တီမှာ ထိုင်နေသည့် ကိုညွန့်ဝင်းတို့ လင်မယားအပြင် ကိုစန်းလွင်ကိုပါ တွေ့လိုက်ရသည်။ မြစန်းကြည်က တုံ့ဆိုင်းမနေဘဲ ကိုညွန့်ဝင်းနား တိုးကပ်သွားပြီး -

"ဒီမယ် ကိုညွန့်ဝင်း၊ ရှင်တို့ ဥက္ကဌချင်း အာဃာ လုကြတာနဲ့ ကျွန်မကို မဆိုင်ဘဲ ဆွဲမထည့်ပါနဲ့။ ရှင်တို့ ပရိတ်ခေါ်ရွတ်ခိုင်းလည်း ကျွန်မက ရွတ်ရမှာပဲ။ အုပ်ကြီး ရွတ်ခိုင်းလည်း ရွတ်ရမှာပဲ။ ကျွန်မက ဒီရပ်ကွက်မှာ ဓမ္မာစကြာအသင်း ခေါင်းဆောင်၊ ဘယ်သူခေါ်ခေါ် ရွတ်ပေးရမှာပဲ

"နေစမ်းပါဦး၊ မြစန်းကြည်ရဲ့ ထိုင်ပါဦး၊ ဘာဖြစ်လာတာလဲ

"မထိုင်ပါဘူး။ ရှင်းမလို့ လာတာ။ ရှင်တို့ ဆွမ်းလောင်းအသင်း ဖွဲ့တဲ့ ညက အုပ်ကြီးအိမ်မှာ ပရိတ်ရွတ်တာနဲ့ ကျွန်မက အုပ်ကြီးလူ ဖြစ်ရရောလား။ စကားကို ဆင်ခြင်ပြော၊ ကျွန်မ ကိုယ့်ထမင်း ကိုယ်စားတာ။ ကျွန်မ ဘယ်သူ့လူမှ မဟုတ်ဘူး။ ဒါ လာပြောတာ။ သွားမယ်

မြစန်းကြည် ပြောလိုက်ရမှ ရင်ချောင်သွားပြီး စိတ်အေးလက်အေး အိမ်ဘက်ကို ပြန်လျှောက်လာခဲ့သည်။ အေးအေးဆေးဆေး အိမ်ထဲကို ဝင်လိုက်တော့ အိမ်ဝမှာ အမေက ပျာပျာသလဲ ဆီးကြိုပြီး လာ လာ မောင်စန်းလွင် ဆို၍ လှည့်ကြည့်လိုက်တော့ နောက်မှာ ရပ်နေသည့် ကိုစန်းလွင်ကို တအံ့တဩ တွေ့လိုက်ရသည်။ ကြည့်ရတာ မြစန်းကြည် နောက်က ကပ်လိုက်လာပုံ ရသည်။ အစွမ်းကုန် ပြုံးနေသည့် စန်းလွင်က ထိုင်ထိုင်ချင်း -

"ကောင်းတယ်ဗျာ၊ သိပ်ကောင်းတယ်။ ဒီရပ်ကွက်မှာ မြစန်းကြည်တို့လို ပွင့်ပွင့်လင်းလင်း ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်တဲ့လူတွေ လိုအပ်တယ်။ မြစန်းကြည်က ဖြောင့်လည်း ဖြောင့်မတ်တယ်။ ထက်လည်း ထက်မြက်တယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ သိပ်လိုတယ်။ အားလုံးက မြုံစိစိ မလှုပ်တလှုပ် တောမိတွေချည်းပဲ

"ဟုတ်တယ်ရှင်၊ ကျွန်မလည်း ပြောခံရတော့ မကျေနပ်လို့

"ဒါပေါ့၊ ကျုပ်တို့ ဆွမ်းလောင်းသင်း ဥက္ကဌကလည်း နာမည် ပျက်နေပြီ။ အင်း ... ဘယ်သူမှ မကောင်းကြပါဘူးဗျာ။ လူငယ်တွေက မကျေနပ် ကြတော့ဘူး။ အဲဒါ ကျွန်တော်က ဆွမ်းလောင်းအသင်း လက်လွှဲ ယူရမလို ဖြစ်နေတယ် မြစန်းကြည်ရဲ့

မြစန်းကြည် တစ်ချီတည်း ငြိမ်သွားသည်။ ပါးစပ်ကို နာနာ ပိတ်ထားရသည်။ မဖြစ်၊ မဖြစ်။ သူတို့က ကြောက်ရသည်။ မတော်တဆ အင်းလိုက်မိရင် သူ့လူ ဖြစ်သွားဦးမယ်၊ ဒုက္ခ။ အမေက မျက်လုံးပြူးနေပြီး နီနီထွန်းက စိတ်ဝင်စားစွာ

အနားရောက်လာသည်။

“အဲဒါ လာမယ့် ဥပုသ်ပတ်က စပြီး ကျွန်တော် လွှဲယူတော့မယ်။ ကျွန်တော့် ဖိနပ်ရုံက ဆွမ်းချက်ဖို့လည်း ကျယ်တယ်။ သားသမီး၊ တူ၊ တူမ ၊ တပည့်လက်သားများတော့ ဝိုင်းလုပ်ဝိုင်းစား အများကြီး ရှိတယ်။ အရေးကြီးတာက ငွေကောက်ခံမယ့် နေရာမှာ ထက်ထက်မြက်မြက်၊ တက်တက်ကြွကြွ၊ ဖြောင့်မတ် မှန်ကန်မှုရှိတဲ့ မြစန်းကြည်တို့လို လူမျိုး ဦးဆောင်ဖို့ လိုတယ်။ ကျွန်တော့်အသင်းကို မြစန်းကြည် ကူညီစေချင်တယ်

“ရှင်

“လုပ်ပါ မြစန်းကြည်ရယ်။ လူတွေက ဘယ်သူမှ မယုံရလို့ပါ။ မြစန်းကြည်ရဲ့ အသင်းသူတွေကိုလည်း စည်းရုံးပေးပါဦး။ အလှူခံထွက်ရင် ဦးထုပ်၊ ရင်ထိုးတံဆိပ်၊ လုံချည်၊ အင်္ကျီ၊ ဂျာကင်၊ တီရှပ် အားလုံး ဆင်တူ ဝတ်ရအောင် စီစဉ်မှာ။ စနစ်တကျ ဖွဲ့စည်းရမှာ။ သူများ အပြောအဆို မခံရအောင် အထင်မသေးအောင်လေ

သည်လိုနှင့် ရပ်ကွက်သူ နာမည်ကြီးပေမို့ မြစန်းကြည်လည်း မရှောင်နိုင် မလွှဲနိုင်ဖြင့် ဘဏ္ဍာငွေရှာကြံရေး အဖွဲ့ဝင် ဖြစ်ရပြန်လေသည်။ ကိုစန်းလွင်က သူ့ပြောသည့်အတိုင်း အတိအကျ စီစဉ်ညွှန်ကြားပြီး သူတို့၏ အဖွဲ့သူ၊ အဖွဲ့သားများကို မျက်နှာမငယ်ရန် ဆောင်ရွက်ပေးသည်။ အုပ်စုဖွဲ့များဖြင့် စုပေါင်းပြီး ကောင်းမြတ်သော အကျိုးဖြစ်အောင် ဆောင်ရွက်ရသည်ကို မြစန်းကြည် တဖြည်းဖြည်း ပျော်လာသည်။ ပိုက်ဆံ အလှူခံထွက်သည့် နေ့တွင်

ဟာစ်မခေါ်ရဘဲ ကာလသား၊ ကာလသမီး လူစုံတက်စုံ ဖလား ပိုက်သူက ပိုက်၊ ဆန်တောင်း ထမ်းသူက ထမ်းဖြင့် ရပ်ကွက်တကာ လှည့်ပြီး အလှူခံထွက်ကြသည်။ ဖလားထဲမှာ ငွေတွေ ဖွေးနေအောင် မြင်ရလျှင် အသင်းသူ၊ အသင်းသားတွေ ပျော်ကြသည်။

ဆွမ်းလောင်း အကြိုရက်တွင် ဆန်ရွေးကြ၊ ကြက်သွန်လှီးကြဖြင့် မိန်းမတွေက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အလုပ် လုပ်ကြရာသို့ အမေ ကိုယ်တိုင်ပင် အိမ်က ကြက်သွန်လှီး ဓားကိုင်ပြီး တက်တက်ကြွကြွ လှုပ်ရှားနေတာ မြင်ရလို့ မြစန်းကြည် အလွန်ပင် စိတ်ချမ်းသာ ရလေသည်။ ဒီလိုနေ့မျိုးတွင် နီနီထွန်းကိုလည်း အနားပေး ထားရလေ့ရှိသည်။ နောက်တစ်နေ့ နံနက် ဆွမ်းလောင်းချိန်တွင် သံဃာတော်အပါး ငါးရာခန့် သပိတ်ပိုက်ကြွလာကြသည်ကို ဝေလီဝေလင်းမှ စ၍ အမေတို့ကဲ့သို့ သက်ကြီးရွယ်အိုများကို ခေါ်ကာ ဆွမ်းလောင်းစေပြီး ကိုစန်းလွင်တို့က နောက်ဆုတ်နေလေ့ ရှိသည်။

"ကျွန်တော်တို့က ငွေခံတဲ့ နေရာ၊ ချက်တဲ့ပြုတ်တဲ့ နေရာ ခန္ဓာကိုယ်နဲ့ ရင်းပြီး ကုသိုလ်ရပြီးပြီ မဟုတ်လား မြစန်းကြည်ရဲ့။ ဆွမ်းလောင်းတဲ့ နေရာမှာတော့ သက်ကြီးရွယ်အိုတွေ ကုသိုလ် ယူကြပါစေဗျာ။ လောင်းလှူတဲ့ နေရာမှာ လှူရင်း ပီတိပွားရင် အရှိန်အဟုန် သိပ်ကြီးတာလေဗျာ

မြစန်းကြည် ကိုယ်တိုင် ကိုစန်းလွင်စကားကို ကြည်ညိုစွာ နားထောင်မိရင်း

ကိုညွန့်ဝင်းနှင့် ကွာလေစွဟု စဉ်းစားမိလေသည်။ အမေတို့ လူကြီးပိုင်းကလည်း ချီးမွမ်းသံတွေ လျှံနေသည်။ သာရေး၊ နာရေး ဆိုလျှင်လည်း တူညီဝတ်စုံတွေနှင့် အသင်းသား၊ အသင်းသူတွေက အိုးခွက်ပန်းကန် ဆေးသည့် နေရာ၊ ဧည့်ခံသည့် နေရာ၊ ကျွေးမွေးသည့် နေရာတွေကို ဝင်ရောက်တာဝန်ယူကြတော့ အုပ်ကြီး ဦးကြံတိုင်းအောင်၏ သာရေးနာရေး အသင်းက လုံးဝ ပျောက်ကွယ်လုနီးပါး ဖြစ်သွားသည်ကို ဦးကြံတိုင်းအောင်က မကျေနပ်တာ တစ်ရပ်ကွက်လုံး သိကြသည်။

"မကျေနပ်လည်း မတတ်နိုင်ဘူး။ မြစန်းကြည်ရယ်။ ရိုသေလေးစား ခံရမှုဆိုတာ အလုပ်လုပ်တဲ့ လူပေါ်မှာ မူတည်တာ။ ကိုစန်းလွင်က အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တယ်။ လူ လေးစားအောင် နေတယ်။ အသင်းသားတွေကို အထင်မသေးအောင် ဝတ်စုံကစပြီး စဉ်းစား စီစဉ်ပေးတယ်။ ကဲ ဘာလိုသေးလဲ

"ဟုတ်တယ် တင်တင်မာရဲ့။ ညည်းတို့ပဲ စဉ်းစားကြည့်အေ၊ ချက်တဲ့ ပြုတ်တဲ့နေ့ ဆိုရင် လက်ဖက်ရည် ဆိုတာ မသောက်ချင်မှ အဆုံး။ ပိုလျှံတောင် နေတယ်။ ညအိပ်ချက်တဲ့ လူတွေကို ဘယ်နယောက် ချက်ချက် ညလယ်စာ ကျွေးသေးတယ်

"သူလို အုပ်ကြီးမျိုးတော့ ရှားပါတယ်အေ။ သူ တစ်ယောက်ရှိမယ် ထင်ပါရဲ့

မြစန်းကြည်နှင့် တင်တင်မာတို့ စကားကောင်း နေကြသည်ကို အကြော်ဝယ် လာသည့် မိန်းမတွေက တပြုံးပြုံးဖြင့် နားထောင် နေကြသည်။

တဖြည်းဖြည်းနှင့် ဥပုသ်ဆွမ်းလောင်း အသင်း နာမည် ရလာသလို အုပ်ကြီး ကိုစန်းလွင်လည်း ဟိုဘက်ရပ်ကွက်၊ ဒီဘက်ရပ်ကွက်များတွင် လူရှိသေ၊ ရှင်ရှိသေ နာမည်ကြီးသည်ထက် ကြီးလာသည်။

“ကျွန်တော်က ဘယ်တော့မှ နောက်မတွန့်တဲ့ တိဟိတ်သမားဗျ။ ပရဟိတ အကျိုးနဲ့ အတ္တဟိတ အကျိုး ယှဉ်လာရင် ပရဟိတကိုပဲ ဦးစားပေးမယ့် သူပါ။ ကြည့်ဦး။ ဆွမ်းလောင်း အသင်းကို ဦးစားပေးပြီး လုပ်နေရတာ စိတ်ကြည်နူးလွန်းလို့ ကျွန်တော်ရဲ့ ပင်ကိုလုပ်ငန်း ဖြစ်တဲ့ ဖိနပ်ရုံတောင် လှည့်မကြည့်နိုင်တာ ကြာပေါ့။ ကျွန်တော့်မိန်းမကလည်း ပါရမီဖြည့်ဖက်ကောင်းဗျ။ ကိုစန်းလွင် လုပ်သာလုပ်၊ ရှင်ရော ကျွန်မရော ကုသိုလ်ရေး လုပ်ဖို့သာ အဓိက၊ ဖိနပ်ရုံ ပိတ်ရတော့ကော ဘာဖြစ်လဲ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးက ကျွေးလိမ့်လို့ ပြောတာဗျ

လူကြီးစုံရာ ရပ်ကွက်ပိုင်းတွေမှာ ကိုစန်းလွင်က အဲဒီလိုပြောရင် အားလုံးက ခေါင်းတညိတ်ညိတ်နှင့် သာဓုခေါ်ကြ ရလေသည်။ ဆွမ်းလောင်းအသင်း အလှူခံသည့် အချိန်နှင့် အလှူခံသည့် ရက်ကို တိုးမြှင့်ပြီး မြို့ထဲ ရပ်ကွက်တွေအထိ လှည့်လည်အလှူခံ ကြသလို ဆွမ်းချက်သည့် ဆန်၊ ဝက်သားပိသာတွေ တိုးမြှင့်လာပြီး သံဃာတော်တွေပါ တိုးလောင်းကြရတော့ ရပ်ကွက်သားတွေ ပိုပြီး ပီတိဖြာကြ ရလေတယ်။

“မမ မြစန်းကြည်၊ တယ်လီဖုန်း လာတယ်

ရပ်ကွက်ထိပ်က ပီစီအိုဆိုင်က လာပြော၍ မြစန်းကြည် အပြေးအလွှား သွားနားထောင်ပြီး ချက်ချင်း ဆိုသလို အိမ်ဘက်ကို ပြန်ပြေးလာသည်။ အကြော်ဆိုင်က တင်တင်မာက မြစန်းကြည် သုတ်သီးသုတ်ပျာ ဖြစ်နေတာကို မြင်တော့ နောက်က လိုက်လာသည်။

“အမေ ရွာမှာ အဘွား နေမကောင်းလို့တဲ့၊ အမေ အမြန်သွားမှ ဖြစ်မှာ၊ အို အမေ တစ်ယောက်တည်းလည်း သွားလို့ဖြစ်မှာ မဟုတ်ပါဘူး။ ကျွန်မပါ လိုက်ခဲ့မှာ ဖြစ်မှာပါ

“သွားသာသွား မမ၊ အပ်ထည်တွေ ကျွန်မ တာဝန်ထား၊ အိမ်လည်း စောင့်ပေးမယ်

ဟု နီနီထွန်းက ဝင်ပြောသည်။

“မြစန်းကြည်ရယ်၊ နင်ပြေးသွားလို့ ဘာများ အရေးကြီးလို့လဲလို့ နောက်က လိုက်လာတာ။ မသွားမှ မဖြစ်ဘဲ သွားပေ့ါလို့အေ။ ဒီလိုပေ့ါ။ ငါတော့ အားလျော့ ပါသေးတယ်အေ။ အခုအပတ်မှ စပြီး အုပ်ကြီးက ဈေးချို တစ်ရက်၊ ကိုင်းတန်းဈေး တစ်ရက် အလှူခံ တိုးထွက်ရမယ်လို့ ပြောနေတာ။ ညည်းမပါတော့ ပျင်းပါသေးတယ်အေ

ဘယ်လောက်ပဲ ပရဟိတ လုပ်ချင်လုပ်ချင် ကိုယ့်အဘွား ကျန်းမာရေး ဆိုတော့ အကုန် ပစ်ထားခဲ့ရသည်။ မြစန်းကြည်နှင့် အမေတို့ အဝေးပြေးကားဖြင့် ရွာသို့ ပြန်လာခဲ့ရသည်။ ဟိုရောက်တော့ အဘွားကို စိတ်ရောကိုယ်ပါ ပြုစုပေမယ့် ရောဂါက မသက်သာဘဲ တိုးလာ၍ မြို့နယ် ဆေးရုံသို့ တင်လိုက်ရသည်။ ရွာက သားသမီးတွေက လယ်လုပ်၊ ပဲနှမ်းတောင်သူ အလုပ်တွေနဲ့မို့ မြစန်းကြည်တို့ သားအမိပဲ ဒိုင်ခံ ဆေးရုံစောင့်ရသည်။ ဆေးရုံက ဆင်းပြန်တော့ နာလန်ထစ အဘွားကို အသက်ကြီးပြီမို့ ကလေးလို ပြန်ပြီး ပြုစုတတ်တာ ငါ့တူမ မြစန်းကြည်ပဲ ရှိတာအေ၊ မြို့သံယောဇဉ် တွယ်မနေပါနဲ့တော့၊ ရွာသာ ရွှေ့ခဲ့ပါတော့။ ညည်းတို့ သားအမိ နှစ်ယောက်တည်းများ ငါတို့ ကျွေးထားနိုင်ပါတယ်အေ ဆိုသည့် ဆွေမျိုးတစ်စုက ဝိုင်းတား ကြတာကြောင့် မြစန်းကြည်တို့ ပြန်ရက် နှောင့်နှေးရပြန်သည်။

"အမေရေ၊ အပြီး ရွာမှာ နေလို့တော့ မဖြစ်ဘူးတော့။ တစ်ခေါက် တစ်ကျင်းတော့ ပြန်ချေရဦးမယ်။ ကျွန်မ စက်ဆိုင်လည်း ဘယ်အခြေအနေ ဆိုက်နေလဲ မသိဘူး။ ဖောက်သည်တွေနဲ့ နီနီထွန်းကော အဆင်ပြေပပ့်မလား မသိ

တစ်ရက် မြစန်းကြည် အမေ့ကို ပွင့်ပွင့်လင်းလင်း ပြောပြမိသည်။ ဘယ့်နယ် နှစ်လကျော် သုံးလထဲ ရောက်နေပြီ။ မြစန်းကြည် မြို့ကို ပြန်ချင်နေသည်။ အမေကတော့ ရွာကအမျိုးတွေ ဝိုင်းဝိုင်းလည်နှင့် နေရတာ ပျော်နေသလား မသိ၊ မလှုပ်တလှုပ်သာ ရှိပြီး ပြန်မည်လို့ စကားတစ်ခွန်း မဟပေ၊ အမေ့ကို မြစန်းကြည် စိတ်တိုလာသည်။

"ကဲ … အမေ အမျိုးတွေနဲ့ ပျော်နေရင် မလိုက်ချင်ရင် နေခဲ့ဦး။ ကျွန်မကတော့ အခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းဆို အပ်ထည်တွေ မတရား ချုပ်ရတာ ၊ ရပ်ကွက်ထဲမှာ စက်ဆိုင်တွေ အပြိုင် ဆိုတာလည်း အမေ အသိ၊ တော်ကြာ ကိုယ့်ဖောက်သည်တွေ သူများလက် ပါဦးမယ်။ ကျွန်မကို ကားလက်မှတ်သာ ဖြတ်ပေးတော့၊ ကိုယ့်ဟာကိုယ် ပြန်မယ်

"ညည်း တစ်ယောက်တည်း ပြန်လို့တော့ ဖြစ်ပ့ါမလားအေ

"အမေက မပြန်ချင်သေးဘူး မဟုတ်လား။ နေခဲ့ပေ့ါ

"ဟုတ်တယ်။ ကြီးကြီးက ရွာမှာနေခဲ့၊ မမ မြစန်းကြည်ကို သား လိုက်ပို့လိုက်မယ်။ သားလည်း မြို့ကို အလည်ရောက်ရော

"ဟဲ့ အောင်မင်းစိန်၊ နင် တကယ် ပြောတာလား

"တကယ်ပေ့ါဗျ

မြစန်းကြည်ဖြင့် အမေနှင့်သူ မပြေမလည်ကြားထဲမှာ ဝင်ပြောလိုက်သည့် ဦးလေး၏သား အောင်မင်းစိန်ကို ကျေးဇူးတင်လိုက်တာ၊ အောင်မင်းစိန်ကလည်း အဝေးသင်နှင့် ဘွဲ့ယူပြီး လယ်ထဲချောင်းထဲ မဆင်းရသေးမီ မြစန်းကြည်နှင့် မြို့ကို လိုက်လည်ရမည် ဖြစ်၍ အရမ်း ပျော်နေသည်။ မြစန်းကြည်ကလည်း လောက်လောက်လေးလေး တစ်ဝမ်းကွဲ မောင်တစ်ယောက် လိုက်ပို့ မည် ဖြစ်၍ စိတ်ချလက်ချ အမေ့ကို ထားခဲ့ပြီး မောင်နမ နှစ်ယောက် အဝေးပြေးကားနှင့် မြို့သို့ ပြန်လာခဲ့ကြသည်။ အထုပ်တွေကို ထမ်းပြီး အရပ်ထဲ အဝင် -

"မမတို့ အရပ်က အပျံစားပါလား။ RC တိုက်တွေချည်းပဲ တယ်ဟုတ်ပါလား။ အိမ်မှ တစ်အိမ် နှစ်အိမ် ရှိတာ။ ဟင်း   ဟင်း   မမအိမ်က အိမ်မည်းကြီး

စကားတွေ တဖောင်ဖောင် ပြောနေသည့် မောင်ကို ပြန်မပြောနိုင်ဘူး။ အိမ်ထဲကိုသာ မြန်မြန်ဝင်မိသည်။ အိမ်ထဲမှာ နီနီထွန်းက စက်ချုပ်နေပြီး တင်တင်မာကို ထူးထူးဆန်းဆန်း နီနီထွန်းနားမှာ ထိုင်နေတာ တွေ့ရလို့ မြစန်းကြည် အံ့သြသွားသည်။

"ဟော   မမ ပြန်လာပြီ

ဟု နီနီထွန်းက အော်သည်။

"ဟဲ့   ထူးထူးဆန်းဆန်း တင်တင်မာက အင်္ကျီ အပ်နေတာလား။ အတော်ပဲ ၊ အတော်ပဲ၊ ရွာက ထန်းလျက်တွေ၊ ပေါက်ပေါက်ဆုပ်တွေ၊ ပဲလှော်ကြော်တွေ ပါလာတယ်။ ဟဲ့   အောင်မင်းစိန်၊ တောင်းထဲက အထုပ်တွေ ဖြေစမ်း၊ လက်ဆောင်တွေ ပေးရအောင်။ အုပ်ကြီး ကိုစန်းလွင်တို့ဖို့လည်း ပါတယ်။ ငါ အများကြီး ထည့်ခဲ့တာ။ ဒါနဲ့ နေစမ်းပါဦး။ ဒီနေ့ အဝေးဖိတ် မဟုတ်လား။ ညည်းတို့က ဆွမ်းဆန်ခံ မထွက်ဘဲ ဘာလုပ် နေကြတာတုံး

မြစန်းကြည် အမေးကို ဘယ်သူမှ မဖြေကြပေ။ လက်ဆောင်တောင်း နားကို ဝိုင်းအုံ လာကြပြီး အထုပ်တွေကို နှိုက်ကြသည်။

“ရော့ ဒါက တင်တင်မာဖို့ နီနီထွန်းက ဒါယူ၊ အထုပ်ကြီးကတော့ အုပ်ကြီးတို့ အိမ်ဖို့အေ။ သူကတော့ ကိုယ့်အုပ်ကြီးလည်းဖြစ် ကုသိုလ် လုပ်နေတဲ့သူ ဆိုတော့ ကြီးကြီးပေးရမှာပေါ့။ တင်တင်မာ၊ နင်ပြန်ရင် အဲဒီ လက်ဆောင်ထုပ် အုပ်ကြီး ဝင်ပေးလိုက်အေ

“နင့်ဘာသာ နင်သာ သွားပေးလိုက်စမ်းပါ၊ ငါ မသွားချင်ဘူး

“ဟဲ့

တင်တင်မာက ဆတ်ခနဲ ငြင်းလိုက်လို့ မြစန်းကြည် ဟဲ့ခနဲ အော်လိုက်မိသည်။ ပျက်တက်တက် ဖြစ်နေသော မျက်နှာတွေကို စူးစူးစမ်းစမ်း စပ်စုကြည့်မိရင်းက တစ်စုံတစ်ခုကို သဘောပေါက်သလို ဖြစ်လာပြီး လက်ထဲက အထုပ်တွေကို လွှတ်ချလိုက်ရင်း -

“ဟဲ့ ငါ သွားနေတုန်း နင်တို့

“အေး လာ ခရီးရောက်မဆိုက်ဘဲ နင့်ကို ပြောရဦးမယ်

ဆိုပြီး တင်တင်မာက ခုံတန်းလျားပေါ် သွားထိုင်လိုက်သဖြင့် မြစန်းကြည်

အူကြောင်ကြောင်နှင့် ထိုင်လိုက်ရသည်။

“အစကတော့ ငါတို့အုပ်ကြီး အရမ်းတော်တာ၊ တကယ်ကောင်းတဲ့ လူတစ်ယောက် ငါတို့ရပ်ကွက်က ရလိုက်ပြီလို့ ငါတို့လည်း အောက်မေ့ ခဲ့ကြတာ။ ကိုစန်းလွင်က သူပြောတဲ့အတိုင်း တကယ် လုပ်တဲ့လူဟ

“ဟင်    ဟင်    နင် ဘာပြောတာလဲ

မြစန်းကြည် နားမျက်စိ လည်သွားသည်။

“သူပြောတဲ့အတိုင်း လုပ်တာဆိုရင် အပြောနဲ့ အလုပ်နဲ့ ညီတဲ့လူပေါ့။ ဒါဆိုရင် ဘာဖြစ်ကြတာလဲ

တင်တင်မာက တခစ်ခစ် ရယ်နေသည်။

“နင်လည်း မှတ်မိမှာပါ၊ ကိုစန်းလွင်က လူထုထုဆိုရင် ခဏခဏ ပြောတယ်လေ၊ သူ့ကိုယ့်ကျိုးစီးပွား မလုပ်တော့ဘူး။ ဖိနပ်ရုံ လှည့်မကြည့်တော့ဘူး။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးက သူ့ကို ကျွေးလိမ့်မယ် ဆိုတာလေ

“ဟင်    အဲ့ဒါ ဘာဖြစ်လို့တုံး

"အဲ့ဒါပေါ့ဟာ၊ သူတို့မိသားစုတွေနဲ့ ဖိနပ်ရုံ အလုပ်သမား ဆယ်ယောက်လောက်က ဘာအလုပ်မှ မလုပ်တော့ဘဲ ရတနာသုံးပါး ကျွေးတာ စားနေကြတာလေ။ တစ်ပတ်ကို ငါးရက် အလှူခံတယ်။ တစ်ရက်က ဆွမ်းချက်တယ်၊ ဥပုသ်နေ့ ဆွမ်းလောင်းတယ်၊ ငါတို့လည်း ပထမတော့ သတိမထား မိသေးဘူး။ ငါးရက်ကြီး ဆိုတော့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက ကိုယ့်အလုပ်နဲ့ကိုယ် အလှူခံ မလိုက်နိုင်ကြဘူး။ အုပ်ကြီးက ရပါတယ်၊ ရပါတယ်၊ ရပ်ကွက်က မလိုက်နိုင်ရင်လည်း ကျွန်တော့်လူနဲ့ ကျွန်တော် ရအောင် လုပ်ပေါ့မယ် ဆိုပြီး လုပ်တာ။ တဖြည်းဖြည်းနဲ့ ရပ်ကွက် ဆွမ်းလောင်းသင်းက သူ့ကိုယ်ပိုင် ဆွမ်းလောင်းအသင်း ဖြစ်သွားရောဟ။ အလှူခံ ရတာတွေနဲ့ လူနှစ်ဆယ်လောက် နေ့တိုင်း စားတယ်။ သုံးတယ်။ ရွှေတွေ ငွေတွေ ပိုတယ်၊ ရပ်ကွက်က မြင်နေရတာပဲ။ ဒါပေမဲ့ သူက နပ်တယ်။ ဆွမ်းကို ဆွမ်းဟင်းခွက်တွေ တိုးလောင်းတယ်။ ကိုယ့်စီးပွားရေး ကိုယ်တောင် မလုပ်နိုင်ဘူး။ ဖိနပ်ရုံ ပိတ်ရမလောက် ဖြစ်တဲ့အထိ ကိုယ်ကျိုးစွန့်ပြီး လုပ်ရတာ ။ မပူပါဘူး၊ မပူပါဘူး၊ ရတနာသုံးပါးက ကျွေးပါလိမ့်မယ်လို့ နာနာပြောတော့ လူကြီးတွေလည်း ဆွမ်းလောင်းအသင်း မပျက်ရင် ပြီးတာပါပဲလေ ဆိုပြီး နာစေးနေကြတာ နေမှာပေါ့ဟာ။ ငါတို့လည်း မသွားကြတော့ဘူး။ သူတို့ကလည်း အဝင်မခံတော့ဘူး။ သူ့လူနဲ့သူ ပြည့်နေတာပါပဲဟာ

မြစန်းကြည် ခံတန်းလျားကို ကျောမှီချလိုက်ရင်း စိတ်ပျက်လက်ပျက် ဖြစ်သွားရလေသည်။ ငါတို့ရပ်ကွက်မှာ အများအကျိုးကို မှန်မှန်ကန်ကန် ဆောင်ရွက်ချင်သည့်သူ မရှိတော့ဘူးလား။ ငွေနှင့်ထိလိုက်လျှင် လူတိုင်းက ဒီလို ဖြစ်သွားကြတာပဲလေ ဆိုသည့် အတွေးနှင့် ငေးနေမိသည်။ တင်တင်မာ

ပြန်သွားတော့ ခုံတန်းလျားလေးပေါ် မှာလှဲ၍ တစ်မှေး မှေးမိသည်။ မိုးကြီး သည်းထန်စွာ ရွာချသည်ကိုပင် မသိတော့။ ဘယ်လောက် အိပ်ပျော်သွားသည် မသိ။ မြစန်းကြည် နိုးလာတော့ မိုးလည်း စဲသွားပြီ။ ရေပါသော မိုးကြောင့် မြောင်းတွေပိတ်၍ ရပ်ကွက်လည်း ရေလျှံနေပြီ။ ဒီရှုခင်းကို ခါးထောက် ကြည့်နေသော အောင်မင်းစိန်က -

"မမ မြစန်းကြည် ပေါက်တူးရှိလား၊ ပေးစမ်းပါ၊ ဘယ်သူမှလည်း ထွက်မလုပ်ကြဘူး။ ရွာမှာ ရေလျှံရင် အခင်းထဲ ကတွတ်ပေါက် ဖောက်ပေးမှ ရေကုန်တာ။ အဲဒီလို လုပ်ပေးလိုက်ဦးမယ်

မြစန်းကြည် သူ့မောင်ကို ချီးမွမ်းအံ့ဩရင်း ပေါက်တူး ထုတ်ပေးလိုက်သည်။ အောင်မင်းစိန်က မိုးတဖွဲဖွဲထဲ ထွက်သွားပြီး မြောင်းဖုံးတွေ လိုက်လှန်သည်။ မြောင်းထဲမှာ ပိတ်နေသည့် နွံတွေ၊ သဲတွေ၊ ခဲတွေ၊ ပလတ်စတစ် အမှိုက်တွေကို မြောင်းပေါင်ပေါ် တင်ပြီး ရေစီးရေလာ ကောင်းအောင် လုပ်နေတော့ ဟိုအိမ် ဒီအိမ်က ယောကျ်ားသားတွေ၊ လူငယ်တွေ ထွက်လာပြီး ဝိုင်းလုပ်နေကြတာ မြစန်းကြည် တွေ့ရသည်။ ခါတိုင်း မိုးရွာလျှင် တစ်ရက်လောက် ရေဝပ်နေသည့် ရပ်ကွက်က နာရီပိုင်းနှင့် ရေကျသွား၍ အားလုံး ပျော်နေကြသည်။ အောင်မင်းစိန်တို့ စည်းရုံးရေး ကောင်းလိုက်ပုံက ညနေစောင်းတွင် အရပ်ထဲက လူငယ်တွေက အောင်မင်းစိန်ကို လက်ဖက်ရည်ဆိုင် သွားမယ်လို့ လာခေါ်ကြသည်။

“တယ်ဟုတ်ပါလားဟေ့၊ မမကလည်း အပ်ထည်တွေ ပုံနေလို့ ခေါင်းမဖော်တမ်း ချုပ်နေရတာနဲ့ အောင်မင်းစိန် ပျင်းနေမယ် ထင်နေတာ၊ အခုတော့ မင်းက အဖော်တွေ ရလို့

“မမတို့ အရပ်ထဲက လူငယ်တွေက ကျွန်တော့်ကို သိပ်ခင်ကြတာဗျ။ သဘောလည်း ကောင်းကြတယ်

သုံးလေးရက် မြစန်းကြည် သူ့မောင်ကို လှည့်မကြည့်နိုင်။ အပ်ထည်တွေကိုသာ ပွဲတော်အမီ ပေးဖို့ အတင်း ချုပ်နေရသည်။ အောင်မင်းစိန်ကိုလည်း မိုးလင်းသည်နှင့် လူငယ်တွေ လာခေါ်သွားကြသည်။

“မမ မြစန်းကြည် တစ်ထောင်ထည့်ပါ။ တစ်အိမ်တစ်ထောင် ငွေကောက်ရမှာမို့ ကျွန်တော်တို့ ရန်ပုံငွေ

“ဟင် ... ဘာလုပ်မလို့လဲ

“ဟာ ... မမတို့ ရပ်ကွက်က ရေဆိုးထဲ ဝပ်နေတယ်။ အမှိုက်တွေလည်း ပွလို့၊ ကိုင်းတောတွေက ရှိသေး။ ဒါတွေကို ရှင်းဖို့၊ လင်းဖို့ ရပ်ကွက် သန့်ရှင်းရေးအသင်း ဖွဲ့လိုက်တယ်လေ။ ကျွန်တော်လည်း ရွာကို တော်တော်နဲ့ ပြန်ဖြစ်မှာ မဟုတ်လို့ အကြံပေးလိုက်တာနဲ့ ဖွဲ့လိုက်ကြတာ၊ အဖွဲ့ဆိုတော့ ရန်ပုံငွေ လိုတယ်လေ

မြစန်းကြည် သူ့မောင်ကို မျက်လုံးပြူး ကြည့်မိသည်။

“နင်က အဲဒီ အဖွဲ့မှာ

“ဟုတ်တယ်။ ကျွန်တော်က ဥက္ကဌလေ၊ အခုဆိုရင် လူငယ်တွေက ကျွန်တော့်ကို အုပ်လေးလို့ ခေါ်နေကြပြီ မမရဲ့။ နာမည် မခေါ်ကြတော့ဘူး”

မြစန်းကြည် တုန်တုန်ယင်ယင် ထုတ်ပေးလိုက်သည့် တစ်ထောင်တန်ကို ယူပြီး အောင်မင်းစိန်က လေလေး တချွန်ချွန်နဲ့ ထွက်သွားလေသည်။ အိတ်ကပ်ထဲက တစ်ထောင်တန် အထပ်လိုက်ကို ကြည့်ရင်း -

“ဩော် … ဒီရပ်ကွက် သေးသေးလေးလေး ထဲမှာ ဥက္ကဌ တစ်ယောက် တိုးလာပြန်ပါပေါ့လား

ဟု မြစန်းကြည် တိုးတိုးလေး ရေရွတ်လိုက်မိတော့သည်။

-----------------------

**ယဉ်ယဉ်န (မန္တလေး)**

**ရွှေအမြုတေ၊ အောက်တိုဘာ၊၂၀၁၃။**

====

## မျက်နှာပူတတ်တဲ့သူ

* * *

"ရေကားတွေ လာပြီဟေ့  ဆိုတာ ဘယ်သူက စအော်လိုက်တယ် မသိဘူး။ တစ်ယောက်ပြီး တစ်ယောက်၊ တစ်အိမ်ပြီး တစ်အိမ် လက်ဆင့်ကမ်း အော်ကြတော့တာ စံပယ်ခြံ အနောက်ခြမ်း ရေဝင်ရပ်ကွက် တစ်ခုလုံး ဆူညံသွားတာပဲ။ အော်သံ၊ ဟစ်သံတွေကြောင့် မောင်ချစ် အိပ်ရာကနေ အိပ်မှုန်စုံမွှားနဲ့ နိုးလာတယ်။ အမေဖြစ်တဲ့ အဘွားမိက  ဟဲ့ မောင်ချစ် ထစမ်း၊ သောက်ရေ မရှိဘူး။ ရေသွားသယ်စမ်း  ဆိုပြီး အော်နှိုး၊ လှုပ်နှိုးတာလည်း ပါတာပေါ့။ ညက ကာလသားခေါင်း ကိုမိုးကြီးတို့နဲ့ နည်းနည်း များသွားလို့ မောင်ချစ် တုန်းတင်းသရော အိပ်ပျော် သွားတာလည်း ပါတယ်။ အမေနှိုးလို့ မထချင် ထချင် ထထိုင်လိုက်တဲ့ အချိန်မှာ တစ်ရပ်ကွက်လုံးလောက် နီးနီး အိမ်ရှေ့လမ်းမှာ ရေအိုးတွေ၊ ရေပုံးတွေ၊ ရေခွက်တွေ သယ်ပြီး ရေကား ရှိရာကိုပဲ ရေတွေကို ဖြတ်ပြီး တဝုန်းဝုန်း သွားနေကြတာ တွေ့ရတယ်။ ကလေး၊ လူကြီး၊ မိန်းမ (အ)စုံပဲ။

မောင်ချစ်တို့ မြို့မှာ မိုးတွေက ရွာ၊ ရေတွေက ကြီး၊ ကန်ရေ၊ အင်းရေတွေက မြင့်တက်တော့ အင်းနဲ့ ဆက်နေတဲ့ စံပယ်ခြံ အနောက်ခြမ်းက ရေမြုပ်တော့တာပေါ့။ တချို့ အိမ်ပုလေးတွေ ဆိုရင် ကြမ်းပါ မြုပ်လို့ ခုတင်ပေါ်၊

စင်ပေါ် တက်နေကြရတာ။ ဒီတစ်ခါ ရေက တအားကြီးတော့ ခါးစောင်းလောက် အထိ တက်လာတာနဲ့ အိုးတွေ၊ ခွက်တွေ၊ ရေတိုင်ကီတွေ အကုန်မြုပ်လို့ မောင်ချစ်တို့မှာ သောက်စရာ၊ ထမင်းချက်စရာ ရေမရှိတဲ့ အဖြစ်တောင် ရောက်တယ်။ မောင်ချစ် ခါးထောက်ပြီး အိမ်ကပြင်ကနေ အခြေအနေကို ထွက်ကြည့်တယ်။ မောင်ချစ်တို့ လမ်းသွယ်လေး ထိပ်မှာ လိုက်ထရပ် ကားတစ်စီး ရပ်ထားတယ်။ ပုလဲဆရာတော် ဘဒ္ဒန္တပညာဝံသ မိုးကုတ်ရိပ်သာကျောင်း၊ ဇနပဒ ရေအလှူတော် ဆိုတဲ့ ဗီနိုင်းကို ကားဘေးမှာ ကပ်ထားတယ်။ ဘုန်းတော်ကြီး တစ်ပါးနဲ့ ရပ်ကွက်လူကြီးတွေက ကြီးကြပ်ပြီး နှစ်ဆယ် လီတာဝင် ရေဘူးကြီးတွေနဲ့ ထည့်လာတဲ့ ရေသန့်တွေကို ရပ်ကွက်သားတွေ ယူလာတဲ့ ပုံးတွေ၊ ခွက်တွေထဲ သွန်ထည့် ပေးနေတာ အုန်းအုန်းကျွက်လို့။ ဟင် ဒီလိုတော့ ရမလား၊ မောင်ချစ်လည်း အညံ့မခံ ရေယူရမှာပေ့ါ ဆိုတဲ့စိတ်နဲ့ သောက်ရေ အမေ ထည့်ထည့်နေတဲ့ ပုံးလေးယူပြီး ကားဆီ ထွက်ခဲ့တယ်။

"ဟဲ့ မောင်ချစ်၊ အရမ်း မတိုးနဲ့လေ။ နင်က နောက်မှ ရောက်တာ

"အိုဗျာ။ အိမ်မှာ သောက်စရာ မရှိဘူးဗျ

ရေသွန်ထည့်နေတဲ့ ရပ်ကွက်လူကြီးက လှည့်ကြည့်တယ်။

"အဘွားမိ သားပါလား။ မင်းပုံးက သေးလိုက်တာ။ ရေအိုးထဲ ပြန်သွန်ကွာ၊ နောက်တစ်ခေါက် ထပ်လာယူ

“ဟုတ်ကဲ့

ရေကားနဲ့ အိမ်ကလည်း နီးနီးလေး ဆိုတော့ မောင်ချစ် ပြေးပြေးပြီး ရေသယ်တာ၊ ဘယ်နှစ်ခေါက်လည်း မမှတ်မိဘူး။ သောက်ရေအိုး လျှံသွားတော့ ဘေးက အဝတ်လျှော် ဒန်ဇလုံ အကြီးကြီးထဲ ရေသန့်တွေ တဝေါဝေါ သွန်ထည့်နေတော့ အမေက မနေနိုင်တော့ဘူး။

“ဟဲ့ မောင်ချစ်၊ သောက်ရေအိုး ပြည့်ပြီ မဟုတ်လား။ တော်တော့လေ။ သူများတွေ ယူပါစေဦး

“အိုဗျာ။ သူများတွေလည်း ဒီလို သယ်တာပဲ။ ရတုန်း ယူထားရတာ။ ချိုးရေ ဇလုံပြည့်တော့ အမေ ချိုးပစ်လိုက်ပေါ့

“ဟဲ့။ မတရားသဖြင့် မလုပ်ရဘူး။ သူများတွေက သောက်စရာရေ လာလှူကြတာ

“ဟိုးဘက်က ရင်ခေါင်းလောက် ရေနစ်နေတဲ့ လူတွေက လာမယူနိုင်ဘူး အမေရဲ့။ ရေတွေက အများကြီး၊ ရသလောက် သယ်မှပေါ့

မောင်ချစ် နောက်တစ်ခေါက် ပြေးဆင်းသွား ပြန်တယ်။ အမေက ခေါင်းခါပြီး ကျန်ခဲ့တယ်။

နေ့လယ်ပိုင်းမှာ တစ်ခါ ချမ်းမြသုခ လူမှုရေး ကူညီရေး အသင်းက ရေသန့် တစ်လီတာဘူးတွေ၊ ကတ်လိုက် လာလှူပြန်ရော။ ဒီတစ်ခါ လုပ်အားပေး အနေနဲ့ ကာလသားခေါင်း ကိုမိုးကြီးတို့၊ ကျော်ဇင်တို့၊ ဝင်းသန့်တို့ ပါလာတာနဲ့ မောင်ချစ်လည်း တပျော်တပါး ဝင်ပြီး လုပ်အားပေး ဖြစ်တယ်။ ချမ်းမြသုခ အလှူကားကလည်း မောင်ချစ်တို့ အိမ်နားမှာပဲ ရပ်တော့ ရေသန့်ကတ်တွေ သယ်ရင်းနဲ့ အိမ်ရှေ့က ထွက်ကြည့်နေတဲ့ အမေ့ကို ရော့ တစ်ဘူး၊ ရော့ တစ်ဘူး ဆိုပြီး တစ်ခေါက်တစ်ဘူး ပေးခဲ့တာ အမေက စိတ်ဆိုးပြီး အိမ်ထဲ ဝင်သွားတော့ ကပြင်ကနေ မောင်ချစ် တစ်ခေါက်တစ်ဘူး ပစ်တင်ခဲ့တယ်။ ရေသန့်ကား ပြန်သွားတော့ သူ့မှာ ခုနစ်ဘူး၊ ရှစ်ဘူးလောက် ရလိုက်လို့ ပျော်လို့။ ဟုတ်တယ် လှူတဲ့သူက ယူပါ၊ ယူပါ ပေးနေမှတော့ ကိုယ်လည်း လည်သလို ယူရမှာပေါ့။ နောက်နေ့ လာမပေးရင် ဘာနဲ့ ရေသောက် ရမှာတုံး။ မိုးရွာတုန်း ရေခံဆိုတဲ့ စကားပုံ ရှိတယ် မဟုတ်လားလို့။

ညနေကျတော့ ထမင်းထုပ်ဝေတဲ့ ကားတွေ ရောက်လာပြန်တယ်။ သဘာဝ အန္တရာယ် ကျရောက်ပြီး ရေဘေးဒုက္ခ ရောက်နေတော့ ဒီရပ်ကွက်ဖြစ်ရင် ဟိုရပ်ကွက်က ကူ၊ ဟိုရပ်ကွက်ဖြစ်ရင် ဒီရပ်ကွက်က ကူနေကျ ထုံးစံလေ။ ထမင်းထုပ်တွေ၊ လိုက်ဝေနေပြီ ဆိုတော့ မောင်ချစ်က အိမ်ထဲမှာ။ ထမင်းထုပ်တွေ ကိုင်ထားတဲ့ အလှူရှင်တွေက အမေ့ကို ဒီအိမ်က အိမ်သား ဘယ်နှစ်ယောက်ပါလဲလို့ မေးနေသံ ကြားတယ်။ အမေက နှစ်ယောက်လို့ ဖြေသံကြားတယ်။ ခဏနေတော့ အမေရဲ့ထမင်းထုပ်ဝေတဲ့ အလှူရှင်တွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ ဆိုတဲ့ ဆုတောင်းသံ ကြားရပြီး အမေ နောက်ဖေးချောင် ဝင်သွားတော့ မောင်ချစ် လှစ်ခနဲ အပြင်ထွက် သွားတယ်။ ရေဒူးဆစ်လောက် ရှိတဲ့ လမ်းပေါ်မှာ ထမင်းထုပ်တောင်း သယ်လာတဲ့ လူတွေ

တစ်သုတ်ပြီး တစ်သုတ် လာနေကြတယ်။ ညီအစ်ကို မသိတသိ၊ မိုးမိုး မှောင်မှောင် အချိန်မှာ မောင်ချစ်က ထမင်းထုပ်တောင်းနား တည်တည်ငြိမ်ငြိမ် ကပ်သွားပြီး

"အစ်မကြီး ကျွန်တော်တို့အိမ် ထမင်းထုပ် မရသေးလို့ ခင်ဗျ။ အဲဒါ ပေးပါဦး

"ဪ၊ အင်း ရှင်တို့အိမ် ဘယ်နှစ်ယောက်လဲ

"သုံးယောက် ခင်ဗျ

"ရော့၊ ရော့ သုံးထုပ်

မောင်ချစ် လွတ်ပျော်သွားတယ်။ ထမင်းထုပ် သုံးထုပ် ဆွဲပြီး အိမ်ပြန်လာတယ်။ အိမ်မှာ အမေက ဝေသွားတဲ့ ထမင်းထုပ်ကို ဖြေပြီး မောင်ချစ်ကို စောင့်နေတယ်။

"ဟဲ့ သား၊ ဒီမှာ ရပြီးသား

"ထပ်ပေးလို့ ယူလာခဲ့တာ အမေရေ။ ဟာ ကြက်သားဟင်းတွေဗျ။ ပွတာပဲ။ ဒီညတော့ ထမင်းစား ကောင်းပြီးဗျို့

ထမင်းထုပ် သုံးထုပ်ထဲက ကြက်သားတွေချည်း ရွေးနှိုက်စားပြီး ထမင်းတွေကို နောက်ဖေးက ရေတွေထဲ ပက်ခနဲ လွှင့်ပစ်လိုက်တဲ့ မောင်ချစ်ကို အမေက

မျက်နှာထားနဲ့ ကြည့်နေလို့ မောင်ချစ် အမြန် အိပ်ရာထဲ ဝင်လိုက်ရတယ်။

နောက်တစ်နေ့ မနက်ကျတော့ မောင်ချစ်ကို ကာလသားခေါင်း ကိုမိုးကြီးတို့၊ ကျော်ဇင်တို့၊ ဝင်းသန့်တို့က တစ်ပြုံကြီး လာခေါ်ကြတယ်။ ဘာကိစ္စလဲလို့ မောင်ချစ် မေးကြည့်တော့ ခါးလောက်ထိ နစ်နေတဲ့ ရပ်ကွက် အစွန်းပိုင်းက အိမ်တစ်ရာလောက် အတွက် ထမင်းထုပ် လေးရာလောက် ဓမ္မာရုံမှာ စုချက်ပြီး မနေ့ညကလို ဝေကြမှာတဲ့။ ရေနည်းနည်းပဲ နစ်တဲ့ မောင်ချစ်တို့ အပိုင်းတော့ မပါဘူး။ ဒါကြောင့် ကာလသားတွေ စုခေါ်ပြီး ထမင်းချက် ကြရမှာ။

"ဘာဟင်းတွေနဲ့တုံး

"ကြက်သား၊ ငါးပိကြော်၊ သရက်ချဉ်နဲ့တဲ့။ ရပ်ကွက်ထဲက ကျောက်ကုန်သည် တစ်ယောက်က စေတနာပေါက်ပြီး ငွေထုတ်ပေးတာ။ တို့က ထမင်းချက်ရမှာ

"ထမင်းချက်တာက ဟုတ်ပါပြီ။ ငါတို့သောက်ဖို့ ထုံးစံအတိုင်းပဲလား ဟေ့ကောင်တွေ

"မင်းကလည်းကွာ၊ ပူမနေစမ်းပါနဲ့။ ပေးတော့လည်း ပေးပေါ့။ မပေးတော့လည်း ထုံးစံအတိုင်းပေါ့

ကာလသားတွေ၊ စကား တပြောပြောနဲ့ ဓမ္မာရုံ ရောက်လာတယ်။ ဓမ္မာရုံမှာ ကြက်သွန်လှီးတဲ့၊ ငရုတ်သီးထောင်းတဲ့ ကောင်မလေးတွေနဲ့ ရှုပ်နေတယ်။ ကိုမိုးကြီးက နေကလည်း ပူလိုက်တာကွာ ဆိုပြီး ကြက်သားအိုးကို အရိပ်ရတဲ့

ဓမ္မာရုံနဲ့ မျက်နှာချင်းဆိုင်က ဦးတင့်ဆွေအိမ်ဘက် ကူးခဲ့ကြတယ်။ ဦးတင့်ဆွေအိမ်က မန်ကျည်းပင်ရိပ်ကြီးနဲ့ အေးတယ်လေ။ ဦးတင့်ဆွေအိမ်မှာ ကြက်သားတွေ ရေဆေးရင်းနဲ့ ကိုမိုးကြီးက ဟန်း(မ)ဖုန်း ခါးချိတ်ပြီး ဓမ္မာရုံရှေ့မှာ ရပ်ကွက်လူကြီးတွေနဲ့ စကားပြောနေတဲ့ အလှူရှင်ကို စောင့်ကြည့်ရင်း

“ကိုကြီးတင့်ဆွေ၊ အိုးတစ်လုံး ပေးဗျ” လို့ လှမ်းတောင်းတယ်။ အိုး ရောက်လာတော့ ရေဆေးနေတဲ့ထဲက ကြက်သား တစ်ပိဿာလောက်ကို အိုးထဲကို ခွဲထည့်လိုက်ပြီး ဦးတင့်ဆွေက နောက်ဖေးကို ယူသွားတယ်။ ကိုမိုးကြီးက

“အလှူရှင်က တို့ဖို့ စဉ်းစားပေးမယ့်ပုံ မပေါ်ဘူးကွ။ စောစောစီးစီး ယူထားရမယ်။ ဦးတင့်ဆွေက ကိုယ့်လူကွ။ ငါ ဒါကြောင့် ဒီဘက် ရွှေ့လာတာ

“ဒါပေါ့ဗျ။ ကျုပ်တို့က ရပ်ရေးရွာရေး လုံခြုံရေး ကိစ္စတွေ အကုန် တာဝန်ယူထားတဲ့ ကာလသားတွေပဲ။ အခုလည်း ကျုပ်တို့ မချက်လို့ ဘယ်သူ ချက်မှာတုံး။ ဒါတော့ ယူရမှာပေါ့ဗျာ

“ကဲ မီးမွှေးပြီပေါ့။ အရက် ဘယ်သူ သွားဝယ်မှာတုန်း။ တစ်ယောက်က ဦးတင့်ဆွေတို့ မီးဖိုမှာ ကြက် သွားကြော်

ဒီလိုနဲ့ ထမင်း တစ်အိုးပြီး တစ်အိုး ချက်ကြတယ်။ ကြက်သားဟင်း ချက်ကြတယ်။ ဦးတင့်ဆွေ အိမ်ထဲ ဝင်လိုက်၊ ထွက်လိုက်နဲ့ အရက်နဲ့

ကြက်ကြော် မြည်းကြတယ်။ တောင်းထဲမှာ ဖက်တွေခံပြီး ထမင်းတွေ လောင်းထည့်၊ အအေးခံ၊ ထမင်းထုပ် ထည့်တဲ့ အလုပ်ကို ရပ်ကွက်ထဲက ကာလသား၊ ကာလသမီးတွေ စုပေါင်းပြီး လက်သွက်သွက်နဲ့ လုပ်လိုက်ကြတာ။ ညနေ လေးနာရီ ခွဲပြီးမှ ထမင်းထုပ်တွေ အားလုံး ပြီးသွားတယ်။

"ကဲဟေ့၊ ကဲဟေ့ ထမင်းထုပ်တောင်းတွေ ကားပေါ်တင်ဟေ့၊ ကောင်မလေးတွေ၊ ကောင်လေးတွေ အကုန်တက် ကားသုံးစီးပေါ် မျှတက်၊ အကုန်လိုက်ပြီး ဝေရမှာ

ရပ်ကွက်လူကြီးရဲ့ ဆော်သြသံ အဆုံးမှာ မောင်ချစ်က ထမင်းထုပ် တောင်းထဲက ထမင်းထုပ် ခုနစ်ထုပ်ကို လက်မြန်၊ ခြေမြန် နှိုက်ယူပြီး ဦးတင့်ဆွေအိမ် နောက်ဖေးကို ဝင်သွားတယ်။ ကိုမိုးကြီးက အလှူရှင်နား ကပ်သွားပြီး

"ဆရာ၊ ကျွန်တော်တို့ ထမင်း မစားရသေးဘူး ခင်ဗျ။ အဲဒါ ထမင်းထုပ်လေး ပေးပါဦး

"ယူထားလေ။ လုံလောက်အောင် ယူ

ကိုမိုးကြီးကလည်း ထမင်းထုပ် ခုနစ်ထုပ် ထပ်ယူပြီး ဦးတင့်ဆွေအိမ် နောက်ဖေးကိုပဲ ဝင်သွားပြန်ရော။ ဟိုရောက်တော့ ထမင်းထုပ်တွေ ဘယ်နား

ချရမှန်း မသိတဲ့ မောင်ချစ်နဲ့ ဆုံကြတယ်။ နောက်ဆုံး ထမင်းစားပွဲပေါ် တင်ပြီး အုပ်ဆောင်းနဲ့ အုပ်ထားခဲ့ကြတယ်။

“ခွေးများ စားမလား၊ စိုးရိမ်ရတယ်ဗျာ

“ရပါတယ်ဗျာ။ အုပ်ဆောင်းနဲ့ အုပ်ထားခဲ့တာပဲ။ မစားနိုင်ပါဘူး

သူတို့ ထွက်တော့မယ့် ကားပေါ် ပြေးတက်ပြီး ထမင်းထုပ် ဝေဖို့ လိုက်သွားကြတယ်။ ဝေရမယ့်နေရာ ရောက်တော့ ခါးလောက်နစ်တဲ့ ရေထဲကို ဆင်းပြီး အိမ်လေးတွေထဲ အထိ ဝင်ပြီး ဝေကြတယ်။ တဖြည်းဖြည်းနဲ့ မောင်ချစ်တို့ ရပ်ကွက် အဆုံးနားကို ရောက်လာတယ်။ ရှေ့မှာ အင်းရေပြင်ကြီးပဲ ရှိတော့တာ။ ဒီလမ်းသွယ်လေး နောက်ဆုံးပဲ။ လမ်းသွယ်လေးက အိမ်လေး ခုနစ်အိမ်လောက် ရှိတယ်။ မောင်ချစ်တို့ ကိုင်ထားတဲ့ (တောင်းထဲမှာ) ထမင်းထုပ်က ဆယ်ထုပ်လောက်ပဲ ကျန်တော့တယ်။ လမ်းသွယ်လေး ထိပ်က အိမ်ရှေ့ကပြင်မှာ အမျိုးသမီး တစ်ယောက်နဲ့ ကလေးနှစ်ယောက် ငုတ်တုတ်ကလေးတွေ ထိုင်ပြီး မောင်ချစ်တို့ကို ငေးကြည့်နေကြတယ်။ အိမ်ပေါ်မှာလည်း နောက်ထပ်လူရိပ် မမြင်တော့ မောင်ချစ်က  သုံးထုပ်ပေဟ့  လို့ အော်လိုက်တာနဲ့ ကိုမိုးကြီးက ထမင်းထုပ် သုံးထုပ် နှိုက်ပြီး အမျိုးသမီးကို ပေးလိုက်တယ်။ အမျိုးသမီးက လှမ်းမယူဘဲနဲ့  တစ်ထုပ်တည်းပဲ ပေးပါရှင်။ ကျွန်မတို့ သားမိတစ်တွေ မျှစားရင် လောက်ပါတယ်။ ရှင်တို့မှာ ထမင်းထုပ် နည်းနေပြီ။ ဟိုဘက်က အိမ်ကလေးတွေကို ရောက်အောင် ဝေပေးပါနော်။ သူတို့ တစ်နေ့လုံး ဘာမှ မစားကြရသေးလို့ပါ

အားလုံး ကြက်သေသေပြီး ငြိမ်သက် သွားကြတယ်။ အမျိုးသမီးက ထမင်း တစ်ထုပ်တည်း လှမ်းယူသွားပြီး အိမ်ပေါ် တက်သွားတယ်။ ကလေးတွေကလည်း တိတ်တိတ်ဆိတ်ဆိတ် ဝင်သွားကြတယ်။ ကိုမိုးတို့ ဆက်သွားကြပေမဲ့ မောင်ချစ် နေရာက မရွေ့ဘူး။ သူ့မျက်စိထဲမှာ သူ ပက်ခနဲ သွန်ပစ်လိုက်တဲ့ ထမင်းထုပ်တွေရယ်၊ ဦးတင့်ဆွေ အိမ်မှာ ထိုးကြိတ် ထားပစ်ခဲ့ရတဲ့ ထမင်းထုပ်တွေရယ်ကို မြင်နေတယ်။ မျက်နှာတွေလည်း တရှိန်းရှိန်း ပူလာတယ် ထင်ရတယ်။ မျက်နှာကနေ အပူရှိန်က တဖြည်းဖြည်း အောက်ကို ဆင်းပြီး ခါးထိနေတဲ့ ရေတွေတောင် တပွက်ပွက် ဆူလာမလားလို့ ထင်ရလောက်တဲ့ အထိ အပူရှိန်က ပြင်းထန်နေတယ်။ တဖြည်းဖြည်း မှောင်စပျိုးလာပြီ၊ နေကလည်း ဝင်တော့မယ်။ ဘာပဲ ဖြစ်ဖြစ်လေ၊ မောင်ချစ်က မျက်နှာတော့ ပူတတ်ပါသေးတယ်။

-------------------------

**ယဉ်ယဉ်နု (မန္တလေး)**

**ရွှေအမြုတေ၊ ဇွန်လ၊ ၂၀၁၂။**

## စိတ်ဖြေရာ

* * *

"ဟဲ့ အရှက်မရှိတဲ့ ကောင်မ၊ ကြောင်တောင်နိုက်မ၊ လင်ခိုးမရဲ့။
ကြည့်စမ်းပါဦးတော် အရပ်ကတို့ရယ်။ အရှက်မရှိ လုပ်နေကြတဲ့ပုံကို

မနက်စောစောစီးစီး ရဟန်းတော်တွေမှ ဆွမ်းခံမပြန်သေးဘူး။ စီခနဲ ညံခနဲ ဆဲလိုက်တဲ့ အသံတွေက ပယ်ပယ်နယ်နယ် ထွက်လာတယ်။ လက်က အကြော်ကြော်နေတာ။ ဒယ်အိုးထဲက ကြွပ်နေပြီဖြစ်တဲ့ တို့ဟူးကြော်တွေကို ဆီစစ်ဆန်ခါနဲ့ ကမန်းကတန်း ဆယ်ပြီး မျက်လုံးက လမ်းပေါ်မှာ ကမန်းကတန်း မျက်နှာလွှဲ လျှောက်သွားကြတဲ့ ရေထမ်းရောင်းတဲ့ ဖိုးထူးနဲ့ ချိုမတို့နှစ်ယောက်ကို မြင်တာနဲ့ ဆဲတော့တာ။ အကြော်ဝယ်တွေကလည်း အံ့ခဲလို့။ အားလုံးက ဖိုးထူးတို့နှစ်ယောက်ကို မလိုလားတဲ့ မျက်စောင်းတွေနဲ့

ကြည့်နေကြတာ။ ဟိုနှစ်ယောက်ကတော့ သုတ်သုတ် သုတ်သုတ်နဲ့ ပြေးကြပြီ။ ပြေးကြပေမယ့် အကြော်သည်မပုရဲ့ ဆဲသံက နောက်ကလိုက်လာသေးတယ်။

"အရှက်မရှိတဲ့ဟာတွေတော်။ ဘယ်ကလာတဲ့ ပေါက်လွှတ်ပဲစား၊ ရေမျောကမ်းတင်တွေလည်း မသိဘူး။ ဟဲ့ကောင်မ မိနင်း၊ ဒီမယ်   နင့်ညီမတွေလား။ ငါ့ယောကျ်ားမှန်းသိလျက်နဲ့ အရှက်မရှိတော်

အကြော်တဲကလေးက သက်-ဆီစက်ဝင်းပေါက်ရဲ့ နံဘေး ဗာဒံပင်လေးအောက်မှာမို့ ဆီစက်ဝင်းထဲက ပဲရွေး နှမ်းရွေးတဲ့သူတွေ၊ အိတ်ခေါက်နေတဲ့သူတွေ၊ ဆီဝယ်နေတဲ့လူတွေ ကွက်ကြည့်ကွက်ကြည့်နဲ့ လုပ်နေကြတယ်။ ဆီစက်ရှေ့မှာ စားပွဲခုံချ၊ သပိတ်ချိတွေ ဘာတွေတင်ပြီး သံဃာတော်တွေကို ဇလုံကြီး ဇလုံငယ်နဲ့ ဘုံဆွမ်းလောင်းနေတဲ့ ဆီစက်ပိုင်ရှင်ကတော် ဒေါ်မမကြီးက သက်ပြင်းတစ်ချက်ချပြီး အနားမှာ အတူတကွ ဆွမ်းလောင်းနေတဲ့ ဆီစက်ပိုင်ရှင်ကြီး ဦးသက်ရှည်ကို မဝံ့မရဲ လှည့်ကြည့်တယ်။

ဟုတ်တယ်လေ။ အခုကိုပဲ ဆီစက်ပိုင်ရှင်ကြီးက ကုသိုလ်ယူနေတဲ့ မနက်ခင်းကို အကျည်းတန်စေတဲ့ ဆဲသံ ဆိုသံတွေ ကြားရတာနဲ့ ရှုံ့မဲ့နေပြီ။ ခဏနေလို့ သူမကျေနပ်ရင် ငါ့ဆီစက်ရှေ့မှာ မပုအကြော်မထွက်စေနဲ့လို့ တစ်ချက်လွှတ်အမိန့်ချလိုက်ရင် မပုခမျာ ဘုံပျောက်ချည်ရဲ့။ သနားပါတယ်လို့ ဒေါ်မမကြီးက တွေးရင်း မပုကို ဖျောင်းဖျဦးမှာပဲဆိုပြီး အပြင်ကို

ထွက်လာတယ်။ ဒေါ်မမကြီး ဗာဒံပင်အောက် အရောက် မနှင်းဆိုတဲ့မိန်းမနဲ့ မပုနဲ့ အချီအချ ဖြစ်နေကြပြီ။

“ဒီမယ် မပု၊ ချိုမဆိုတဲ့ ကောင်မက ကျုပ်နဲ့ ညီအစ်မသာ တော်တာ။ ပြောဆိုဆုံးမ မရလို့ ပစ်ထားရတာ ကြာပြီ။ ဟိုလင်ယူလိုက်၊ ဒီလင်ကွဲလိုက်နဲ့ လင်ဘယ်နှဆက်ရှိတယ်ဆိုတာ ကျုပ်တို့တောင် မသိဘူး။ နောက်တစ်ခါ မိနှင်းညီမလို့ မပြောနဲ့၊ ကျုပ်တို့နဲ့ မဆိုင်ဘူး

“ညည်းညီမမို့ ညည်းညီမလို့ ပြောတာပေါ့။ ညည်းအမေ မွေးထားတာပဲ။ ဒီမယ် ကျုပ်ယောကျ်ားကို သိသိကြီးနဲ့ ညည်းညီမ ကြောင်တောင်နိူက်သွားတာ။ သိမယ်။ ညနေကျရင် ကျုပ်ကလေးသုံးယောက်ကို ဖိုးထူးအမေအိမ်ပို့ပြီး သူတို့နှစ်ယောက်နေတဲ့နေရာ လိုက်ပြီး ဆဲဦးမယ်

“ကဲ တော်ပါတော့ မပုရယ်။ တစ်လမ်းလုံးလည်း မိုးမွှန်နေပြီ။ ဘုန်းကြီးရဟန်းတွေနဲ့

ဒေါ်မမကြီးရဲ့ အေးအေးသာသာ ဖျောင်းဖျသံအဆုံးမှာ မပုက ကိုယ်ရှိတ်သတ်သွားတုန်း မနှင်းက အခွင့်ကောင်းယူပြီး လစ်သွားတော့တယ်။ ဝိုင်းအုံကြည့်နေကြတဲ့ လူတွေကလည်း ခွံခွံညားညား အေးအေးချမ်းချမ်း ဆီစက်ပိုင်ရှင်ကတော်ကို တွေ့တာနဲ့ လူစုခွဲသွားကြတော့တယ်။ ဒေါ်မမကြီးက သက်ပြင်းတချချရှိတုန်း မပုက မျက်ရည်တစမ်းစမ်းနဲ့ ဖြစ်နေပြီ။

“မမရယ် ဆီစျေးက တက်သန့်။ ကျွန်မအကြော်ရောင်းတာ ဘယ်လောက်မြတ်မှာတုံး။ ကလေးတွေ စားဝတ်နေရေးခက်လို့ ယောက္ခမအိမ် ပို့ရတော့မယ်။ သူကတော့ ရှာရတာ မပေးဘဲ မယားငယ်နဲ့ နေနေတယ်။ ကျွန်မမှာ

“ကဲကဲ  တော်ပြီ မပုရေ၊ ကလေးတွေ ပို့မှာ ဟုတ်လား။ ညည်းစားဝတ်နေရေး ခက်နေရင် ဆီစက်ထဲ လာခဲ့။ ငါလည်း ဘုံဆွမ်းလောင်းနေတာမို့ မနက်တိုင်း ဆွမ်းချက်ရတာ ကောင်မလေးတွေ မနိုင်ကြဘူး။ ညည်းတစ်ဝမ်းတစ်ခါးတော့ ပူမနေနဲ့

“ရှင်  မမ အဟုတ်ပြောတာလား။ ဟုတ်ကဲ့  ဟုတ်ကဲ့

မပု လျှာခလုတ်တိုက်မတတ် အံ့သြဝမ်းသာသွားတယ်။ လင်ပူနော်၊ တကယ်ဆိုးတာ။ ဖိုးထူးပစ်သွားကတည်းက မလုပ်ချင်၊ မကိုင်ချင် ဖြစ်နေတာ။ အခုတော့ ဒေါ်မမကြီးက ခေါ်ပြီး ဆီစက်ထဲမှာ နည်းနည်းပါးပါး ကူလုပ်ပြီး အေးအေးချမ်းချမ်း နေရပြီလို့ သူ တွေးမိတယ်။ အဲဒီညနေ ဆီစက်ထဲ ပြောင်းလာတော့တာပဲ။ ပြောင်းလာပြီးကတည်းက  မပု စိတ်ချမ်းသာနေလိုက်တာ။ နှစ်ရက်သုံးရက်အတွင်း အိပ်ပျော်စားဝင် တစ်သွေးတစ်မွေးကို ဖြစ်လို့။ ဒေါ်မမကြီးက သူ့ကို ဆွမ်းချက်ဖို့ဆိုပြီး အိမ်ကြီးပေါ် ခေါ်ထားတယ်။ အိမ်ဖော် ခင်ကြူတို့ ခင်သူတို့ ညီအစ်မနဲ့ နေရတယ်။

မနက်လေးနာရီလောက် ထ၊ ဆွမ်းချက်၊ ဆွမ်းဟင်းကျက်ရင် ဒေါ်မမကြီးအတွက် ဆွမ်းတော်တင်ဖို့ ရှူးပြီးသွားပို့။ ဆီစက်ပိုင်ရှင်တွေ မနက်စာစားဖို့ စီစဉ်ပေးပြီး ဒေါ်မမကြီးနဲ့ ဆွမ်းလောင်းရာမှာ ကူညီ။ ဒါဆိုရင် သူ့အလုပ်က ပြီးပြီ။ နေ့လယ်ခင်း အဝတ်လေး ဘာလေးလျှော်၊ အိမ်သန့်ရှင်းရေး နည်းနည်းပါးပါးကူပြီး ဘာတာဝန်မှ မရှိတော့ဘူး။ ညကျရင် ကိုရီးယားကား မှန်မှန်ကြည့်ရသေးတယ်။ တစ်ရက် ဧည့်သည်တွေတစ်ပုံကြီး ရောက်လာလို့ ကော်ဖီတွေ ဧည့်ခန်းကို ခင်သူတို့နဲ့ ပို့ပေးရတယ်။ ဧည့်သည်တွေစကား တစ်စွန်းတစ်စ သူ ကြားရတယ်။

"ကျေးဇူးပဲခင်ဗျာ။ ကျွန်တော်တို့ ဆွမ်းလောင်းအသင်းကြီးကို အမြဲတမ်း ကုသိုလ်ရှင်အဖြစ်လည်း လှူ၊ အခုလည်း ဆယ်သိန်းပဒေသာပင် စိုက်ပေးဦးမှာဆိုတော့

"အိမ်မှာလည်း အပါးတစ်ရာကျော်လောက် နေ့တိုင်းလှူနေတာ မောင်ရင်ရဲ့

"ဟုတ်ကဲ့ခင်ဗျာ၊ လေးလေးသက်ရှည်တို့ သဒ္ဓါတရားကတော့ အံ့မခန်းပါပဲ ခင်ဗျာ

ဟုတ်ပါရဲ့၊ တကယ်ကို သဒ္ဓါတရားရှိတဲ့ မိသားစုပါ။ သူ့ကို ဘာမဆိုင်

ညာမဆိုင် ခေါ်ကျွေးထားတာပါတော်။ ကျေးဇူးရှင်ကြီးတွေ ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။ ဆတက်ထမ်းပိုး တိုးပြီး ကျွေးနိုင်မွေးနိုင်၊ ပေးနိုင်ကမ်းနိုင်ကြပါစေလို့ မပုက စိတ်ထဲကတွေးပြီး ကြည်ညိုရင်း ဆီစက်ပိုင်ရှင်ကြီးကို တလေးတစား ကြည့်မိတယ်။ ဦးသက်ရှည်ကလည်း အမှတ်တမဲ့ မပုကို လှမ်းကြည့်နေတာနဲ့ကြုံလို့ ကြောက်ကြောက်လန့်လန့် မျက်လွှာချလိုက်တယ်။ အဲဒီတော့ ဦးသက်ရှည်ရဲ့ ခြေထောက်ကို ငုံ့ကြည့်သလို ဖြစ်သွားပြီး မျက်နှာလိုက်တယ် ပြောချင်ပြော၊ မပုတို့တော့ ကိုယ့်သူဌေးကို ခြေထောက်ကအစ ချီးမွမ်းမိတော့တာပဲ။ အဲဒီအကြောင်း နေ့လယ်ကျ ခင်သူတို့နဲ့ ပြောမိသေးတယ်။

"တကယ်ပါပဲတော်။ ကျုပ်တော့ မျက်စိထဲကကို မထွက်တာ သိလား။ သူဌေးခြေထောက်များလေ ဖွေးနုနေတာပဲ။ ခြေဖမိုးလေးများ ပန်းရောင်ကို ပြေးနေတာပဲ။ ကျုပ်တို့လက်ထက်တောင် နုသေး။ တကယ်ပါပဲတော်၊ ကုသိုလ်ကောင်းလိုက်ကြတာ။ အလှူရေစက် လက်နဲ့မကွာ

"ဒါက ဘာဟုတ်သေးလဲ မပုရယ်။ မြို့မျက်နှာဖုံး မင်္ဂလာဆောင်တိုင်း လိုက်ပြီး လက်ထပ်ပေးရတာ။ သူဌေးတွေက လွန်းရာကျော် ချိတ်အုပ်တွေနဲ့ လာပြီး ဖိတ်ကြတာ

"ကျွန်မတို့သူဌေးက မန္တလေးမှာ ကုသိုလ်လုပ်လို့ အားမရဘူး။ အနယ်နယ်အရပ်ရပ်က ရိပ်သာတွေကိုလည်း တရားသွားထိုင်နေတာ။

မနက်ဖြန်တောင် ဘားအံဘက်ထိ သွားပြီး ရက်ရှည်တရားစခန်းဝင်မှာတဲ့။ ပြင်ဆင်စရာတွေ ပြင်ဆင်ပေးရဦးမယ်

နောက်တစ်နေ့ကျတော့ သူ့ဌေး ခရီးထွက်သွားတယ်။ ပါဂျဲရိုးကားကြီးနဲ့ တခမ်းတနား တပည့်လက်သားတွေနဲ့ ၊ အဝတ်အိတ်၊ ခရီးဆောင်အိတ်တွေကလည်း မပု တစ်ခါမှ မမြင်ဖူးတဲ့ ဘီးလုံးကြီးနဲ့ အိတ်တွေ။ သူ့ဌေးကတော်ကလည်း တရိုတသေ စားစရာသောက်စရာ ပြင်ဆင်ပြီး ထည့်ပေးလို့ မပုဖြင့် အံ့သြလိုက်တာ။ ငါးဆင့် စတီးချိုင့်ကြီးနှစ်လုံးနဲ့ အပြည့် ဆိတ်သားနပ်၊ ကြက်သားကြော်၊ ငါးကြော်၊ ဘာလချောင်ကြော်၊ ငါးခြောက်ဖုတ်ဆီဆမ်း၊ လက်ဖက်နပ်၊ စုံတကာ စေ့နေတာပဲ။ ရယ်ဒီမိတ်ခေါက်ဆွဲ၊ မြူစွမ်တွေနဲ့ ကော်ဖီမစ်၊ တီးမစ်တွက ပါသေးတယ်။

ရိပ်သာမှာ ဒါတွေဘယ်လို စားမှာပါလိမ့်လို့ မပုက မသိနိုးနား မေးကြည့်တော့ ခင်သူက အို မပုကလည်း ငရဲကြီးတော့မှာပဲ။ သူ့ဌေးက ရိပ်သာဝင်မှာ။ ရိပ်သာက ကုသိုလ်ပြုတဲ့ ထမင်းကို စားပြီး ရှစ်ပါးသီလထိန်းမှာ။ ခြိုးခြံအကျင့် ကျင့်မှာ။ အခုဟာက သူ့ဌေးကို ရိပ်သာပြင်ကနေ စောင့်ရှောက်မယ့် လူတွေအတွက် သူ့ဌေးကတော်က စေတနာနဲ့ လုပ်ပေးတာ လို့ ရှည်ရှည်ဝေးဝေး ရှင်းပြတာနဲ့ မပု ခေါင်းငုံ့နေလိုက်ရတယ်။ အဲဒီလိုနေတုန်း ယောဂီဝတ်စုံနဲ့ သူ့ဌေးလှေကားပေါ်က ဆင်းလာတယ်။ ယို့ယို့ကလေး ရပ်နေတဲ့ သူ့ဌေးကတော်က စိတ်ပုတီးကို ရိုရိုသေသေ ကမ်းပေးတာကို လှမ်းယူပြီး ကားပေါ်တက်သွားတယ်။ မပုဖြင့် ဒီလို သူတော်ကောင်းစိတ်ရှိတဲ့

လူတွေရဲ့ အရိပ်အာဝါသအောက်မှာ နေရတာ စိတ်ချမ်းသာလိုက်တာ လွန်ပါရော။

ဒီလိုနဲ့ ရက်တွေ ကုန်လွန်လာတယ်။ ဒီနေ့တော့ မပု နေ့လယ်ခင်းမှာ စိမ်ထားတဲ့ အဝတ်တွေ လျှော်လိုက်တာ ကြာသွားလို့ ထင်ပါတယ်။ အအေးမိပြီး နှာတွေယို၊ အာခေါင်တွေ ခြောက်နေတယ်။ တစ်နေကုန် အိပ်ရာထဲ ဝင်ခွေနေရတယ်။ ညနေပိုင်းမှာ သူဌေး တရားစခန်းဝင်ရာက ပြန်ရောက်လာတယ်။ တစ်အိမ်လုံး ဆူဆူညံညံနဲ့ ကြိုကြ၊ လက်ဆောင်တွေ ရလို့ ပျော်ကြရွှင်ကြ၊ ဒူးရင်းသီးတွေ ခွဲစားကြနဲ့ပေါ့။ အဲဒီအထဲမှာ မပု မပါဘူး။ သူ အိပ်ရာထဲက မထနိုင်ဘူး။

ညဘက်ရောက်လေ ပိုဆိုးလာလေ။ ခေါင်းလည်း ကိုက်၊ ဖျားလည်း ဖျားလာတယ်။ ဘယ်လိုမှ မခံနိုင်တော့လို့ သူ အိပ်ရာက လူးလဲထလိုက်တယ်။ အခန်းထောင့်မှာ အိပ်နေတဲ့ ခင်ကြူတို့၊ ခင်သူတို့အိပ်ရာ ခေါင်းရင်း ကြွက်လျှောက်တန်းပေါ်မှာ တင်ထားလေ့ရှိတဲ့ ဗရုတ်ဆီဘူးယူပြီး နားထင်၊ နားရင်းတွေ လိမ်းဦးမှပါလေလို့ တွေးမိတာနဲ့ အိပ်ရာထလိုက်တယ်။ ၄၀ ဝပ်အား မီးလုံးရောင်ကြောင့် အခန်းက လင်းနေတယ်။ ခင်ကြူတို့အိပ်တဲ့ ခြင်ထောင်နားမှာ ခြင်ထောင်ခြေရင်းက ထိုးထွက်နေတဲ့ ဖြူဖြူအရာကို ဘာပါလိမ့်လို့ မျက်မှောင်ကြုတ် ကြည့်မိတယ်။

“ဟင်     လို့ သူ့ပါးစပ်က ထွက်သွားလောက်အောင် အံ့ဩလွန်းလို့

ခေါင်းမွေးတွေတောင် ထောင်လာတယ်။ အသားတွေ တဆတ်ဆတ် တုန်လာတဲ့ထိ တုန်လှုပ်ခြောက်ခြားလာတယ်။ ကြောက်လွန်းလို့ ချွေးတွေပြန်လာပြီး အဖျားတောင် ပျောက်သွားသလား အောက်မေ့ရတယ်။ ဘာမပြော ညာမပြော အခန်းထဲက ခြေဖော့ပြေးထွက်ပြီး လှေကားက ကမန်းကတန်း ပြေးတက်လို့ သူဌေးနဲ့ သူဌေးကတော်အိပ်တဲ့ အိပ်ခန်းတံခါးဆွဲဖွင့်ပြီး အတင်းပြေးဝင်သွားတယ်။

“ဟင် ” လို့ သူအံ့သြသွားရလေအောင် သူဌေးကတော် ဒေါ်မမကြီးဟာ ခုတင်ပေါ်မှာ အိပ်ပျော်မနေဘဲ ကျုံ့ကျုံ့ကလေးထိုင်ပြီး ပုတီးစိပ်နေတာ ဘွားခနဲ တွေ့လိုက်ရတယ်။ ဒေါ်မမကြီးကို မပုကို အေးအေးဆေးဆေး လှည့်ကြည့်တယ်။ ပုတီးကို လက်မှာပတ်ပြီး ခုတင်ပေါ်က ဆင်းလာတယ်။

“ဘာဖြစ်တာလဲ မပု ” လို့ အေးအေးဆေးဆေး မေးတယ်။ မပုသာ ကြက်ကြီး အစာနင်သလို တအင်အင်နဲ့ ဖြစ်နေပြီး မျက်လုံးကြီး ပြူးလာရင်းက “ ဟို ဟို ခြေထောက်၊ ဟိုဒင်း သူဌေးခြေထောက်။ ဟုတ်ပါတယ် ” ကျွန်မ မှတ်မိတယ်။ အဲဒါ သူဌေးခြေထောက် သေချာတယ်

ကပေါက်တိကပေါက်ချာ ပြောနေတဲ့ ” မပုစကားကို သူဌေးကတော်က နားလည်ပုံ မရဘူး။ နည်းနည်းတည်ငြိမ်လာတဲ့ မပုက ဆက်ပြီး “ဟုတ်ပါတယ် မမရယ်၊ သေချာပါတယ်။ ဘုရားစူး၊ ကျွန်မ မကောင်းတဲ့စိတ်နဲ့ ပြောတာ မဟုတ်ပါဘူး။ ကျွန်မ ကျိန်ဆို ကျိန်ရဲပါတယ်။ မမအတွက် မခံနိုင်လွန်းလို့

ချက်ချင်း လာပြောတာပါ။ သူဌေးလေ ခင်ကြူတို့ အိပ်ရာထဲ ရောက်နေတယ်။ ခြင်ထောင်ထဲက ခြေထောက်ကြီး ထွက်နေတာ ကျွန်မကိုယ်တိုင် ဟောဒီမျက်စိနဲ့ တပ်အပ်မြင်ရတာ။ သူဌေးခြေထောက်ကို ကျွန်မမှတ်မိတယ် မမရဲ့။ အဲဒါ မမ လုပ်ချင်တာပြော။ ကျွန်မတော့ အမိဖမ်းပြီး ဟိုကောင်မတွေကို ပါးနားရိုက်ပစ်။ မမက မရိုက်ချင်ဘူးဆိုရင် ကျွန်မ ရိုက်ပေးရမလား

မပုက စိတ်လှုပ်ရှားနေသလောက် ဒေါ်မမကြီးက တည်ငြိမ်နေတယ်။ ဘာမှမပြောဘဲ ခုတင်ပေါ်မှာ ဝင်ထိုင်လို့ မပုလည်း အူကြောင်ကြောင်နဲ့ ဒေါ်မမကြီးရဲ့ ခြေရင်းကြမ်းပြင်မှာ ထိုင်လိုက်ရတယ်။ တစ်အောင့်လောက် တိတ်ဆိတ်ငြိမ်သက်နေတယ်။ ခဏကြာတော့မှ ဒေါ်မမကြီး တည်ငြိမ်တဲ့လေသံနဲ့ မပုက ဒီကိစ္စတွေ မမ မသိဘူးလို့ ထင်နေတာလားကွယ် လို့ မေးတယ်။ မပုမှာ တအံ့တသြနဲ့ ရှင် လို့ အော်မိပြီး ထရမလို ထိုင်ရမလို ဖြစ်သွားတယ်။

“မမ ဒီကိစ္စတွေ သိတာ ကြာပြီ။ ညည်းတို့သူဌေးကလည်း သူဌေးမို့ အထင်ကြီးစရာ မရှိပါဘူး မပုရယ်။ ဆိုးတဲ့သောင်းကျန်းတဲ့နေရာမှာ ဖိုးထူးနဲ့ ဘာမှ မထူးပါဘူး

“ရှင်

"ဟုတ်တယ် မပု။ အိမ်က ကောင်မလေးတွေလည်း အလွတ်မပေး၊ အပြင်မှာလည်း ထွက်၊ တစ်ခါတလေ ဒီမှာ ငြီးငွေ့လာရင် တရားထိုင်လို့ ပြောပြီး ချောင်းသာတို့ ငပလီတို့ကို မိန်းမဖော်တွေနဲ့ သွားသေး

"ဒါနဲ့များ မမရယ်။ မမ မျိုသိပ်သည်းခံနေရသေးတယ်။ ဒါလောက်ဆိုးတဲ့လူ ကွာရှင်းပစ်။ ဆီစက်လုပ်ငန်းလည်း မမ ဦးစီးနေတာပဲ ဥစ္စာ။ အလကား လူပိုကြီး

သူဌေးကတော်က မပုကို အေးအေးဆေးဆေး လက်ဝါးကာပြတယ်။

"မဖြစ်ဘူး မပု။ မမတို့က မြို့မျက်နှာဖုံးတွေ။ ဂုဏ်နဲ့ ဒြပ်နဲ့ သိက္ခာနဲ့။ မမတို့ အမျိုးထဲမှာ တစ်ခုလပ်၊ တစ်လင်ကွာ မရှိဘူး။ ပြီးတော့ သားတွေ သမီးတွေက ဆရာဝန်တွေ ဆရာမတွေ။ သူတို့မျက်နှာတွေ ထောက်ပြီး မမ မျိုသိပ်နေခဲ့ရတာ။ အပူရုပ်ကို ဟန်လုပ်နေခဲ့ရတာ။ မသိချင်ယောင်ဆောင်နေခဲ့ရတာ ကြာလှပြီ။ ကြာတော့ မမလည်း နလုံးသားတွေ ထုံကျဉ်အေးခဲနေပါပြီ မပုရယ်။ တစ်ခါတလေလေ မမ စဉ်းစားမိတယ်။ မပု ဆဲသလိုလေ အခုလိုညမျိုးမှာ လွတ်လွတ်လပ်လပ် အော်ဟစ်ပြီး ဆဲပစ်လိုက်ချင်တာပေ့ါ။ ကိုယ့်အရှက် ကိုယ်ခွဲသလို ဖြစ်နေမှာစိုးလို့ မနည်း သည်းခံနေရတာ။ ဒီနေရာမှာ မပုက မမထက် ကံကောင်းပါတယ်ကွယ်

မပု ဘာမှ ဆက်ပြောစရာ စကားမရှိတော့ပါ။ ငိုင်ငိုင်ကြီး ထိုင်နေရာက အထမှာ သူဌေးကတော် ထပ်ပြောတဲ့ စကားတစ်ခွန်းကြောင့် ကျဉ်စက်နဲ့ တို့လိုက်သလို တုန်သွားပါတယ်။

"ဟောဒီမှာ သူပြန်လာတော့ မပုဖို့ လက်ဆောင် ဝမ်းဆက်တဲ့။ သတိထား မပုရေ၊ အဲဒီလို ပေးပြီးရင် မကြာဘူးပဲ။ မမ အကြံပေးချင်တာကတော့ ကလေးတွေနဲ့ ရင်အုပ်မကွာ ကိုယ့်အိမ် ကိုယ်ပြန်နေ။ အကြော်ကြော်ဖို့ ဆီလိုသလောက် မမဆီမှာ လာယူ။ မမ ကုသိုလ်လုပ်မယ်

ဒီနေ့ဆိုရင် မပု အကြော်ပြန်ကြော်တာ နစ်ရက်ရှိပြီ။ ဖိုးထူးတို့ကလည်း မပု အကြော်မကြော်တော့ လမ်းထဲထွက်ပြီး ရဲရဲသွားကြတယ် ထင်ပါရဲ့။ ဒီနေ့ ဖိုးထူးနဲ့ ချိုမ နစ်ယောက်တွဲကို မြင်လိုက်တယ်။ မပုမှာ ပဲနစ်နယ်နေရင်းက ဆဲချင်စိတ် ဖြစ်လာတယ်။ ဒါပေမဲ့ မမတောင် မျိုသိပ်ထားရရှာတာ။ အပူရုပ်ကို ဟန်လုပ်နေခဲ့ရတာ။ ငါလည်း မဆဲတော့ပါဘူးလေလို့ စိတ်ပိုင်းဖြတ်ပြီး မမြင်ချင်ယောင်ဆောင် နေလိုက်တယ်။

ဖိုးထူးတို့ကတော့ မပုကို မမြင်ဘူး။ တဖြည်းဖြည်းနဲ့ နီးလာပြီး သက် - ဆီစက်ဝင်း ရှေ့တည့်တည့်အရောက်မှာ ဟဲ့ ကြည့်စမ်း၊ အရှက်မရှိလိုက်တာ။ သူများလင်လည်း ကြောင်တောင်နိုက်သေးရဲ့။ ပြောင်လည်း ကျသေးရဲ့။ ငါ့ဆီစက်ရှေ့ ဘယ်တော့မှ မလာနဲ့ဟေ့ ဆိုတဲ့ ကြိမ်းမောင်းဆဲဆိုသံကြီး အနီးကပ်ကြားရလို့ အလန့်တကြား

မော့ကြည့်လိုက်တယ်။ ဘယ်လိုမှ ထင်မထားတဲ့ ဒေါ်မမကြီးရယ်လေ။ မပု တအံ့တသြ ငေးကြည့်နေမိတယ်။ လမ်းသွားလမ်းလာတွေလည်း တဖြည်းဖြည်း အုံခဲလာတယ်။ ဖိုးထူးတို့ကတော့ ဒေါ်မမကြီးကိုယ်တိုင် ထွက်ဆဲနေတာနဲ့ သုတ်ခြေတင် ပြေးကြပြီ။

မပုကတော့ သူ့မမကို ရင်တနင့်နင့်နဲ့ ငေးကြည့်နေတုန်း ဒေါ်မမကြီးကလည်း ဘီးကျော်ပတ်ကလေး ပြေနေတာတောင် သတိမထားမိဘဲ မျက်နှာတွေ နီရဲလာတဲ့အထိ ထဘီကလေးမ,လို့ အားရပါးရ ဆဲနေတုန်း။

* * *

**ယဉ်ယဉ်နု ( မန္တလေး )**

**ရွှေအမြုတေ၊ နိုဝင်ဘာ၊ ၂၀၀၇။**

## အနောက်မုန်မှာ မိုးသည်းတဲ့ည

***

“ဖွီး မိုးကလည်း သည်းလိုက်တာကွာ

ပါးစပ်ထဲက ကွမ်းယာကို ထွေးထုတ်ရင်း ကျော်လှက ပျစ်ပျစ်နစ်နစ် ညည်းလိုက်တယ်။

ဆိုင်လေးရဲ့ မိုးကာ တံစက်မြိတ်ကနေ တဝေါဝေါ စီးကျနေတဲ့ မိုးရေတွေက မသိကျိုးကျွံ ပြုပြီး ရွှေတံချောင်း မြောင်းထဲကို စီးသွား ကြတယ်။ အချိန်က ည ခုနစ်နာရီလောက် ရှိနေပြီ။

ခါတိုင်း အလင်းရောင် မပျောက်တပျောက် ညီအစ်ကို မသိတသိ အချိန်ဖြစ်ပေမဲ့၊ အခုတော့ လေး၊ ငါးရက် မုန်တိုင်းရှိလို့ ရက်ဆက်စွေနေတဲ့ မိုးကြောင့် မှောင်မည်း အုံ့ဆိုင်းမှိုမှိုင်းနေတယ်။ ဘယ်သူမှ အိမ်ထဲက

ထွက်ချင်ကြမှာ မဟုတ်ဘူး။ မရှိ ရှိတာ ချက်ပြုတ်စားပြီး ကိုယ့်အိမ်ထဲ ကိုယ်ကုပ် နေကြရမှာ။ ကျော်လှတို့လို ဆိုက်ကားသမားတွေရယ် အခုလို ကျော်လှရှေ့မှာ ငိုင်ငိုင်ကြီးထိုင်နေတဲ့ လေးဘီးသမား ဘိုထွန်းတို့ လိုရယ် လူတွေကတော့ မိုးဘယ်လောက် သည်းသည်း အိမ်မှာ မံမံတူတူ ပုန်းကြမှာမို့ မထွက်မဖြစ် ထွက်ကြရ တယ်။ ထွက်ပြန်တော့ မိုးက ရွာ၊ ရာသီဥတုက ကိုယ့်ဘက်မှာဆိုပြီး ရွှေတံချောင်းမြောင်းဘေးက ဘီအီး အရက်ဆိုင်လေးကို ရောက်ကြပြန်ရော။

ညနေကတည်းက အနောက် မုခ်စစ်ကိုင်း၊ မန္တလေးလမ်း ဘေးမှာ လေးဘီးနဲ့ ဆိုက် ကားကို တစ်နေရာစီ ထိုး ထားခဲ့ပြီး ရောက်နေကြတာ။ ခုနစ်နာရီထိုးနေပြီ၊ မထဖြစ် ကြဘူး။ စောစောကတော့ အနောက်ဘက် မာလကာခြံ လမ်းထဲကနေ မိုးကာအင်္ကျီနဲ့ လူတစ်ယောက် ငိုက်စိုက်ငိုက် စိုက် ထွက်လာတယ်။ အရက် ခိုးတွေဝေနေတဲ့ ကျော်လှ မျက်လုံးကျယ်သွားတယ်။ “ဆိုက်ကားလား ဆရာ  လို့ မျှော်လင့်တကြီးမေးမိပါတယ်။ ခေါင်းခါပြလို့ ကိုယ်ရှိန်သတ် လိုက်တုန်း ဘိုထွန်းရဲ့ ဝမ်း သာအားရ  လေးဘီးလား ခင်ဗျ ဆိုတဲ့ အသံကိုလည်း ခေါင်းခါပြ ပြန်တယ်။  ဆိုင် ကယ်  ဆိုတဲ့ ခရီးသည်အသံ အဆုံးမှာ ဘေးနားက အရက် သောက်နေတဲ့ ဝင်းမြင့် ဝုန်း ခနဲ ထသွားတယ်။ ဝေါခနဲ ဆိုင်ကယ်သံဟာ ကျော်လှနဲ့ ဘိုထွန်းရဲ့မျှော်လင့်ချက်တွေ ကို ကျိုးပဲ့သွားအောင် စိစိ ညက်ညက် နင်းခြေသွား တယ်။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ငိုင်ငိုင်ကြီး ပြန်ထိုင်သွားကြတယ်။ ကျော်လှ စိတ်ပေါက်ပေါက်နဲ့ ဘီအီး ခွက်ကို ခွပ်ခနဲ မော့ချလိုက် တယ်။

“ဟာ ဟော့ကောင် ကျော်လှ၊ ဒီလို မလုပ်နဲ့လေ ကွာ။ ရေမရောရင် အသေ စောတယ်ကွ။

အသက်ငါးဆယ် လောက်ရှိတဲ့ ဘိုထွန်းက ကျော်လှကို ဟားတယ်။

“သွားစမ်းပါဗျာ။ ဘိုထွန်းကြီးကလည်း စောလည်း စောပေ့ါဗျ။ ဘာဖြစ် သေးလဲ။ ဒီမိုးနဲ့ လုပ်စားလို့ မရတဲ့ထဲ ဒီဆိုင်ကယ်တွေကလည်း တစ်မှောင့်။ ဟော့ အောင်သန်း ကွမ်းပြန်ထုပ် စမ်းကွာ။

“ဟာ မိုးရွာကြီးထဲ အနောက်မုခ်ထိ ပြန်လျှောက်ရမှာ။ မထုပ်ချင်ဘူးကွာ။

ဘိုထွန်းက လှည့်ကြည့်တယ်။

“သွားလိုက်ပါ အောင်သန်းရာ။ ငါလည်း စားချင်နေတာကွ။ ရော့ ရော့

အိတ်ထောင်ထဲက နစ်ရာတန် တစ်ရွက် ထုတ်ပေးလိုက်တော့ မိုးဖွဲဖွဲထဲမှာ အောင်သန့် အနောက်မုခ်ဘက် ကို ပြေးသွားတယ်။ အောင်သန်း ကွမ်းယာဆိုင်ကလည်း စစ်ကိုင်း လမ်းပေါ်မှာ မိုးမိပြီး ဈေးဝယ်မလာလို့ ကွမ်းယာ ဆိုင်ကလေး တုပ်ကွေးမိတော့မယ်။ အောင်သန်း ခါတိုင်းဆို နစ်ရာဖိုးနဲ့ ပြန်ပြေးသွား ပါလိမ့်မယ်၊ ဝေးပါသေးရဲ့။ အရောင်းအဝယ်

ပါးလွန်းတော့ နှစ်ရာလည်း နှစ်ရာပဲလေ။

"မင်း မပြန်သေးဘူး လား။ ဘိုထွန်းကမေးတော့ ကျော်လှ ခေါင်းခါတယ်။
"ဘယ်လောက် ရပြီလဲ ၊ ဆက်မေးတော့ လက်နှစ် ချောင်းထောင်ပြပြီး မိုးရေ စက်တွေကို ငေးနေတယ်။

"ပြန်လေကွာ။ နှစ်ထောင်တောင် ရနေပြီပဲဟာ။

"ဟာ ဘိုထွန်းကလည်း။ နေ့ပြန်ပေးဖို့တောင် မလောက်တာ မပြန်သေးဘူးဗျာ။ တစ်ခါတလေ နေ့ပြန်ပေးတဲ့ မရှမ်းမက ကိုးနာရီလောက်မှ လာတောင်းချင် တောင်းတာ။ ကိုးနာရီကျော်မှ ပြန်ဖြစ်မှာ။

"ဒါဆိုလည်း တစ်လုံး ထပ်မှာလိုက်ဦးမယ်ကွာ။

"ချဗျာ မြင်းခွာရွက်သုပ် တစ်ပွဲပါမှာဗျာ။ တောက် ဟို ဆိုင်ကယ်ကောင်ကွာ..."

"လုပ်မနေနဲ့။ ဆိုင်ကယ် ကယ်ရီတွေပေါ်လာမှ ငါတို့ လေးဘီးရော မင်းတို့ ဆိုက်ကားရော ခံရတာ။

"ခင်ဗျားတို့က ဖိမ်နဲ့ မောင်းရတာ၊ ကျုပ်တို့က ဖင် ကုန်းအောင် နင်းရတာ။

"ဟင် ငါတို့ကဆီနဲ့ မောင်းရတာကွ။ မင်းတို့က အရင်းမရှိ

"မရှိဘဲ နေမလားဗျ။ ဆိုက်ကား စပေါ်နဲ့ အုံနာခက ခင်ဗျား အဖေက ပေးမှာလား။ ကဲ..."

ဒီကောင် လစ်မစ်လေး နည်းနည်းကျော်သွားရင် စကားတွေက ရိုင်းချင်လာပြီ လို့ ဦးထွန်းမောင်က တွေး တယ်။ ဒီနားမှာ အသက် အကြီးဆုံးမို့ အားလုံးက ဘို ထွန်း၊ ဘိုထွန်း ခေါ်နေကြ တာ။ ကိုယ် လူကြီးဆန် အောင်နေမှပါလေ ဆိုပြီး ငြိမ် နေလိုက်တယ်။ ငယ်ငယ်က စိတ်ဆို ခုံနဲ့ကောက်ရိုက် ပြီး ပြီ။ ကျော်လှကတော့ တဂွတ်ဂွတ် သောက်တုန်း၊ ဘိုထွန်းက အသာလေး ချိုနေလိုက်တယ်။ အောင်သန်း ကွမ်းယာထုပ်နဲ့ ပြန်ရောက် လာတယ်။ မိုးကလည်း သည်းလိုက်တာ။ တဖြည်းဖြည်း အချိန်တွေ ကုန်လာပြီး ညနက်သထက် နက်လာ တယ်။ ဆယ်နာရီထိုးခါ နီးမှ သူတို့နှစ်ယောက် အနောက်မုခ်ကို ပြန်လျှောက်လာတော့ အောင်သန်း အရက်ဆိုင်ထဲ မှာ ကျန်ခဲ့တုန်း။

"ဒီကောင်က ကြွက်တွင်းဗျ။ ဆိုင်ကို မသိမ်းသေး တာ၊ သူ့ဆိုင်ရောက်ရင် တစ် ယာလောက်တော့ အိမ်အပြန် ယာစား သွားလိုက်ဦးမယ်။

ပြောပြောဆိုဆို ကျော်လှက ဆိုက်ကားပေါ် တက်ပြီး အောင်သန်း ကွမ်းယာ ဆိုင်ဘက် ဘီးတစ်လိမ့် နှစ် လိမ့်စာလေးကို လမ်းလျှောက် မသွားဘဲ နင်းသွားတာ လှမ်းကြည့်ရင်း ဦးထွန်းမောင်က ကားထဲဝင်ထိုင်ပြီး စက်နှိုးတယ်။ ထုံးစံအတိုင်း အအေး မိပြီး နာစေးချောင်းဆိုးဖြစ် နေတဲ့ကားက တော်တော်နဲ့ မနှိုးဘူး။ အောင်သန်းဆိုင်မှာ ကွမ်းယာပြီး ပါးစောင်ထဲ ထည့်ရင်း၊ ကျော်လှ ဆိုက်ကားကို ကွေ့လိုက်တယ်။ မိုးလေးက ဖွဲဖွဲလေး ကျနေတယ်။ ဝင်းခနဲ လက်လိုက်တဲ့ လျှပ်စီးရောင်အောက်မှာ အနောက်မုခ်လှေကားထစ် ပေါ်က ထူးခြားမှု တစ်ခု တွေ့ လိုက်ရလို့ အံ့သြသွားတယ်။ ကြက်သီးတောင် ထသွားတယ်။ ဘယ့်နှယ်ပါလိမ့်။ ဘုရားကြီးက ဆင်းလာတဲ့ လှေကားထစ်ပေါ်မှာ မည်း မည်းကြီးတွေ့လိုက်သလားလို့။ လမ်းပေါ်မှာ အသွား အလာမရှိ၊ လူကပြတ် မှောင် ကြီးမည်းမည်း မီးတွေက လည်း ပျက်လို့၊ ကိုယ်တောင် ဆိုင်ထိုင်နောက်ကျလို့ ဒီအချိန် ရှိနေတာ။ ကျော်လှ ခုထိ ကားစက် နှိုးမရသေးတဲ့ ဘိုထွန်းနား ဆိုက်ကားကို အတင်းနင်းသွားပြီး၊ ကား ဘေးနားမှာ ဆိုက်ကားကို ရပ်ပြီး အလျင်စလို ဆင်း လိုက်တယ်။

“ဘိုထွန်း ဘိုထွန်း လှေ ကားပေါ်မှာ မည်းမည်းကြီး ဗျ။ ငုတ်တုတ်ကြီး

“ဟယ် တစ္ဆေရှိတယ် မကြားဖူးပါဘူး။ နင် မူးနေတာလား ကျော်လှ။

“မမူးဘူးဗျ၊ မမူးလို့ မြင်တာ။ လာကြည့်

အဲဒီလိုနေတုန်း မိုးက တိတ်သလောက် ရှိပြီ။ လျှပ်စီးတွေသာ တဝင်းဝင်း ပစ်နေတယ်။ ဘိုထွန်း ညည်းညည်း ညူညူနဲ့ ကားပေါ်က ဆင်းလိုက်ရတယ်။

"ဟိုမှာဗျ ဗြော်  လျှပ်စီးက ဝင်းခနဲလက်သွားတယ်။

ဘိုထွန်းရော ကျော်လှရော အံ့ဩသွားတယ်။ လှေကားထစ်ပေါ်မှာ ထီးကို အုပ်ပြီး ဆောင်းထားတဲ့ ကိုယ်ဝန်ဆောင် ကိုယ်ပြည့်လက်ပြည့် တစ်ယောက်က ကိုးရိုးကားရားကြီး ထိုင်နေတယ်။ သူ့ ဘေးမှာ ပလတ်စတစ်အုပ် ထားတဲ့ ခြင်းတောင်းတစ်လုံး တွေ့ရတယ်။ ခါးကို လက် တစ်ဖက်နဲ့ နှိပ်ပြီး မျက်နှာက လည်း ရှုံ့မဲ့လို့ ပါတိတ်လုံ ချည်ဝတ်ထားတဲ့ အောက်ပိုင်း တစ်ပိုင်းလုံး ရွှဲစိုနေတယ်။ ဘိုထွန်းနဲ့ ကျော်လှ တစ် ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ချက်ချင်းကျော်လှက လှေကားထစ်တွေ ထစ် ကျော်တက်သွားလို့ ဘိုထွန်း လည်း လိုက်ခဲ့တယ်။

"ဟိုအစ်မ ဘာဖြစ်နေ တာလဲ။ဗိုက်နာနေတာလား။

ဗိုက်ကြီးသည်က မျက် ည်တွေ စိုရွှဲနေတဲ့မျက်နှာနဲ့ မော့ကြည့်ပြီး အသံသဲ့သဲ့နဲ့ "ပခုက္ကူကား ဝင်သွားပြီ လား။

"ဝင်ရောပေါ့ ဆယ်နာရီ ကျော်နေပြီဟာ။

ဗိုက်ကြီးသည်က ဟီး ခနဲ ငိုချလိုက်တယ်။

“ဟာ အစ်မ မငိုနဲ့လေ။ ကားကြိုလာတာလား။ ဒုက္ခပါပဲ။ မွေးမှာနဲ့ တူတယ်။ ဘိုထွန်း လုပ်ပါဦးဗျ။

“မလာတော့ဘူး ထင် တယ်။ ကျွန်မ ယောက်ျား ပခုက္ကူ သွားပြီး ပိုက်ဆံရှာတာ၊ ဒီနေ့လာမယ်ဆိုလို့ လာခဲ့တာ။ မိုးထဲမှာ၊ ကျွန်မက မြရည်နန္ဒာက

“ကဲကဲ ကျော်လှ ဘာ ဖြစ်ဖြစ် မွေးမလို့ဆိုရင် သားဖွားခန်း ပို့ရမှာ။ သယ်သာလာ ခဲ့တော့။ ပြောနေတာကြာပါ တယ်ကွာ။

“ဆေးရုံပို့မလို့လား

“မင်းအဘ ဆေးရုံလား။ ကားက ဆီမရှိပါဘူး ဆိုနေ၊ နီးနီးနားနား ခိုဂျာပေါ့။

အဲ ဟုတ်သားပဲ ကျော်လှတို့ ပျာနေလိုက်ပုံတော့ တစ်ပြလောက်ပဲ ဝေးတဲ့ ခိုဂျာ သားဖွားခန်းကို မေ့နေလိုက် တာ။ ကဲ နောက်မှ ဘာဖြစ် ဖြစ် အရင်ဆုံး မွေး တော့မယ့် လူကိုတွဲပြီး ကားနောက်ခန်း က တင်ရတယ်။ ခြင်းနဲ့ ထီး ကိုပါယူပြီး ကားစက်နှိုးကြတယ်။ ဒီတစ်ခါတော့ ချော ချောမောမော နှိုးပြီး ကားက ချက်ချင်းလိုပဲ သားဖွားခန်း ရှေ့ရောက်လာတယ်။

“ဟော့ကောင် အပ်လည်း မအပ်ရသေးဘူးနော်၊ ရပ်ါ မလား။

"အို ရပါတယ်။ ကျွန်တော့်ကလေး လေးယောက်လုံး ဒီက ဆရာမကြီး နဲ့ မွေးတာ။

ဒါပေမဲ့ သားဖွားခန်းထဲလည်း ရောက်ရော၊ ကျော်လှ ရေရေလည်လည် အငေါက်ခံ ရတော့တာပဲ။

"ဟဲ့ ဗိုက်ကြီးသည် သေသွားရင် နင်တာဝန် ယူမလား။ ရေ>မာတောင် တောင် ပေါက် ပြီးနေပြီ။ ကလေး ထွက်ကျတော့မယ်။ အပ်ထားတာ လည်းမဟုတ်ဘူး။ ကောက် ရိုးပွေ့လာတယ်။ ညအချိန် မတော်..."

ဒါပေမဲ့ ဗိုက်ကြီးသည်က မွေးစင်ပေါ် ရောက်သွား ပြီ။ ဆရာမကြီးက လက်မောင်းကို ဆေးနှစ်လုံးဆက် တိုက်သွင်းပေးရင်း၊ မွေး ခန်းဝမှာ ပြူတစ်ပြူတစ် လုပ်နေတဲ့ ကျော်လှကို မောင်းထုတ်လိုက်တယ်။ အနီဝတ် ဆရာမက မစန်းကြည်၊ ကလေးအဖေလက်မှတ်ထိုးရ မယ်။ ဘယ့်နှယ့်လုပ်ရမလဲ။ ဆိုပြီး လာပြောတော့ ကျော် လှက မျက်နှာငယ်လေးနဲ့ လက်မှတ် ထိုးလိုက်ရတယ်။ ခဏနေတော့ အူဝဲ အူဝဲ ကလေးငိုသံကြားရပြီ။ ကျော် လှနဲ့ ဘိုထွန်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးကြတယ်။ ခြင်းတောင်းထဲက တွေ့တဲ့ ပုဆိုးနဲ့ ကလေးကို ထုပ်ပြီး ပုခက်ထဲ လာထည့်တာကို ကျော်လှ ပြုံးပြုံးကြီး ကြည့်နေတယ်။ ကလေးအမေ ထွက်လာပြီး အိပ်ရာခင်း မပါတဲ့ ကုတင်ပေါ်မှာ မောဟိုက်နေတယ်။ ခိုဂျာက တခြား မွေးလူနာတွေ နဲ့ လူနာစောင့်တွေလည်း မအိပ်နိုင်ဘဲ သူတို့ကို ဝိုင်း

ကြည့်နေကြတယ်။ ကလေး အမေက  ကျွန်မ ခြင်းထဲက ထမင်းချိုင့်လေး ဆိုလို့ ကျော်လှ ပျာပျာသလဲ ရှာပြီး ဖွင့်ပေးလိုက်တယ်။ အားယူ ထပြီး ထမင်းချည်းပါတဲ့ ထမင်းတစ်ဖွန်း ခပ်စားတယ်။

"ဟဲ့ ဟဲ့ ကလေးမ မုန့် ဟင်းခါးစားရဲလား။ ညနေက ငါဝယ်ထားတာ ရှိတယ်

လူနာစောင့်တစ်ယောက် ပေးတဲ့ မုန့်ဟင်းခါးကို အိပ်လိုက် မှောက်ချပြီး၊ ထမင်းတစ်ဖွန်းပြီး တစ်ဖွန်းကလေး အမေက အားရပါးရ အငမ်းမရ စားနေတာကို ဘိုထွန်းနဲ့ ကျော်လှ ပါးစပ် အဟောင်းသားဟပြီး ငေး ကြည့်နေကြတယ်။ ကျော်လှ စိတ်ထဲမှာ ဘယ်နနပ် ထမင်း မစားရလို့လည်း မသိဘူးလို့ တွေးမိအောင် တွေးလိုက်သေးတယ်။ ကလေးအမေ ထမင်း တစ်စေ့မကျန် စားပြီးမှ အဆာ ပြေသွားသလို၊ အိပ်ရာ ပေါ် ပြန်လှဲချလိုက်တယ်။

"ကဲ ကလေးအမေက ဘာမှမဖြစ်တော့ဘူး။ ငါ့ကို ဆေးဖိုးရှင်းဦး။ လေးထောင် ကျတယ်။

ကျော်လှ အိတ်ထဲက နစ်ထောင် ထုတ်ပေးလိုက်ပြီး၊ ကျန်တဲ့နစ်ထောင် မနက်ဖြန် လာပေးမယ်လို့ ပြောခဲ့တယ်။ ကလေးအမေက မောမောနဲ့ အိပ်ပျော်လုလု ဖြစ်နေပြီမို့ သူတို့နစ်ယောက် အသာလေး ထွက်ခဲ့ကြတော့တယ်။ အပြင် ဘက်ရောက်တော့ မိုးတိတ်နေပြီ။

လျှပ်စီးတွေသာ တဝင်း ဝင်း ပစ်နေတယ်။ ချောချော မောမော စက်နိုးတဲ့ လေးဘီး ကားလေးဟာ ကျောက်ဆစ်ကွေ့အဆင်းမှာ တုံ့ခနဲ တုံ့ခနဲ ဖြစ်သွားတယ်။

"ဟီး ဟီး ဆီကုန်ပြီ ကွ။ အနောက်မုခ်တော့ ရောက်ပါတယ်။ လိုမ့်ချလိုက် ရုံပဲ။

"ဒါပေ့ါဗျ အသွားတုန်းက မကုန်တာ ကျေးဇူးတင် ရမှာ... ဟင်

ကျော်လှ မျက်လုံး ပြာခနဲ ဖြစ်သွားတယ်။ တဝင်းဝင်းလက်နေတဲ့ လျှပ်စီးရောင်အောက်မှာ စစ်ကိုင်း လမ်းမကြီး တစ်ခုလုံး ရှင်းပြောင်နေအောင် မြင်နေရ တယ်။ ကားဘေးနားမှာ ရပ် ထားခဲ့တဲ့ သူ့ဆိုက်ကား မရှိ တော့ဘူး။ ဗိုက်ကြီးသည်ကို သားဖွားခန်းပို့ဖို့ အရေးကြီးနေ တာနဲ့ ပျာယာခတ်ပြီး သော့ မခတ်ခဲ့ရဘူး။ လူတစ် ယောက်မှမရှိတဲ့ မှောင်မိုက် တဲ့ညမှာ သူ့ဆိုက်ကားအစီး လိုက် ပျောက်ဆုံးသွားခဲ့ပြီ။ ကျော်လှကားပေါ်က ပြေး ဆင်းပြီး၊ အနောက်မုခ်မှာ တောင်ဘက်ပြေးလိုက်၊ မြောက်ဘက်ပြေးလိုက်ဖြစ် နေတယ်။

"သွားပါပြီဗျာ မရှိတော့ဘူး၊ မရှိတာ့ဘူး။

ဂါထာရွတ်သလို ရွတ် နေတယ်။ မျက်နှာတွေ ပျက် ပျက်လာပြီး၊ မျက်လုံးတွေ နီရဲလာတယ်။ ဘိုထွန်းကြည့် နေတုန်း ကတ္တရာ လမ်းမပေါ် ဖင်ချထိုင်ပြီး ဟီးတိုက် ငိုချ လိုက်တယ်။

"ဘိုထွန်းရေ ကျုပ်ဘာ လုပ်ရမတုံး။ မရှိတော့ဘူးဗျ

ကျော်လှ ငိုသံပါကြီးနဲ့ အော်နေတာကို ဘိုထွန်းလည်း မချော့တတ်ဘူး။ ခေါင်းကုတ်ပြီး စိတ်ညစ်ညစ်နဲ့ သူလည်း ကျော်လှနားမှာ ထိုင်ချလိုက်တယ်။ ကျော်လှကတော့ ကတ္တရာလမ်းပေါ် လှဲချလိုက်ပြီး လက်တွေပေါ် မျက်နှာအပ်လို့ မှောက်ခုံကြီး ငိုနေတယ်။ မိုးတွေက ပြန်ရွာ လာကြပြန်ပြီ။ ကျော်လှရဲ့ မျက်ရည်စက်တွေနဲ့ မိုးရေ တွေရောပြီး စီးဆင်းသွားကြတယ်။

"ကောင်းကွာ။ လူမှုရေး လုပ်ချင်ဦးလေ။ အများ အကျိုးဆောင် ကိုယ့်အကျိုးပြောင်  လို့တော့ ကျော်လှကို အပြစ်မတင်ချင်ပါဘူး။ စောစောက ဗိုက်ကြီးသည်အခြေ အနေမျိုးဆိုရင် ဘယ်သူမဆို ကူညီကြမှာ မလွဲပါဘူး။ အေးလေ ကျော်လှပေါ့ လျော့တာပဲလို့ အပြစ်ပြောလို့လည်း မဖြစ်။ ဘိုထွန်းခမျာ ဘယ် လိုလုပ်ရမှန်းမသိဘဲ ခေါင်း စားရတဲ့ကြားထဲ ကွမ်းယာ စားချင်စိတ်က ဘယ်ကဝင် လာတယ်မသိဘူး။ ဒီအချိန် အောင်သန်းကလည်း ပြန် သွားပြီဆိုပေမဲ့ မျက်လုံးက ကုက္ကိုပင်ကြီးအောက်မှာရှိတဲ့ အောင်သန်းကွမ်းယာ ဆိုင် လေးကို ကြည့်လိုက်မိတယ်။ အောင်သန်းကတော့ ကွမ်း ယာဆိုင်ကလေးကို ထုံးစံ အတိုင်း မိုးကာနဲ့အုပ်သွား တယ်။ လျှပ်တစ်ချက် အပစ် မှာ မိုးကာအောက်က ပေါ်နေ တဲ့ ဆိုက်ကားတာယာခွေလို လို မြင်ရတာနဲ့ ဆတ်ခနဲ ထလိုက်တယ်။ ကွမ်းယာခုံနားကို ဘယ်လိုပြေးသွားမိ မှန်းမသိဘူး။ ရင်တွေလည်း တထိတ်ထိတ်ခုန်နေတယ်။ ကုက္ကိုပင်နဲ့ ကွမ်းယာဆိုင် ကြားထဲမှာ မိုးကာအုပ်ပြီးထိုး ထားတဲ့ ဆိုက်ကားကိုလည်း မြင်ရရော ဘိုထွန်းကုန်းအော်

တော့တာပဲ။

"ဟာ ကျော်လှရေ ကျော်လှရေ ဆိုက်ကားတွေ ပြီ ဟ၊ ဒီမှာဟ

ကျော်လှ ဝုန်းခနဲအနား ရောက်လာတယ်။ ကြောင်တောင်တောင်နဲ့ ဆိုက်ကားကို ငိုင်ငိုင်ကြီး ကြည့်နေတယ်။ မိုး ကလည်း သဲသဲမဲမဲရွာနေလိုက်တာ။ မျက်နှာပေါ်က မိုးရေစက်တွေကို လက်နဲ့ သပ်ချရင်း အသံတုန်တုန်နဲ့။

"တော်သေးတာပေ့ါ ဗျာ။ ကျုပ်သေတော့မလို့။ အောင်သန်း ဆိုင်သိမ်းရင်း ဆိုက်ကားတွေ လို့ သိမ်းသွား တာနေမှာဗျ။

"အေးကွ ဒီမှာ ကွမ်း ယာဆိုင်နဲ့ မင်းဆိုက်ကားကို သေသေချာချာ သံကြိုးနဲ့ သော့ခတ်သွားတာကွ။

"မနက်ဖြန်မှ ဒီကောင် ကြီးကို အရက် တိုက်ရဦးမယ် ဗျာ။

ဘိုထွန်းလည်း အခုမှ စိတ်အေးရတော့တယ်။ လူ တွေကတော့ ရွှဲနစ်ပြီး ကြွ က် စုတ်ဖြစ်နေပြီ။

"ကဲ ကျော်လှ ပြန် ပြန်။ မိုးတွေကလည်း သည်းလိုက် တာ။ ညလည်း နက်လှပြီ။

ကျော်လှက စဉ်းစား သလို ငြိမ်နေတယ်။ ပြီးမှ-

"ခင်ဗျားလည်း ပြန် လေ။ ဆီမရှိလို့ တွန်းပြန်ရမှာ နော်။ အခုမှတော့ ဘာမှမထူး တော့ပါဘူး။ ခင်ဗျားကိုပဲ ကားလိုက်တွန်းပေးမယ်ဗျာ။ ဆိုက်ကားလည်းယူမှမရတာ

"ကဲ ဒါဖြင့်လာ တွန်း ကြစို့။ အိမ်ကျရင် ထမင်း ကျွေးမယ်ကွာ။ ဆီလက်ကျန် လေး ရှာတွေ့ရင်လည်း မင်း ကို အိမ်ပြန်ပို့ပေးမယ်။

"ဘယ်လိုဖြစ်ဖြစ် ရပါ တယ်ဗျာ။

လေးဘီးကားနဲ့ လူနှစ် ယောက်ဟာ မှောင်မိုက်နေတဲ့ ညထဲကို တဖြည်းဖြည်းတိုး ဝင်ပြီး ပျောက်ကွယ်သွားပါ တော့တယ်။ အဲ့ဒီညက အနောက်မုန်မှာ မိုးတွေသဲကြီး မဲကြီး ရွာနေပါတယ်။

***

**ယဉ်ယဉ်နု၊မန္တလေး၊**

**ရွှေအမြုတေ မဂ္ဂဇင်း၊ဖေဖော်ဝါရီလ ၂၀၁၂**

# အိပ်တန်းပြန်ငှက်များ

------------------------------------------------

၁။

ကျွတ်ကျွတ်   ခါးက ညောင်းလိုက်တာ။ တော်တော်
အခြေအနေဆိုးနေတာပါလား။ ဘုရား   ဘုရား   ကယ်တော်မူပါ။
ခြေဆစ်လက်ဆစ်ကလေးတွေကလည်း တဆစ်ဆစ်ကိုက်၊
ဖယောင်းတိုင်လေးထွန်းပြီး ဦးစိုင်းလိမ်းဆေးဘူးကလေး ရှာဦးမှ။ ဩော်
ဆေးကလည်း ဘယ်နားမှာများ ထားပါလိမ့်။ အသက်က ကြီးလာတော့
မှတ်ဉာဏ်တွေက အမှားမှား အယွင်းယွင်းရယ်။
ခြေဆုပ်လက်နယ်ပြုမယ့်သားသမီးများကလည်း အမေ ဝယ်လာတဲ့
မုန့်ဟင်းခါးနဲ့ ထမင်းကို လုံးထွေးလုယက် စားကြပြီး ဗွီဒီယိုမော့ဖို့ သွားကြပြီ။

ခုလို ဘဝနေဝင်ချိန်လေးရောက်မှတော့ အေးအေးချမ်းချမ်း ဇိမ်ရှိရှိလေး
နေချင်လိုက်တာ။ အဲလေ   ဇိမ်မရှိချင် နေပါစေ၊ စားဖို့ မပူရ၊ သောက်ဖို့ မပူရ၊

## ယဉ်ယဉ်နု(မန္တလေး)

ကိုယ်စားချင်တာလေး စားလို့၊ လှူချင်တာလေး လှူလို့၊ ဒီလိုနေရရင် တော်ပါပြီ။ ဒါပေမဲ့ တောင့်လည်း မတောင့်တချင်တော့ပါဘူး။ တစ်သက်လုံး တောင့်တခဲ့တာ သက်တမ်း နည်းမှမနည်းဘဲ။ ကျုပ်အသက် ၇၀ ကျော်ခဲ့ပြီ။ ဘယ်မှာ ပြည့်စုံခဲ့လို့လဲ။

သူတို့ကပဲ ညံ့လို့လား။  ကျုပ်ကပဲ တော်လို့လားမသိ။ သားသမီးတွေရှိလျက်နဲ့ ကျုပ်လို ၇၀ ကျော်က အံ့မောင်နဲ့ ခင်ထားတို့ မောင်နှမကို ရှာကျွေးနေရတယ်ဆိုတာ လူကြားလို့မှမကောင်း။ နောက်ဆုံးတော့ ဝဋ်ကြွေးပေါ့လေ။ ငယ်ငယ်ကတည်းက ခေါင်းပေါ်က မချရတဲ့ ပဲပြုတ်တောင်း။ သူတို့အဖေနဲ့ရခါစ ခဏပဲ ချရတယ်။ အံ့မောင်လည်းမွေးရော ပြန်တင်ရတာပဲ။

ဒီလိုနဲ့ အကြီးကောင်၊ အငယ်မ ကြီးလာကြ၊ အလှူလှူ အိမ်ထောင်ကျ၊ ကိုဘမြိုင်ဆုံး၊ အနှစ် ၇၀ ဆိုတာ ဘာမှမကြာပါလား။  ဘုရား    ဘုရား ပြန်တွေးကြည့်ရင် မနေ့တနေ့ကလိုပဲ။ ဒီကြားထဲ ပျော်ပါးရတဲ့ကာလဆိုတာ ဘာမှမရှိ။ လောကဓံနဲ့ ကိုယ်နဲ့ လုံးလားထွေးလားဖြစ်။ အံ့မောင်က မိန်းမနဲ့ကွဲ။ကလေးတွေနဲ့ အိမ်ရောက်လာ။ ခင်ထားကလေးတွေနဲ့ ရန်ဖြစ်။ ခင်ထားယောကျ်ားနဲ့ အံ့မောင်နဲ့ အရက်သမားချင်း ရန်ဖြစ်။ ခင်ထားက အော်ဆဲ။

အလိုလေး    ဆူလိုက်ပူလိုက်တဲ့ အိမ်။ အိုမင်းရတဲ့အထဲ အရင်းမရှိလို့ ပဲပြုတ်ကလည်း မရောင်းနိုင်။ ပိုက်ဆံရှာရမယ့်သူတွေက ပိုက်ဆံရှာတဲ့အလုပ်

မလုပ်ဘဲ ရမ်းကားနေကြတော့ ကျုပ်ဖြင့် အိမ်မှာနေချင်စိတ်ကို တစ်စက်မှ မရှိတော့ဘူး။ ဘယ်သူ သေကြ သေကြဟယ်ဆိုပြီး ပစ်ထားခဲ့တယ်။ ဘုရားကိုလာခဲ့တာ စိတ်ကထွေထွေရယ်။ ဒါပဲ အားကိုးစရာ ရှိတာလေ။ “ဗမာအို ဘုရားအို ဘုရားကြား  လို့ စာဆိုရှိသမို့လား။

ဘုရားစာလည်း ဟုတ်တိပတ်တိ မရပါဘူး။ ဘုရားရှေ့မှာ ထိုင်ပြီး ကျုပ် အကြာကြီး ဘုရားကို ကြည့်နေမိတယ်။ အေးချမ်းလိုက်တာ။ ဘုရားမျက်နှာတော်ကို အကြာကြီး ဖူးဝတော့မှ ထထွက်လာခဲ့တယ်။ အိမ်မပြန်ချင်သေးဘူး။ လေကလေး တဖြူးဖြူးနဲ့ လိပ်ကန်စောင်းတန်းထဲ အသာလေး ဝင်ထိုင်နေလိုက်တာ။ ပါလာတဲ့ဖိနပ်လေး ဖင်ခုပြီး ဟိုငေးသည်ငေးပေါ့။ အဲသည်အချိန်မှာ ကျုပ်အတွက် ထူးခြားတဲ့အဖြစ်အပျက်တစ်ခု ဖြစ်သွားခဲ့တာပဲ။

သပ်သပ်ရပ်ရပ် သားသားနားနား ဝတ်စားထားတဲ့ အဒံ့မောင်တို့အရွယ် ကလေးတစ်ယောက်လေ။ ကျုပ်ရှေ့မှာ ခါးကလေးကုန်းပြီး ငါးကျုပ်တန်လေးတစ်ရွက်ကို ကမ်းပေးပါတယ်။ ရုတ်တရက် ဘာပါလိမ့်ဆိုပြီး ကြောင်ကြည့်နေမိတုန်း သူက လက်ထဲကို ထိုးထည့်ပေးနေတော့ ကျုပ်လည်း ယောင်တောင်တောင်နဲ့ ယူထားလိုက်မိတယ်။

“ဒီဘက်ကိုလည်း လှူဦး ကလေးရဲ့

အသံတစ်သံထွက်လာလို့ လှည့်ကြည့်မိတော့၊ အို     ကျုပ်တို့အရွယ် သူအိုတွေပါလား။ အဘိုးကြီး၊ အဘွားကြီးတွေ တန်းစီးပြီး ထိုင်လို့။

ကျုပ်ကိုလှူတဲ့ ကလေးက

“ဟုတ်ကဲ့ ဘွားဘွား၊ အားလုံးကို လှူမှာပါ ဆိုပြီး တစ်ယောက်ကို ငါးကျပ်စီ လှူတယ်။

ဘိုးအိုကြီး၊ ဘွားအိုကြီးတွေက ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ထီပေါက်ပါစေနဲ့ ဆုတွေပေးလိုက်ကြတာ တတွတ်တွတ်နဲ့ပေါ့။ အဲဒီတော့မှ သတိရတယ်။ အို ကျုပ် ဘာဆုမှ မပေးလိုက်ရပါလား။ ဘယ်သိမှာတုံး။ ပထမဆုံး အတွေ့အကြုံ ဆိုတာကြောင့် ကြောင်အ နေတာပေါ့။ အဲဒီကလေးလည်း ထွက်သွားရော

“ဘွားကြီးအို ဒီဘက်ကိုလာ၊ တော် ထိုင်နေတာက လမ်းကြီးမှာ ဆိုပြီး အဘွားကြီးတစ်ယောက်က လှမ်းခေါ်တယ်။ ဒါနဲ့ ကျုပ်လည်း သူတို့နဲ့အတူ တန်းစီပြီး ဒီဘက်အစွန်ဆုံးက ထိုင်လိုက်ရတယ်။

လက်ထဲက ငါးကျပ်တန်လေးက ကျုပ်ကို စကားအများကြီး ပြောနေပြီလေ။ ကျုပ် ထပြန်ချင်တယ်။ ဒါပေမဲ့ ပြန်လို့ မရခဲ့ဘူး။ ချီတုံချတုံနဲ့ ကျုပ် ထိုင်နေခဲ့တယ်။

“တော် ထမင်း မပါဘူးလား လို့ စောစောက အဘွားကြီးက မေးတယ်။
“မပါဘူး ဆိုတော့

“ဒါဆို ကျုပ် ထမင်းသွားဝယ်မယ်၊ ဟိုနားက ဆိုင်မှာ ကျုပ်တို့လို အဘွားကြီးအိုတွေဆို ထမင်းနှစ်ဆယ်၊ ဟင်းနှစ်ဆယ်ပဲ ယူတယ်၊ တော်မှာမလား လို့ မေးတယ်။ ကျုပ် ခေါင်းယမ်းပြလိုက်တယ်။

“ဒါဆိုလည်း နောက်ရက် ထမင်းထုပ်ခဲ့တော်  လို့ ပြောရင်း ဘွားကြီးအို ထသွားတော့တယ်။

အဲဒီနေ့ နံနက်စာစားချိန်ကနေ ညနေစောင်း တခြားဘွားကြီးအိုတွေ ပြန်သွားတဲ့အထိ ကျုပ်ထိုင်နေတာ ငွေ ၁၅၀ လောက် ရခဲ့တယ်။ ကျုပ်ရင်ထဲမှာ တဒိတ်ဒိတ်နဲ့။ မျက်နှာတွေလည်း ထူအမ်းလို့ပါတော်။ ခြေလှမ်းတွေ ကပေါက်တိကပေါက်ချာနဲ့ အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ မှောင်နေပြီ။ တစ်အိမ်လုံးလည်း တိတ်လို့။ ခင်ထားက

“အမေ ဘယ်သွားနေတာလဲ  ဆိုတော့ ဘာမှမပြောဘဲ ငွေတွေ ထုတ်ပေးလိုက်တယ်။

“ဘယ်က ရလာတာလဲ  လို့ မေးတော့ ကျုပ်က အကျိုးအကြောင်း ပြောပြတော့ သမီးလိမ္မာက ဘာပြောတယ် မှတ်လဲ။

“အမေ့ဟာက ကောင်းသားပဲ၊ အဲဒီပဲသွား၊ မနက်ဖြန် ထမင်းထည့်ပေးမယ် တဲ့။

ကျုပ် မျက်ရည်တွေလည်လာပေမယ့် အားတင်းပြီး ပြန်တင်းလိုက်ရပါတယ်။ သြော်    ခုထိ သားသမီးများ မအေအိုကြီး အလှူခံကျွေးတာ စားရက်ကြတယ်။ အေးလေ    အံ့မောင်နဲ့ ကလေးတွေကလည်း ခင်ထားထမင်းအိုးပဲ နှိုက်ကြတာ။ သူတို့အတွက်ရော ကျုပ် အားတွေ တင်းရတာပေါ့။ လှူကြတဲ့ ကလေးတွေက ကျုပ်တို့လို အရွယ်ကို လေးစားခြင်းနဲ့ လှူကြရှာတာ။ ကျုပ်တို့နောက်က ငိုတောင်းမယ့်လူတွေအတွက် ခုအသက်အရွယ်အထိ

ဝင့်ကြွေးမကောင်း ရှာကျွေးနေရတာတွေ၊ စားအိုး ထိန်းသိမ်းနေရတာတွေကို သိရင် စေတနာများ ပျက်ကုန်ကြလေမလား။ အို ကျုပ်တို့လူမျိုးက သဒ္ဒါအားကောင်းပါတယ်။ လှူကြပါစေတော်၊ များများလှူကြပါစေ၊ ဆတက်ထမ်းပိုး တိုးလို့ လှူနိုင်ကြပါစေ။

အလှူခံသက် ကြာလာတာနဲ့အမျှ ကျုပ်တို့ ဘိုးကြီးအို၊ ဘွားကြီးအိုတွေမှာ နာကြည်းစရာ၊ ကြေကွဲစရာ နောက်ခံဇာတ်ကြောင်းလေးတွေနဲ့ချည်းပဲဆိုတာ သိလာရတယ်။ အမေခင်ဆိုတဲ့အဘွားကြီးကို ကြည့်။ လေဖြတ်ထားတာ၊ လမ်းလျှောက်နိုင်တာ မဟုတ်ဘူး။ သူ့သမက်က မနက်တိုင်း ပွေ့ချီ ချပေးသွားတာ။ ချပေးတဲ့နေရာ ထိုင်နေရတာ။ ညောင်းလိုက် ကိုက်လိုက်တာလို့ တစ်နေ့လုံး ညည်းရှာတာ။ ဟုတ်တာပေါ့။ အုတ်သမံတလင်းပေါ် တစ်နေ့လုံး ဒူးတုပ်ပြီး ကွေးကွေးလေး ထိုင်နေရတဲ့ ဥစ္စာ၊ ကိုက်တာပေါ့။ ကျုပ်တောင် အခု ညောင်းတတ် ကိုက်တတ်နေပြီ။ အမေခင်လည်း ညောင်းရှာမှာပေါ့။ ဒါပေမဲ့ အမေခင်ခမျာ တစ်ရက်မှ မလာဘဲ မနေရဲဘူး။ သူ့သမက်ကို ကြောက်ရတယ်တဲ့။ မလာချင်ဘူးဆိုရင် ရိုက်မယ်၊ ပုတ်မယ် ခြိမ်းခြောက်တယ်တဲ့။ ကြောက်စရာကြီးတော်။

ဟို တယောအိုကြီးကို တအီအီထိုးနေတဲ့ ဖိုးသြကျတော့ တစ်မျိုး၊ သူ ရွှေပြည်ကြီးတို့၊ မြနန္ဒာတို့၊ တစ်ခါတလေ ဝေဇယန္တာတဲ့၊ အောင်မင်္ဂလာတဲ့၊ သီချင်းတွေ ကျုပ်ဖြင့် သိပေါင်တော်။ ဒီရောက်မှ ကြားဖူးတာ။ အရင်က မင်းသားကြီးတဲ့။ သူ ဆိုရင် လွမ်းစရာကောင်းလိုက်တာ။ သူ့မှာ မီးယပ်ကျိုးလို့ အိမ်ရာထဲလဲနေတဲ့ မိန်းမနဲ့ ရင်ကျပ်ပန်းနာသည်သမီးလေးနဲ့။ ပြောရရင်

စိတ်ညစ်စရာကြီးပါတော်။ စားဖို့အနိုင်နိုင်။ နေ့သေမလား၊ ညသေမလား လူမမာက နှစ်ယောက်။ ဆေးဖိုးဝေးလိုက်တာ။ မီးယပ်ကျိုးက ဆိုးရင် ပန်းနာသည်ကလေးက ပြုစုလိုက်၊ ပန်းနာသည်ကလေး ရင်ကျပ်ရင် မီးယပ်သည်က ရင်ဖိပေးလိုက်နဲ့။ ဖိုးသြမှာ ထမင်းတောင် ပါရှာတာ မဟုတ်ဘူး။ တစ်ခါတလေ ရင်နာရှာတယ်ထင်ပ့ါ။ တယောကြီး ဖိထိုးပြီး ဆွဲဆွဲငင်ငင် သီချင်းတွေဆိုရင်း ငိုရှာတယ်။ ကျုပ်တို့လည်း မျက်ရည်လည်ကြတာပေ့ါ။

ဖိုးသြ ထမင်းမပါလည်း ပါတဲ့သူက ဝိုင်းကျွေးကြ၊ အတူမျှစားကြနဲ့ပေ့ါ။ ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်တို့ရဲ့ဒုက္ခတွေကို အိမ်မှာခဏ ထားခဲ့ပြီး ဒီမှာ သက်တူရွယ်တူတွေ မျှတပြီး အတူနေကြ၊ စားကြရတာတော့ ပျော်စရာပါပဲ။ ညနေစောင်းရင်တော့ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ ငွေစလေးတွေ ကိုင်ပြီး ကိုယ့်အိမ်ကို ပြန်ကြရတော့တာပဲ။ ကျုပ်တို့အိမ်နားက မန်ကျည်းပင်ကြီးမှာ ဆက်ရက်တွေ တကျည်ကျည် တကျာကျာ အော်ဟစ်ဆူညံ အိပ်တန်းပြန်တဲ့အချိန်ရောက်ရင် ကျုပ်တို့လည်း ကျုပ်တို့ အသိုက်အမြုံကလေးထဲ ခေါင်းလျှိုဝင်၊ ပါလာတဲ့ စားစရာလေးတွေ အလုအယက် စားသောက်ဖို့ မျှော်နေတဲ့ မြေးတွေနဲ့ တစ်လုတ်တစ်ဆုပ် ဝေငှစားရင်း တစ်နေ့တာ ကုန်ရတော့တာ။

တစ်ခါတလေများ စိတ်ကူးယဉ်မိတယ်။ ကျုပ်ပြန်ရမယ့်အိမ်က ခုလို တစ်ဖက်ရပ်တဲကလေးမဟုတ်ဘဲ ခြံကျယ်ကျယ် တိုက်ကြီးကြီး။ ကျုပ်ကလည်း စိန်ရွှေအပြည့်နဲ့ သူဌေးမကြီး။ သားသမီးတွေကလည်း ဆိုက်ကားသမား၊

အရက်သမား မဟုတ်ဘဲ ဆရာဝန်ကြီးတွေ၊ ကျောင်းဆရာကြီးတွေ ဆိုပါစို့။

ဟော ပြောရင်းဆိုရင်းတော် ဟို လိပ်စာ ငါးစာ ကျွေးတဲ့နားမှာ ရပ်နေတဲ့ ကျုပ်နဲ့ရွယ်တူလောက်ရှိမယ့် အဘွားကြီးလိုပေါ့တော်။ ကြည့်စမ်း သူတို့များ ကြည့်လိုက်တာနဲ့ သူဌေးမှန်း သိသာတယ်။ နဖပ်စိုပြည်နေတာပဲ။ ဆံပင်က ဖြူနေပေမယ့် သေသေသပ်သပ် ထုံးဖွဲ့လို့။ ခြုံထားတဲ့ သိုးမွေးပုဝါကလည်း အမွေးရှည်ကြီးတွေနဲ့ လှလိုက်တာ။ ဇင်းမယ်လုံချည်ကလည်း အိစက်လို့။ စိန်နားကပ်ကလည်း ဖိတ်ဖိတ်လက်လို့တော်။ အေးလေ သူတို့လို ချမ်းသာရင် ကျုပ် ဒီနားမှာ ထိုင်အလှူခံနေရမတဲ့လား။ သူ့လို ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေရမှာပေါ့။ မချမ်းသာလို့ အလှူခံစားနေရတာ။ ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ ကောင်းပါတယ်။

အေးကွယ် အခုလို ဘွားဘွားတို့ကိုလှူလို့ ကလေးတို့ စာမေးပွဲတွေ အောင်ပါစေ၊ ဆရာဝန်ကြီးတွေ ဖြစ်ကြပါစေ၊ မင်္ဂလာစုံတွဲထီကြီးလည်း ပေါက်ကြပါစေကွယ်။

၂။

စိတ်ထဲမှာ ကြည်နူးလိုက်တာ။ အပြင်ထွက်ရတာ၊ အပြင်လေစစ်စစ်ကို ရှူရတာ အသည်းထဲကို အေးသွားတာပဲ။ အိမ်ထဲမှာဆိုရင်လေ လေကအစ စိုထိုင်းထိုင်းနဲ့။ လေအေးစက်က ထွက်လာတဲ့ လေအတုကို ရှူရတာ

အသက်ရှူမဝပါဘူးရှင်။ တကယ်ပါပဲ။ ကြည့်ပါဦး။ လေကလေးက တဖြူးဖြူး၊ သွားကြလာကြတဲ့ သူတွေက လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး။ သြော် ဒီလိုအချိန်တွေ ကုန်ဆုံးခဲ့ပြီ။ နနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းက အိုမင်းနောက်ဆုံးပါတကားတဲ့။ နာဖို့သေဖို့သာ ကျန်တော့တာ။ အိုတာက အိုပြီ။

ဘုရားလာချင်လို့ လိုက်ပို့ပါ ဆိုတော့ ပို့တဲ့ မြေးကလေး မောင်ကျော်ကို ကျေးဇူးတင်လိုက်တာ။ အင်း သူကလည်း နောက်ဆုံးဝယ်လိုက်တဲ့ ပရာဒိုကားကြီးကို ပြချင်လို့ဆိုပြီး အိမ်ကိုလာတာ။ ကျွန်မမြေးနှစ်ယောက်ကလည်း သူတို့အစ်ကိုဝမ်းကွဲကို တစ်ပတ် မောင်းပို့ရမယ်လို့ ပူဆာ။ သွားချင်တာက မြို့တော်ဥယျာဉ်တဲ့။ သူတို့ ကစားကြ၊ လည်ကြနဲ့ တစ်နာရီ၊ နှစ်နာရီကြာမှာကို အမေကြီးကို ဘုရားပို့ခဲ့ပါကွယ်ဆိုပြီး ဖွတ်ထွက်လာတာ။ မောင်ကျော်လေး ကျန်းမာပါစေကွယ်။

အိမ်မှာလည်း ကားနှစ်စီးရှိပါတယ်။ ကားတစ်စီးက သမီးလုပ်သူ အထူးကုဆရာဝန်မကြီးက ယူသွား။ နံနက် ခြောက်နာရီက ထွက်။ ဆေးခန်းတွေ တစ်ခုပြီးတစ်ခု ပြောင်းထိုင်။ အချိန်တန်တော့ ဆေးရုံသွား၊ ဆေးရုံပြီးတော့ ဆေးခန်း။ ငွေတွေ သိန်းချီယူပြီး လူနာတွေ ခွဲရစိတ်ရ။ ည အိမ်ကို သူပြန်ရောက်တဲ့ အချိန်ဟာ အစောဆုံး ၁၁ နာရီပဲ။ ပင်ပန်းလိုက်တဲ့ သမီးလေး။ ကွယ်လွန်သွားတဲ့ သမက်အစား နှစ်ယောက်စာ ပေါင်းရှာဖွေနေရတာ ကျွန်မဖြင့် မကြည့်ရက်ပါဘူး။ တစ်အိမ်ထောင်လုံးအတွက် ကုန်းကျုံးလုပ်နေရရှာတာလေ။ တစ်ရက်တလေမှ မနားရရှာဘူး။ မအေရော၊ ကလေးတွေရော၊ မညှိုးမငယ်နေရတာ သူ့ကြောင့်။ ဒါကြောင့် ကျွန်မလည်း သမီးသဘောကျ အားလုံးနေပေးရတယ်။ ဒါမှ

သမီးစိတ်ချမ်းသာရာမှာ။

နောက် ကားတစ်စီးကလည်း အကြီးမ ကျူရှင်၊ ကျောင်း၊ ကွန်ပျူတာသင်တန်း၊ အငယ်ကောင် သီချင်းဆို၊ လည်ပတ်၊ အပေါင်းအသင်းနဲ့ထွက်၊ သူတို့မောင်နှမကို အဝေမညီဘူး။ ခဏခဏ ရန်ဖြစ်၊ တစ်ယောက်ပို့ တစ်ယောက်ကြို ဈေးကလည်း များ၊ ဆူကလည်း ဆူ၊ ဒရိုင်ဘာတွေ မျက်စိလည်၊ နားငြီး၊ ခဏခဏ ထွက်၊ ဒုက္ခတွေ ရောက်။

မောလိုက်တာ။ သူတို့ကို ကြည့်ရတာ မောလိုက်တာ။ သူတို့ကိစ္စတွေနဲ့ သူတို့ရှုပ်နေတာ။ တစ်ခါတလေ ကျွန်မ အပြင်လေးဘာလေးထွက်ချင်ရင် ကားမရှိဘူး။ ကားမရှိတာ ထားပါလေ။ ကျွန်မအပြင်ထွက်တာကိုလည်း သမီးက သိပ်မကြိုက်ချင်ဘူး။ မျက်နှာက အိုအိုရယ်။ ဟိုတစ်ခါတုန်းက အလှူတစ်ခုကို ကားငှားပြီး သွားမယ်လုပ်လို့ ဖွင့်တားတာ။

"မေမေကလည်း သမီးနဲ့ မေမေ့မြေးတွေက အိမ်မှာမရှိဘူး၊ အိမ်ဖော်ဆိုတာလည်း ယုံရတာ မဟုတ်ဘူး၊ အိမ်ရှင်တွေ ဘယ်သူမှ မရှိတုန်း ရှိတာတွေ မ ချသွားရင် ဒုက္ခ၊ သမီးက ဖြောင့်ဖြောင့်စီးပွားရှာနိုင်အောင် မေမေအိမ်မြဲမှပေါ့၊ မေမေသိတတ်မှပေါ့၊ သမီးဖြင့် ပြောရတာ ငရဲကြီးတော့မှာပဲ တဲ့။

ဟုတ်တာပေါ့ရှင်။ အံဆွဲထဲမှာလည်း ငွေတွေ အထပ်လိုက်။ သမီးအကျီ လုံချည်တွေက တစ်စုံတစ်စုံ ငါးထောင်၊ တစ်သောင်းတန်တွေ။ ကိုယ်က

သူ့မှီခိုနေရတာလေ။ သိတတ်ရတာပေါ့။ နောက်ပြီး ကိုယ်က မျက်စိကလည်း သိပ်ကောင်းတာမဟုတ်။ ခွဲထားရတာဆိုတော့ အိမ်မှာနေတာပဲ ကောင်းပါတယ်လေ။ လျှော့ထား။ လည်ချင် ပတ်ချင်၊ အရင်ကလို သွားချင်လာချင်စိတ်တွေ လျှော့။ ချင်ခြင်း ဆန္ဒနောက်ကို မလိုက်နဲ့။ တရားနဲ့ ဖြေ၊ တရားခွေတွေ နားထောင်၊ ပုံလို့ သမီးဝယ်ပေးထားတာ။

သမီးက တော်ရှာပါတယ်။ သိတတ်ပါတယ်။ ဆရာတော်ကြီးတွေရဲ့ တရားပွဲတွေ ကျွန်မ သွားနာချင်နေမှန်း သိတော့ တရားခွေတွေ ဝယ်ပေးထားတာ ကျေးဇူးတင်ရတယ်။ တရားပွဲမှာ တိုးတိုးဝှေ့ဝှေ့ အညောင်းခံ၊ ခြင်ကိုက်ခံမယ့်အစား အိမ်မှာ သက်သောင့်သက်သာ နာရတယ်လေ။ ဒါပေမဲ့ တစ်ခါတလေ အငယ်ကောင်က သူ့သီချင်းတွေ ဆူညံနေအောင် ဖွင့်ရတော့ ကျွန်မ တရားခွေလေး သိမ်းပြီး အခန်းထဲ အောင်းနေရတော့တာပေါ့။ အဲဒီတော့လည်း တရားမှတ်ရတာပေါ့လေ။ ကျွန်မ အကောင်းဘက်ကချည်း တွေးပါတယ်။ ဒါပေမဲ့ တကုပ်ကုပ်နေရတော့ သိပ်ပျင်းတာပဲရှင်။ ပြောပါပကော။ သမီးတွေ၊ မြေးတွေက မအား၊ တစ်နေကုန် ကျွန်မတစ်ယောက်တည်း စကားပြောစရာ အဖော်က မရှိ။ အိပ်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ တရားနာလိုက်၊ ပျင်းလိုက်တာ။

တစ်ခါတလေ ထမင်းဝိုင်းမှာ ဆုံကြရင်လည်း သူတို့ ပြောကြတဲ့ စကားတွေကို ကိုယ် လိုက်မမီ။ စကားစပ်လို့ ဝင်ဆုံးမမိရင်

"ဘွားဘွား အသာနေစမ်းပါ၊ နားမလည်ဘဲ ဝင်မပြောနဲ့ လို့ မြေးတွေ မာန်တာ ခံရသေးတယ်။ သမီးကလည်း

"ဟဲ့ ဘွားဘွားကို ဒီလို ပြန်မပြောရဘူး လို့ မဆုံးမဘူး။ ရယ်နေတာ။ ကျွန်မတို့ ခေတ်နဲ့တော့ အကွာကြီး ကွာခဲ့ပြီ။

သူတို့နဲ့ စကားမပြောရတော့ အိမ်ဖော်ကောင်မလေးတွေနဲ့ ပြောကြည့်ပါတယ်။ သူတို့ကလည်း အတူတူပဲ။ သူတို့သိတာနဲ့ ကိုယ်သိတာ ကွာခြားခဲ့ပြီ။ ခင်မောင်ရင် မသိ၊ ကြည်ကြည်ဌေး မသိ။ သူတို့ပြောတဲ့ နာမည်တွေကို ကိုယ်က မသိ။ စိတ်ပြေလက်ပျောက် တီဗွီလည်း မျက်လုံးကြောင့် ကြည့်မရ။ ကောင်မလေးတွေကလည်း အလုပ်နဲ့လက်နဲ့ မပြတ်။ ကျွန်မအနားမှာ ဘယ်သူမှ မရှိ။ အိမ်ကြီးတစ်လုံးလုံးဟာ ပျင်းရိခြောက်သွေ့နေတာပဲ။ သမီး ဝယ်ပေးတဲ့ တရားခွေတွေလည်း ဖွင့်ပါတယ်။ နေ့တိုင်းဖွင့်နေရတော့လည်း စိတ်က အာရုံစိုက်လို့ မရတော့ဘူး။ အားလုံးလည်း အလွတ်လောက်နီးပါး ရနေပြီ။ ထပ်တလဲလဲ နာနေရတော့လည်း ငြီးငွေ့လာပါပြီ။

တစ်ညမှာတော့ သမီး ဆေးခန်းအပြန်စောင့်ရင်း မျက်စိမှုန်မှုန်နဲ့ ကြုံရာ အခွေတစ်ခွေ ထည့်ဖွင့်လိုက်တာ အငြိမ့်သီချင်းခွေလေး ဖြစ်နေတယ်။ အဆိုတော်ကလေးကလည်း ကောင်းလိုက်တဲ့ အသံ။ ကြည်လိုက် ပီလိုက်တာ။ လေဘာတီမမြရင်ရဲ့ အလှူ့ရှင် သီချင်း။ အင်း ကျွန်မတို့ သုံးလေးဆယ်အရွယ်က ကြည့်ရတဲ့ မခင်စိန်တို့၊ အမာစိန်တို့၊ နွဲ့နွဲ့စန်းတို့ ဒီသီချင်းဆိုနေကျပေါ့။ ကျွန်မလည်း တစ်ပိုင်းတစ်စတော့ ရပါသေးတယ်။ ဘာတဲ့ အပိုင်နော် ကြုံလိုက်သရင် တိုင်ပေါ် အလံစိုက်ချင် တဲ့။ အဲဒီတုန်းက သူတို့ ကခဲ့တာလေးတွေ လှလိုက်တာ။ လက်ချိုးခြေချိုးကလေးတွေက ကော့ညွတ်လို့။ ဟောသလို ဟောသလို။ ကျွန်မလည်း ငယ်ငယ်တုန်းကတော့

အက သိပ်ဝါသနာပါခဲ့တာပေါ့ရှင်။ အခုတော့ မကရတာလည်း ကြာ၊ သူများကတာ မမြင်ရတာလည်း ကြာပါပြီ။ ဒီသီချင်းလေး ကြားရတာ နားထဲ ချိုလိုက် ဆိမ့်လိုက်တာ။ ဘာတဲ့ အီဂျစ်နဲ့ အင်္ဂလန် နိုင်ငံခြားကို မောင် သွားထားပါလား ပျိုတစ်ပါး မသိအောင်၊ စာရေးတဲ့ ဆရာတောင် အိမ်မလာရအောင်

ဟင်........ကက်ဆက်ကို ချောက်ခနဲ ပိတ်လိုက်တာ ဘယ်သူပါလိမ့်။ ဩော် သမီး ပြန်လာပြီကိုး၊ မေမေ သမီးကိုစောင့်ရင်း သီချင်းကလေး ကောင်းတာနဲ့ ...”

အိုး   သမီးမျက်နာက တင်းလို့ပါလား။

“မေမေ သူငယ်ပြန်နေတာလား  တဲ့။

ဘုရား   ဘုရား   ။

“သမီးကြည့်နေတာ မေမေ သီချင်းလည်း လိုက်ဆိုနေတယ်။ လက်လှုပ်ခြေလှုပ်နဲ့ ကလည်း ကနေတယ်။ မေမေရယ်   မေမေ့အရွယ်ကြီးနဲ့ ဒီလိုလုပ်နေရင် အိမ်ဖော်ကလေးမတွေ အရိုအသေတန်တော့မှာပေါ့။ ပြီးတော့ အတင်းပြောလည်း ခံရဦးမယ်၊ မေမေ့အရွယ်နဲ့လိုက်တဲ့ တရားခွေတွေ သမီး ဝယ်ပေးထားတယ်လေ  တဲ့။

ပြောရက်လိုက်တာ သမီးရယ်။ ကျွန်မ မျက်ရည်တွေတောင် လည်လာပါတယ်။

“အေး အေး   မေမေ သိပါပြီ။ သမီးက ဂုဏ်ကျက်သရေနဲ့ ပြည့်စုံတဲ့

ဆရာဝန်မကြီးပဲ။ သူက ကိုယ့်ကို သင့်လျော်အောင်၊ သင့်တင့်အောင် ထားရှာတာပဲ၊ နောက်ကို သမီးဖြစ်စေချင်တဲ့အတိုင်း တရားနဲ့ မွေ့လျော်နိုင်အောင် မေမေကြိုးစားပါ့မယ်။ စိတ်ဖြေရာ မရှာတော့ပါဘူးကွယ် လို့ စိတ်ထဲက ပြောပြီး ကျွန်မ ထထွက်လာခဲ့တော့ သမီးက အိမ်ဖော်ကောင်မလေးတွေကို ဆူနေသံ ကြားရတယ်။

"နောက်ကို မေမေအိပ်ပစေ၊ ငါ့အပြန်ကို မစောင့်စေနဲ့၊ မေမေအိပ်ရေးပျက်ရင် သွေးတိုးတယ် ဆိုတာ နင်တို့ မသိဘူးလား တဲ့။

အဲဒီ သွေးတိုးတဲ့ ရောဂါကြီး ရှိနေတာလည်း ကျွန်မအတွက် ဒုက္ခတစ်ခုပါပဲ။ ကျွန်မ သွေးတိုးရှိပြီဆိုတာ သိကတည်းက သမီးက

"မေမေ အငန်လျှော့စားရမယ်၊ ပေ့ါပေ့ါချက်

အိမ်ဖော်တွေကို မှာတော့တာပဲ။ သမီးရဲ့အမိန့်ကို လိုက်နာကြရတယ်လေ။ ကျွန်မရဲ့ တောင်းပန်းတိုးလျှိုးတဲ့ မျက်လုံးကို သူတို့ ဘယ်ဂရုစိုက်ပါ့မလဲ။ ဒီရောဂါဝင်လာပြီးကတည်းက ကျွန်မအလွန်နှစ်သက်တဲ့ ငံပြာရည်ဆီသတ်တို့၊ ပဲငါးပိချက်တို့၊ ဝက်သားပုန်းရည်ကြီးချက်တို့ကို အပြီးအပိုင် စွန့်လိုက်ရတာပါပဲ။ ချိုရဲရဲ ပဲနပ်၊ ဖြူပပ်ဖြူရော် ကြက်သားပြုတ်ကြော်။ အေးစက်စက် စွပ်ပြုတ်တို့။ အိုး မုန်းလိုက်တာ။ တစ်လုတ်တစ်ဆုပ်ပဲ စားပြီး ထမင်းပွဲကို ကျောခိုင်းခဲ့ရတာချည်း။ သမီးက အကောင်းစား စီမံပေးပါတယ်။ ဒါပေမဲ့ သူစားခိုင်းတဲ့ ကွေကာအုတ်တို့၊ ပေါင်မုန့်တို့၊ နွားနို့တို့ ဘာလုပ်မှာလဲကွယ်။ ညီစိုစိုနဲ့၊ ဟောလစ်၊ မက်တိုဗာတို့များ နမ်းထောင်းများများ ဆီရွှဲရွှဲနဲ့ ငချိပ်ပေါင်းတစ်ဆုပ်လောက်မှ အရသာ မရှိပါဘူး။ တစ်ခါက ကောင်မလေးတွေကို မုန့်ဟင်းခါး ခိုးမှာစားမိတာ သိသွားလို့

အလုပ်ဖြုတ်ပစ်မယ် ကြိမ်းထားတာနဲ့ ကောင်မလေးတွေခမျာ ဝယ်မပေးရဲကြရှာတော့ဘူး။ အလျှံပယ်ပေါများတဲ့ ဆရာဝန်မကြီးအိမ်မှာ အမေလုပ်သူ အစာရေစာ ငတ်နေပါတယ်ဆိုရင် ကြားရသူတွေ ယုံမယ် မထင်ပါဘူး။

အိုး ဘာသံပါလိမ့်ရှင်။ တယောသံလေး တငြိမ့်ငြိမ့်နဲ့။ ဪ ဟိုနားက ဘိုးဘိုးက တယောထိုးရင်း သီချင်းဆိုနေတာပါလား။ နားဝင်ချိုလိုက်တာ၊ နားချမ်းသာလိုက်တာ၊ ရင်ထဲကို ပြည့်သွားသလိုပါပဲ။ ဟော အနံ့၊ ဒီအနံ့ကို သိပါတယ်။ သိပြီ သိပြီ။ မရန်းသီးထောင်း၊ ငါးပိဖုတ်နံ့ကလေးရယ်၊ ကြက်သွန်စိမ်းနံ့ကလေးရယ်။ အမယ်လေး သွားရည်တောင် ကျချင်လာပါပြီလား။ ဒီဘက်ထိပ်က ဘွားဘွား ထမင်းချိုင့်ဖွင့်ပြီး ဟိုဘက်က ဘွားဘွားကို ထည့်ပေးလို့။ ဖြစ်နိုင်ရင် ကျွန်မကို နည်းနည်းကျွေးစမ်းပါရှင် ဆိုပြီး တစ်လုတ်တစ်ဆုပ် နှိုက်စားလိုက်ချင်ရဲ့။ ဪ မဖြစ်သေးပါဘူးလေ။ စိတ်ကို ထိန်းမှ၊ တဏှာကို ဖြတ်နိုင်မှ။ ဒါပေမဲ့ရှင် ကျွန်မနဲ့ ရွယ်တူတွေ ဆင်းဆင်းရဲရဲ အလှူခံ စားနေကြရှာတယ် ဆိုပေမယ့် အုံနဲ့ကျင်းနဲ့၊ အုပ်စုနဲ့ ပျော်စရာကောင်းလိုက်တာ။ ကျွန်မလို အိမ်ကြီးတစ်လုံးထဲမှာ ပျင်းရိငြီးငွေ့စွာ အထီးကျန်နေရတာ မဟုတ်ဘူးနော်။ ရှင်တို့ ကုသိုလ်ကံကောင်းလိုက်ကြတာ။

ဪ ဒီဘက်အဆုံးက ဘွားဘွားက ကျွန်မကို ငေးနေလိုက်တာ။ ကျွန်မ မျက်စိမွဲပေမယ့် ဒီလောက်နီးနေတော့ ရှင့်မျက်လုံးထဲက အားကျရိပ်တွေကို ကျွန်မ သိပါ မြင်ပါတယ်ရှင်။ ရှင်တို့မြင်ရတဲ့ စိန်နားကပ်တို့၊ အဝတ်အစားတို့က အခွံတွေပါ။ ဒီအခွံတွေကို ဖယ်လိုက်ရင် ဟက်တက်ကွဲနေတဲ့ အသည်းနှလုံးကို

ရှင်တို့မြင်မှာပါ။ ကျွန်မ ဖွင့်ပြလို့လည်း မရပါဘူးလေ။ ကျွန်မသမီးက ဂုဏ်သရေရှိ ဆရာဝန်မကြီးလေ။ သူ့အမေ ကျွန်မက ဒီလို ခံစားနေရပါတယ်ဆိုရင် သူ ဂုဏ်ပျက်မှာ၊ မျက်နှာငယ်မှာပေ့ါ။ မျိုးသိပ်ထား၊ မသေမချင်း မျိုးသိပ်ထား။

အားလုံးအမြင်မှာ သမီးက ဖူးဖူးမှုတ် ဂရုစိုက်လွန်းလို့၊ မိဘကျေးဇူး အထူးသိလွန်းလို့၊ စည်းစိမ်အပြည့်နဲ့ ပျော်နေတဲ့ သူဌေးကတော်ကြီး ပုံစံအပြည့် ဖြစ်နေစေရမယ်။ စိတ်ချမ်းချမ်းသာသာနဲ့ လောကစည်းစိမ် ခံစားနေရတာပဲ လူသိစေရမယ်။ ကဲ နေညိုပြီ။ ကိုကျော်လေးလည်း ပြန်လာတော့မယ်။ အချိန်တန်ရင် အိမ်ပြန်ကြရမှာပေ့ါနော်။ ဘွားဘွားတို့ရယ်၊ ရှင်တို့ကတော့ အိပ်တန်းပြန်ငှက်တွေလို ကိုယ့်အသိုက်အမြုံဆီ ပြန်ကြမှာပေ့ါ။ ဆူဆူညံညံ ကြိုကြ၊ ထမင်းပွဲမှာ လုယက်စားကြ၊ ဘယ်လောက် ပျော်စရာ ကောင်းမလဲ။

ကျွန်မကတော့ အတောင်ဖြတ်ခံထားရတဲ့ ငှက်အိုမကြီးပါ။ ကျွန်မရဲ့ အပြန်လမ်းမှာတော့ အေးစက်နေတဲ့ ထမင်းဝိုင်းရယ် ၊ စကားပြောဖော် မရှိ၊ ပျင်းရိငြီးငွေ့ဖို့ကောင်းတဲ့ ကြီးကျယ်ခမ်းနားမှုတွေနဲ့ ပြည့်စုံနေတယ်ဆိုတဲ့ ရွှေလှောင်ချိုင့်တစ်ခုဆီကို .။

---------------------

**ယဉ်ယဉ်နု(မန္တလေး)**